
www.burmeseclassic.com

SPW

# တေမြည့်ချမ်းသာ

မင်းရှိမှပြည့်စုံမှာ



Graphic Design : Aung Hlaing Bwa (Techno-Art.)

www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး၊ အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး

**စီးပွားရေးဦးတည်ချက် (၄)ရပ်**

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေးဦးတည်ချက် (၄)ရပ်**

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ဓနာပြည့်ချမ်းသာ

## မင်းရှိမှပြည့်စုံမှာ

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၅၀၀၄၉၇၀၅၀၄
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၅၀၀၆၃၁၀၅၀၆
ကွန်ပျူတာစာစီ ဒွန်း
ဒီဇိုင်း AUNG HLAING BWA
ထုတ်ဝေခြင်း ပထမအကြိမ်၊
၂၀၀၅၊ ဩဂုတ်လ
တန်ဖိုး (၂၀၀)ကျပ်
စာအုပ်ရေ (၅၀၀)အုပ်
ထုတ်ဝေသူ ဒေါ်စိန်လှလှသန်းရင်(၃၆၆၀)
စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊
(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊
ဗိုင်းရှာမရပ်ကွက်၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့်
အတွင်းပုံနှိပ်သူ ဒေါ်ခင်ခင်ဝင်း (ကလျာပုံနှိပ်တိုက်)(၀၂၆၇၀)
(၁၅၂)ကျွန်းရွှေမြိုင်လမ်း၊
စုပေါင်းအိမ်ယာရပ်ကွက်၊
သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖြန့်ချိရေး စောပြည့်ဝန်းစာပေ၊ အမှတ်(၁)၊
(၂၂၇/၂၂၉)၊ ၁၅၁လမ်းနှင့်ကျိုက္ကဆံလမ်း၊
ဗိုင်းရှာမရပ်ကွက်၊ ကျောက်မြောင်း၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။
၀၁-၅၄၉၂၇၀

BURMESE CLASSIC .com



## စောပြည့်ချမ်းသာ

# မင်းရှိမှပြည့်စုံမှာ

\- တစ် -

ယခုဆိုလျှင် ရွှေမာလာမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ခဲ့သည်မှာ သုံးလခန့်ရှိပြီဖြစ်၏။

သုံးလခန့်ရှိပြီဖြစ်သော်လည်း ရွှေမာလာမြို့နှင့်တော့ သိပ်တော့ဖြင့် မရင်းနှီးလှသေးပါ . . .။

အမည်နှင့်လိုက်သည့် ရွှေမာလာမြို့သည် ပြင်ဦးလွင်မြို့ကဲ့သို့ပင် ကြည့်လေရာဥယျာဉ်ပန်းတို့ဖြင့် ဝေနေလေ၏။

လှပသောမြို့၊ သာယာသောမြို့၊ ကြည်နူးဖွယ်ရာကောင်းသောမြို့တစ်မြို့ပါ . . .။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့တာအလုပ်တွင် ပင်ပန်းသမျှသည် ပန်းတို့နှင့်ပြီး နေသောမြို့အလှကို ရှုစိုက်ခြင်းဖြင့် အမောအပန်းပြေသွားရလေ၏။

အလုပ်ကအမှုလိုက်ရဲအရာရှိဖြစ်သည်။ အမှုလိုက်ရဲအရာရှိပီပီ၊ အမှုတွေပဲစိတ်ဝင်စားသူပီပီ၊ စောကိုကိုသည် အမှုဖိုင်တွဲများကို လေ့လာရင်းစိတ်ဝင်စားနေတတ်သည်။

ရွှေမာလာမြို့ ဌာနသို့ရောက်သည်ဆိုကတည်းက သူသည် ဌာနတွင်ရှိသည့် ပိတ်လိုက်ရသည့်အမှုဖိုင်တွဲဟောင်းများအား အားလျှင်အားလပ်သလို ဖတ်ရှုစစ်ဆေးလေ့လာဖြစ်၏။

ပိတ်ထားသောအမှုတွဲများထဲမှ ဘဏ်မန်နေဂျာတစ်ယောက်ဖြစ်သည့် ဦးမြတ်မင်း အသတ်ခံရသည့်အမှုတွဲဖိုင်အား သူ့အနေနှင့် စိတ်ဝင်စားဆုံးဖြစ်နေရလေ၏။

သည့်အတွက် စောကိုကိုသည် ရုံးဆင်း၍မှအိမ်မပြန်၊ တစ်နာရီခွဲနှစ်နာရီမျှ ရုံးတွင်ဖိုင်တွဲများအားဖတ်ပြီးမှ အိမ်ပြန်တတ်သလို၊ တစ်ခါတစ်ရံတော့လည်း သူသည် ဖိုင်တွဲများအား အိမ်သို့ယူဖတ်ဖြစ်၏။

စောကိုကိုသည် နေ့စဉ်ရုံးသို့စောစီးစွာရောက်တတ်ပြီး၊ ရုံးဆင်းချိန်ဆိုလျှင်လည်း ရုံးစောင့်နှင့်အတူ ရုံးတံခါးပိတ်ပြီးမှ ပြန်ရသည်ချည်းဖြစ်၏။





သည်နေ့လည်း ရုံးဆင်းပြီး၍နှစ်နာရီပင်ကျော်ချေပြီ၊ သူသည် ဘဏ်မန်နေဂျာ ဦးမြတ်မင်း အသတ်ခံရမှုဖိုင်တွဲ၌သာ စိတ်ဝင်စားမှုရှိနေရချေ၏။

"ဆရာ…"

"ဟင်..ကိုချစ်ကြွယ် ခင်ဗျားမပြန်သေးဘူးလား…"

မည်မျှအထိ အမှုတွဲ၌စိတ်ဝင်စားသုံးသပ်နေမိသည်မသိ၊ စောကိုကိုသည် ရဲဌာနမှစာရေးကြီးအဆင့်ရှိသော ကိုချစ်ကြွယ် ခေါ်သံကြားမိလေမှ…

သူသည် တိတ်ဆိတ်ခြင်းအား ဖြိုခွင်းလိုက်သည့် ကိုချစ်ကြွယ်အသံကြောင့် အနည်းငယ်လန့်သယောင်ရှိကာ ဖြတ်ကနဲ မော်ကြည့်ရင်း ဆိုမေးဖြစ်လိုက်၏။

"ကျွန်တော် ပြန်သွားပြီးမှပြန်လာတာ ဆရာ၊ ကျွန်တော့် အခန်းသော့ကျန်ခဲ့လို့ ပြန်လာယူတာ၊ ဆရာ့အခန်းမီးလင်းနေတာ တွေ့လို့ ကျွန်တော် ဝင်လာကြည့်တာ၊ ဆရာ ခုထိမပြန်သေးဘူးလား…"

"အင်း..ပြန်တော့မလို့ပါပဲ…"

စောကိုကိုဆိုရင်း ဖတ်ပြီးသားဖိုင်တွဲကိုစီရီကာ သိမ်းဆည်းလိုက်သည်။

"ဆရာ ဘာတွေကိုစိတ်ဝင်တစားနဲ့ ဖတ်နေတာလဲ…"



www.burmeseclassic.com

www.burmeseclassic.com



"ဘာရယ်မဟုတ်ပါဘူး၊ ပိတ်လိုက်ရတဲ့အမှုတွဲတွေ အကြောင်း ပြန်ဖတ်ကြည့်နေတာ…"

သူဆိုရင်း နေရာမှထလိုက်ပြီး ကားသော့နှင့်လက်ကိုင် အိတ်ကို ယူလိုက်သည်။

"ဆရာ ပြန်တော့မလား…"

"အင်းလေ‥ခင်ဗျားလည်း လမ်းကြုံလိုက်လို့ရပါတယ်၊ ကဲ‥သွားစို့…"

"ကျေးဇူးပဲ ဆရာ…"

စောကိုကိုသည် ပြန်တော့မည်မို့ ရုံးခန်းတံခါးကို သော့ခတ်လိုက်သည်။

သည့်နောက် ရုံးမှအစောင့် တံခါးပိတ်သည်ကို စောင့်ကြည့်ပြီးမှ သူတို့ ထွက်ခဲ့လိုက်လေ၏။

သူ နေထိုင်သည့်ရပ်ကွက်သည် စံပယ်ရပ်ကွက်တွင်ဖြစ်သည်။

စံပယ်ရပ်ကွက်သည် သူ့ရုံးနှင့်အနည်းငယ် လှမ်း၏။

သူ နေထိုင်သောရပ်ကွက်သို့ ရောက်ရန်ကြားတွင် ရပ်ကွက်နှစ်ခုကို ဖြတ်ရသည်။

ဦးစွာ ခရေမွှေးရပ်ကွက်ကိုဖြတ်ရပြီး ပုန်းညက်မြိုင်ရပ်ကွက်ကို ဖြတ်ရ၏။





သူ နေထိုင်သည့်ရပ်ကွက်သည်က မြို့၏အရှေ့ဘက် စွန်းစွန်းကျ၏။

"ကိုချစ်ကြွယ် ခင်ဗျားဘယ်မှာဆင်းမှာလဲ…"

ခရေမွှေးရပ်ကွက်ကိုကျော်ပြီး ပုန်းညက်မြိုင်ရပ်ကွက်ထဲ ဝင်ခိုက် ကိုချစ်ကြွယ်ကို သတိရ၍ စောကိုကို မေးဖြစ်သည်။

"ကျွန်တော် စံပယ်ရပ်ကွက်ထိပ်မှာဆင်းမယ် ဆရာ၊ ကျွန်တော့်ယောက္ခမအိမ်ရှိတယ်လေ ခဏသွားရမယ်…"

"သြော်‥ခင်ဗျားကဒီဇာတိလား…"

"ဟုတ်ပါတယ်…"

"ခင်ဗျားရဲ့ဌာနမှာ အလုပ်လုပ်တာကြာပြီလား…"

"ဟုတ်ကဲ့ ကြာပါပြီ ဆရာ…"

စောကိုကိုသည် ဘာကြောင့်မှန်းမသိ၊ ဦးမြတ်မင်းအမှုနှင့် ပတ်သက်ပြီး မေးမည်ဟုစိတ်ကူးရှိပြီးမှ မမေးဖြစ်ဘဲနေလိုက်၏။

သူ မောင်းနှင်လာသောကားလေးသည် ပုန်းညက်မြိုင်ရပ်ကွက်ထဲသို့ ရောက်ရှိလာပြီဖြစ်သည်။

ကြည့်ရသည်မှာ ရပ်ကွက်ကအေးဆေးပုံရသည်။ ချမ်းသာလွန်းသည့်သူများ မဟုတ်သော်လည်း ခြံနှင့်ဝင်းနှင့်အေးအေးဆေးဆေးစွာ နေကြသူများချည်းသာရှိ၏။

သူသည် ပုန်းညက်မြိုင်ရပ်ကွက်မှ ပြန်[illegible]လမ်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကားကိုမောင်းနှင်လာနေဆဲ…

တစ်နေရာအရောက်မတော့ သူ မျက်မှောင်တစ်ချက်တွန့်ကာ စိတ်ဝင်စားဟန်ဖြင့် ကားဘရိတ်ကိုပင်လည်း ဖြည်းဖြည်းနင်းဖြစ်သွားရလေ၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော်…

ထိုလမ်းသည် သူ ဖြတ်နေကြလမ်း၊ မနေ့ကအချိန်အထိ ထိုလမ်းမှ ထိုအိမ်နှင့်ထိုခြံတစ်ခြံသည် အစဉ်တိတ်ဆိတ်၍မှောင်မည်းနေခဲ့သည်ပါ…။

မှန်သည်။ ယခုမူ မှန်ပြတင်းတွင်ခန်းဆီးလိုက်ကာ အဖြူရောင်လေးများ၏နောက်ကွယ် လင်းထိန်နေသောမီးရောက်အောက်တွင် သွယ်သွယ်နွဲ့နွဲ့လေးလှုပ်ရှားနေသော အရိပ်တစ်ခုအား စောကိုကို တွေ့လိုက်ရသည်မဟုတ်ပါလား…။

တစ်ဆက်တည်းပင်လည်း ညက်ညောငြင်းပြောင်းစွာ ထွက်ပေါ်လာသော စန္ဒရားလက်သံလေးအား သူ ကြားလိုက်ပါသည်။

"ဆရာ…"

သူ ကားကိုပင်ရပ်မိသည်အထိ စိတ်ဝင်စားနေဆဲ၊ ကိုချစ်ကြွယ်၏ခေါ်သံကြောင့် သူသည် ကိုချစ်ကြွယ်ထံ ကြည့်ဖြစ်လိုက်ရင်း…





"ကိုချစ်ကြွယ်…အစက ဒီခြံမှာလူမရှိပါဘူး…"

စိတ်ဝင်စားစွာ သူ မေးမိသည်။ ကိုချစ်ကြွယ်ထံမှလည်း အဖြေရရန်နိုးနိုးဟု သူ မျှော်လင့်နေမိ၏။

"ရှိပါတယ် ဆရာ၊ ခင်မင်းမြတ်က တစ်ခါတစ်လေလည်း ခရီးရှည်ထွက်သွားတတ်တယ်၊ အခုတော့ ပြန်ရောက်လာတယ်ထင်တယ်…"

"ခင်မင်းမြတ်ဟုတ်လား၊ ခင်မင်းမြတ်ဆိုတာ ဘယ်သူလဲ…"

"အခု အိမ်ရှင်မိန်းကလေးပါပဲ ဆရာ…"

"ဪ…သူတစ်ယောက်တည်းနေတာလား…"

"တစ်ယောက်တည်းတော့ တစ်ယောက်တည်းပဲ ဒါပေမဲ့…"

"ဒါပေမဲ့ဘာဖြစ်လဲ…"

"ဟင်း…ကျွန်တော် သူများအကြောင်းတွေ မပြောချင်ပါဘူးဗျာ၊ ဆရာလည်း ဒီမြို့မှာရှိနေတော့ မကြာခင် ဆရာ သိချင်လည်းသိရမှာပေါ့…"

ကိုချစ်ကြွယ်စကားအတွက် စောကိုကို နားမလည်သလိုရှိသွားသည်။

ပြီးမှ သူသည် ကိုချစ်ကြွယ်အား အားနာစိတ်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



နေရာမှကားလေးအား မောင်းထွက်ခဲ့လိုက်လေ၏။

"ဆရာ ကျွန်တော့်ကို ဒီနားမှာပဲရပ်ပေးပါ..."

ပုန်းညက်မြိုင်ရပ်ကွက်မှ ထွက်သည်နှင့် ကိုချစ်ကြွယ် ဆိုသည်။

"ခင်ဗျား ယောက္ခမအိမ်သွားမယ်ဆို..."

"ကျွန်တော့်ယောက္ခမအိမ်က ဟိုဘက်နည်းနည်းလျှောက် သွားရင် ရောက်ပါပြီ..."

"ဒါများဗျာ၊ ပို့မယ့်ပို့ ကတို့ရောက်အောင်ပဲ ပို့တော့မှာ ပေါ့..."

စောကိုကိုဆိုရင်း ကိုချစ်ကြွယ် ယောက္ခမခြံရှေ့၌ ကားကို ရပ်ပေးလိုက်လေ၏။

"ဆရာ ခင်မင်းမြတ် ပြန်လာပြီဆိုတော့ မကြာခင် ဆရာ သတင်းတစ်ခုခုတော့ ကြားရမှာသေချာပါတယ်...

ကျွန်တော်တို့မြို့မှာတော့ ခင်မင်းမြတ်က လူတိုင်းရဲ့စိတ် ဝင်စားစရာအကောင်းဆုံးဖြစ်တဲ့ အလှပိုင်ရှင်မင်းသမီးလေးပါပဲ၊ ကဲ..ကျွန်တော် သွားလိုက်ဦးမယ် ဆရာ..."

ကိုချစ်ကြွယ် စကားများအား စိတ်ဝင်စားဟန်၊ စဉ်းစား ဟန်ဖြင့် နားထောင်နေဖြစ်ရင်းမှ ကိုချစ်ကြွယ်သည် စကားအဆုံး ခြံထဲသို့ ဝင်သွားလိုက်လေ၏။





ထိုအခါမှ စောကိုကိုသည်လည်း အတွေးရည်များစိမ်ကာ အိမ်သို့ပြန်ခဲ့ရပါသတည်း...။

ခင်မင်းမြတ်..ခင်မင်းမြတ်...

စောကိုကိုသည် စိတ်ထဲမှအမည်လေးကို ရေရွတ်မိသည်။ လူကိုမမြင်ဘူးသေးသော်လည်း ဘာရယ်ကြောင့်မသိ၊ ထိုအမည် ရှင်အား စိတ်ဝင်စားနေမိ၏။

မှန်သည်။

ထိုညက ထိုအမည်နှင့်ထိုအိမ်လေးအား သူသည် မှတ် မှတ်ရရကြီး စိတ်ဝင်စားဖြစ်ခဲ့ရပါသတည်း...။ ။

Ø Ø Ø



www.burmeseclassic.com

www.burmeseclassic.com



– နှစ် –

“ဟော်··အတော်ပဲ ဆရာ စောကိုကိုရေ မိုး အကြံမရ ဖြစ်နေတာ အခုဆရာ့ကိုတွေ့မှပဲ စိတ်ကူးရသွားတော့တယ်···”

စောကိုကိုသည် အထက်အရာရှိနှင့်စကားပြောပြီး၍ ရဲအရာရှိရုံးခန်းထဲမှထွက်အလာ···

ရုံးတွင်ထိုင်ကာ အကူအညီပေးသည့်ဘက်မှ တာဝန်ထမ်းဆောင်ရသည့်အရာရှိမလေး မာလာမိုး၏ ရဲရဲတင်းတင်းနှင့်အားရပါးရစကားသံကြောင့်···

“အမလေး ဒေါ်မာလာမိုးရယ် ဒီစကားကြီးကြားရတာ လန့်များတောင်သွားတယ်ဗျာ၊ ကဲ··ပြောပါဦး ကျွန်တော့်ကိုတွေ့လို့ ဘာစိတ်ကူးတွေများ ရသွားလို့လဲ···”





“တခြားမဟုတ်ပါဘူး ဆရာရေ၊ သဘက်ခါညကျရင် ရွှေမာလာမြို့ရဲ့မျက်နှာဖုံးကြီးဖြစ်တဲ့ ဦးထိန်လင်းရဲ့ခြံကြီးထဲမှာ ညှိခံပွဲကြီးရှိတယ်၊ အဲဒါ မိုးတို့ရုံးကအရာရှိတွေအားလုံးကို ဖိတ်ထားတယ်···”

“ဖိတ်ထားလည်း သွားလိုက်ပေါ့ဗျာ···”

“ဆရာ စောကိုကိုလည်းပါတယ်လေ···”

“ဩော်··ကျွန်တော်ပါလည်း သွားလိုက်ရုံပါပဲ၊ ကျွန်တော်က လူသစ်ဆိုတော့ အသိအကျွမ်းနည်းသေးတယ်လေ၊ ဒီတော့ အဖိတ်အပြုရှိရင်သွားရမှာပဲ၊ ဒါနဲ့ ဘာညှိခံပွဲလဲ···”

“ဖိတ်စာထဲမှာတော့ သက်သက်မိတ်ဆုံစားပွဲဆိုလားပဲ၊ ဆရာ့အတွက်ဖိတ်စာကို သူတို့ကိုယ်တိုင်ပေးမလို့လားမသိဘူး၊ မိုးဆီက ဆရာ့လိပ်စာတောင်းသွားတယ်···”

“ရပါတယ်၊ ဖိတ်တယ်ဆိုလည်းပြီးတာပဲ၊ ကျွန်တော်တို့ ဆရာနဲ့အတူသွားတာပေါ့···”

“ဟေး··နေဦး ဆရာရဲ့၊ အို··ဆောရီး···”

ပြောပြောဆိုဆိုဖြင့် စောကိုကိုသည် မိမိရုံးခန်းထဲသို့ဝင်မည်အပြု ဒေါ်မာလာမိုးသည် သွက်လက်သူလေးပီပီ သူ့လက်တစ်ဖက်ဆီ ဖြုတ်ကနဲဆွဲကိုင်လိုက်ပြီးမှ ရှက်သွားဟန်လေးဖြင့် ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



စောကိုကိုသည် ဘာရယ်မဟုတ်သလို တစ်ချက်ပြုံးလိုက်ပြီး…

"ရပါတယ်ဗျာ၊ မိန်းကလေးလက်ဆွဲတာပဲ ကျွန်တော်မရှက်ပါဘူး…"

"ဆရာကလဲ…"

ဒေါ်မာလာမိုး မျက်နှာလေးရှက်သွေးလျှံသွားရပုံကအားနာစရာပင်…။

"ကဲပါဗျာ ကျွန်တော်တို့က အလုပ်မောင်နှမတွေပါ၊ မရှက်ပါနဲ့ ပြောပါ…"

"မိုးချုပ်ရင် မိုး ပြန်ရခက်မှာမို့ ဆရာ့ကားနဲ့မိုးကို ဝင်ခေါ်ပါလို့ ပြောမလို့ပါ…"

"သြော်··ကားကြုံလိုက်ချင်တာပေါ့…"

"ဈေးမကိုင်ပါနဲ့…"

"အို··အလကားပေးစီးမှာဗျာ၊ ဈေးမကိုင်ရပါဘူး…"

"အဟင်း··ဆရာကလေ ကြည့်တော့တည်တည်ကြည်ကြည်ပုံစံကြီးနဲ့ ခုလိုတော့လည်း နောက်တတ်သားပဲ…"

"ဒါကတော့ သူ့နေရာနဲ့သူပေါ့ဗျာ၊ ကျွန်တော်က ပျော်ပျော်နေတတ်သူပါ၊ ကဲ··ကျွန်တော့်ကို ခွင့်ပြုပါဦးနော်၊ အလုပ်တွေရှိသေးတယ်၊ စိတ်ချ··ဦးထိန်လင်း ဧည့်ခံပွဲနေ့ကျရင် ကျွန်





တော် လာခေါ်မယ်…"

စောကိုကိုသည် ဒေါ်မာလာမိုးအား ပေါ့ပါးစွာဆိုပြီး ရုံးခန်းထဲသို့ ဝင်ခဲ့လိုက်ပါတော့သည်။

စောကိုကိုသည် ဘဝတစ်လျှောက်၌ အမျိုးသမီးများနှင့် အတန်ကြီးရင်းနှီးစွာ နေခဲ့ဘူးသည်ပါ…။

ပြောလျှင်ကြွားရာရောက်ပေမည်။ ကျောင်းနေစဉ်အရွယ်ရောက်သည်ဆိုကတည်းကပင် မိန်းကလေးများသည် သူ့အားစိတ်ဝင်စားကြသည်။

စောကိုကိုသည် စန်းပွင့်သည်ဟုဆိုရမည်ဖြစ်သည်။ သူ့သူငယ်ချင်းများကပင် သူ့အား မကြာခဏပြောကြသည်။

သူသည် ယောကျ်ားချင်းပင် အားကျစေးရသည့်ရုပ်ရည်ပိုင်ရှင်ဖြစ်ကြောင်း…။

သူ့ရုပ်ရည်နှင့်သူ နေမှုထိုင်မှုဆက်ဆံမှုစရိုက်သည် မိန်းကလေးများအား ဆွဲဆောင်နေသည်လားမဆိုနိုင်ပါ…။

ဘဝတစ်လျှောက်၌ ရည်းစားမဟုတ်၊ ချစ်သူမဟုတ်ပါဘဲနှင့် အမျိုးသမီးများသည် သူ့အား လိုက်လျောလွန်းစွာဆက်ဆံကြသည်ပါ…။

စောကိုကိုသည် သူ့ကိုယ်သူတော့ အမွှန်းမတင်လိုပါ။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ပွင့်လင်းစွာပြောရမည်ဆိုလျှင် သူသည် စောင့်ထိန်းသင့်သည့်အရာကို စောင့်ထိန်း၍၊ ခေသူတော့ဖြင့်လည်း မဟုတ်ပါ။

မှန်သည်။

သူသည် ရဟန္တာမဟုတ်၊ နွားမဟုတ်၊ ဥပုသ်စောင့်သောကျားလည်းမဟုတ်သောကြောင့်ပါတည်း…။

သို့သော် စောကိုကိုသည် ဥပုသ်စောင့်သော ကျားမဟုတ်သော်ငြား၊ သူသည် သူ၏တန်ဖိုးထားသော လွတ်လပ်စင်ကြယ်သည့်လူပျိုဂုဏ်ကိုဖြင့် အစွန်းအထင်းဘယ်သောအခါကမျှ မည်ကဲ့သို့သော အမျိုးသမီးနှင့်မျှ မထိခိုက်စေခဲ့ပါ…။

အမှန်ပါ။

လွယ်ကူစွာသစ်သီးကိုဆွတ်ခူး၍ စားသုံးနိုင်ပါသော်လည်း ထိုသစ်သီးမျိုးကို နှစ်သက်မှုမရှိ၍ သူ မစားလိုပါ။

သူ မစားပါ…။

နေရာတိုင်း၌ တွေ့ဆုံရသည့်အမျိုးသမီးတိုင်းသည် သူ့အားနှစ်သက်ကြသည်။

အထင်ကြီးကြသည်။ လိုက်လျောကြသည်။

ယခု ရွှေမာလာမြို့၌လည်း တစ်မိုးတည်းအောက်အလုပ်အတူလုပ်နေရသည့် အရာရှိမလေး မာလာမိုးသည် သူ့အား မည်မျှလိုက်လျောနှစ်သက်နေကြောင်း သူ မသိ၍မဟုတ်…။





မာလာမိုးသည်က သူ့အတွက် တွေ့ဆုံဖူးနေကြအမျိုးသမီးများနှင့်မခြားနားပါ…။

စောကိုကိုသည် ကြီးကျယ်သူမဟုတ်၊ ဘဝင်မြင့်သူမဟုတ်၊ မာနကြီးသူမဟုတ်၊ သူသည် အလှကြိုက်သော စည်းကမ်းရှိသောဘဝကို တန်ဘိုးထားတတ်သော ယောကျ်ားကောင်းစိတ်ဓာတ်ရှိသူမို့ပါတည်း…။ ။

ØØØ



www.burmeseclassic.com

www.burmeseclassic.com



- သုံး -

ဦးမြတ်မင်းဟာ ရွှေမာလာမြို့ရဲ့ ဘဏ်မန်နေဂျာကြီးတစ်ယောက်၊ ဦးမြတ်မင်း အသက်ခံရတာ သူ့ရဲ့အိမ်ရှေ့၊ သူ့ရဲ့ခြံထဲမှာပဲ...

နဖူးတည့်တည့်မှာ သေနတ်ဒဏ်ရာနဲ့သေဆုံးတာ၊ ရပ်ကွက်ထဲမှာဖြစ်တာ၊ သေနတ်သံတောင်မကြားမိကြဘူးဆိုတော့ အသံတိတ်ကိရိယာတပ်ထားလို့ပေါ့...

ဦးမြတ်မင်းဟာ ဘဏ်ကငွေတွေကို အလွဲသုံးစားလုပ်လို့ နောက်ဆုံး သူ့ကိုယ်သူသတ်သေလိုက်တာဆိုပြီး အမှုကိုပိတ်လိုက်တာ...

တကယ်တော့ ဒါ စဉ်းစားကြည့်ရင် မဖြစ်နိုင်စရာတွေ အများကြီးရှိတယ်၊ အမှုကို ဒီလိုလွယ်လွယ်နဲ့ပိတ်လို့မရဘူး...





ဒါ မသမာတဲ့အလုပ်၊ ဘယ်လိုမှမရိုးသားတဲ့အလုပ်၊ ဦးမြတ်မင်းနဲ့ပတ်သက်တာ ရှိကိုရှိဦးမှာ၊ ဟင်း...

စောကိုကိုသည် ဦးမြတ်မင်း၏ဖိုင်တွဲအား အသေးစိပ်စိတ်ဝင်တစားဖတ်ပြီးနောက် အတွေးများဖြင့် သက်မမောကြီးအား ချဖြစ်လိုက်သည်။

စောကိုကိုသည် အမှုလိုက်သော ရဲအရာရှိပီပီ အမှုတွေအကြောင်းသာ အမြဲလိုစဉ်းစားနေတတ်သည်ပါ...။

စောကိုကို ကိုင်တွယ်ရသောအမှုများသည် ဘယ်သောအခါမှ အမှန်တရားနှင့်ပြေးမလွတ်၊ သူ ကိုင်ရသောအမှုသည် ပိတ်လိုက်ရသည်ဟုလည်း မရှိဘူးခဲ့ပါလေ..။

သူ့ကိုအမွှန်းတင်၍ ပြောခြင်းတော့ဖြင့်မဟုတ်၊ သူသည် အမှန်တရားဘက်တွင် ရပ်တည်နိုင်ရမည့် ဥပဒေဘက်တော်သားအဖြစ် ခံယူနိုင်ရမည့် စိတ်ဓာတ်ကြောင့်ပါတည်း...။

ဘာကြောင့်မှန်းလည်းမသိ၊ သူသည် ရွှေမာလာမြို့၌ ပိတ်ပစ်ရသည့်အမှုများထဲ၌ ဦးမြတ်မင်း၏အမှုကိုမှ စိတ်ဝင်စားနေဖြစ်၏။

ဒီအမှုကို ငါ ပြန်အသက်သွင်းမယ်၊ ဒါပေမဲ့ ငါ ရွှေမာလာမြို့နဲ့ရင်းနှီးဖို့ အများကြီးလိုအပ်သေးတယ်...

စောကိုကိုသည် ဆုံးဖြတ်ချက်ကို ချဖြစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဦးမြဲတ်မင်းအမှုအတွက် တက်ကြွနေဟန်ရှိနေ၏။

သူသည် နာရီကိုတစ်ချက်ကြည့်လိုက်သည်။ နံနက်ရှစ်နာရီထိုးပြီဖြစ်၏။ သည်နေ့ရုံးပိတ်ရက်မို့ သူသည် အိမ်တွင်အေးအေးဆေးဆေးပင်ရှိသည်။

တစ်ကိုယ်တည်းတစ်ကာယသမားမို့လည်း သူ့အတွက် ကရိကထမများ၊ သူသည် အသန့်အပြန့်နှင့်စည်းစနစ်ကျမှုအားနှစ်သက်သော်လည်း အစားအသောက်တွင် ချေးမများတတ်ပါ…။

ချေးမများသော်လည်း ဖြစ်သလိုလည်း သူ မစား၊ သူ့အတွက် ကြက်၊ ဘဲ၊ ဆိတ်၊ အသားဟင်းတစ်ခုကောင်း၊ တစ်ခွက်နှင့်ဟင်းချိုတစ်ခွက်ရလျှင် လုံလောက်သည်။

ဝက်သားကိုမူ သူ သိတတ်စအရွယ်ကတည်းကပင် မစားပါ…။

သည်နေ့နေ့လယ်စာအတွက် သူ့အဖို့ ဘဲကင်နှင့်ကျန်မဆိုင်ဟင်းချို တစ်ခွက်ရှိနေပြီမို့ အိမ်တွင်အေးဆေးစွာပင် သူ အနားယူနေလိုက်၏။

စားသောက်ရင်း၊ အမှုတွဲကိုဖတ်ရင်း၊ တွေးတောရင်းဖြင့်ပင် နံနက်ရှစ်နာရီထိုးခဲ့ပြီဖြစ်၏။

ဟူး…

စောကိုကိုသည် လေပြင်းကိုမှုတ်ထုတ်ကာ နေရာမှထ





လိုက်သည်။ သည့်နောက် အိမ်ရှေ့ဝရံတာဘက်သို့ သူ လှမ်းထွက်ခဲ့၏။

အရှေ့ခပ်ကျကျလေး ထိုးထွက်နေသည့်ဝရံတာမှ ရပ်ကာသူသည် ပတ်ဝန်းကျင်ကို ကြည့်ရှုလေ့လာဖြစ်၏။

ပတ်ဝန်းကျင်၌ သူ နေသောအိမ်သည် ကုန်းခပ်မြင့်မြင့်တွင် တည်ရှိနေလေ၍၊ သူ နေထိုင်ရသော စံစပယ်ရပ်ကွက်သည်အမှန် အမည်နှင့်အလိုက်ဖက်ဆုံးဖြစ်သည်။

တစ်ခြံနှင့်တစ်ခြံ၊ တစ်အိမ်နှင့်တစ်အိမ်ကြား၌ အလေ့ကျပေါက်နေကြသော နေကြာနှင့်ဒေလီယာပန်းပင်တို့ဖြင့် ကဗျာဆန်ဆန်လေး လှပနေရသည်မဟုတ်ပါလား…။

သူ နေသောပတ်ဝန်းကျင်သည် အခြားရပ်ကွက်များထက်ပို၍ တစ်အိမ်နှင့်တစ်အိမ်၊ တစ်ခြံနှင့်တစ်ခြံသည် သီးခြားရှိလှပါ၏။ သူသည် ဝရံတာအပေါ်စီးမှ လှပသောပတ်ဝန်းကျင်ရှိ လမ်းများနှင့်အိမ်ခြံဝင်းများဆီ သဘောကျနှစ်ခြိုက်စွာ ကြည့်နေဆဲ…

ကုန်းမြင့်လမ်းကလေးအတိုင်း မောင်းတက်လာသည့် ကားလေးတစ်စီးအား တွေ့လိုက်ရသည်တွင် ထိုကားလေးဘယ်ကိုသွားမည်ကို သူ မသိ၍ စောင့်ကြည့်နေလိုက်မိ၏။

သူ ကြည့်နေဆဲပင် ထိုကားလေးသည် သူ့ခြံဝင်းထဲသို့ဦးတည်မောင်းဝင်လာသည်ကို သူ သတိထားမိ၍ တွေ့မြင်လိုက်ရလေ



www.burmeseclassic.com

www.burmeseclassic.com



၏။

ဘယ်သူပါလိမ့်...

သူ တွေးရင်း၊ ဝရံတာမှရုတ်ခြည်းခွာခဲ့လိုက်သည်။ ဧည့်ခန်းစားတွင်ရှိသည့် စောစောက သူ ဖတ်နေသည့် ဦးမြတ်မင်းအမှုတွဲအား သူသည် လျင်မြန်စွာသိမ်းဆည်းလိုက်၏။

တီး...

အိမ်ရှေ့၌ သူ သိမ်းဆည်းပြီးသည်နှင့်ပင် အိမ်ရှေ့မှ လူခေါ်ဘဲလ်သံအား သူ ကြားလိုက်ရ၏။

သူသည် အိမ်ရှေ့တံခါးအား သွားရောက်ဖွင့်ပေးလိုက်သည်တွင် သူ တစ်ခါမှမမြင်တွေ့ဘူးသော တောင်ဝှေးတစ်ချောင်းကိုင်ထားသည့် ဥပဓိရုပ်ခပ်ကောင်းကောင်းရှိသည့် လူကြီးတစ်ဦးအား သူ တွေ့လိုက်ရလေ၏။

ထိုလူကြီးသည်လည်း သူ့အားကြည့်နေလေသည်ပါ။ ထိုလူကြီး၏အကြည့်များသည် သူ့အား အကဲခတ်နေသည်ဟု လွဲ၍ အခြား သူ မှတ်ချက်မချနိုင်သေးပါလေ...။

"ရဲအရာရှိ ဦးစောကိုကိုရဲ့အိမ်ပါလား..."

"ဪ..ဟုတ်ကဲ့ ဦး၊ ဒီအိမ်ပါပဲခင်ဗျား၊ ကျွန်တော်က စောကိုကိုပါပဲ..."

အေးဆေးငြေးထွေးစွာမေးလာသည့် ထိုလူကြီး၏အမေး





အတွက် သူသည်လည်း လိုက်လှဲရည်မွန်စွာဆိုဖြစ်လိုက်သည်။

"ဪ..အတော်ပဲ ခုလိုတွေ့ရတာ ဝမ်းသာတယ်ကွယ်၊ ဦးက ဦးထိန်လင်းပါ..."

"ဦးထိန်လင်း ဟုတ်ပြီ၊ ကျွန်တော် ကြားဖူးတယ်..ကြားဖူးတယ်၊ မနေကပါ၊ အချိန်ရမယ်ဆိုရင် အထဲခဏဝင်ထိုင်ပါလား ခင်ဗျား..."

သူသည် ကိုယ်ကိုရှေ့ကာဖယ်ရင်း ဖိတ်ခေါ်သည်တွင် ဦးထိန်လင်းသည် အိမ်ထဲလှမ်းဝင်ခဲ့ပါသည်။

ဧည့်ခန်းဆီလှမ်းခဲ့ရင်း ဦးထိန်လင်း လာရင်းကိစ္စအား သူ သိနေ၏။ ဦးထိန်လင်းသည် သူ့အိမ်၌ကျင်းပမည့် ဧည့်ခံပွဲအတွက် သူ့အား ကိုယ်တိုင်လာရောက်ဖိတ်ကြောင်း...။

"ထိုင်ပါခင်ဗျာ..."

သူ ဆိုသည်တွင် ဦးထိန်လင်းသည် လက်ထဲမှတောင်ဝှေးလှလှလေးအား ဘေးတွင်ချကာ ဆိုဖာတစ်ခုတွင် ထိုင်လိုက်သည်။

သူ့အကြည့်သည် လှပကောင်းမွန်သည့် ဦးထိန်လင်း၏ တောင်ဝှေးဆီ တစ်ချက်ကြည့်မိ၏။

ဦးထိန်လင်းသည် အသက်အားဖြင့်ခုနစ်ဆယ်ကျော်နေပြီ ဖြစ်သည်မှာ အမှန်...။

ထိုတောင်ဝှေးအားကိုင်ခြင်းသည် အိုကိုတင်ပေပဲလား၊



www.burmeseclassic.com

www.burmeseclassic.com



အသက်အရွယ်အားဖြင့် ကိုင်ခြင်းပင်ပဲလားဆိုသည်ကိုဖြင့် သူ မဝေခွဲလို…။

ဦးထိန်းလင်အရွယ်နှင့် တောင်ဝှေးကိုင်သည်ကဖြင့် လွန်စွာလိုက်ဖက်ပါပေ၏။

"စောကိုကိုက တစ်ယောက်တည်းနေတာလား…"

သူ့အိမ်အနေအထားကိုကြည့်ရင်း ဦးထိန်လင်း မေးလာ၍ သူသည် ထုံးစံအတိုင်း ချောမွေ့စွာပြုံးပြဖြစ်ရင်း…

"ဟုတ်ကဲ့…ကျွန်တော် တစ်ယောက်ထဲပါ…"

"မိသားစုမရှိဘူးလား၊ မရှိတာလား၊ မခေါ်လာတာလား…"

"မရှိတာပါ၊ မိဘတွေလည်းမရှိတော့ပါဘူး၊ အိမ်ထောင်လည်းမပြုသေးပါဘူး…"

"ဘာလို့အိမ်ထောင်မပြုသေးတာလဲ၊ စပ်စုတယ်မထင်နဲ့နော်၊ ဦးကတရင်းတနှီးစိတ်နဲ့မေးတာပါ…"

"ရပါတယ် ဦး၊ အလာပသလာပပေါ့ဗျာ၊ ကျွန်တော့်အတွက် မှန်ကန်တဲ့ဖူးစာရှင်နဲ့ မတွေ့သေးလို့ဖြစ်ပါလိမ့်မယ်၊ အပျွန်း…"

"ခုလိုနေတော့ အထီးကျန်မဆန်နေဘူးလား…"

"ဖြစ်နိုင်ပါတယ်၊ ဒါပေမဲ့ အလုပ်တွေများတဲ့အချိန်မှာ





အခုလိုတစ်ကိုယ်တည်းနေရတာ ကျေနပ်ပါတယ် ဦး…"

"အင်း…စောကိုကိုပြောတာလည်း မှန်တာပါပဲ၊ ဦးလည်းပဲ သားတစ်ယောက်ပဲ အိမ်ထောင်ကျသေးတယ်…

ကဲ…စကားပြောလို့တော့ကောင်းပါတယ်၊ ဦးက တမင်ရင်းနှီးအောင်လို့ ကိုယ်တိုင်လာပြီးဖိတ်တာ၊ ဒီမှာဖိတ်စာ…"

ဦးထိန်လင်းဆိုရင်း အင်္ကျီအတွင်းအိတ်ထဲမှ ဖိတ်စာတစ်စောင်ကိုထုတ်ပြီး စောကိုကိုလက်ထဲ ထည့်ပေးလိုက်သည်။

"လာဖြစ်အောင်လာနော်၊ ဦးတို့ရဲ့တစ်ရင်းတစ်နှီးမိတ်ဆုံစားပွဲပါ…"

"စိတ်ချပါ ဦး၊ ကျွန်တော် လာဖြစ်မှာပါ…"

"ကဲ…ဦးကို ခွင့်ပြုဦး…"

"ဟုတ်ကဲ့ခင်ဗျာ…"

ဦးထိန်လင်းဆိုရင်း နေရာမှထသည်တွင် သူပါ ထ,ဖြစ်သည်။ ဦးထိန်လင်း တောင်ဝှေးကို သူ ယူပေးပြီးအိမ်ရှေ့ဆင်ဝင်အောက်အထိ သူ လိုက်ပို့လိုက်သည်။

ဦးထိန်လင်း ကားထဲဝင်ရောက်ပြီးသည်တွင် ဒရိုင်ဘာ မောင်းသော ဦးထိန်လင်း ကားလေးသည် သူ့ခြံဝင်းကျန်းမြင်လေးမှ ညင်သာစွာမောင်းထွက်သွားလိုက်လေ၏။

ဦးထိန်လင်းကိုယ်တိုင် ငါ့ကိုလာဖိတ်တာပဲ၊ ဦးထိန်လင်း



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ဥပတိရုပ်ကတော့ တကယ့်ကိုခန့်ညားသန့်ပြန့်တယ်၊ စကားပြော လည်းအေးဆေးသိမ်မွေ့တယ်···

ပြီးတော့ ဦးထိန်လင်းဟာ ဒီမြို့ရဲ့မြို့မျက်နှာဖုံးတဲ့၊ ဦးထိန် လင်းအသွင်က တကယ့်နှစ်လိုမှုရှိတာတော့အမှန်ပဲ···

သူသည် ဦးထိန်လင်း ကားလေးမောင်းထွက်သွားရာဆီ ကြည့်ရင်း နောက်ဆုံးလက်ထဲမှ ဖိတ်စာလေးဆီငုံ့ကြည့်ကာ···

ဦးထိန်လင်း၏ ရုပ်သွင်နှင့်စကားပြောဟန်တို့ကို မြင် ယောင်ဖြစ်ရင်း တွေးဖြစ်နေခြင်းပါတည်း···။ ။

Ø Ø Ø





- လေး -

မြို့မျက်နှာဖုံးတစ်ဦး၏ လူရွေး၍ဖိတ်သောမိတ်ဆုံစား သောက်ညှော်ခံပွဲကြီးမို့ ညှော်ခံပွဲသည် ရှင်းသန့်၍နေလေ၏။

စုစုပေါင်းစားပွဲဝိုင်းမှာ ဆယ်ပွဲရှိပြီး အရက်နှင့်စားသောက် ဖွယ်တွေမှာ အကောင်းစားနှင့်အလျှံပယ်ဖြစ်၏။

စောကိုကိုသည် ဌာနမှလူတွေနှင့်အတူတကွ လာသည်မို့ ညှော်ခံပွဲတွင်တစ်ဝိုင်းတည်း ထိုင်ဖြစ်ကြသည်။

သူ့အထက်အရာရှိသည် စာရေးကြီး ချစ်ကြွယ်နှင့်အတူ ကားတစ်စီးတည်းလာသည်။ သူက မာလာမိုးကို ဝင်ခေါ်လာခဲ့ သည်။

လာစဉ်ကတစ်ခြားစီဖြစ်သော်လည်း ဦးထိန်လင်း ခြံရှေ့



www.burmeseclassic.com

www.burmeseclassic.com



အရောက်၌ သူတို့ခြင်း ဆုံစည်းမိ၍အဆင်ပြေသွားကြရ၏။

ညှော်ခံပွဲဌာနဆိုင်ရာမှူးများမှအရာရှိများနှင့် မြို့မျက်နှာဖုံးများ ချည်းသာမို့ လူရည်သန့်၍အဆင့်မြင့်သော ညှော်ခံပွဲဖြစ်နေရ၏။

ဟား..ဟား..ဟား...

စားပွဲတစ်နေရာမှ လူညီညီဖြင့်ရယ်ချလိုက်သော ရယ်သံကြောင့် သူ့အကြည့်သည် ထိုစားပွဲဆီသို့ ရောက်ရှိသွားရ၏။

ထိုစားပွဲတွင် လူရှစ်ယောက်ထိုင်နေသည်ကို သူ တွေ့ရသည်။ အားလုံးမှာ စောကိုကိုနှင့်မတိမ်းမယိမ်းအရွယ်တွေဖြစ်၏။

အနည်းငယ်ရေရှိန်ကိုက်နေကြဟန်ဖြင့် စကားတွေလည်း သွက်လက်နေကြပုံရပါသည်။ သူတို့ကိုယ်စီ မျက်နှာတွေမှာ ကာလာခပ်ရင့်ရင့်လွှမ်း၍ အပြုံးတွေလျှံနေရချေ၏။

"ဆရာ စောကိုကို အဲဒီဝိုင်းမှာ ဦးထိန်လင်းရဲ့သား တစ်ယောက်ပါတယ်..."

ထိုဝိုင်းသို့ စောကိုကို ကြည့်နေသည်ကို သတိထားမိလိုက်သော အထက်အရာရှိသည် သူ့အား ပြောပြသည်။

"ဪ..ဘယ်အယောက်လဲ ဆရာ..."

"ဟို..ဆံပင်နီကြောင်ကြောင်နဲ့ခပ်ကောက်ကောက် တစ်ယောက်လေ၊ အင်္ကျီအစင်းဝတ်ထားတဲ့တစ်ယောက်..."

"ဦးထိန်လင်းမှာသားသမီးဘယ်နှစ်ယောက်ရှိလဲ ဆရာ"





"သုံးယောက်ရှိတယ်၊ သားချည်းပဲသုံးယောက်..."

"ဪ..ကျန်တဲ့နှစ်ယောက်ကရော ဆရာ..."

"ကျန်တဲ့နှစ်ယောက်က ဟိုဘက်ဝိုင်းတွေမှာ ဆရာ..."

စာရေးကြီး ကိုချစ်ကြွယ်က ဝင်ဆိုသည်။ စောကိုကိုသည် ကိုချစ်ကြွယ်ပြသည့် စားပွဲတွေဆီသို့ကြည့်ဖြစ်သည်။

"အဲဒီနှစ်ယောက်ထဲက ဟိုတစ်ယောက်က နည်းနည်းပိုပြီးရုပ်ဖြောင့်တယ်၊ ရုပ်ကြမ်းနဲ့တစ်ယောက်က အိမ်ထောင်ရှိတယ်၊ ဟိုဘက်စားပွဲမှာ ညှော်ခံနေတာ အင်္ကျီအနက်ဝတ်ထားတဲ့လူရဲ့ဇနီးပဲ၊ ကလေးနှစ်ယောက်ရှိတယ်..."

ကိုချစ်ကြွယ် စကားများအတွက် သူသည် ခေါင်းညိတ်ကာ နားထောင်နေဟန်ဖြင့် စားသောက်နေ၏။

စောကိုကိုသည် စားရင်းသောက်ရင်းဖြင့် ထိုညှော်ခံပွဲမှ လူများအား လေ့လာနေမိသည်။

"ဆရာ ဟိုစားပွဲဒေါင့်စွန်းမှာရှိတဲ့ ထိပ်ပြောင်ပြောင်နဲ့လူက ဘဏ်မန်နေဂျာကြီးလေ..."

စားသောက်မှုပြီးသွားဟန်ရှိသည့် မာလာမိုးသည် လူတွေကိုကြည့်ပြီး စောကိုကိုအနီး ကပ်ကာဆိုသည်။

"ဪ..ဟုတ်လား..."

စောကိုကိုသည် ဪ..ဟုတ်လားဟုအဆို၌ စကားဆက်



www.burmeseclassic.com

www.burmeseclassic.com



တည်း ဘဏ်မန်နေဂျာ ဦးမြတ်မင်းအား အမှတ်တရဖြစ်သွားရ၏။

စာကိုကိုသည် ထိုပွဲ၌ ရွှေမာလာမြို့မှ ဝန်ထမ်းအရာရှိများ စုံလင်နေသည်ကို သတိထားမိ၍ ကြံ့တုန်းအားလုံးကိုသိနိုင်သလောက် သိရှိသွားစေရန် ဆုံးဖြတ်ချက်ဖြင့်…

"ဒေါ်မာလာမိုး…"

"ဆရာကလဲ မိုးကိုမိုးလို့ပဲခေါ်စမ်းပါ…"

"ကျွန်တော်က လေးစားတဲ့သဘောပါ၊ ဒါနဲ့ ကျွန်တော့်ထက် ဒေါ်မာလာမိုးက ဒီကဝန်ထမ်းတွေပိုပြီးသိနေလိမ့်မယ်၊ သိသလောက် ကျွန်တော့်ကိုပြောပြပါဦး…"

"သိတာပေါ့၊ ဟုတ်တယ် ခုမှသတိထားမိတယ်၊ ဒီဧည့်ခံပွဲမှာ ဝန်ထမ်းတွေတော်တော်စုံတယ်…"

"ဦးထိန်လင်းက ဝန်ထမ်းတွေအားလုံးနဲ့ရင်းနှီးတယ်နော်၊ တော်တော်ဆက်ဆံရေးကောင်းတဲ့လူပဲ…"

"ဟုတ်တယ်၊ ဆက်ဆံရေးတော့ တော်တော်ကောင်းတယ်၊ ဟိုမှာသစ်တောအရာရှိ၊ စိုက်ပျိုးရေးအရာရှိ၊ ဆရာဝန်ကြီးနဲ့ မိုးတို့ရှေ့မှာရှိတဲ့ ရဲအရာရှိကြီးနစ်ယောက်လေ…"

"ဟာ..ခင်ဗျားကလည်း တော်တော်နှောက်တာပဲ…"

"ဟင်..မိုးက ဝန်ထမ်းတွေသိသလောက် အကုန်ပြောပြတာပဲဟာ၊ ဆရာပဲပြောတယ်လေ ပြောပြပါဆို…"





"ကဲ..ထားပါတော့ဗျာ၊ ဦးထိန်လင်းတို့က တော်တော်ချမ်းသာတာပဲနော်၊ ဘာလုပ်လဲ…"

"ဒါတော့ မိုးလည်းမသိဘူး…"

"ဦးထိန်လင်းတို့က ဟိုးအရင်ကတည်းကပဲ ချမ်းသာတာ ဆရာ…"

စာရေးကြီး ကိုချစ်ကြွယ် ဝင်ဆိုသည်။ စာရေးကြီး ကိုချစ်ကြွယ် စကားအား စာကိုကိုနှင့်အတူ အထက်အရာရှိကြီးပါ နားထောင်၍နေသည်။

သူ သိသလောက် သူ့အထက်အရာရှိကြီးသည် ရွှေမာလာမြို့သို့ ပြောင်းလာသည်မှာ တစ်နှစ်ခန့်ပင်ရှိသေးသည်မို့ တော်ရုံအကြောင်းများများအား အရာရှိလည်းသိရှိဦးမည်မထင်ပါလေ…။

"ဆရာ ချစ်ကြွယ်ကလဲဗျာ၊ ဘယ်ကတည်းကပဲချမ်းသာချမ်းသာပေါ့ အလုပ်မလုပ်ပဲနဲ့တော့ ဘယ်လိုချမ်းသာနိုင်မလဲ…"

"သြော်..ဟုတ်တယ်၊ ကျွန်တော် သိသလောက်ကတော့ သူတို့မှာ ဆီစက်၊ ဆန်စက်၊ ပန်းကန်စက်၊ ပလပ်စတစ်စက်ရုံကြီးတွေ အများကြီးရှိတယ် ဆရာ…"

"ဒါတွေကတော့ အလုပ်မလုပ်ဘဲနဲ့ကို ထိုင်စားနိုင်တာပါပဲ၊ ဒါကြောင့်လည်း သူတို့ဒီလောက်ချမ်းသာတာပဲဖြစ်မယ် ဆရာ…"



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ချစ်ကြွယ်စကားအား မာလာမိုး ထောက်ခံဆိုသဖြင့် သူနှင့်အရာရှိကြီး ဦးဉာဏ်မြင့်သည် ခေါင်းမညိတ်ခေါင်းမခါဘဲ ရှိနေလိုက်ကြလေ၏။

သူတို့အဖွဲ့စကားကောင်းဆဲပင် ဦးထိန်လင်းအား အလုပ်သမားများရံလျက် ထွက်လာသည်ကို တွေ့လိုက်ရသည်။

ဦးထိန်လင်းသည် စားပွဲဝိုင်းများဆီ နှုတ်ဆက်စကားဆိုရန် ထွက်လာဟန်တူပါ၏။

ဦးစွာ ဦးထိန်လင်းသည် ရဲအရာရှိများစားပွဲဆီသို့ ရောက်လာပါသည်။

"ဆရာတို့လာကြတာ ဝမ်းသာတယ်ဗျာ၊ ဆရာ စောကိုကို သွားသာဖိတ်ရတယ်၊ လာမှလာပါ့မလားလို့ စိုးရိမ်နေမိသေးတယ်..."

"အပွန်း..ဦးကိုယ်တိုင် တကူးတကလာဖိတ်တာ ကျွန်တော် လာရမှာပေါ့..."

"ဦး တကယ်ဝမ်းသာတယ်၊ စားပြီးကြပြီလား၊ လိုအပ်တာရှိလည်းမှာပါ စားလို့ကောအဆင်ပြေကြရဲ့လား..."

ဆရာ ဦးဉာဏ်မြင့်လက်ဆီ တရင်းတနှီးကိုင်ကာ ဦးထိန်လင်း ဆိုသည်။

"အားလုံးအဆင်ပြေပါတယ် ဦးထိန်လင်း၊ အဆင်ပြေ





တာထက်တောင် လွန်နေပါသေးတယ်..."

"ကျုပ်လည်း ခုမှဘုရားခန်းထဲကထွက်လာတာ၊ ခုမှပဲ အားလုံးကို လာနှုတ်ဆက်ဖြစ်တယ်..."

"ရပါတယ်၊ ကျွန်တော်တို့က အရေးမကြီးပါဘူး၊ ကျွန်တော်တို့အနေနဲ့ ဦးထိန်လင်းက အသက်ကြီးပြီဆိုတော့ နားလည်မှုထားပါတယ်၊ ကျွန်တော်တို့အားလုံး စကားပြောရင်း စားသောက်ပြီးလို့ ပြန်တောင်ပြန်တော့မလို့..."

"ဟုတ်လား၊ အင်းလေ စားသောက်ပြီးပြီဆိုတော့ ညဦးလည်းနက်ပြီ၊ ပြန်ချင်ရင်ပြန်လို့ရပါပြီ..."

"ဟုတ်ကဲ့၊ ကျွန်တော်တို့ပြန်ခါနီး ဦးကိုလာနှုတ်ဆက်ကြတာ၊ ကျေးဇူးတင်ပါတယ် ဦး..."

"ကိစ္စမရှိပါဘူး ဆရာ စောကိုကို၊ ဦးက ဝမ်းသာနေတာပါ..."

စောကိုကို လက်တစ်ဘက်ဆီဆုပ်ကိုင်ပြီး ဦးထိန်လင်း ဆိုသည်။ သူသည် ဦးထိန်လင်း၏ လက်အတွေ့ကို သတိထားမိသည်။

ဦးထိန်လင်းသည် အင်အားဆုတ်လျော့နေသော်ငြားစိတ်ဟန်ဖြင့် ပြင်းထန်ကြောင်း စေးပိုင်သောအတွေ့ကို သုံးသပ်ဖြစ်၏။

"ကဲ..ဦးထိန်လင်း တစ်ခြားမိတ်ဆွေတွေလည်း သွားနှုတ်



www.burmeseclassic.com

www.burmeseclassic.com



ဆက်လိုက်ပါဦး၊ ကျွန်တော်တို့လည်း ပြန်ပါဦးမယ်…"

"ကောင်းပါပြီ ဆရာ ဦးဉာဏ်မြင့်၊ ခုလိုလာတာ ကျေးဇူးတင်မဆုံးပါဘူး…"

ဦးထိန်လင်းအား ဆရာ ဦးဉာဏ်မြင့် နှုတ်ဆက်သည်တွင် စောကိုကိုတို့အဖွဲ့သားအားလုံးလည်း ပြန်ရန်နှုတ်ဆက်ဖြစ်ပါသည်။

ထို့နောက် သူတို့အားလုံးသည် ဦးထိန်လင်းအား နှုတ်ဆက်ပြီးနောက် လာစဉ်အတိုင်း ဆရာ ဦးဉာဏ်မြင့်နှင့်အတူ ကိုချစ်ကြွယ် လိုက်ပြန်ပြီး၊ စောကိုကိုနှင့်မူ ဒေါ်မာလာမိုး လိုက်ပါခဲ့၏။

စောကိုကိုသည် တိတ်ဆိတ်စွာကားကိုမောင်းလာခဲ့သည်။ ကားမောင်းဆဲမှ ကျွန်တော့်အမြင်အာရုံထဲတွင် ဦးထိန်လင်းနှင့်တကွ မိသားစု၏ပုံရိပ်များအား မြင်ယောင်နေဖြစ်၏။

စောကိုကိုသည် ဦးထိန်လင်း၏ မိသားစုအတွင်းမည်မျှ အတွေးရောက်သွားရသည်မသိ…။

သူ့ပုခုံးထက် မာလာမိုး၏ခေါင်းလေး မှေးတင်လာလေမှ သူသည် သတိရသွားရပြီး…။

"ဟား…ဒေါ်မာလာမိုး၊ ဘယ်လိုလဲ၊ အစားအသောက်တွေအဆီရစ်ပြီး အိပ်ငိုက်နေပြီလားဗျ…"

"မဟုတ်တာ ဆရာကလဲ…"

ထိုစကားအတွက် စောကိုကိုသည် မျက်မှောင်တစ်ချက်





တွန့်သွားရ၏။ ကားထဲတွင်မှောင်နေသည်မို့ မာလာမိုး၏မျက်နှာအနေအထားအား စောကိုကို မမြင်ရသော်လည်း…

မာလာမိုး၏ အသံအနေအထားကိုဖြင့် စောကိုကို ကောင်းစွာ သဘောပေါက်ဖြစ်လိုက်ရပါလေ၏။

စောကိုကိုသည် တူရူခွဲကြည့်ကာ ကားကိုမောင်းနေရသည့်ကြားမှ သူ့စိတ်သည် ကျဉ်းကြပ်လာရသည်။

သူသည် အတွေးတို့ကိုဖြတ်၍ မာလာမိုးအိမ်သို့ အမြန်ဆုံးရောက်ရန် ကားကိုမောင်းဖြစ်တော့သည်။

"ဆရာ…"

"ဗျာ…"

မာလာမိုး ခေါ်သည်တွင် စောကိုကိုသည် စိတ်ကျဉ်းကြပ်စွာ ထူးဖြစ်သည်။

"ဆရာ့မှာချစ်သူရှိလားဟင်…"

"အဟွန်း…ဒေါ်မာလာမိုးကလဲ နောက်နေပြန်ပြီ…"

"ဆရာ ဒီကိုပြောင်းလာတာ အဆင်ပြေရဲ့လားဟင်…"

"ပြေပါတယ်…"

"အဟင်း…ဆရာကတော့ တကယ်စန်းပွင့်တာပဲ၊ ပြောင်းလာတာမကြာသေးဘူး အမျိုးသမီးတွေရဲ့နှုတ်ဖျားမှာ ရေပန်းစားနေတော့တာပဲ…"



www.burmeseclassic.com

www.burmeseclassic.com



"အဟွန်း..ကျွန်တော်ကတော့ မသိပါဘူး..."

ခေါင်းလေးမှီရာမှ စောကိုကိုရင်ခွင်ထဲ ရောက်လုနေပြီဖြစ်သည့် မာလာမိုးကြောင့် သူ အလွန်အမင်းစိတ်လှုပ်ရှားနေရပါတော့သည်။

သူသည် ကားကိုလီဗာဖိ၍ မောင်းနှင်နေသည်မို့ မကြာမီပင် မာလာမိုးအိမ်သို့ ရောက်လာခဲ့ပြီဖြစ်၏။

မာလာမိုးသည် သူမအိမ်ရှေ့ရောက်လေမှ သူမကိုယ်လေးအား မတ်လိုက်သည်။

စောကိုကိုသည်လည်း ထိုအခါမှပင် အနေချောင်ကာ အသက်ရှူဝရပါတော့သည်။

စောကိုကိုသည် မိန်းမတွေ၏အတွေ့နှင့်စိမ်းသူတော့ မဟုတ်ပါ။ သို့သော် သူ့တွင်စည်းတော့ရှိသည်။

သူသည် မာလာမိုး ပြောသကဲ့သို့ပင် စန်းပွင့်နိုင်လွန်းသူ တစ်ယောက်ပါ...။

ယခင်ကတည်းကပင် အမျိုးသမီးများဘက်မှ စသော အခင်းမျိုးနှင့် စောကိုကို ဆုံဖူးခဲ့သည်မှာလည်း မနည်းတော့ပါ။

ထိုကိစ္စမျိုးသည် သူ့အတွက်ဖြင့် မဆန်း၊ သို့သော်လည်း သူသည် ရှက်တတ်သည့်လူတစ်ယောက်မို့ မိန်းကလေးဘက်မှ သူသည် ရှက်စိတ်နှင့်အားနာဖြစ်မိရပါ၏။





သူ့ကားလေးသည် မာလာမိုး အိမ်ရှေ့တွင် ရပ်လိုက်သည်နှင့် မာလာမိုးသည် သူ့အား နှုတ်မဆက်၊ လှည့်၍မျှပင် မကြည့်တော့ဘဲ ကားပေါ်မှဆင်းသွားလိုက်ပါတော့၏။

ဟင်း...

သူသည် တကယ်ပင်မျက်နှာပူစိတ်မကောင်းခြင်းများစွာဖြင့် သက်မမောအားချကာ အိမ်သို့ပြန်ဖြစ်ခဲ့လိုက်ရပါလေ၏။

သူ့စိတ်သည် မာလာမိုးကြောင့် အနှောင့်အယှက်ဖြစ်သွားရသည်မှလွဲ၍ သူ့ရင်ထဲ၌ ထိုကိစ္စသည် အထင်ကရမရှိသည်မှာ အမှန်ပါတည်း...။ ။

Ø Ø Ø



www.burmeseclassic.com

www.burmeseclassic.com



- ငါး -

တီး..တီး...

ဒီညခပ်စောစောပင် အိပ်ရာဝင်ရန်ဆုံးဖြတ်ချက်ဖြင့် စောကိုကိုသည် အိပ်ရာဝင်ခဲ့လိုက်သည်။

ဘုရားဦးချပြီးလှဲအိပ်မည်ကြံကာရှိသေး အိမ်ရှေ့မှလူခေါ်ဘဲလ်သံကြောင့် သူသည် မျက်မှောင်တစ်ချက်တွန့်ကာ စားပွဲမှ နာရီလေးအား ယူကြည့်လိုက်၏။

ဆယ်နာရီခွဲပဲရှိတယ်၊ ဘယ်သူပါလိမ့်...

နှုတ်မှရေရွတ်ရင်း သူသည် နာရီလေးအား လက်တွင် ပတ်ကာအခန်းထဲမှ ပြန်ထွက်ခဲ့လိုက်လေ၏။

တီး..တီး...

အပြင်မှလူခေါ်ဘဲလ်သံလေးမှာ မြည်နေဆဲမို့ သူသည်





တံခါးဆီသို့ လျင်မြန်စွာသွားကာ ချောင်းကြည့်ပေါက်မှအရင် ချောင်းကြည့်လိုက်သည်။

ဟင်..ကိုချစ်ကြွယ်ပါလား၊ ဘာကိစ္စလဲမသိဘူး၊ ဆရာများခေါ်ခိုင်းလားမသိဘူး...

စိတ်ကူးဖြင့်တွေးရင်း သူသည် အိမ်တံခါးအား ဖွင့်ပေးလိုက်သည်နှင့်...

"ဆရာ..."

"ဘာကိစ္စလဲ ကိုချစ်ကြွယ်..."

"ဆရာ့ကို ကျွန်တော် လာခေါ်တာ..."

"ဆရာ ဦးဉာဏ်မြင့် ခေါ်ခိုင်းလို့လား..."

"မဟုတ်ဘူး ဆရာ၊ ဆရာ စိတ်ဝင်စားမယ်ထင်လို့ ကျွန်တော် လာခေါ်တာပါ..."

"ဘာလဲ..."

"ဆရာ လိုက်ခဲ့လေ..."

"ဘယ်ကိုလဲ..."

စောကိုကိုသည် ကိုချစ်ကြွယ်အား အိမ်ထဲမခေါ်ဖြစ်၊ ကိုချစ်ကြွယ်ကလည်း အလျင်လိုနေသည့်ပုံစံဖြင့် အိမ်ထဲမဝင်ဘဲ စကားတွေသာ ပြောနေဖြစ်သည်။

"ခင်မင်းမြတ်ရဲ့အိမ်ကိုလေ..."



www.burmeseclassic.com

www.burmeseclassic.com



"ခင်မင်းမြတ်…"

ထိုအမည်ကို သူ မမေ့၊ သို့သော်လည်း ထိုအမည်သည် သူနှင့်အဆက်အသွယ်လုံးဝမရှိ၍ ထောင့်တစ်ထောင့်တွင်သာ ထား ဖြစ်၏။

"ဟုတ်တယ်လေ ဆရာ၊ ဆရာပဲ ခင်မင်းမြတ်ရဲ့ အကြောင်းကို တစ်ခါက ကျွန်တော့်ကို မေးခဲ့တယ်မဟုတ်လား‥

ကျွန်တော်ကလည်း ပြောခဲ့တယ်လေ၊ တစ်နေ့ ဆရာ ခင်မင်းမြတ်ရဲ့သတင်းကို ကြားသိရမှာပါလို့၊ ဒါကြောင့် ဆရာ့ကို ကျွန်တော် လာခေါ်တာ၊ ဆရာ ခင်မင်းမြတ်ရဲ့အကြောင်းကို စိတ်ဝင်စားမယ်ဆိုရင်တော့ လိုက်ခဲ့ပါ၊ ကိစ္စမရှိတော့ဘူးဆိုရင်လည်း ကျွန်တော် ပြန်ပါတော့မယ်…"

"ကောင်းပြီလေ၊ ကျွန်တော် လိုက်ခဲ့မယ်၊ ခဏလေး နော်…"

ဆိုရင်း စောကိုကို အိမ်ထဲသို့ တစ်ချက်ဝင်ခဲ့သည်။ အခန်းထဲအရောက် ဂျာကင်အင်္ကျီကို ထပ်ဝတ်လိုက်ပြီး ခါးတွင်သေနတ်ကို ထိုးထည့်လိုက်သည်။

သည့်နောက် သူနှင့်ဆရာ ကိုချစ်ကြွယ်တို့နှစ်ယောက်သည် ကားပေါ်တက်ကာ ကားလေးကို မောင်းထွက်ခဲ့လိုက်လေ၏။





"အခု ဘယ်ကိုမောင်းရမလဲ…"

"ပုန်းညက်မြိုင်ရပ်ကွက်မှာရှိတဲ့ ခင်မင်းမြတ်ရဲ့အိမ်ကို"

"နေပါဦး၊ ခင်ဗျားကဒီအချိန်ကြီး ဘယ်ကလာလို့ ဘယ်လိုလုပ်ပြီး ကျွန်တော့်ကို ခင်မင်းမြတ်နေတဲ့အိမ်ဆီ ခေါ်လာရတာလဲ…"

"ကျွန်တော်တို့လင်မယားနှစ်ယောက် ယောက္ခမအိမ်က အပြန်၊ ခင်မင်းမြတ်ရဲ့အိမ်ရှေ့အဖြတ် ထူးခြားတာတွေ့လို့ ကျွန်တော့်မိန်းမကို အိမ်မြန်မြန်ပြန်ပို့ပြီး ဆရာ့ကို ကျွန်တော် ချက်ချင်းလာခေါ်တာပါ…"

"ထူးခြားတယ်ဆိုတာက ဘာကိုပြောတာလဲ…"

"ခင်မင်းမြတ်ဟာ အမျိုးသားတစ်ယောက်နဲ့သူ့အိမ်ထဲမှာ ရှိနေတယ်၊ ခင်မင်းမြတ်ဟာ ဘယ်လိုမိန်းမစားလဲဆိုတာ ဆရာ့ကို သိစေချင်လို့ပါ…"

ဆရာ ကိုချစ်ကြွယ် ပြောသောစကားများအား အင်းအဲ မချ၊ စောကိုကို နားထောင်နေမိပါသည်။

စကားပြောရင်း စောကိုကို မောင်းလာသောကားလေးသည် ခင်မင်းမြတ်နေထိုင်သော လမ်းထဲသို့ရောက်လာ၏။

"ဆရာ ကားကိုဒီမှောင်ရိပ်မှာပဲ ထားခဲ့ရအောင်၊ ကျွန်တော်တို့ ခင်မင်းမြတ်ရဲ့ခြံထဲကို လမ်းလျှောက်ပြီးဝင်သွားမယ်…"



www.burmeseclassic.com

www.burmeseclassic.com



ဆရာ ကိုချစ်ကြွယ် ပြောသည့်အစီအစဉ်အတိုင်းပင် စောကိုကို လုပ်ဖြစ်သည်။ ကားကိုမှောင်ရိပ်တစ်နေရာတွင် ရပ်ခဲ့ပြီး သူတို့ လမ်းလျှောက်ခဲ့သည်။

လမိုက်ညမို့ ခိုးကြောင်ခိုးဝှက်သွားလာရသည်မှာ လွယ်ကူနေရချေ၏။

"ဆရာ ခြံကိုကျော်ဝင်မယ်..."

"ဖြစ်ပါ့မလား..."

"ဖြစ်ပါတယ်၊ ဒါမှ ကျွန်တော်တို့ အနီးကပ်မြင်ရမှာပေါ့..."

ကိုချစ်ကြွယ်ဆိုရင်း ခြံတံခါးမှကျော်ဝင်သည်တွင် သူသည်လည်း လိုက်၍ကျော်ဝင်ရတော့သည်။

ခြံထဲရောက်သည်တွင် မှောင်ရိပ်ခိုကာ အိမ်နားဆီသို့လျှင်မြန်စွာ သူတို့ ပြေးကပ်လိုက်ရသည်။

အိမ်နားကပ်မိပြီမို့ သူတို့သည် ပို၍သတိထားနေရသည်။ ခင်မင်းမြတ်၏အိမ်သည် အမှောင်ကျမနေပါ။ အိမ်ခန်းတစ်ခုထဲ၌ မီးထွန်းထားသည့်အလင်းရောင်မှာ မှန်ပြတင်းအပြင်ဘက်သို့တိုင် ဖြာထွက်နေရသည် မဟုတ်ပါလား...။

"ဆရာ ဟိုပြတင်းနားအထိ ကျွန်တော်တို့ကပ်ပြီး အထဲကိုကြည့်ရမယ်၊ ဒါမှအထဲက စကားပြောသံတွေလည်း ကြားရ





မှာ..."

ကိုချစ်ကြွယ်၏ ဦးဆောင်မှုအောက်၌ ဘုမသိဘမသိဖြင့် စောကိုကို လိုက်ပါနေဖြစ်၏။

မှန်ပြတင်းအနီး သူတို့ရောက်ခဲ့သည်တွင် စောကိုကိုနှင့် ကိုချစ်ကြွယ်သည် ပြတင်းထောင့်တစ်ဘက်ဆီမှနေကာ ဟဟလေးရှိနေသည့် ခန်းဆီစလေးအောက်မှ အထဲသို့ချောင်းကြည့်ဖြစ်ကြ၏။

"ခင်..ကိုယ် မင်းကိုလက်ထပ်ခွင့်တောင်းနေတာ အကြိမ်ပေါင်းမနည်းတော့ဘူး၊ မင်း ဘာဖြစ်လို့လက်မခံတာလဲ..."

"ခင့်ကို လာမပြောနဲ့လေ၊ ရှင့်အဖေရဲ့သဘောတူညီမှုကိုပဲ အရင်လုပ်ပါဦး..."

"ကိုယ့်သဘောပါကွာ..."

"မဟုတ်သေးဘူး၊ ရှင့်အဖေ သဘောတူမှဖြစ်မယ်၊ ရှင့်အဖေရဲ့သဘောတူညီချက်မရရင် ကျွန်မ ဒီထက်မပိုနိုင်ဘူး..."

စောကိုကိုသည် အထဲမှစကားသံများအား သေချာသဲကွဲစွာ ကြားနေရသော်လည်း အမိက သူ စိတ်ဝင်တစားကြည့်နေမိသည်မှာ ခင်မင်းမြတ်ဆိုသော မိန်းမချောလေးကိုပါ...။

အံ့သြစရာပဲ ဒီလောက်လှပတဲ့မိန်းကလေးမျိုး [illegible]က မှာ တကယ်ရှိတယ်...

သူကိုယ်သူပင် မေးခွန်းပြန်ထုတ်နေ[illegible]သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူ့ရဲ့စကားသံလေး၊ သူ့ရဲ့စကားပြောသံလေးက ဘယ်သူနဲ့မှမတူဘူး···

သူ့စကားပြောပုံလေးက စကားလုံးလေးတွေဟာ တစ်ခွန်းခြင်းရှိပြီး စကားသံဟာ ညက်ညက်ကလေးနဲ့ဖေးပိုင်နေတယ်···

ခင်မင်းမြတ်ရဲ့ပုံသဏ္ဍာန်လေးက ကြည့်လိုက်ဘာနဲ့ကို ဝင်းဝင်းမွတ်မွတ်၊ သွယ်သွယ်ပြောင်းပြောင်းလေးနဲ့ တကယ့်အနုပညာဆန်တဲ့ ရုပ်ရည်မျိုးရှိတယ်···

ဩော်··ခင်မင်းမြတ်··ခင်မင်းမြတ်၊ သူမကိုကြည့်ရတာ တကယ်ထူးခြားမှုရှိတာပဲ···

စောကိုကိုသည် ခင်မင်းမြတ်ကိုသာ စူးစိုက်ကြည့်ကာ စိတ်ထဲမှမှတ်ချက်ချပြီးနောက် ခင်မင်းမြတ်နှင့်အတူရှိသော အမျိုးသားဆီအကြည့်ကို ရွှေ့လျားလိုက်သည်။

ဟင်··ဒီလူကို ငါ မြင်ဖူးတယ်၊ ဩော်··သိပြီ၊ ဒီလူက ဦးထိန်လင်းရဲ့သားတွေထဲက တစ်ယောက်ပဲကိုး···

ကြည့်ရတာ ဒီလူက ခင်မင်းမြတ်ကို တော်တော်မြတ်နိုးပုံရတယ်၊ ဒါကြောင့်လည်း ခင်မင်းမြတ်ဆီက သူ လက်ထပ်ခွင့် ချည်းပဲတောင်းနေတာဖြစ်မှာပေါ့···

ဘာကြောင့်များ ခင်မင်းမြတ်က သူ့ကိုလက်မထပ်နိုင်တာလဲ၊ စောစောက ခင်မင်းမြတ် ပြောတဲ့စကားအရဆိုရင်တော့





လူကြီးတွေ သဘောမတူရင် လက်မထပ်ချင်တဲ့ပုံစံမျိုးပဲ···

ဒါပေမဲ့ ခင်မင်းမြတ်အနေနဲ့ ဒီလူ့ကို တကယ်ချစ်တယ်ဆိုရင် ဘာမဆိုရင်ဆိုင်သင့်တာပေါ့၊ အင်းလေ ခင်မင်းမြတ်ရဲ့စိတ်ကူးနဲ့ရည်ရွယ်ချက်က ဘယ်လိုရှိလဲမှမသိဘဲကိုး···

စောကိုကိုသည် ခင်မင်းမြတ်နှင့်ထိုလူ၏အကြောင်းများအားတွေးနေဆဲ ထိုလူသည် ခင်မင်းမြတ်၏ကိုယ်လုံးလေးအား ရင်ခွင်ထဲသိုင်းဖက်လိုက်သည်ကို တွေ့လိုက်ရ၏။

ဘာကြောင့်မှန်းမသိ၊ စောကိုကိုသည် မကြည့်ချင်သလိုမျိုးရှိကာ ဘာရယ်မဟုတ်၊ အကြည့်ကိုလွှဲဖယ်၍ ခင်မင်းမြတ်၏ အိမ်ပတ်ဝန်းကျင်ဆီသို့ ပို့မိလိုက်သည်ခိုက်···

ဟင်···

ခေါင်းမှခြေအဆုံး တစ်ကိုယ်လုံးအမည်းစွပ်ထားသည့် လူနှစ်ယောက်သည် ခင်မင်းမြတ်၏အိမ်လေးဆီသို့ လျင်မြန်စွာ ချည်းကပ်ကာ အိမ်ထဲဝင်ရောက်မည့် အရိပ်အရောင်အား သူ သတိထားတွေ့မိလိုက်လေ၍···

"ကိုချစ်ကြွယ် လူနှစ်ယောက်မရှိးသားဘူးဗျ၊ ခင်မင်းမြတ်ရဲ့အိမ်ထဲ ဝင်သွားပြီထင်တယ်···"

"ဟုတ်လား ဆရာ၊ ကျွန်တော် မတွေ့လိုက်ဘူး···"

"ဟော··ဟိုမှာ···"



www.burmeseclassic.com

www.burmeseclassic.com



စောကိုကိုနှင့်ကိုချစ်ကြွယ် ပြောနေဆဲပင် ထိုလူနှစ်ယောက်သည် အခန်းတံခါးအား ဆောင့်ဖွင့်ကာ ခင်မင်းမြတ်တို့ရှိသောအခန်း တွင်းသို့ ရောက်သွားကြသည်ကို တွေ့လိုက်ရသည်။

ဟင်…

အို…

အား…

ဒုတ်..ဒုတ်…

ရုတ်တရက်ဝင်ရောက်လာသော ထိုလူနှစ်ယောက်အား မြင်တွေ့လိုက်ရသည့် ခင်မင်းမြတ်နှင့်ထိုလူသည် မင်သက်အံ့ဩထိတ်လန့်နေဆဲခိုက်မှာပင်…

မသမာသောလူနှစ်ယောက်သည် စကားတစ်ခွန်းမျှမဆိုကိုယ်စီတစ်ပြိုင်နက်တည်း လှုပ်ရှားလိုက်ကြသည်။

ခင်မင်းမြတ်အတွက် ကံသီသွားသည်ဟု ဆိုရပေမည်။ ထိုလူနှစ်ယောက် လှုပ်ရှားလိုက်သည်နှင့် ခင်မင်းမြတ်သည် ငယ်သံပါအောင် အော်သံလေးနှင့်အတူ ချစ်သူ့ရင်ခွင်ထဲမှ ရုန်းအထွက်…

ခင်မင်းမြတ် ရုန်းမထွက်လျှင် မသမာသူနှစ်ဦးထံမှ ပြိုင်တူပစ်ပေါက်လိုက်သော ဓားမြှောင်နှစ်လက်သည် ခင်မင်းမြတ်၏နောက်ကျောလေးဆီသို့ အဆုံးတိုင်ဝင်ရောက်နှစ်မြုပ်သွားရမည်





ဖြစ်သော်လည်း…

ယခုမူ ခင်မင်းမြတ်၏ ချစ်သူရင်ခွင်ဆီသို့ ဓားနှစ်လက်သည် အပြင်းဝင်ရောက်သွားရတော့သည်တကား…။

"ဟော့..မပြေးနဲ့…"

လျှပ်ပြက်သကဲ့သို့ မြင်တွေ့လိုက်ရသော ထိုမြင်ကွင်းကြောင့် စောကိုကိုသည်လည်း လျင်မြတ်စွာဖြင့်ခါးကြားမှ သေနတ်ကိုဆွဲထုတ်ကာ အိမ်ထဲသို့ပြေးဝင်သွားလိုက်သည်။

"ဆရာ..ဆရာ…"

နောက်မှ ကိုချစ်ကြွယ် ခေါ်သော်လည်း စောကိုကို လှည့်မကြည့်တော့၊ သူ အိမ်ထဲရောက်သည်တွင် မသမာသူနှစ်ဦးစလုံးမှာ ပြေးထွက်ပျောက်ကွယ်သွားလေပြီဖြစ်၏။

မထင်မှတ်သောအဖြစ်တွေမို့ သူသည် အလွန်မှပင်အံ့ဩနေမိသည်။ သူသည် အခန်းထဲမှမြင်ကွင်းအား ရုတ်တရက်စကားမဆိုနိုင်အောင် ငေးကြည့်နေမိသည်။

အိပ်ရာထက်မှ ခင်မင်းမြတ်၏ချစ်သူသည် ဓားနှစ်လက်ရင်ဝစိုက်လျက် သေဆုံးနေပေပြီ။ ခင်မင်းမြတ်ကာ ကုတင်အောက်ခွေခွေလေးရှိနေ၏။

စောကိုကိုသည် မှင်သက်စွာအတန်ကြာကြည့်နေမိကာမှ ခင်မင်းမြတ်အနီး လှမ်းခဲ့လိုက်သည်။ တစ်ဆက်တည်းလည်း ခင်မင်း



www.burmeseclassic.com

www.burmeseclassic.com



မြတ်ကိုယ်လေးအား ဆေးမံထဒ္ဒစလိုက်ပြီး ကိုချစ်ကြွယ်ထံ လှမ်းကြည့်ရင်း...

“ကိုချစ်ကြွယ် ရုံးကိုဖုန်းဆက်အကြောင်းကြားလိုက်ပါ၊ ဆေးရုံကားလည်းခေါ်လိုက်ပါ...”

“ဟုတ်ကဲ့ ဆရာ...”

ကိုချစ်ကြွယ် ဖုန်းဆက်ပြောနေသည်တွင် စောကိုကိုသည် ခင်မင်းမြတ်၏အသွင်လေးအား စူးစိုက်ကြည့်မိလိုက်သည်။

ခင်မင်းမြတ်သည် ကြောက်ရွံ့လွန်း၍ ခြောက်ခြားနေဟန်လေးပိုလို တည်တည်နှင့်အေးစက်စက်လေးရှိနေ၏။

စောကိုကိုသည် ခင်မင်းမြတ်၏လက်လေးတစ်ဘက်ဆီဆွဲကိုင်လိုက်ပြီး...

“ခင်ဗျားဘယ်လိုနေလဲ...”

“ကောင်းပါတယ်...”

သူ့ထံမော့ကြည့်ကာ ခေါင်းလေးရမ်း၍ ခင်မင်းမြတ်ဆိုသည်။ သူသည် ခင်မင်းမြတ်ကို အံ့သြလွန်းစွာပင် ကြည့်နေမိ၏။

ခင်မင်းမြတ်၏ အသွင်လေးမှာ အေးစက်နေရသည်မဟုတ်ပါလား၊ သူမပြောသော စကားသံလေးသည်လည်း အလွန်





မှ အေးစက်လွန်းနေသည်ပါ...။

သူသည် ခင်မင်းမြတ်အား အကဲခတ်စူးစမ်း၍ စကားများဆိုဆဲ ရဲဌာနကားများနှင့်ဆေးရုံကားများ ရောက်လာသည်။

သက်ဆိုင်ရာမှလူများသည် ဝတ္တရားအတိုင်း အလောင်းအား ဓာတ်ပုံရိုက်စစ်ဆေးပြီး သယ်ဆောင်သွားကြသည်။

အိမ်တွင်းအိမ်ပြင်အားလုံး တာဝန်ရှိသူတို့ စစ်ဆေးပြီးနောက် ခင်မင်းမြတ်၏အိမ်တွင် စောကိုကို၊ ကိုချစ်ကြွယ်နှင့်ခင်မင်းမြတ်တို့သာ ကျန်ရစ်ခဲ့၏။

“ခင်ဗျားတစ်ယောက်ထဲ နေရဲလား...”

“ဟုတ်ကဲ့ နေရဲပါတယ်...”

“ကျွန်တော်က အသစ်ပြောင်းလာတဲ့ ရဲအရာရှိ စောကိုကိုပါ...”

“ဟုတ်ကဲ့ ကျွန်မက ခင်မင်းမြတ်ပါ...”

“အခုသေသွားတဲ့သူက မင်းရဲ့ချစ်သူပေါ့နော်...”

“ဆိုပါတော့...”

“မင်းအခု ဘာအကူအညီလိုလဲ...”

“မလိုပါဘူး...”

“အခု လူသတ်မှုဖြစ်ပြီးတဲ့နောက် မင်း တကယ်ပဲ ဒီအိမ်မှာ တစ်ယောက်တည်းနေရဲလား...”



www.burmeseclassic.com

www.burmeseclassic.com



"မနေရဲရင် ကျွန်မ ဘယ်နေရာမှာသွားနေရမလဲ၊ ကျွန်မ နေရဲပါတယ်၊ တစ်ယောက်တည်း နေလာခဲ့တဲ့နှစ်ပေါင်းလည်းများ ပါပြီ၊ တစ်ယောက်တည်း မနေရဲစရာအကြောင်းမရှိပါဘူး..."

"မင်းကို အံ့သြမိတယ်..."

"အဲဒီစကား ကျွန်မကို လူတိုင်းလိုလိုကပြောကြတယ်"

စကားကို အေးစက်စက်ဖြင့် တစ်ခွန်းခြင်းပြောတတ်သည့် ခင်မင်းမြတ်အား စောကိုကိုသည် အနီးကပ်စူးစိုက်ကြည့်နေမိသည်။

ခင်မင်းမြတ်သည် ကြည့်လေလှပချစ်စရာကောင်းလေ၊ စိတ်ဝင်စားမှုနှင့်သနားကြင်နာမှုများ ဖြစ်ပေါ်ရလေဟု သူ့စိတ်တွင် မှတ်ချက်ချဖြစ်နေရပါလေ၏။

ကိုချစ်ကြွယ်သည် သူ့ကိုအဖော်ပြုစောင့်ရင်း သူနှင့်ခင် မင်းမြတ်တို့ စကားပြတ်တောင်းပြတ်တောင်း ပြောနေသည်ကို ကြည့်နေ၏။

သူသည် ခင်မင်းမြတ်ကို တစ်ယောက်ထဲထားခဲ့ဖို့ စိတ် မချသလို၊ နောက်ဆံတင်းနေသလို စိတ်တွင်ဖြစ်ပေါ်ခံစားနေမိ သည်။

ခင်မင်းမြတ်သည် သူ့အနီးမှထကာ သူမအိပ်ယာအောက် မှ တစ်စုံတစ်ရာကို ထုတ်ယူလိုက်သည်။ သူ အသေအချာကြည့် လိုက်သည်တွင် အနီရောင်အသံဖမ်းစက်ကလေးမှန်း သူ တွေ့လိုက်





ရ၏။

ခင်မင်းမြတ်သည် ကျွန်တော့်အား စကားပိုမပြော၊ သူသာ ခင်မင်းမြတ်အတွက် ရင်၌လှုပ်လှုပ်ခတ်ခတ်ကြီး ရှိနေရပြီး...

"ခင်မင်းမြတ်..."

"ဟုတ်ကဲ့ ပြောပါ..."

"ဒါ ကိုယ့်ရဲ့တယ်လီဖုန်းနဲ့လိပ်စာကဒ်ပါ၊ မင်းမှာ ကိစ္စ အကြောင်းကြီးငယ်ရှိမယ်ဆိုရင် ကိုယ့်ကိုဆက်သွယ်ပါ၊ အချိန် မရွေးဆက်သွယ်ပါ..."

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ရှင်..."

စောကိုကို ပေးသောလိပ်စာကဒ်ကိုယူရင်း ခင်မင်းမြတ် ဆိုသည်။

"ရဲဌာနကတော့ မင်းကိုခေါ်စစ်လိမ့်ဦးမယ်..."

"ဟုတ်ကဲ့၊ ကျွန်မ လူမသတ်ပါဘူး၊ ကျွန်မကို နှစ်သက် တဲ့သူက ကျွန်မကိုလာတွေ့တာမျှပဲရှိတယ်..."

"ကိုယ် မြင်ပါတယ်၊ ကိုယ် သိပါတယ်၊ ဒါပေမဲ့ ရဲဌာနကတော့ ခေါ်စစ်ဦးမယ်..."

"ဟုတ်ကဲ့၊ ခေါ်ရင်သွားပါ့မယ်၊ ကိုအောင်အတွက်ဆိုလည်း ကျွန်မ စိတ်မကောင်းပါဘူး..."

"ကိုအောင်ဆိုတာ ဘယ်သူလဲ..."



www.burmeseclassic.com

www.burmeseclassic.com



"အခုသေသွားတဲ့ သူလေ…"

"သြော်…"

"သူ့မိဘတွေက ဦးထိန်လင်းမဟုတ်လား…"

"ဟုတ်တယ်၊ မြို့ရဲ့မျက်နှာဖုံးကြီးပဲလေ…"

ခင်မင်းမြတ် ပြောသောစကားအတွက် ခေါင်းညိတ်လိုက်သည်။ ထို့နောက် စောကိုကိုသည် နာရီဆီတစ်ချက်ကြည့်ပြီး…

"ညည့်နက်ပြီ ကိုယ်တို့သွားမယ်…"

"ဟုတ်ကဲ့…"

စောကိုကို နှုတ်ဆက်သည်တွင် ထုံးစံအတိုင်း ခင်မင်းမြတ်သည် အေးစက်စက်ကလေး ဆိုသည်။

သူသည် ခင်မင်းမြတ်ကိုကြည့်ပြီး အားမရမချင့်မရဲဖြစ်မိရ၏။ သို့သော်လည်း သူ မတတ်နိုင်ပါ…။

ထိုညက မဖြစ်ပေါ်ဘူးသောစိတ်နှင့် ခင်မင်းမြတ်အတွက် နောက်ဆံတင်းမှုများစွာဖြင့် သူနှင့်ကိုချစ်ကြွယ်သည် ခင်မင်းမြတ်အိမ်မှ ပြန်ခဲ့လိုက်ပါလေသတည်း…။ ။

Ø Ø Ø





- ခြောက် -

စောကိုကိုသည် ညကလူသတ်မှုဖြစ်ထားသည့်အတွက် သည်နေ့မနက်တွင်တော့ ရုံးသို့စောစောပင်ရောက်ခဲ့သည်။

သူ ရုံးသို့ရောက်သည်တွင် စာရေးကြီး ကိုချစ်ကြွယ်သည် သူ့ထက်ဦးစွာပင် ရောက်ရှိနေသည်ကို သူ တွေ့ရ၏။

"ကိုချစ်ကြွယ် ဆရာ ရောက်ပြီလား…"

"ဟုတ်ကဲ့၊ ဆရာ ရောက်နေပါပြီ…"

စောကိုကိုသည် ကိုချစ်ကြွယ်နှင့်ထိုမျှသာဆိုပြီး သူ့အထက်အရာရှိရုံးခန်းဆီသို့ လှမ်းခဲ့သည်။

"သြော်…ဆရာ စောကိုကို ရောက်ပြီလား၊ ကဲ ထိုင်ပါ"

အရာရှိရုံးခန်းထဲသို့ သူ ဝင်လိုက်သည်နှင့် ဆရာကြီး ဦးညာဏ်မြင့်သည် ရှေ့မှကုလားထိုင်ဆီ ညွှန်ပြရင်း သူ့ကိုထိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



နေရာပေးသည်။

သူသည် ဆရာကြီး ဦးဉာဏ်မြင့်နှင့်မျက်နှာချင်းဆိုင် ကုလားထိုင်တွင် ဝင်ရောက်ထိုင်လိုက်ပြီး...

"ဆရာ ညကအခင်းအတွက်..."

"ခဏနေပါဦး ဆရာ စောကိုကို၊ ကျွန်တော်တို့အဲဒီကိစ္စပဲ ဆွေးနွေးကြမှာပါ၊ ဒေါ်မာလာမိုးလည်း လာလိမ့်မယ်..."

သူ့စကားမဆုံးခင်ပင် ဦးဉာဏ်မြင့် ဆိုလာ၍ သူ စောင့်လိုက်ရသည်။

ဆရာကြီး ဦးဉာဏ်မြင့်တွင် မည်သို့အစီအစဉ်တွေရှိပြီး သူ့အား မည်သို့တာဝန်တွေပေးမည်ကိုလည်း သူသည် စဉ်းစားတွေးတောနေဖြစ်ပါ၏။

သူ အတွေးဖြင့်ငြိမ်သက်စွာရှိနေဆဲပင် ဆရာကြီး ဦးဉာဏ်မြင့်သည် သေချာစွာသော့ခတ်ထားသည့် ဘီရိုကြီးတစ်ခုအတွင်းမှ စက္ကူအိတ်ဝါဝါနှင့်ထည့်ထားသည့် အထုပ်လေးတစ်ထုပ်ကို ထုတ်ယူလိုက်သည်။

သူ့ရှေ့ ဆရာကြီး ပြန်ရောက်လာပြီး စက္ကူအိတ်ထဲမှ ပစ္စည်းအားဆုတ်လိုက်သည်တွင် ဗီဒီယိုတိတ်ခွေတစ်ခွေဖြစ်ကြောင်း သူ တွေ့လိုက်ရ၏။

"သြော်..ဒေါ်မာလာမိုးလည်း ရောက်လာပြီလား၊ ကဲ





စာရေးကြီးကိုပါ ခေါ်လိုက်ပါဦး၊ စာရေးကြီးက သူကိုယ်တိုင်မှတ်တမ်းတင်ထားရတဲ့ကိစ္စတွေရှိနေတော့ သူ မပါလို့လည်းမဖြစ်ဘူး"

"ဟုတ်ကဲ့ ဆရာ..."

အရာရှိစကားအဆုံးတွင် ဒေါ်မာလာမိုးသည် စာရေးကြီး ကိုချစ်ကြွယ်အား သွားရောက်ခေါ်ရန် ထွက်သွားသည်။

မကြာလိုက်ပါ။ ဒေါ်မာလာမိုးနှင့်အတူ စာရေးကြီး ကိုချစ်ကြွယ်တို့ အခန်းထဲရောက်ရှိလာကြလေ၏။

"အခန်းတံခါးတွေ ပိတ်လိုက်ကြရအောင်..."

ဦးဉာဏ်မြင့် စကားအဆုံး ပြတင်းပေါက်နှင့်အခန်းတံခါးတွေကို ပိတ်လိုက်ကြသည်။

တစ်ခန်းလုံးမှောင်အတိကျသွားခိုက် ထောက်ခနဲမီးခလုတ်ဖွင့်သံနှင့်အတူ အခန်းထဲတွင် မီးလင်းလာ၏။

"ကဲ..ကျွန်တော်တို့ ဒီတိတ်ခွေကို ကြည့်ကြရအောင်၊ ဒီတိတ်ခွေကတော့ တခြားမဟုတ်ပါဘူး၊ ဦးထိန်လင်းတို့သားအဖတွေကို မှတ်တမ်းတင်ရိုက်ကူးထားတဲ့တိတ်ခွေပါပဲ...

ဒီလိုမျိုးမှတ်တမ်းတင်ရိုက်ထားတဲ့ တိတ်ခွေဆိုကတည်းကတော့ ကျွန်တော်တို့ရဲ့အထူးလျှို့ဝှက်တဲ့ဌာနဆိုင်ရာ အပိုင်းကနေ ရိုက်ကူးထားလို့သာပဲပေါ့ဗျာ...

ဒါကြောင့်လည်း ဒီတိတ်ခွေဟာ ကျွန်တော်တို့ရုံးမှာ ယနေ့



www.burmeseclassic.com

www.burmeseclassic.com



ထက်တိုင် ရှိနေရတာပါ...

ကဲ..အခုညက ဦးထိန်လင်းရဲ့သားတစ်ယောက် အသတ်ခံရတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ဒီတိတ်ခွေကို ပြန်လှ့လာကြည့်ကြမယ်..."

ဆရာကြီး ဦးဉာဏ်မြင့်ဆိုရင်း အောက်စက်ထဲသို့ ဗီဒီယိုတိတ်ခွေကို ထည့်လိုက်သည်။

ဦးစွာပေါ်ထွက်လာသည်က ဦးထိန်လင်း၏ကြီးမားသော ခြံဝင်းကြီးနှင့်ကြီးမားသော အိမ်ကြီး...။

တိုက်ကြီး၏အရှေ့အနောက် တောင်မြောက်နှင့်ခြံကြီးတစ်ခြံလုံးအား အသေးစိတ်ရိုက်၍ထားသည်။

ခြံကြီးထဲ၌ ပန်းခြံကြီးအပြင်၊ နှင်းဆီနှင့်သဇင်စိုက်သော အဆောက်အဦးကပင် တစ်ခမ်းတစ်နားရှိသည်ကို တွေ့ကြရ၏။

"ဦးထိန်လင်းဟာ တော်တော်ချမ်းသာတာပဲ..."

စောကိုကိုသည် စိတ်ထဲမှမှတ်ချက်ချဖြစ်ခြင်းပါ။ ကြည့်ဆဲပင် ဦးထိန်လင်း၏ ရုပ်ပုံပေါ်လာသည်။ တစ်ချိန်တစ်ခါက ဦးထိန်လင်းသည် တကယ့်လူချောတစ်ယောက်ဖြစ်သည်မှာ မငြင်းနိုင်ပါ။

နှစ်ဦးက ဦးထိန်လင်းသည် လောင်းကစားကိုဝါသနာပါခဲ့သည်။ ဘောလုံးပွဲနှင့်ဂျင်ဝိုင်းများ၌ ဦးထိန်လင်းအား မြင်တွေ့ရ





သည်။

"အရင်က ဦးထိန်လင်းဟာ ရန်ကုန်မှာအနေများတယ်၊ ရန်ကုန်မှာကတော့ အပျော်စုံတယ်လေ၊ သူကတော့ ဦးထိန်လင်းရဲ့ ပထမသားကြီး ခင်မောင်ဝင်းဆိုတဲ့သူပဲ..."

ဆံပင်ကောက်ကောက် မျက်ခုံးမွေးကြမ်းကြမ်းနှင့်နှုတ်ခမ်းမွေးကြမ်းကြမ်းရှိသော ခင်မောင်ဝင်းဆိုသူအား စောကိုကိုသည် သေချာစွာကြည့်မိသည်။

ထိုလူ၏အသွင်သည် မိုက်ကန်းပြီး တစ်စောက်ကန်းပုံပေါ်လွင်နေသည်ဟု သူ့စိတ်ထဲမှတ်ချက်ချ၏။

"ဒါက ဦးထိန်လင်းရဲ့ ဒုတိယသား သန်းဝင်း..."

စောကိုကိုသည် သန်းဝင်းဆိုသူအား သေချာကြည့်ဖြစ်ပြန်သည်။ သန်းဝင်းသည် ရုပ်အားဖြင့် ရွက်ကြမ်းရေချိုခန့်ရှိသည်။ သို့သော် စေ့စေ့ကြည့်လျှင် ထိုလူသည် မျက်လုံးနီကြောင်ကြောင်ရှိပြီး၊ နှာကောက်ကောက်ရှိသည်။

ထိုလူသည် ရက်စက်ကြမ်းကြုတ်ရန် ဝန်လေးမည် မဟုတ်ဟု သူ မှတ်ချက်ချမိ၏။

"ဒါကတော့ တတိယသား၊ အငယ်ဆုံးသားပဲ..."

တစ်ဦးချင်း ဆရာကြီး ဦးဉာဏ်မြင့်ဆိုနေသမျှကို စောကိုကိုသည်လည်း လေ့လာနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ခင်မောင်ဝင်း၊ သန်းဝင်းနှင့်အောင်အောင်တို့သည် ဘုရားစူးမိုးကြိုးပစ် ဦးထိန်လင်း၏သားများပါဟု ကြိမ်ပြော၍ပင် ယုံနိုင်ဖွယ်မရှိပါလေ…။

"ဆရာ ဦးထိန်လင်းက ရုပ်ဒီလောက်ဖြောင့်တာ သူ့သားနှစ်ယောက်က ရုပ်ကြမ်းလိုက်တာ…"

မိန်းမသားပီပီ မာလာမိုး မနေနိုင်တော့၍ နှုတ်မှပင်ဆိုမေးဖြစ်တော့၏။

စောကိုကိုသည် မာလာမိုးစကားအတွက် မာလာမိုးထံမကြည့်ဖြစ်အောင်နေရင်းမှပင် မာလာမိုး စကားအား အသိအမှတ်ပြုရုံမျှ ပြုံးကာထောက်ခံဖြစ်၏။

သူ့စိတ်ထဲ မာလာမိုးနှင့်ပတ်သက်၍ ဦးထိန်လင်းဧည့်ခံပွဲမှပြန်လာသည့်ညအား သတိရသွားခြင်းနှင့် မျက်နှာပူသွားရခြင်းကြောင့်ပါ…။

"ဟုတ်တယ်၊ သူများတွေလည်းပြောကြတာပါပဲ၊ သားကြီးနှစ်ယောက်ကတော့ ရုပ်ဆိုးတယ်၊ သားငယ်တစ်ယောက်ကတော့ ရုပ်ဖြောင့်တယ်တဲ့…

အခု ဒါကတော့ ဦးထိန်လင်းရဲ့သားငယ်ပဲ၊ ညကအသတ်ခံလိုက်ရတဲ့ အောင်အောင်ဆိုတာသူပဲ…"

ဦးညာဏ်ဖြင့်ဆိုရင်း အောက်စက်ခလုတ်ဖြင့်ထိန်းကာ





အောင်အောင်ပုံအား အတန်ကြာသည်အထိ ပြထား၏။

အောင်အောင်အား သေချာစွာ သူ ကြည့်သည်။ အောင်အောင်သည် အမှန်လူချောတစ်ယောက်ပါ…။

အောင်အောင်မျက်နှာဆီကြည့်ပြီး စောကိုကိုသည် ညကအောင်အောင်နှင့်ခင်မင်းမြတ်တို့ နှစ်ယောက်အား တွဲ၍မြင်ယောင်ကာ…

သူတို့ပြောသောစကားနှင့် သူတို့အသွင်များအား မြင်ယောင်နေမိလေ၏။

အောင်အောင်သည် ခင်မင်းမြတ်အား အလွန်အမင်းနှစ်သက်မြတ်နိုးပုံရပါသည်။

ခင်မင်းမြတ်အား လက်ထပ်ရန် အတိအလင်းတောင်းဆိုနေခဲ့သည် မဟုတ်ပါလား…။

ခင်မင်းမြတ် ပြောသောစကားအရ၊ အောင်အောင့်ဖခင်သည် ခင်မင်းမြတ်နှင့်သဘောမတူနိုင်သယောင်ယောင်မျိုး ထင်ရသည်။

အောင်အောင်၏အသွင်သည် အချစ်ကိုကိုးကွယ်သောသူနှင့်မခြားဟု သူ မှတ်ချက်ချမိ၏။

"အခု အသတ်ခံလိုက်ရတဲ့ အောင်အောင်ဟာ လူပျိုပဲ၊ သူနဲ့ခင်မင်းမြတ်တို့ ချစ်သူတွေဖြစ်နေတယ်ဆိုတာ သူ့အသတ်ခံရ



www.burmeseclassic.com

www.burmeseclassic.com



တဲ့ညကမှသိကြတာ···

အောင်အောင်ကတော့ စာကဗျာလောကပဲ ဝါသနာပါတယ်၊ ညီအစ်ကိုတွေအားလုံးထဲမှာ အောင်အောင်က အေးဆေးတယ်···"

"သူတို့ညီအစ်ကိုတွေ ဘာလုပ်ကြလဲ ဆရာ···"

စောကိုကို မေးကြည့်ဖြစ်သည်။

"ကြားမိတယ်၊ အစ်ကိုကြီးနှစ်ယောက်ကတော့ စက်ရုံအလုပ်တွေပဲလုပ်တယ်တဲ့၊ အောင်အောင်ကတော့ စာကဗျာရေးတယ်၊ ထုတ်ဝေတယ်···

ဒါပေမဲ့ အလတ်ကောင် သန်းဝင်းကတော့ စက်ရုံအလုပ်လည်းလုပ်တယ်၊ တခြားအပြင်အလုပ်တွေလည်းလုပ်တယ်လို့ ပြောသံကြားတယ်···"

"အိမ်ထောင်ရှိတာတစ်ယောက်ရှိတယ်လို့ ပြောတယ် ဆရာ···"

"ဟုတ်တယ်၊ အိမ်ထောင်ရှိတာအလတ်ကောင် သန်းဝင်းပဲ···"

"ဪ··ဒါနဲ့ ဦးထိန်လင်းရဲ့ဇနီးကရော ဆရာ···"

"ဦးထိန်လင်းရဲ့ဇနီးက ဆုံးတာဆယ်နှစ်ကျော်ရှိပြီလို့ ပြောတယ်၊ ဟုတ်တယ်မဟုတ်လား ဆရာ ကိုချစ်ကြွယ်···"





စောကိုကို အမေးအတွက် ဆရာ ဦးဉာဏ်မြင့်ဆိုရင် စာရေးထံတစ်ဆက်တည်း မေးလိုက်လေ၏···

"ဟုတ်ပါတယ် ဆရာ···"

ကိုချစ်ကြွယ် ဖြေသည်။

"ကဲ··အခု အောင်အောင်အမှုနဲ့ပတ်သက်ပြီး ကျွန်တော်တို့ ခင်မင်းမြတ်ကိုပါခေါ်ပြီး စစ်ဆေးဖို့လိုအပ်တယ်···"

"အောင်အောင်ရဲ့မိသားစုကိုရော ဆရာ···"

"မေးနိုင်တာပေါ့၊ အောင်အောင် အသုဘပြီးရင်မေးနိုင်တယ်၊ အခုတော့ အသုဘကိစ္စနဲ့သူတို့တွေ အလုပ်ရှုပ်နေကြလိမ့်မယ်···"

"အမှုမှန်ဖော်ထုတ်ဖို့ကတော့ ဆရာ စောကိုကိုရဲ့တာဝန်ပဲ···"

"ဟုတ်ကဲ့ပါ ဆရာ···"

"ဆရာ စောကိုကိုက ရောက်လာတာမကြာသေးဘူးဆိုတော့ မသိတာတွေရှိရင် စာရေးကြီးကိုမေးပေါ့···

စာရေးကြီးကလည်း ဆရာ စောကိုကို့ကို တစ်ဘက်တ[..] လမ်းကနေ ပိုင်းဝန်းကူညီလိုက်ပါ···

စာရေးကြီးအနေနဲ့က ဒီမြို့သားဖြစ်ပြီး မှ[..]တမ်းရှိတဲ့ အမှုတွဲအားလုံးရဲ့အကြောင်းကိုလည်း သိထား[..]မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာ၊ စိတ်ချပါ ကျွန်တော် ပဝရာ စောကိုကို့ကို အတတ်နိုင်ဆုံးကူညီပါ့မယ်…"

"ကဲ..ကောင်းပြီ ခင်ဗျားတို့အလုပ်ရှိတာ ဆက်လုပ်ကြပါ ဆရာ စောကိုကို…"

"ဗျာ..ဆရာ…"

"ဆရာ စောကိုကိုအတွက် လိုအပ်ရင်ဆရာ့ဆီကို အချိန်မရွေးဆက်သွယ်ပါ…"

"ဟုတ်ကဲ့ ဆရာ၊ ကျေးဇူးတင်ပါတယ် ဆရာ…"

စောကိုကိုသည် အထက်အရာရှိအား ကျေးဇူးတင်ကြောင်း ပြောပြီး အခန်းထဲမှဦးစွာ ထွက်ခဲ့လိုက်သည်။

စောကိုကိုစိတ်ထဲတွင် လူသတ်သမားနှစ်ယောက်ကို တွေ့လိုက်ရပါလျက် မည်သူမည်ဝါမှန်းမသိလိုက်ရခြင်းအတွက် ရင်၌ အောင့်သက်သက်ကြီး ဖြစ်နေရသည်။

ပြီးတော့ ခင်မင်းမြတ်၊ ခင်မင်းမြတ်အကြောင်းကိုလည်း သူ သိချင်ပါသေး၏။

သည့်အတွက် သူသည် ခင်မင်းမြတ်အကြောင်းအား တစ်ဘက်တစ်လမ်းမှ မသိမသာစုံစမ်းရန် ဆုံးဖြတ်ချက်ချဖြစ်၏။

"ဆရာ…"

"ဆရာ…"





သူသည် ဆရာ့ရုံးခန်းမှထွက်လာရင်း ဆက်လုပ်ရမည့် ကိစ္စများနှင့်အကြောင်းများအား တွေးဆဲ…

ဆရာ ကိုချစ်ကြွယ်နှင့်မာလာမိုးတို့၏ သူ့အားပြိုင်တူခေါ်လိုက်သံကြောင့် သူသည် ထူးသံမပြုဖြစ်ဘဲ နှစ်ဦးစလုံးထံသို့ တစ်ဆက်တည်း ကြည့်ဖြစ်လိုက်သည်။

"ကျွန်တော်က ဆရာ့ လိုအပ်တာရှိရင် ကျွန်တော့်ကို မေးပါလို့ပြောမလို့ပါ…"

"မိုးကလည်း ဘာကူညီရမလဲလို့ ပြောမလို့ပါရှင်…"

သူတို့နှစ်ယောက်ဆိုသည်တွင် သူသည် အေးဆေးစွာပင် ပြုံးလိုက်ပြီး…

"ကျေးဇူးတင်ပါတယ်ဗျာ၊ အခုတော့မလိုအပ်သေးပါဘူး၊ ဒါပေမဲ့ ကျွန်တော် ခင်မင်းမြတ်ကိုတော့ ရုံးခေါ်ပြီးအရင်ဆုံး မေးမြန်းဖို့ စိတ်ကူးမိတယ်…

ဦးထိန်လင်းတို့ အိမ်သားတွေကိုတော့ အသုဘကိစ္စတွေ ပြီးမှပဲမေးတာပေါ့၊ ဒါနဲ့ အသုဘကဘယ်နေ့ချမှာလဲ…"

"မနက်ဖြန်ထင်တယ်၊ ဆရာ သွားမလို့လား…"

ဒေါ်မာလာမိုး မေးသည်တွင် သူသည် တစ်ချက်မျှစဉ်းစားပြီး…

"အသုဘကမနက်ဖြန်ဆိုရင်တော့ ခင်မင်းမြတ်ကို ခေါ်



www.burmeseclassic.com

www.burmeseclassic.com



စစ်လို့မရသေးဘူး၊ အသုဘကိစ္စပြီးမှရမယ်၊ အင်းလေ··ဒါဆို ဆရာ ဦးဉာဏ်မြင့်နဲ့တိုင်ပင်ပါဦးမယ်၊ ကဲ··ကျွန်တော် သွားလိုက်ဦးမယ်...''

''ဆရာ ကော်ဖီသောက်ပါဦးလား...''

စောကိုကိုသည် စကားကိုဘုံ့ဆိုင်းစွာဆိုရင်း သွားမည်အပြုတွင် မာလာမိုးသည် သူ့ကိုဖိတ်ခေါ်သည်တွင် သူသည် အားနာစွာနှင့်ပင် ငြင်းလိုက်ရပါ၏။

''ကျေးဇူးတင်ပါတယ်၊ ကျွန်တော် သွားစရာရှိသေးလို့ပါ...''

သူ့စကားနှင့်တည်ကြည်အေးဆေးသော သူ့အသွင်ကြောင့် မာလာမိုးမျက်နှာလေး ရှက်သွေးဖြင့်ရဲနေသည်ကို သူ သိသော်လည်း၊ သူ မတတ်နိုင်ပါ၊ သူသည် မသိဟန်ပင်ဆောင်ကာ ရုံးမှထွက်ခဲ့လိုက်ပါလေ၏။ ။

Ø Ø Ø





– ခုနစ် –

''အင်း··ချမ်းသာလွန်းတော့လည်း အသုဘကတော်တော့်ကိုစည်းကားတာပဲ၊ အသုဘနဲ့အသုဘအခမ်းအနားကို ရိုက်ဖို့ကင်မရာမင်းကတောင် လေးငါးယောက်ဗျာ...

အသုဘချတာများ၊ အသုဘပို့တဲ့ပရိသတ်တွေကိုပါ ဓာတ်ပုံကလိုက်ရိုက်ရသေးတယ်...''

စောကိုကိုသည် သင်္ချိုင်းတစ်နေရာမှ ကားထဲတွင်ထိုင်ရင်း အောင်အောင်၏အသုဘချနေရာ အခမ်းအနားဆီသို့ အဝေးကြည့်မှန်ပြောင်းဖြင့် လိုက်၍ကြည့်ဆဲဆိုဖြစ်ခြင်းပါ...။

ဆိုရင်းမှ သူသည် မျက်နှာမှမှန်ပြောင်းကိုခွာ၍ အနီးမှ ကိုချစ်ကြွယ်ထံ တစ်ချက်ကြည့်ဖြစ်သည်။

ကိုချစ်ကြွယ်သည်လည်း အဝေးကြည့်မှန်ပြောင်းတစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ဖြင့် အသုဘမှလူများအား စိတ်ဝင်တစားကြည့်နေသည့်ကို သူ မြင်ရ၏။

"ကိုချစ်ကြွယ်..ခင်ဗျား ဘာကြည့်နေတာလဲ..."

"ကျွန်တော် ကြည့်တာ အောင်အောင်ရဲ့မိသားစုတွေကို ပါ၊ အောင်အောင်အဘွားက အောင်အောင်ကို တော်တော်ချစ်ပုံရ တယ်၊ တော်တော်ငိုနေတာပဲ..."

သူ့အမေးအား ကိုချစ်ကြွယ် ဖြေသည်တွင် သူသည် မှန်ပြောင်းနှင့်ပြန်၍ကြည့်လိုက်ပြီး...

"ကဲ..ပြောပါဦး၊ သူတို့မိသားစုတွေက ဘယ်သူဘယ်ဝါ ဆိုတာ..."

မြင်ကွင်းအား အနီးကပ်ဆွဲကြည့်ရင်း သူ မေးသည်။

သူနှင့်ကိုချစ်ကြွယ်သည် ထိုမြင်ကွင်းအား အနီးကပ်ဆွဲ ကြည့်ရင်းမှ အောင်အောင်၏မိသားစုသည် မည်သူမည်ဝါဆိုသည် ကို ကိုချစ်ကြွယ်သည် သူ့အားရှင်းပြ၏။

"ဟိုမှာငိုနေတဲ့အဘွားကြီးက ဦးထိန်လင်းရဲ့အမေပဲ ဆရာ..."

"ကိုသန်းဝင်းနဲ့အမျိုးသမီးတစ်ယောက် တွဲထားတဲ့အဘွား ကြီးလား..."

"ဟုတ်တယ် ဆရာ၊ အဲဒီအမျိုးသမီးက သန်းဝင်းရဲ့ဇနီး





ပဲ၊ ဘေးနားမှာရှိတဲ့ကလေးနှစ်ယောက်က သန်းဝင်းရဲ့ကလေး တွေ..."

ဩော်...

"ကြည့်ရတာ အောင်အောင်နဲ့သန်းဝင်းကို အဘွားက အချစ်ဆုံးပဲထင်တယ်..."

သူသည် ချစ်ကြွယ်စကားအား အရေးမစိုက်တော့ပါ။ သူသည် အဓိက ဦးထိန်လင်းတို့မိသားစုအဖွဲ့တစ်ဖွဲ့လုံးအား တစ်ဦး ချင်းတစ်ယောက်ချင်း မျက်နှာတွေကိုသာ စေ့စေ့စပ်စပ် ဆွဲယူ ကြည့်နေဖြစ်၏။

အောင်အောင် သေဆုံးရခြင်းအတွက် အားလုံးစိတ်ထိခိုက် နေကြပုံတွေ ပေါ်ပါသည်။ ဦးထိန်လင်းအား စိတ်ထိခိုက်ခြင်းအား တည်ငြိမ်စွာထိန်း၍ ထားပုံရှိ၏။

သူသည် ဦးထိန်လင်းနှင့်တကွ သန်းဝင်း၊ ခင်မောင်ဝင်း နှင့်အဘွားကြီး၊ သန်းဝင်း၏ဇနီးနှင့်သားတွေကိုပါ အထပ်ထပ်အခါ ခါ ကြည့်ဖြစ်၏။

ထိုသားအမိတစ်စုကိုမှ ဓာတ်ပုံတွေကလည်း ရိုက်လိုက် သည်ဖြစ်ခြင်း...။

သူသည် ဓာတ်ပုံကင်မရာမင်းများထဲမှ သူ ခိုင်းထားသည့် မှုခင်းဓာတ်ပုံရိုက် ကင်မရာမင်းထံလည်း မကြာခဏကြည့်ဖြစ်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သူကင်မရာမင်းသည်လည်း ဦးထိန်လင်းတို့၏ မိသားစုအားလုံးပုံများအား အမိအရလျှပ်တပြက်ပုံတွေကာပါမကျန် ရိုက်ယူနေသည်ကို သူ တွေ့ရ၏။

သူသည် အောင်အောင်အသုဘသို့မသွားဘဲ အဝေးမှ ချစ်ကြွယ်နှင့်အတူ စောင့်ကြည့်နေရသည်မှာ သူ့အထက်အရာရှိ ဦးဉာဏ်မြင့်နှင့် တိုင်ပင်ထားခြင်းဖြစ်၏။

ဆရာဦးဉာဏ်မြင့်ကမူ အောင်အောင်အသုဘဆီသို့ သွားသည်။ သူသည် ဦးထိန်လင်းအနီးတွင်ရှိသည့် ဆရာသမားထံ တစ်ချက်ကြည့်ပြီး…

သူ၏အဝေးကြည့်မှန်ပြောင်းအား ဟိုဟိုဒီဒီ လျှောက်ကြည့်လိုက်သည်မတော့…

အောင်အောင်အလောင်းအား မြေချချိန်တွင် သင်္ချိုင်းထဲသို့ ကားလေးတစ်စီး ဝင်ရောက်လာသည်ကို စောကိုကို တွေ့လိုက်ရသည်။ သူသည် ထိုကားအား စိတ်ဝင်စားစွာ ကြည့်နေမိသည်။

ကားလေးသည် ကားများရပ်ထားသည့်နေရာတွင် ရပ်ထားပြီးနောက် မရှေးမနှောင်းပင် ကားပေါ်မှ အနက်ရောင်ဝတ်စုံဖြင့် သွယ်ပြောင်းကျော့ရှင်းသည့် မိန်းမချောလေးတစ်ယောက် ပန်းစည်းလေးကိုင်ကာ ထွက်လာသည်ကို သူတွေ့လိုက်





ရ၏။

"ဟာ..ဆရာ၊ ဟိုမှာ ခင်မင်းမြတ်လည်း လာတယ်"

မိန်းမချောထံ စောကိုကိုငေးကြည့်ဆဲပင် ကိုချစ်ကြွယ်ဆိုသည်။

ကိုချစ်ကြွယ် စကားအား သူ ဂရုမထားဖြစ်ပါ။ ခင်မင်းမြတ်လှုပ်ရှား ရွေ့လျားသမျှ သူလည်း မှန်ပြောင်းကို ရွေ့လျားကာ လိုက်ကြည့်နေဖြစ်ရချေ၏။

ခင်မင်းမြတ်သည် ပန်းစည်းလေးကိုင်ကာ ညက်ညောစွာ ညင်သာသော ခြေလှမ်းလေးဖြင့် တစ်လှမ်းစီလှမ်းကာ အောင်အောင်အသုဘချနေရာဆီသို့ လှမ်းနေလေသည်။

ခင်မင်းမြတ်၏တစ်ကိုယ်လုံးသည် ပရိသတ်များ လိုလားနှစ်သက်ဆုံးသော ကိုယ်လုံးမျိုး ကိုယ်ဟန်လေးမျိုးပါ။

စောကိုကိုသည်ပင် ကြည့်ရင်း ခင်မင်းမြတ်၏ ပြည့်ပြည့်ကလေးနှင့် သွယ်လျားကျော့ရှင်းလှပလွန်းသည့် ကိုယ်လုံးလေးတွင် အသက်ရှူမှားမတတ် ရှိနေရ၏။

သူ့အကြည့်သည် ခင်မင်းမြတ်၏ မျက်နှာလေးဆီသို့ ရွှေ့ပြောင်းလိုက်သည်။ အနီးကပ်ကြည့်မှပင် ခင်မင်းမြတ်၏ မျက်နှာလေးသည်လည်း အလွန်လှပကြောင်း ရင်ခုန်စွာ သူတွေ့ရပါ၏။



www.burmeseclassic.com

www.burmeseclassic.com



မှန်ပြောင်းနှင့် အနီးကပ်ဆွဲယူကာ စိမ်ပြေနပြေကြည့်နေရ၍လည်း ခင်မင်းမြတ်၏ လှပုံထူးပုံအား သူသည် အသေးစိတ်ရင်လှိုင်းထကာ မြင်တွေ့နေရပါ၏။

ခင်မင်းမြတ်သည် မျက်နှာအကျလေးနှင့် မျက်ခုံး မျက်လုံး နှာတံနှင့် နှုတ်ခမ်းလေးတို့သည် စုတ်ချက်ဟင်ထားသည့်အလားပါ။

ခင်မင်းမြတ်သည် ဂျပန်ပုံစံဆံထုံးလေးဖြင့် မျက်နှာနှင့် လည်တိုင်လေးမှာ ဝင်းဖန့်ရှင်းသန့်ကျော့ရှင်းကာ ရှိ၏။

သို့သော် သူ့စိတ်ထဲ၌ ခင်မင်းမြတ်၏ လှပလွန်းသောမျက်နှာလေးသည် ထူးခြားနေသည်ဟုထင်သည်။

မှန်ပါ၏။ ခင်မင်းမြတ်၏မျက်နှာလေးသည် လှပခြင်းနှင့် တည်ငြိမ်အေးဆေး၍နေသည်။ ထိုသို့သော တည်ငြိမ်အေးဆေးမှုသည်ကပင် သူ့စိတ်အား အတွေးတစ်ခုခုကို ဖြစ်ပေါ်နေရစေသလိုရှိနေလေ၏။

သို့သော်လည်း သူသည် ခင်မင်းမြတ်အား အတတ်မှတ်ချက်ချ၍ မနိုင်ပါလေ။ ခင်မင်းမြတ်၏ တစ်လှမ်းချင်းဖြင့် အောင်အောင်အသုဘမြေချရာဆီသို့ ရောက်သွားပါသည်။

သူသည် ခင်မင်းမြတ်နှင့် လူအများအား ကြည့်လိုက်ရသည်မှာ အမောပါ။ လူအများအားလုံးသည် ခင်မင်းမြတ်ကို တွေ့





သည်တွင် ငေးမောအံ့သြသူအံ့သြဖြင့် ဖြစ်ကုန်ကြပါ၏။

ခင်မင်းမြတ်မမှု။ မည်သူ့ကိုမျှမကြည့်။ အရေးလည်းမစိုက်သည့်ပုံ။ အောင်အောင်မြေချရာအနီးသို့သာ ပန်းစည်းလေးပစ်ချရန် အနီးကပ်ဆုံး ခပ်မှန်မှန်လေး လျှောက်ခဲ့၏။

ခင်မောင်ဝင်းနှင့် သန်းဝင်းတို့က ခင်မင်းမြတ်အားခပ်တည်တည်ပင် ကြည့်နေဖြစ်ကြသည်။ ထူးခြားသည်ကသန်းဝင်း၏ အကြည့်များပင်။

စောကိုကိုသည် သန်းဝင်းအကြည့်အား စိတ်ထဲမှာတစ်ခုခုကို အလိုအလျောက်နားလည်လိုက်သလိုပါ။

ခင်မင်းမြတ်သည် အောင်အောင်အလောင်းမြေချရာအနီးသို့ အရောက်၌ သူမလက်ထဲမှ ပန်းစည်းလေးအား မြေတွင်းသို့ပစ်ချလိုက်၏။

ပန်းစည်းလေးအား ပစ်ချပြီး ခင်မင်းမြတ်လှည့်ထွက်လာမှပင် ဦးထိန်လင်း၏ မိခင်ကြီးသည် ခင်မင်းမြတ်အား တွေ့သွားဟန်တူ၏။

ဆွဲထားသည့် သန်းဝင်းနှင့် သန်းဝင်းဇနီးတို့လက်ထဲမှရုန်းထွက်ကာ ခင်မင်းမြတ်အား ကျိုန်ဆဲရိုက်ပုတ်ရန် ကြိုးစားနေသည်ကို သူတွေ့ရသည်။

သူသည် အဘွားကြီးထံမှ မှန်ပြောင်းအား ရုတ်ချည်း



www.burmeseclassic.com

www.burmeseclassic.com



ဦးထိန်လင်းဆီသို့ ပို့လိုက်သည်။ ဦးထိန်လင်းသည် ခင်မင်းမြတ်အား တည်ကြည်အေးစက်သလိုနှင့် စိတ်ဝင်စားဟန် လိုက်၍ မသိမသာ ကြည့်သည်ကို သူတွေ့ရ၏။

သည့်နောက် စောကိုကိုမှန်ပြောင်းသည် ခင်မင်းမြတ်ထံသို့ ရွေ့ပြောင်းသွားသည်။

ခင်မင်းမြတ်ကား သူမ၏ကားလေးထံသို့ ရောက်ကာ ညင်သာစွာ မောင်းထွက်သွားလေပြီဖြစ်သတည်း။

"ဆရာ အသုဘအခမ်းအနားပြီးသွားပြီ..."

စောကိုကိုသည် ခင်မင်းမြတ်ကားလေး ပျောက်ကွယ်သွားသည်အထိ ကြည့်ပြီး ခင်မင်းမြတ်နှင့် ပတ်သက်သည့် အကြောင်းများအား တွေးကာ စိတ်ပျံ့လွင့်နေဆဲ ကိုချစ်ကြွယ်စကားသံကြောင့် သူ့စိတ်များစုစည်းထားလိုက်ရပါ၏။

သူသည် အသုဘအခမ်းအနား ပြီးစီးသွားသည့် ဦးထိန်လင်းတို့ မိသားစုများထံ ပြန်၍ ကြည့်ဖြစ်ရပါသည်။

အသုဘလိုက်ပို့သူများနှင့် ဦးထိန်လင်းတို့ မိသားစုများအားလုံးမှာ ကိုယ်စီကားပေါ်သို့ တက်ကုန်ပြီဖြစ်၏။

ဦးထိန်လင်းနှင့် သားလတ် သန်းဝင်းတို့က ကားတစ်စီးတည်းစီးသည်ကို သူသတိထားမိသည်။

ကားထဲအရောက်၌ သားအဖနှစ်ယောက် ကားမောင်း





မထွက်သေးဘဲ စကားတွေပြောနေကြသည်ကိုပါ သူတွေ့ရသည်။

"ဆရာ..ပြန်ကြရအောင်လေ၊ သူများတွေလည်း ပြန်ကုန်ပြီ၊ ဟိုမှာ ကျွန်တော်တို့ဆရာတောင် ပြန်သွားပြီ..."

"အင်း..ဟိုမှာ ဦးထိန်လင်းနဲ့ သူ့သားလတ် ကားထဲမှာ စကားပြောနေတယ်၊ ကားတစ်စီးထဲမှာ သူတို့သားအဖနှစ်ယောက်ထဲ ရှိတယ်..."

"ဘာတွေပြောလဲဆိုတာ ကျွန်တော်တို့ ကြားမှ မကြားနိုင်ဘဲ ဆရာ..."

"ဟုတ်ပါတယ်၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲမှာ သူတို့သားအဖပြောနေတဲ့ စကားတွေကို စိတ်ဝင်စားနေမိလို့ပါ"

သူသည် စကားအဆုံး၌ မျက်နှာရှေ့မှ မှန်ပြောင်းကို ခွာကာ နေရာမှမောင်းထွက်ခဲ့လိုက်လေ၏။

သံချိုင်းရှိ အောင်အောင်မြေချရာနှင့် ခပ်လှမ်းလှမ်းရှိ ကားလေးတစ်စီးထဲတွင်ကား...

"ခင်မင်းမြတ်ဆိုတဲ့ မိန်းကလေးဟာ အင်မတန်လှပပါတယ်၊ အင်မတန်လည်း အန္တရာယ်ကြီးတယ် သား..."

"ဖေဖေ ဘာကိုဆိုလိုတာလဲ..."

"ဟင်း..မင်းညီလေးနဲ့ ခင်မင်းမြတ်ဆိုတဲ့ မိန်းကလေး တော်တော်ငြိသွားကြလား..."



www.burmeseclassic.com

www.burmeseclassic.com



သန်းဝင်း အမေးကို မဖြေဘဲ ဖခင်ကြီး ဦးထိန်လင်းမှာ မေးခွန်းပြန်မေးနေလေ၍ သန်းဝင်းသည် တစ်ချက်မျှ စဉ်းစား ဟန်ရှိပြီးမှ…

"အတိအကျတော့ ကျွန်တော် မသိဘူး ဖေဖေ…"

"ဖေဖေကြားတဲ့ သတင်းတစ်ခုတော့ ရှိတယ်သား"

"ဘာလဲ ဖေဖေ…"

ဣန္ဒြေဆည်ကာ သန်းဝင်းမေးသည်။

"အဲဒီ ခင်မင်းမြတ်ဆိုတဲ့ မိန်းကလေးနဲ့ သားနဲ့လည်း မကင်းဘူးဆိုပဲ…"

"မဟုတ်တာဖေဖေရာ၊ ကျွန်တော် သူ့ကို နည်းနည်း သိရုံမျှပဲ ရှိပါတယ်…"

"အင်းလေ‥ဒါဆိုလည်း ပြီးတာပါပဲ၊ ဖေဖေ သတိ တော့ ပေးမယ်၊ ဒီမိန်းကလေးနဲ့ မပတ်သက်နဲ့၊ သားမှာ အန္တရာယ် ရှိတယ်၊ ပြောရရင် ဖေဖေတို့မိသားစုတစ်ခုလုံးကို သူ ဒုက္ခပေး သွားနိုင်တယ်…"

"ဖေဖေ ဘာကိုဆိုလိုတာလဲ…"

"အခု သားရဲ့ညီလေး သူ့ကြောင့်သေပြီလေ…"

"ဒါ သူသတ်တာမှမဟုတ်တာ…"

"သူ့အိမ်မှာသေတာလေ…"





"ဒါတော့ အောင်က သွားတာကိုး…"

"သူ့အိပ်ခန်းထဲမှာ အသတ်ခံသွားရတာလေ…"

"ဖေဖေရယ်၊ ဖေဖေ့သားအကြောင်းလည်း သိရဲ့သားနဲ့၊ အောင်က ခင်မင်းမြတ်ကို အရူးအမူးဖြစ်နေတဲ့ဟာ…"

"အေး‥မင်းအကြောင်းလည်း ငါသိတယ်…"

ဖခင်စကားတွင် သန်းဝင်းမျက်နှာပျက်သွားသည်။ တစ်ဆက်တည်းလည်း နေရာမှကားလေးအား မောင်းထွက်ခဲ့ လိုက်လေ၏။

ဦးထိန်လင်းသည် တူရူ၌အကြည့်ကို ပို့ထားရင်း အသွင် ကမူ တည်ကြည်လေးနက်လွန်း၍ နေလေသည်။ ။

ØØØ

www.burmeseclassic.com

www.burmeseclassic.com



- ရှစ် -

သည်နေ့ ခင်မင်းမြတ်အား ရဲစခန်းသို့ခေါ်စစ်ဆေးသည်။ ခင်မင်းမြတ်အား စစ်ဆေးရမည့်သူသည် စောကိုကိုသာဖြစ်သည်မို့ သီးသန့်အခန်းတစ်ခုထဲ၌ သူနှင့်ခင်မင်းတို့နှစ်ယောက်သာ တွေ့ဆုံနေဖြစ်လေ၏။

အခန်းပြင်ရှိ လျှို့ဝှက်ပေါက်များတွင်မတော့ သူနှင့်ခင်မင်းမြတ်အား ကြည့်နေမည့် ဆရာ ဦးဉာဏ်မြင့်၊ မာလာမိုးနှင့် စာရေးကြီး ကိုချစ်ကြွယ်တို့ရှိနေမည်ကို သူ သိထား၏။

စောကိုကိုသည် သူ့ရှေ့တွင်ရွှေရုပ်ကလေးတစ်ရုပ်နယ် ရှိနေသည့် ခင်မင်းမြတ်အား ရင်ခုန်စွာကြည့်ရင်း စကားစဆိုဖြစ်သည်။





"ခင်ဗျားနာမည်ပြောပါဦး…"

"ခင်မင်းမြတ်ပါ…"

"မှတ်ပုံတင်ထဲကအမည်ပဲလား…"

"ဟုတ်ကဲ့…"

"ဘာလုပ်လဲ…"

"စန္ဒယားတီးသင်တန်းပေးတယ်၊ ညှော်ခံပွဲတွေမှာလည်း လိုက်တီးပေးတယ်…"

"မိသားစုဘယ်နှစ်ယောက်ရှိလဲ…"

"ကျွန်မတစ်ယောက်တည်း…"

"မိဘတွေကော…"

"မရှိတော့ပါဘူး…"

"မောင်နှမကော…"

"ကျွန်မတစ်ယောက်တည်းကို မွေးထားတာ…"

"ဒါဆို အခုနေတာ ခင်ဗျားတစ်ယောက်တည်းပဲပေါ့…"

"ဟုတ်ပါတယ်…"

"အိမ်ဖော်တွေဘာတွေမရှိဘူးလား…"

"မရှိဘူး…"

စောကိုကို မေးသမျှ ခင်မင်းမြတ်သည် တစ်ခွန်းချင်းအေးစက်စက်ကလေး ဖြေသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်းမြတ်၏မျက်နှာသည် လှပလွန်းခြင်းနှင့်အပြစ်ကင်း နေခြင်းကို သူ တွေ့နေရသလိုပါ…။

ခင်မင်းမြတ်၏အသွင်အေးစက်စက်နှင့် စကားပြောပုံတစ် ခွန်းခြင်း အေးစက်စက်သည် သူ့အား အလွန်မှုစိတ်ဝင်စားနေစေ ၏။

စောကိုကိုသည် စားပွဲထက်တင်ထားသည့် ခင်မင်းမြတ် ၏လက်ချောင်းကလေးများသည် အနုပညာလက်ကလေးမှန်းသိ သာထင်ရှားပါ၏။

ခင်မင်းမြတ်သည် အနီးကပ်ကြည့်လျှင် သူမအလှသည် ရင်ခုန်စွဲလမ်းရလေဟု ဆိုကာမမှား…။

သူသည်ပင် ခင်မင်းမြတ်အား အငိုပ်ကလေးကိုမျှတွေ့စဉ် ကပင် စွဲလမ်းခဲ့ရသည်ဟု ဆိုချင်ပါတော့သည်။

အမှန်လည်းပဲ ရင်မခုန်တတ်ခဲ့ဘူးသော သူသည် ခင် မင်းမြတ်ကိုတွေ့ရသည့်အချိန်မှစ၍ ရင်ခုန်နေရပြီမဟုတ်ပါလား။

ခင်မင်းမြတ်သည် သူ မေးသမျှသာဖြေပြီး သူ့အား စကားပိုမဆိုပါ…။

ခင်မင်းမြတ်၏အကြည့်သည်လည်း သူ့မျက်နှာထက်၌ရှိ နေသည်။ သို့သော် သူမအကြည့်သည် အေးခဲသည်။ အေးစက် သည်။





သူမ၏အေးခဲသလိုဖြင့် ငြိမ်သက်လွန်းသော မျက်ဝန်း ပြာလေးများအား သူ စိတ်ဝင်စားဆုံးဖြစ်၏။

သူသည် စားပွဲထက်တင်ထားသည့် အယ်လ်ဘန်စာအုပ် ကြီးကိုယူပြီး ခင်မင်းမြတ်ရှေ့သို့ တွန်းလိုက်သည်။

ခင်မင်းမြတ်သည် ကျွန်တော် လှုပ်ရှားနေသမျှအား ကြည့် ၍နေပါသည်။

"ဒီဓာတ်ပုံစာအုပ်ထဲက ဓာတ်ပုံတွေကိုကြည့်ကြည့်ပါ လား၊ မခင်မင်းမြတ် သိတဲ့သူများရှိမလားလို့…"

"အဟင်း‥ကျွန်မ ပြောရဲပါတယ်၊ ဒီဓာတ်ပုံထဲကလူတွေ ကို ကျွန်မ တစ်ယောက်မှမသိဘူးဆိုတာ၊ ဒါပေမဲ့ အမှုစစ်ရဲ့အရာ ရှိက ကြည့်ခိုင်းတော့ ကျွန်မ ကြည့်ပါ့မယ်…"

ဆိုရင်း ခင်မင်းမြတ်သည် ဓာတ်ပုံစာအုပ်ကြီးအား တစ် ရွက်ချင်းဖြည်းဖြည်းလှန်၍ ကြည့်ရှုသွားပါသည်။

အားလုံးကြည့်ပြီးသည်တွင် သူမသည် ဓာတ်ပုံစာအုပ်ကြီး ကို ပိတ်လိုက်သည်။ ပြီးတော့ စောကိုကိုထံကြည့်ကာ ဓာတ်ပုံစာ အုပ်လေးအား တွန်းပေးလိုက်သည်။

"တစ်ယောက်မှမမြင်ဖူးဘူးလား…"

"ဟင်အင်း…"

"အခင်းဖြစ်တဲ့ညက လူသတ်သမားနှစ်ယောက်ကိုရော



www.burmeseclassic.com

www.burmeseclassic.com



မမှတ်မိလိုက်ဘူးလား…”

“မမှတ်မိဘူး၊ သူတို့ကတစ်ကိုယ်လုံးဖုံးထားတယ်လေ”

“ကိုအောင်အောင်က ခင်မင်းမြတ်ရဲ့ချစ်သူလား…”

“ကိုအောင်အောင်က ကျွန်မရဲ့ချစ်သူဆိုတာထက် ကျွန်မကိုစိတ်ဝင်စားပြီး လက်ထပ်ချင်တဲ့လူလို့ပြောရင် ပိုပြီးမှန်မယ်..”

“ဒါပေမဲ့ ခင်မင်းမြတ်နဲ့လည်း ကိုအောင်အောင်ဟာ တော်တော်ရင်းနှီးနေပုံရပါတယ်၊ ဘာကြောင့်လဲဆိုတော့ ခင်မင်းရဲ့အိပ်ခန်းထဲအထိ ဝင်ခွင့်ရှိနေတယ်လေ…”

“ဒါကတော့ ကျွန်မက တစ်ယောက်ထဲသမား၊ ကျွန်မက ပေးမဝင်လည်း သူက ဝင်လာမှာပဲ၊ ပြီးတော့ ကျွန်မအနေနဲ့လည်း အားကိုးယုံကြည်စိတ်ချရမယ့် လက်တွဲဖော်ကိုလိုလားတယ်…”

“ကိုအောင်အောင် အသတ်ခံရပြီးဆုံးသွားတော့ ခင်မင်းမြတ် ဘယ်လိုခံစားရလဲ…”

“မှန်တာပြောရရင် ဘာမှမခံစားရဘူး၊ လူဟာသေမျိုးပဲလေ…”

စောကိုကိုသည် ခင်မင်းမြတ် ပြောသောစကားအတွက် တွေဝေ၍ပင် သွားမိသည်။

ခင်မင်းမြတ် မျက်နှာလေးဆီးလည်း အံ့ဩဟန်အားမှုံးဖိ၍ ကြည့်ဖြစ်ရသည်။





“ခင်မင်းမြတ်အိမ်မှာ လူသတ်မှုဖြစ်သွားတယ်ဆိုတော့ ခင်မင်းမြတ် ဆက်နေရဲသေးလား…”

“မနေရဲလည်းနေရမှာပဲ၊ တစ်ယောက်တည်းလည်း နေလာတာကြာပြီ၊ အိမ်တစ်ခါပြောင်းပြီးပြီ၊ ဒါပေမဲ့ အခု ကိုအောင်အောင် သေသွားတဲ့အိမ်မှာတော့ ကျွန်မ ဆက်ပြီးကောင်းကောင်း နေသွားလို့ရဲပါတယ်…”

“ဩော်..ဒါဆိုအစက ခင်မင်းမြတ် တခြားမှာနေခဲ့သေးတာပေါ့…”

“ဟုတ်တယ်၊ အခုနေတဲ့ခြံက မိဘတွေမရှိတော့တဲ့နောက်မှ ဝယ်ပြီးပြောင်းရွှေ့နေတာ…

ဒါပေမဲ့ ဒီခြံဝယ်ပြီးမနေဖြစ်တာ တော်တော်ကြာပါပြီ၊ နောက်တော့သွားလိုက်လာလိုက်နေတယ်၊ အခုတော့အနေများပါပြီ…”

“အစက ခင်မင်းမြတ် ဘယ်မှာနေတာလဲ…”

“ဒီလိုပဲခရီးလိုက်ထွက်နေတာ…”

“အခုတော့မထွက်တော့ဘူးပေါ့…”

“ဟင့်အင်..အနားယူပြီး အေးအေးဆေးဆေး အလုပ်လုပ်တော့မယ်…”

“ခင်မင်းမြတ်နဲ့ကိုအောင်အောင်က ရင်းနှီးနေတာကြာ



www.burmeseclassic.com

www.burmeseclassic.com



ပြီလား…”

“နှစ်နှစ်အတွင်းဆိုပါတော့…”

“ခင်မင်းမြတ်နဲ့ဘယ်မှာစတွေ့လဲ…”

“စားသောက်ဆိုင်တစ်ခုထဲမှာ၊ ကျွန်မက အဲဒီစားသောက်ဆိုင်မှာ စန္ဒယားတီးတယ်…”

“သြော်‥ရန်ကုန်မှာလား၊ ဒီမြို့မှာပဲလား…”

“ဒီမြို့မှာပါပဲ…”

“ဘယ်စားသောက်ဆိုင်လဲ…”

“စတားစားသောက်ဆိုင်ပဲ၊ ဒီမြို့မှာတော့ ဒီစားသောက်ဆိုင်က နာမည်ကြီးပါ…”

“သြော်…”

စောကိုကိုသည် သြော်ဟုဆိုတာ ခင်မင်းမြတ်ထံ ကြည့်သယောင်ဖြင့် နှုတ်ဆိတ်သွားသည်။

ခင်မင်းမြတ်သည်ကမူ အေးအေးဆေးဆေးပင် ရှိနိုင်လွန်းပါသည်။ သူသည် ခင်မင်းမြတ် စကားကိုနားထောင်ပြီး အားလုံးသည် တွေးစရာချည်းဟုသာ ထင်နေမိသည်။

သို့သော်လည်း သူသည် ဘာမှအဆက်အစပ်မရှိ၍ ဘာတစ်ခုမှ ရေရေရာရာမတွေးတတ်အောင် ရှိနေရသည်။

သူသည် ဆရာကြီး ဦးဘဏ်မြင့်တို့ရှိသည့် နံရံဘက်သို့





လှမ်းကြည့်ရင်း အတန်ကြာတိတ်ဆိတ်နေမိသည်။

“ကျွန်မကို မေးစရာရှိသေးလား…”

စောကိုကို တိတ်ဆိတ်ဆဲ ခင်မင်းမြတ်က မေးနေ၍ သူသည် အားနာသွားရပြီး…။

“အင်းလေ‥လောလောဆယ်တော့မရှိပါဘူး၊ ဒါပေမဲ့ ခင်မင်းမြတ် ခရီးဝေးထွက်လို့မရဘူး၊ ကျွန်တော်တို့အချိန်မရွေး ခေါ်စစ်ရအောင်လို့ပါ…”

“ဟုတ်ကဲ့ စိတ်ချပါ၊ ကျွန်မလည်း ဘယ်ခရီးမှထွက်ဖို့ စိတ်ကူးမရှိတော့ပါဘူး၊ ကျွန်မ ဒီကိုပြန်လာတာ ဒီမှာပဲအေးအေး ဆေးဆေး အလုပ်ပြန်လုပ်ဖို့ပါ၊ မေးစရာမရှိရင် ကျွန်မကို ပြန်ခွင့်ပြုတော့မလား…”

“ရပါတယ်၊ ပြန်နိုင်ပါပြီ…”

ခင်မင်းမြတ် နေရာမှထလိုက်သည်တွင် သူပါ လိုက်၍ ထသည်။ တံခါးပေါက်ရောက်ခါနီးမှ သူသည် မေးစရာစကား ပေါ်လာ၍ ခြေစုံရပ်လိုက်သည်တွင် ခင်မင်းမြတ်လည်း လိုက်ရပ်သည်။

ခင်မင်းမြတ်သည် သူ့ထံ မေးဟန်ပပမျက်ဝန်းတွေနှင့် မော့ကြည့်နေဆဲ၊ စောကိုကိုသည်လည်း ခင်မင်းမြတ်၏လှပသောမျက်နှာလေးဆီ နီးကပ်လွန်းစွာဖြင့် ရင်ခုန်ခြင်းများစွာနှင့်

www.burmeseclassic.com

www.burmeseclassic.com



ငေးကြည့်နေပြီးမှ…

"လူသတ်သမားတွေက ခင်မင်းမြတ်ကို သတ်ချင်တာလား၊ ကိုအောင်အောင်ကို သတ်ချင်တာလား…"

"အဲဒါကတော့ ကျွန်မလည်း မပြောတတ်ပါဘူး၊ ကျွန်မတို့နှစ်ယောက်စလုံးကိုလည်း ဖြစ်ကောင်းဖြစ်မယ်လေ…

ဒါပေမဲ့ ကျွန်မကပဲအသက်ပြင်းသလား၊ ဆရာကပဲ ရောက်လာမြန်လို့ပဲလားမသိဘူး ကျွန်မ မသေခဲ့ဘူးလေ…"

သူသည် ခင်မင်းမြတ်အား စကားမဆက်တော့ပါ။ သူ၏စိတ်မျက်ဝန်းများ၌ ဖြစ်ပေါ်နေသောအတွေး အမြင်တို့ဖြင့်သာ နှုတ်ဆိတ်လျက်အခန်းထဲမှ ထွက်ခဲ့လိုက်ပါတော့၏။

ခင်မင်းမြတ်သည် မည်သူ့ကိုမျှ နှုတ်မဆက်ပါဘဲ ပြန်သွားပါပြီ…။

"ဆရာ တော်တော်လှပပြီး နူးညံ့သိမ်မွေ့တဲ့အမျိုးသမီးပဲနော်…"

သူသည် အတွေးဖြင့်ရှိဆဲ မာလာမိုး စကားသံကြောင့် သူ လှည့်အကြည့် မာလာမိုးနှင့်အတူ ဆရာ ဦးဉာဏ်မြင့်နှင့်ကိုချစ်ကြွယ်တို့ သူ့အနီးရောက်လာသည်ကို ကျွန်တော် တွေ့လိုက်ရလေ၏။

"ဘယ်လိုလဲ ဆရာ စောကိုကို၊ ဘာတွေပြောသွားလဲ"





ဆရာ ဦးဉာဏ်မြင့် မေးလာ၍…

"ကျွန်တော် မေးတာပဲ သူ ဖြေပါတယ်၊ သူ့အသွင်ကိုတော့ ဆရာတို့လာကြည့်နေတော့ အကဲခတ်မိမှာပါ…"

"အင်း…ကြည့်ရတာ သူ့ရဲ့အေးဆေးပုံက ထူးခြားနေသလားပဲ…"

"ကျွန်တော်လည်း အဲဒီလိုပဲမြင်ပါတယ်၊ သူနဲ့မှ ကျွန်တော် အကဲခတ်ညံ့ဖျင်းနေသလားလို့တောင် ထင်မိတယ် ဆရာ…"

"ကိုယ့်ကိုယ်ကို နှိမ့်ချမပြောပါနဲ့ ဆရာ စောကိုကိုရယ်၊ ရှေ့လျှောက်တော့ တဖြည်းဖြည်းနားလည်သွားမှာပါ…"

"ကျွန်တော့်ကို အားပေးတာ ကျေးဇူးတင်ပါတယ် ဆရာ…"

"ဆရာ စောကိုကို ဒီအမှုကို ဆရာ စောကိုကို စိတ်တိုင်းကျ ကိုင်တွယ်လိုက်ပါ…"

ဆရာ ဦးဉာဏ်မြင့်သည် သူ့အနီးကပ်ကာ ထိုစကားအား တီးတိုးဆိုပြီး သူ့ရုံးခန်းဆီသို့ လှမ်းထွက်သွားလိုက်ပါတော့၏။

သူသည်လည်း အတွေးဖြင့် ဦးထိန်လင်းတို့မိသားစုနှင့် ခင်မင်းမြတ်ကိုသာ မြင်ယောင်ရင်း….

စောကိုကိုတစ်ယောက် ဘာတွေဆက်ရှုပ်ဆောင်ရမည်



www.burmeseclassic.com

www.burmeseclassic.com



ကို အစီအစဉ်ချနေမိရပါလေသတည်း…။

သူ မည်မျှအထိ မှင်သက်ငေးတွေးနေမိသည်မသိ၊ သတိရ၍ ပတ်ဝန်းကျင်အား ကြည့်လိုက်သည်မခံတော့…

သူ့အား ဆရာ ကိုချစ်ကြွယ်နှင့်မာလာမိုးတို့သည် အလေးအနက်ကြည့်နေသည်ကို သူ တွေ့လိုက်ရလေ၏။

စောကိုကိုသည် ဘာရယ်ကြောင့်မှန်းမသိပါ။ စာရေးကြီးကိုချစ်ကြွယ်နှင့်မာလာမိုးတို့၏ အကြည့်များအား မနှစ်မြို့စွာဖြင့် ဒေါသပင်ထောင်းကနဲ ထွက်သွားရသလိုရှိပါ၏။

သည့်အတွက် စောကိုကိုသည် သူတို့အား ဘာမှမပြောမဆိုပါပဲနှင့် ရုံးမှထွက်ခဲ့လိုက်ပါလေတော့၏။ ။

Ø Ø Ø





– ကိုး –

နာရီဆီတစ်ချက် ကြည့်လိုက်သည်တွင် ညဉ့်ဆယ့်တစ်နာရီခွဲနေပြီဖြစ်သော်လည်း သူ့မျက်လုံးတွေသည် လုံးဝမအိပ်ချင်သေးပါလေ…။

စောကိုကိုသည် တစ်ချိန်လုံး ဆရာ ဦးညဏ်မြင့်ထံမှ ခဏတောင်းယူထားသည့် ဦးထိန်လင်းတို့၏ မိသားစုတိတ်ခွေအား ကြည့်နေမိသည်။

ထိုတိတ်ခွေကိုကြည့်ဆဲကပင်လည်း တစ်ချက်တစ်ချက် သူ့စိတ်တွေသည် လွင့်ပျံ့ကာလှပသော ခင်မင်းထံသို့ရောက်ရှိနေရချေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူဦးနှောက်သည် ဟိုအကြောင်းသည်အကြောင်းတွေနှင့် စပ်မိစပ်ရာအကြောင်းများဆီ တွေးတောနေဖြစ်ရသည်။

နောက်ဆုံး၌ သူသည် အတွေးကိုဖြတ်တောက်ဖြစ်သည်။ ကြည့်ဆဲ ဗီဒီယိုခွေကို ပိတ်ပစ်လိုက်သည်။

သူ့စိတ်နှင့်မျက်လုံးအစုံသည် လုံးဝအိပ်ချင်သေးပုံမရ၍ သူသည် ကော်ဖီပူပူလေးသောက်ရန်အတွက် နေရာမှထခဲ့လိုက်လေ၏။

မီးဖိုထဲသို့ သူ ရောက်သည်တွင် သူ သောက်နေကျ ကော်ဖီခါးစိမ့်စိမ့်လေးကို ဖျော်လိုက်သည်။

အလတ်စားမတ်ခွက်နှင့်တစ်ဝက်ခန့်ဖျော်ခဲ့ပြီး သူသည် ဧည့်ခန်းသို့ပြန်ထွက်ခဲ့သည်။ ကော်ဖီခွက်ကိုကိုင်ကာ ဧည့်ခန်းထဲတွင် ခေါက်တုံ့ခေါက်ပြန် တစ်ယောက်တည်းလျှောက်နေဖြစ်သည်။

ထိုမှဝရံတာဘက်သို့ သူ ထွက်ခဲ့၏။ သူ့အိမ်သည် ကုန်းခပ်မြင့်မြင့်ထက်တွင်ရှိ၍ သူ နေသောစံစပယ်ရပ်ကွက်အား အပေါ်စီးမှမြင်နေရသည်။

ညဉ့်နက်၍လူခြေတိတ်ချိန်မို့ ရပ်ကွက်တစ်ခုလုံးသည် ဆိတ်ငြိမ်နေသည်။

လမ်းများနံဘေးရှိမီးတိုင်များမှ ကားလမ်းတွေပေါ်တစ်ဒီးစ





နစ်ဒီးစမောင်းနှင်သွားသည့်ကားနှင့် မော်တော်ဆိုင်ကယ်တွေကို သူ မြင်နေရသည်။

ခင်မင်းမြတ်၊ နာမည်လေးကိုက ခင်မင်းမြတ်တဲ့…

သူသည် ဆိတ်ငြိမ်နေသောရပ်ကွက်မှ လမ်းများနှင့်အိမ်ခေါင်မိုးတွေဆီကြည့်ဆဲ သူ့နှုတ်မှအမှတ်မထင် ခင်မင်းမြတ်အမည်လေးအား ရေရွတ်မိ၏။

ခင်မင်းမြတ်ဟာ အင်မတန်မှလှပပြီးဆွဲဆောင်မှုရှိတဲ့ မိန်းကလေးဆိုတာ ဘယ်သူမှမငြင်းနိုင်ပါဘူး…

ပြီးတော့ ဘာကြောင့်မှန်းမသိဘူး၊ ခင်မင်းမြတ်ဟာ ဟာကယ်ပဲ စိတ်ဝင်စားစရာကောင်းနေတယ်…

ခင်မင်းမြတ်ရဲ့မျက်ဝန်းပြာအကြည့်နဲ့၊ ခင်မင်းမြတ်ရဲ့မျက်နှာလှလှ အေးစက်စက်လေးပေါ်မှာ စိတ်ဝင်စားစရာတွေရှိနေသလို ငါ ခံစားရတယ်…

အထူးသဖြင့် အေးခဲတည်ငြိမ်တဲ့ ခင်မင်းမြတ်ရဲ့မျက်ဝန်းအနက်ဟာ ငါ့စိတ်ကိုတစ်မျိုးဖြစ်ပေါ်နေစေတယ်…

နောက်ပြီး ကိုယ်လေးမတ်ပြီး အေးစက်စက်တစ်လှမ်းခြင်းလှမ်းတတ်တဲ့ခြေလှမ်းနဲ့ လှုပ်ရှားပုံငြိမ်ငြိမ်ကလေးတွေကလည်း ထူးခြားတယ်…

ခင်မင်းမြတ်…ခင်မင်းမြတ်…



www.burmeseclassic.com

www.burmeseclassic.com



သူ့စိတ်သည် ခင်မင်းမြတ်အကြောင်းဆီကိုသာ ရောက်ရှိကာ ခင်မင်းမြတ်အသွင်လေးကိုသာ မြင်ယောင်နေမိတော့သည်။

သူသည် ဝရံတာမှခွာခဲ့ပြီး ဧည့်ခန်းဆီသို့ ပြန်ဝင်လာသည်။ ထိုင်ခုံတစ်ခုတွင်ဝင်ထိုင်လိုက်ပြီး ကော်ဖီကိုတစ်ငုံချင်း သူ သောက်နေလိုက်သည်။

ငါ သူ့ကိုခေါ်စစ်တုန်းက သူ့ရဲ့စကားတွေထဲမှာ စိတ်ဝင်စားစရာတွေပါနေတယ်၊ ငါ့စိတ်တွေတွေးရလွန်းလို့ ငါ သူမကို အံသေးစိပ်မစစ်မေးခဲ့ဘူး...

ကြည့်ရတာ ခင်မင်းမြတ်ဟာ ခံစားချက်မရှိသလိုနဲ့ အပြင်းထန်ဆုံးခံစားမှုတစ်ခုကို ခံစားနေရတဲ့ပုံမျိုး၊ သူမရဲ့မျက်ဝန်းလေးတွေမှာ ငါ တွေ့နေရသလိုပဲ...

ဟင်း...ငါလည်းပဲ ဘာကြောင့်မှန်းမသိဘူး၊ သူမရဲ့ အကြောင်းကိုတွေးပြီး အမြဲရင်ခုန်နေတယ်၊ ဟိုနေ့က သူမကို ကြည့်ပြီး အနီးကပ်စစ်ဆေးနေရတော့ ငါ့ရင်တွေခုန်နေလိုက်တာ..

သူ့ကိုပဲငေးမောကြည့်ရှုချင်နေတဲ့ စိတ်တွေဖြစ်ပေါ်နေရတယ်၊ အချိန်တိုင်း သူမရဲ့အကြောင်းကိုတွေးပြီး အမြဲရင်ခုန်နေတယ်...

စောကိုကို၏ စိတ်သည် ခင်မင်းမြတ်ဆီသို့သာ ပြန်ရောက်ပြီး သူ့နှုတ်မှလွှတ်လပ်စွာ စကားများတီးတိုးဆိုနေမိရသည်။





သူသည် လက်ထဲမှကော်ဖီကို မှုတ်ကာတစ်ငုံခြင်း ဆက်၍သောက်လိုက်သည်။

ဗိုက်ထဲသို့ နွေးနွေးခါးခါး၊ စိမ့်စိမ့်ကလေးဝင်သွားမှ သူ့စိတ်နှင့်မျက်လုံးအစုံသည် မှေးစင်းချင်သလိုရှိလာတော့သည်။

သူသည် အနည်းငယ်သာကျန်တော့သည့် ကော်ဖီခွက်ကို စားပွဲထက်တင်လိုက်သည်။

သည့်နောက် သူသည် ထိုင်ခုံမှကိုယ်ကိုလျော၍ စားပွဲထက် ခြေနှစ်ဖက်ကိုတင်ကာ သက်တောင့်သက်သာနေလိုက်၏။

သူသည် ဘာရယ်မဟုတ် စားပွဲထက်မှကော်ဖီခွက်လေး ဆီကြည့်သော်လည်း သူ့အမြင်တွင်ကား ကော်ဖီခွက်လေးအား မမြင်ပါ...။

ရွှေရောင်အသားနှင့်သွယ်လျားအိစက်သော ကိုယ်ဟန်ရှိပြီး ပန်းချီလိုချယ်မှုန်ထားသော မျက်နှာရှိသည့် ခင်မင်းမြတ်၏ အသွင်လေးကိုသာ မြင်တွေ့နေရလေ၏။

ပြီးတော့ ခင်မင်းမြတ်၏ နှုတ်ခမ်းဖူးဖူးလေးနှစ်လွှာ၏ လှုပ်ရှားဟန်၊ ခင်မင်းမြတ်သည် စကားကိုလည်း တစ်ခွန်းချင်းအေး စက်စက်ဆိုတတ်၏။

ခင်မင်းမြတ် စကားပြောပုံလေးကပင် သူ့များတွေ့မိသိ၊ ကျွန်တော့်ကိုဖြင့် ဆွဲဆောင်လွန်းအားကြီးနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည်မျက်ဝန်းအစုံမှေးစင်းကာ ခင်မင်းမြတ်အကြောင်းနှင့်အသွင်လေးသည် သူ့စိတ်မျက်ဝန်း၌ တွယ်ငြိနေဆဲ…

ဒေါက်…

ခွမ်း…

ဟင်…

သူသည် ခြေထောက်အနည်းငယ်အလှုပ်၌ ကော်ဖီခွက်ကိုတိုက်မိ၍ ကော်ဖီခွက်လေးသည် စားပွဲထက်မှ ကြမ်းထက်ကျကာကွဲသွားရပါတော့သည်။

ဘလက်ကော်ဖီအရည်များသည် စားပွဲနှင့်ကြမ်းထက်၌ စွန်းထင်နေ၏။ သူသည် ရုတ်တရက်ခြေကိုရုပ်ကာ ကော်ဖီခွက်အကွဲစများအား သိမ်းမည်ပြုဆဲ…

ဟင်…

သူ့လက်အစုံသည် တွန့်သွားရ၏။

ဟာ..အအေးခွက်နဲ့သွေးတွေပဲ၊ ဟင်..အို ခင်မင်းမြတ် ခင်မင်းမြတ် ဟိုစားပွဲစွန်းကို လှမ်းကိုင်လိုက်တာ ခင်မင်းမြတ်ရဲ့ လက်ချောင်းကလေးတွေ…

ဆက်စပ်မြင်ယောင်လိုက်သော စောကိုကိုသည် သူ့အမြင်အား သူ့နှုတ်မှ တအံ့တသြဆိုဖြစ်လိုက်ခြင်းပါ…။

မှန်သည်။ သူ့အမြင်နှင့်သူ့စိတ်များသည် မည်သို့ဖြစ်သွား





ရသည်မသိတော့ပါ…။

သွေးတွေနှင့်ဖန်ခွက်ကွဲစတွေ၊ ပြီးတော့လက်ချောင်းကလေးတွေ၊ ထိုအရာတွေသည် သူ အမှန်မြင်တွေ့လိုက်ရသည့်အရာတွေပါ…။

အွန်…

ကျွန်တော်သည် သွေးများနှင့်ဖန်ခွက်ကွဲစများအား ကြည့်ဆဲပင် ကော်ဖီခွက်ကွဲစများနှင့်ကော်ဖီရည်များအား ပြန်လည်မြင်တွေ့လိုက်ရလေ၏။

"ဟိုး..ဟူး ဒါဘယ်လိုလဲ၊ ငါ ဘယ်လိုဖြစ်သွားတာလဲ…"

စောကိုကိုသည် သူ့မျက်လုံးများအား လက်နှစ်ဖက်နှင့်ပွတ်သပ်ကြည့်ဖြစ်သည်။

သူ တွေ့နေရသည်က ကော်ဖီရည်များနှင့်ကော်ဖီ မတ်ခွက်အကွဲစတွေပါ…။

အို…

သူသည် သူ့စိတ်နှင့်သူ့ကိုယ်ကိုပင် မယုံချင်တော့အောင်ဖြစ်သွားရသည်။

အို..ငါ့အမြင်ဘယ်လိုလုပ်မှားမလဲ၊ ခုန ငါ မြင်တာ တကယ့်သွေးနဲ့ဖန်ခွက်အကွဲစတွေ၊ ပြီးတော့ လှပတဲ့လက်ချောင်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ…

ဟား‥အခုတော့ ကော်ဖီရည်နဲ့ကော်ဖီခွက်အကွဲတွေ၊ ဘုရားရေ ငါ့မျက်လုံးကောင်းသေးရဲ့လား၊ စိတ်ကောကောင်းသေးရဲ့လား၊ တကယ်ပဲ၊ ဘုရားရေ ဒါ ငါ ဘယ်လိုလုပ်ပြီးအမြင်မှားရတာလဲ…

သူသည် စိတ်ထဲအမှန်ပင် ရှုပ်ထွေးစွာဖြင့် တစ်ကိုယ်တည်းနှုတ်မှ ဆိုနေဖြစ်ခြင်းပါ…။

သူသည် ကော်ဖီခွက်ကွဲစတွေကိုပင် မကောက်မိသေးဘဲ တွေဝေနေမိသည်။

ငါ ဒီလိုတစ်ခါမှ မဖြစ်ဖူးပါဘူး၊ ဒီလိုမြင်ကွင်းက ဘယ်လိုဖြစ်တာပါလိမ့်၊ ငါ အိပ်ငိုက်နေလို့လား၊ ဒါမှမဟုတ် ငါ အိပ်မက်မက်နေတာလား၊ အား‥နာတယ်…

တွေးရင်း သူသည် သူ့ကိုယ်သူ ဆိတ်ကြည့်လိုက်သည်။ နာသွားသည့်အသိမျိုး ခံစားလိုက်ရသောကြောင့်လည်း သူ ပို၍ အံ့သြသွားရသည်။

ဘုရား ငါ ဘယ်လိုမြင်လိုက်ပါလိမ့်၊ ငါ့ကိုငါတောင် နားမလည်တော့ဘူး၊ ငါ မြင်လိုက်တာက တကယ်‥တကယ်ပဲ ငါ တကယ်မြင်လိုက်တာ…

သူသည် နှုတ်မှတစ်ကိုယ်တည်း ရေရွတ်ရင်း၊ မျက်ဝန်း





အစုံကျယ်ကာ တစ်ချက်မျှကယောင်ကတမ်းလို ဖြစ်နေမိတော့သည်။

အတန်ကြာသည်အထိ သူသည် အံ့သြစိတ်တွေဖြင့် သူ့စိတ်တွေကို သူ စမ်းသပ်မရသလိုရှိနေရသည်။

ပြီးမှ သူသည် ကိုယ်ရောစိတ်ပါ တဖြည်းဖြည်းလျော့၍ နေရာ၌ပင် မျက်ဝန်းအစုံမှိတ်ကာ ငြိမ်ငြိမ်သက်သက်ရှိသွားစေရန် မိမိကိုယ်မိမိ ကြိုးစား၍ နေဖြစ်လိုက်ပါသတည်း…။ ။

Ø Ø Ø



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ် -

ထမင်းစားချိန်မှလွဲ၍ တစ်နေကုန်နီးပါး သူသည် ဆရာဦးညာဏ်မြင့် ရုံးခန်းတွင်ပင်ရှိကာ အောင်အောင် အသတ်ခံရမှုနှင့်ပတ်သက်၍ စကားများပြောဆို ဆွေးနွေးနေဖြစ်သည်။

ညနေရုံးဆင်းချိန်တွင်မတော့ သူသည် ယခင်ကလို ရုံးတွင်အမှုတွဲအဟောင်းများအား မဖတ်ဖြစ်တော့ပါ···။

စောကိုကိုသည် သူ့စိတ်ကူးတွေနှင့် သူ လုပ်ရမည့်အလုပ်များရှိနေသည်မို့ ရုံးဆင်းသည်နှင့် သူ ရုံးမှထွက်ခဲ့လိုက်တော့သည်။

သူ့စိတ်ကူးနှင့်သူ့ကား ဦးတည်ရာသည် ခင်မင်းမြတ်နေထိုင်သောအိမ်သို့ပါတည်း···။





သူ့ကားလေးသည် ခင်မင်းမြတ် နေထိုင်သောရပ်ကွက်သို့အရောက် ခင်မင်းမြတ်၏ခြံရှေ့၌ပင် ရပ်လိုက်သည်။

သည့်နောက် သူသည် ကားပေါ်မှဆင်းကာ ခြံထဲသို့ဝင်ခဲ့သည်။

ခင်မင်းမြတ် အိမ်ရှေ့အရောက် လှေကားဆင့်ငါးဆင့်မှ သူ တက်ခဲ့ပြီးလူခေါ်ဘဲလ်လေးအား သူ နှိပ်လိုက်သည်။

မကြာပါ။

ခင်မင်းမြတ်သည် အိမ်နေရင်းဝတ်သည့် ပေါ့ပါးပျော့ပြောင်းသော ဖြူလွလွဝတ်စုံလေးဖြင့် သူ့အား တံခါးလာဖွင့်ပေးသည်။

"ကျွန်တော့်ကို မှတ်မိတယ်မဟုတ်လား···"

အိမ်ထဲအဝင်၌ သူ မေးဖြစ်သည်။ ခင်မင်းမြတ်သည် သူ့အမေးအတွက် ပါးချိုင့်လေးတစ်ဘက်နှင့်မေးလေးချိုင့်ဝင်သွားသည်အထိ လှပစွာပြုံးရင်း···

"ဟုတ်ကဲ့၊ မှတ်မိပါတယ်ရှင်၊ ရဲအရာရှိ စောကိုကိုပါ၊ ဟုတ်တယ်မဟုတ်လား···"

"အဟွန်း··ခင်မင်းမြတ်ကလည်း နောက်တတ်သားပဲ"

"ကျွန်မ မနောက်ပါဘူး၊ ကျွန်မ အတည်ပြောတာပါ၊ ဂုအချိန်မှာ ကျွန်မရဲ့ဦးနှောက်တွေဟာ ပုံမှန်ရှိပါတယ်ရှင်··ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ပါရှင်...''

ခင်မင်းမြတ်ဆိုရင်း သူမသည် စောကိုကိုအား ဧည့်ခန်းရှိ ရာဆိုဖာတစ်ခုတွင်ထိုင်ရန် လက်ဟန်ကလေးနှင့်သိမ်မွေ့စွာ ပြရင်း ဆိုသည်။

သူသည် ဆိုဖာတစ်ခုတွင် ထိုင်လိုက်သည်။ ခင်မင်းမြတ်သည်လည်း သူနှင့်မျက်နှာချင်းဆိုင်တွင် ထိုင်မည်ပြုပြီးမှ...

''ခဏလေးနော်၊ ကျွန်မ ဆရာ့အတွက် အအေးတစ်ခုခု ဖျော်လာပေးမယ်၊ ဆရာ ရှုံးဆင်းလာတယ်မဟုတ်လား၊ အမောပြေပေါ့...''

ကျွန်တော် မတားလိုက်နိုင်ခင်၊ ခင်မင်းမြတ်သည် မီးဖိုထဲသို့ ဝင်ရောက်သွားလိုက်ပြီဖြစ်၏။

သူသည် ခင်မင်းမြတ် တစ်ယောက်တည်းနေနေ၍ သနားသလိုလို၊ ကျွန်တော့်အတွက် အလိုက်သိစွာ အအေးဖျော်ရန်ပြောသွားသည့် သူမစကားများတွင် သာယာသလိုဖြင့် သူမအကြောင်းအားတွေးဆဲပင်...

သူသည် သံပရာဖျော်ရည်ဖန်ခွက်လေးနှင့် အောက်ခံပန်းကန်ပြားလေးကိုကိုင်ကာ ပြန်ထွက်လာသည်။

''သောက်လိုက်ပါဦး ဆရာ၊ အမောပြေပါ...''

သူသည် ခင်မင်းမြတ်၏ အယုအယအားခံယူချင်၍ လို





လိုလားလားပင် သောက်ဖြစ်လိုက်သည်။

''ကဲ..ဆရာ၊ အခုလာတာကိစ္စရှိတယ်ထင်ပါတယ်၊ ကျွန်မကို ဘာများမေးစရာရှိလို့လဲ၊ မေးပါ...''

ခင်မင်းမြတ်ဆိုရင်း စားပွဲခုံအောက်မှ ပစ္စည်းလေးတစ်ခုကို ထုတ်လိုက်ပါသည်။

ထိုပစ္စည်းလေးမှာ အနီရောင်အသံဖမ်း စက်ကလေးပင်ဖြစ်၏။

ခင်မင်းမြတ်သည် အသံဖမ်းစက်ခလုတ်လေးကို ဖွင့်ထားပြီး စားပွဲပေါ်တင်ထားလိုက်သည်။ အထဲမှတိတ်ခွေသည်လည်ပတ်၍နေသည်။

သူသည် အသံဖမ်းစက်ကလေးနှင့် ခင်မင်းမြတ်ထံ တလှည့်စီကြည့်ပြီး ပြုံးဖြစ်ရင်း...

''ခင်မင်းမြတ်က အသံဖမ်းတာတွေကို ဝါသနာပါတယ်ထင်တယ်...''

''ဝါသနာရယ်လို့တော့မဟုတ်ဘူး၊ အကျင့်လုပ်ထားတာပါ...''

''ဘာကြောင့်လဲ...''

''ဘာကြောင့်လဲဆိုတော့ ဒီအသံဖမ်းစက်ကလေးကသာ ကျွန်မကို ကာကွယ်ပေးတဲ့သူလေ၊ အမှန်စကားတွေဟာ ဒီအထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်မဟုတ်လား…”

“ဒါဖြင့် ကိုအောင်အောင်နဲ့တုန်းကလည်း ခင်မင်းမြတ် အသံသွင်းထားတာပဲလား…”

“သွင်းထားတယ်၊ နားထောင်ချင်ရင်ပေးလိုက်မယ်…”

“ခင်မင်းမြတ် ပေးလိုက်မယ်ဆိုရင်တော့ ကျွန်တော် နားထောင်ချင်ပါတယ်…”

“ပေးလိုက်ပါ့မယ်…”

“ဒါနဲ့ ခင်မင်းမြတ်တစ်ယောက်ထဲနေလာတာ ကြာပြီလား…”

“ကြာပြီဆိုပါတော့၊ ကျွန်မ ဆယ့်လေးနှစ်သမီးအရွယ်က စပြီးနေခဲ့ရတယ်…”

“မိသားစုကရော…”

“မရှိတော့ဘူး၊ အဲဒီအချိန်က ကျွန်မရဲ့မိသားစုထဲမှာ ကာကွယ်တဲ့သူရှိခဲ့မယ်ဆိုရင် ဒီနေ့အခုလို ကျွန်မ တစ်ယောက်ထဲ နေနေရမှာမဟုတ်ပါဘူး…”

“ခင်မင်းမြတ် ဘာကိုဆိုတာလဲ…”

“ဘဝကိုဆိုလိုတာပါ…”

“ခင်မင်းမြတ် ဘဝက ဘယ်လိုဖြစ်ခဲ့လို့လဲ…”

“ဘာမှမဖြစ်ခဲ့ဘူး…”





“ကျွန်တော် ဘယ်လိုယုံရမလဲ…”

“အခြေအနေက ယုံအောင်လည်းမပြောနိုင်ဘူးလေ၊ အဲဒီအချိန်က ကျွန်မက ခုလိုအသံဖမ်းစက်ကလေးသုံးတတ်တဲ့အကျင့်ရှိခဲ့ရင် အားလုံးကို ရင်ဆိုင်ကာကွယ်ပြီးသားလည်းဖြစ်မယ်၊ လူတွေအားလုံးဟာ အမှန်ကိုလည်းသိကြရမယ်…”

“ခင်မင်းမြတ် ဘာတွေပြောနေလဲ…”

“အဟင်း‥စိတ်ကူးထဲရှိတာ ပြောနေတာပါ…”

သူသည် ခင်မင်းမြတ်အသွင်လေးအား လေးလေးနက်နက် ငေးကြည့်နေဖြစ်ရသည်။

ခင်မင်းမြတ်သည် ကြည့်လေလှလေ၊ သူမအပေါ်၌ ကြင်နာချင်စိတ်မျိုး ထားရှိဖြစ်ရသလိုပါ…။

သူသည် စိတ်ထဲ၌ ခင်မင်းမြတ်အား အလွန်မှနှစ်သက်မြတ်နိုးမိရပါပြီ၊ သို့သော်လည်း သူ မစရဲပါ။

အဘယ်ကြောင့်ဆိုသော် ခင်မင်းမြတ်သည် လွန်စွာမှ တည်ကြည်အေးစက်နေသော ကြောင့်ပါတည်း…။

သူ၏စိတ်ဝင်စားမှု၌ ခင်မင်းမြတ်သည် လူသတ်မှုနှင့် ပတ်သက်နေသည်ကို သူ မမှုပါ…။

အမှုကိုရှင်းလင်းဖော်ထုတ်ရန် သူ့တာဝန်ဖြစ်သည်။ သူ့အနေနှင့်ခင်မင်းမြတ်သည် မည်သည့်အနေအထားနှင့်ပင်ရှိရှိ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



ချစ်သည်။

ခင်မင်းမြတ်သည် စကားကိုတစ်ခွန်းချင်းဆိုတတ်သည်။ သူမ စကားဆိုပုံလေးသည် စိတ်မပါသလို၊ ငြီးငွေ့သလို၊ အေးစက်သလိုမျိုးရှိ၏။

"ခင်မင်းမြတ် အစကဘယ်မှာနေလဲ..."

"အစကတည်းက ဒီမြို့မှာပဲနေတယ်..."

"မဟုတ်ဘူးလေ၊ ဘယ်ရပ်ကွက်မှာနေတာလဲလို့မေးတာ..."

"အစက သရဖီလမ်းမှာနေခဲ့တယ်၊ နောက်တော့ ဒီကို ပြောင်းလာတယ်..."

"ဘာလို့ဒီကိုပြောင်းလာတာလဲ..."

"ဖေဖေ ဆုံးလို့ပြောင်းလာတာပါ၊ ဟိုမှာမနေချင်တော့ဘူးလေ..."

"ကျွန်တော် ဒီမြို့ကိုပြောင်းလာစက ဒီအိမ်မှာခုလိုမနေသေးဘူးနော်..."

"ဟုတ်တယ်၊ ကျွန်မက သွားလိုက်လာလိုက်ပဲ..."

"မြတ် ဘယ်တွေကိုသွားနေတာလဲ..."

သူ့နှုတ်မှပထမဦးဆုံး ခင်မင်းမြတ်၏အမည်လေးအား အတိုကောက် ခေါ်ဖြစ်သွားလိုက်ရသည်။





"ရန်ကုန်..."

"ရန်ကုန်မှာအမျိုးတွေရှိလား၊ အမျိုးတွေနဲ့သွားနေတာလား..."

"မဟုတ်ပါဘူး၊ ရန်ကုန်မှာ အစက ကျွန်မကိုစာသင်ပေးခဲ့တဲ့ ဆရာမကြီးတစ်ယောက်ပဲရှိတယ်..."

"သူ့ဆီမှာသွားနေတာလား..."

"သူ့ဆီတော့သွားတယ်၊ နေတာတော့မဟုတ်ဘူး၊ ကျွန်မက ကျန်းမာရေးမကောင်းလို့ ဆေးသွားကုရတာပါ၊ အခုတော့ ကောင်းသွားပါပြီ..."

ဪ...

"ဆရာမကြီးက ဘယ်မှာနေတာလဲ..."

"ဆရာမကြီးက (...)လမ်း၊ ခြံအမှတ်(...)မှာနေတယ် အပျိုကြီးပဲ၊ အရင်က ဒီမြို့မှာ တာဝန်လာကျတဲ့ ကျောင်းအုပ်ဆရာမကြီးပေါ့၊ ကျွန်မတို့နဲ့ခြံချင်းကပ်နေသွားတယ်၊ ကျွန်မတို့ သားအဖနဲ့သိပ်ရင်းနှီးတယ်၊ ကျွန်မကိုလည်း သိပ်ချစ်တယ်..."

"မြတ် အခုတစ်ယောက်ထဲနေရတာ မငြီးငွေ့ဘူးလား ဟင်..."

စောကိုကို အမေးတွင် ခင်မင်းမြတ်သည် အတန်ကြာငေးနေသလိုဖြင့် မဖြေဘဲရှိနေသည်။ ပြီးမှ ခင်မင်းမြတ် တစ်ခွန်း



www.burmeseclassic.com

www.burmeseclassic.com



ချင်းဆိုသည်။

"ငြီးငွေ့လို့မအားပါဘူး၊ ကျွန်မရဲ့စိတ်တွေဟာ အမြဲတမ်း အလုပ်လုပ်နေရလို့ပါ…"

သူသည် သူမမျက်နှာလေးဆီ ငေးကြည့်နေလိုက်သည်။

ခင်မင်းမြတ်သည်ကမူ သူ့ကိုမကြည့်ပါ။ သူသည် အပြင်ဘက်အကြည့်ရောက်ခိုက် အမှောင်ရိပ်ကိုမြင်တွေ့လိုက်ရ၍…

"အပြင်မှာမှောင်နေပြီ ကျွန်တော် ပြန်ပါဦးမယ်…"

"ဟုတ်ကဲ့၊ မေးစရာရှိရင် အချိန်မရွေးလှူပဲလာလာ၊ ဖုန်းနဲ့ပဲဆက်ဆက် မေးနိုင်ပါတယ်ရှင်…"

"ကျေးဇူးတင်ပါတယ် မြတ်၊ ကိုယ့်ဆီကိုလည်း မင်းအကူအညီလိုအပ်မယ်ဆိုရင် အချိန်မရွေးဆက်သွယ်လာနိုင်ပါတယ်၊ မင်းကို ကိုယ့်လိပ်စာပေးထားတယ်မဟုတ်လား…"

"ဟုတ်ကဲ့၊ ကျွန်မဆီမှာရှိပါတယ်၊ တစ်နေ့ ကျွန်မ လာဖြစ်မယ်ထင်ပါတယ်…"

ခင်မင်းမြတ် ပြောသောစကားတွင် စောကိုကို ရင်ခုန်သွားသည်။

သူမကမူ သာမှန်မျှအေးအေးဆေးဆေး ဆိုခြင်းပါ…။

သူသည် ပြန်ရန်နေရာမှထလိုက်သည်။ သူ ထရပ်တော့ သူသည်လည်း အသံဖမ်းစက်လေး ကောက်ကိုင်ကာ နေရာမှ





ထရပ်လိုက်သည်။

"သြော်…ဒါနဲ့စကားမစပ်၊ ကျွန်မ ဆရာ့ကိုမေးခွန်းလေး နည်းနည်းမေးပါရစေ…"

"မေးလေ၊ မြတ် ဘာသိချင်လို့လဲ…"

တံခါးပေါက်နားရောက်လုနီး သူမဆိုသောစကားအတွက် သူသည် သူမကိုလှည့်ကြည့်ကာ အပြုံးဖြင့်ဆိုဖြစ်သည်။

ခင်မင်းမြတ်သည် လက်ထဲမှအသံဖမ်းစက်ကလေးအား ထောင်ကာကိုင်ရင်း လွန့်လွန့်ပြုံးရင်းမှ…

"ဆရာ့မှာ အပျော်ရဆုံးနေ့ရှိခဲ့ဘူးလား…"

"အပျော်ရဆုံးနေ့…"

"ဟုတ်တယ်လေ…"

"အဟွန်း…ကျွန်တော် ထင်တာတော့ ကျွန်တော် နှစ်သက်တဲ့မိန်းကလေးနဲ့ပြေလည်တဲ့နေ့ဟာ ကျွန်တော် အပျော်ဆုံးနေ့ပဲဖြစ်မှာပဲ…"

"ဟင်…ဒါဆို ဆရာ့မှာအပျော်ဆုံးနေ့ မရှိသေးဘူးပေါ့…"

"ဟုတ်တယ်၊ ထူးထူးခြားခြားမရှိသေးဘူးလို့လည်း ပြောရမယ်…"

"ဒါဆို အနှစ်သက်ဆုံးကရော…"

ခင်မင်းမြတ်၏ ဒုတိယမေးခွန်းအတွက်လည်း သူ ပြုံး



www.burmeseclassic.com

www.burmeseclassic.com



ရပြန်ပါသည်။ ပြီးမှ…

“ဒါလည်း ပြောရခက်တယ်ဗျာ၊ အနှစ်သက်ဆုံးဆိုတာ စားစရာလား၊ အရောင်အသွေးပဲလား၊ ဘာကိုဆိုလိုတာလဲ…”

“ဆရာ့ဘဝရဲ့အနှစ်သက်ဆုံးကို ကြိုက်ရာတစ်ခုပဲပြောလိုက်ပါ…”

“ဒါဖြင့်တော့ ပြောလို့မရသေးဘူး၊ ပြောလို့ရမယ့်အချိန်ကျရင် ပြောမယ်မှတ်ထားနော်၊ အပျွန်း…”

သူဆိုရင်း စောကိုကို ပြုံးနေမိသည်။ ခင်မင်းမြတ်သည်လည်း လှလှလေး ပြုံးနေလေ၏။

“နောက်ဆုံးတစ်ခုပြောပါဦး ဆရာ၊ ဆရာ အခံစားရဆုံးအချိန်…”

“အဲဒါကတော့ မေမေ ဆုံးတုန်းကတော်တော့်ကို ခံစားလိုက်ရတယ်၊ လမ်းမလျှောက်တတ်သေးတဲ့ ကလေးတစ်ယောက်လို အားကိုးရာမဲ့တစ်ယောက်လိုဖြစ်သွားတယ်…”

ထောက်…

ခင်မင်းမြတ်သည် ပြုံးပြုံးလေးဖြင့် အသံဖမ်းစက်ကလေးအား ပိတ်လိုက်သည်။ ပြီးမှ သူ့ကိုမော်ကြည့်ကာ တစ်ခွန်းချင်းဆိုလာသည်။

“ဆရာ ပြန်တော့…”





သူသည် သူမ၏ နက်ရှိုင်းသောအပြုံးဆီကြည့်ရင်း အတွေးသည်ပင်လည်း မည်မျှနက်သွားရသည်မသိပါ။

သူသည် သူမအား စကားတစ်ခွန်းမျှမဆိုဖြစ်တော့ပါပဲနှင့် သူမအိမ်ထဲမှ ထွက်လာဖြစ်ခဲ့လိုက်ပါသတည်း…။

အပြန်လမ်းတစ်လျှောက်တွင်မှာတော့ သူသည် သူမ၏ အပြုံးအားဝေခွဲမရသော အတွေးခံစားရသောအတွေးတို့ဖြင့် တနင့်တပိုးကြီးရှိခဲ့ရပါလေသတည်း…။ ။

Ø Ø Ø



www.burmeseclassic.com

www.burmeseclassic.com



– တစ်ဆယ့်တစ် –

သည်နေ့တော့ဖြင့် စောကိုကိုသည် ခုတိုင်ရုံးမှအိမ်သို့ မပြန်ဖြစ်သေးပါလေ...။

သူ နာရီကိုကြည့်လိုက်သည်တွင် ညခုနစ်နာရီပင်ထိုးနေပြီ ကို သူ တွေ့လိုက်ရသည်။

တစ်ရုံးလုံးတွင် မည်သူမျှမရှိ၊ တိတ်ဆိတ်ကာနေသည်။ တစ်ချက်တစ်ချက် ညစောင့်ကြီး၏ သွားလာလှုပ်ရှားသံကိုသာ သူ သဲ့သဲ့ကြားရ၏။

သူသည် အောင်အောင် အသတ်ခံရသည့်ကိစ္စနှင့်ပတ်သက်၍ တစ်နေ့တစ်နေ့ ဦးနှောက်စားနေရသည်။





တွေးရင်းတောရင်း ဆုံးဖြတ်ရင်းကပင်လည်း သူသည် လုပ်သင့်လုပ်ထိုက်သည့်ကိစ္စတို့ကို အကောင်အထည်ဖော်စမ်းသပ်ကြည့်မိ၏။

သူ့အနေဖြင့် ရွှေမာလာမြို့သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်ရသည်မှာ မကြာသေးသည်မို့၊ သူသည် ဘာတစ်ခုမျှ ရင်းနှီးရည်လည်ခြင်းမရှိသည်က အမှန်...။

သူ့စိတ်ထဲမှာတော့ ဆုံးဖြတ်ထားသည်ပါ။ အမှုနှင့်ပတ်သက်၍ ဦးထိန်လင်းတို့မိသားစုကိုလည်း တစ်ယောက်ချင်းလေ့လာစုံစမ်းမည်ဟု...။

ပြီးတော့ သူ့အကြောင်းကိုလည်း အသေးစိပ်လေ့လာစုံစမ်းရန် သူ ဆုံးဖြတ်၏။

ခက်သည်က ဦးထိန်လင်းသည် ရွှေမာလာမြို့၏ မျက်နှာဖုံးကြီးဖြစ်သည်မို့ သူ့အနေဖြင့် သိပ်ပြီးထင်ထင်ပေါ်ပေါ်မလုပ်ရဲသေးသည်ကအမှန်ပါ...။

သည့်အတွက် သူသည် အမှုအတွက် မည်ကဲ့သို့ခြေလှမ်းချီရန် အချိန်နှင့်အမျှ ကျစ်ကျစ်လစ်လစ်စဉ်းစားနေရခြင်းပါတည်း။

ဟူး...

သူသည် အမှုအတွက် စဉ်းစားချင့်ချိန်နေဆဲမှ သက်မှုအားအား မှတ်ထုတ်ကာ အိမ်ပြန်ရန်စိတ်ကူးဖြစ်ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ပြန်တော့ရန်စိတ်ကူးဖြင့် သူသည် အပေါ်အင်္ကျီနှင့် ကားသော့ကိုယူကာ ရုံးခန်းထဲမှထွက်ခဲ့လိုက်လေ၏။

"ဆရာ ပြန်တော့မလား…"

ရုံးထဲမှ သူ ထွက်အလာ၊ ရုံးစောင့်ကြီးမေးသံကြောင့် သူသည် ရုံးစောင့်ကြီး၏ဘဝအား သနားကြင်နာစိတ်ဖြင့် အနီးသို့ လှမ်းခဲ့ရင်း…

"ပြန်တော့မယ် အဘ၊ အချိန်ပြည့်အလုပ်တွေအကြောင်းပဲ စဉ်းစားရလို့ ဦးနှောက်တွေတောင်ခဲနေပါပြီ…

ခက်တာက ကျွန်တော်က ရောက်တာမကြာသေးဘဲ အမှုတစ်ခုကိုလိုက်နေရတော့ ကျွန်တော့်မှာအရမ်းလည်းမလုပ်ရဲဘူး၊ မြေစမ်းခရမ်းပျိုးသလို တစ်လှမ်းချင်းလှမ်းကြည့်နေရတယ်…"

"အင်း…အဘလည်း လူသတ်မှုအကြောင်းကြားပါတယ် ကွယ်၊ အသတ်ခံရတာက ဦးထိန်လင်းရဲ့သား အသတ်ခံရတဲ့အိမ်က ခင်မင်းမြတ်ဆိုတဲ့ ကလေးမအသစ် ဝယ်ထားတဲ့အိမ်မှာမဟုတ်လား…"

"ဟုတ်တယ်လေ၊ အဘက ခင်မင်းကိုလည်း သိဘာယ် လား…"

"မသိရှိပါမလားကွယ်၊ အရင်က ခင်မင်းမြတ်တို့အိမ်မှာ အဘမာလီလုပ်ဘူးတယ်၊ ခင်မင်းမြတ်လေးရဲ့အဖေလည်း အသတ်





ခံရတာလေ…"

"ဟင်…ဟုတ်လား…"

"ဟုတ်တယ်၊ ခင်မင်းမြတ်ရဲ့အဖေက ဘဏ်မန်နေဂျာကြီးလေ၊ လူတွေကပြောတယ် ဘဏ်ကငွေတွေအလွဲသုံးစားလုပ်ပြီး သူ့ကိုယ်သူသတ်သေသွားတာတဲ့…

တကယ်တမ်းကျတော့မဟုတ်ပါဘူး၊ ခင်မင်းမြတ်ရဲ့အဖေ စိတ်ဓာတ်နဲ့အကျင့်စာရိတ္တကို အဘက ကောင်းကောင်းသိတာ ပေါ့…"

"အဘ ခင်မင်းမြတ်ရဲ့အဖေက ဘယ်သူလဲ…"

"ဦးမြတ်မင်း…"

"ဗျာ…မြတ်ရဲ့အဖေက ဦးမြတ်မင်းလား အဘ…"

သူသည် အံ့သြခြင်းများစွာဖြစ်သွားရသည်။ လွန်ခဲ့သည့်အချိန်များက သူသည် ဦးမြတ်မင်း၏အမှုတွဲများအား စိတ်ဝင်တစား ပြန်ဖတ်ဖြစ်ခဲ့သည်မဟုတ်ပါလား…။

လက်ရှိ ဦးထိန်လင်း၏သားအမှု ဖြစ်ပေါ်လာမှပင် သူသည် ဦးမြတ်မင်း၏ အမှုဟောင်းအားမေ့လျော့နေမိခဲ့သည်ပါ…။

"ဟုတ်တယ်၊ ခင်မင်းမြတ်ရဲ့အဖေဟာ ဦးမြတ်မင်း၊ ခင်မင်းမြတ်တို့မှာ သားအဖနှစ်ယောက်ထဲရှိတာ၊ ခင်မင်းမြတ်ရဲ့အဖေ အသတ်ခံရတဲ့အချိန်က ခင်မင်းမြတ်ဟာ ဆယ့်သုံးလေးနှစ်



www.burmeseclassic.com

www.burmeseclassic.com



သမီးလောက်ပဲရှိမယ်ထင်တယ်…”

“သြော်··ဒါနဲ့နေပါဦး အဘ၊ ဦးမြတ်မင်း အသတ်ခံရတော့ အဘမရှိတော့ဘူးလား…”

“အဘမရှိဘူး၊ အဲ့ဒီနေ့က အဘမိန်းမ ဆေးရုံတက်ရလို့ အဘ အိမ်ပြန်သွားရတယ်၊ နောက်နေ့မှာတော့ အဘမိန်းမလည်း ဆုံး၊ ဦးမြတ်မင်းလည်း အသတ်ခံရတဲ့သတင်း ကြားရတော့တာပါပဲ…”

“မြတ်ကကော မရှိဘူးလား…”

“ခင်မင်းမြတ်လည်း အိမ်မှာမရှိဘူးလို့ပြောတယ်၊ ခင်မင်းမြတ်က တစ်ဘက်ခြံမှာ ကျူရှင်သွားသင်နေတယ်လို့ပြောတယ်…

သမီးလေးလည်း ကံမကောင်းရှာပါဘူး၊ သူ့ခမျာ ဖခင်ဆုံးတော့ စိတ်ထိခိုက်သွားရှာတာ စိတ်ရောဂါကုဆေးရုံမှာ အတော်ကုလိုက်ရတယ်…”

“ဟင်··မြတ်ဟာ စိတ်နောက်သွားတယ်ပေါ့၊ ဟုတ်လား အဘ…”

“ဟုတ်တယ်၊ သမီးလေးမြတ်ဟာ ရန်ကုန်ဆေးရုံမှာ အချိန်တော်တော်ကြာ ကုသလိုက်ရတယ်၊ အခုတော့ သူ ကောင်းသွားပြီလို့ သတင်းကြားတယ်၊ ဒါပေမဲ့ သူ့ကိုကြည့်ရတာ အရွယ်





လေးပဲရလာလို့လားတော့ မပြောတတ်ဘူး…

သူ့ကိုတွေ့တဲ့သူတွေက သမီးလေးမြတ်ဟာ ကြည့်ရတာ အေးစက်သလိုလို၊ ဝမ်းနည်းအားငယ်သလိုလို၊ ဘာကိုမှကြောက်လန့်မှုမရှိသလို၊ မထီမဲ့မြင်လိုမျိုးအသွင်ရှိတယ်လို့ ပြောကြတယ်”

စောကိုကိုသည် ခင်မင်းမြတ်အား နားမလည်မှုဖြစ်ပေါ်နေသည်တို့မှာ ယခုညစောင့်ကြီး ပြောပြသောစကားတွင် နားလည်သွားရပါလေပြီတည်း…။

သူသည် ခင်မင်းမြတ်အား တွေ့ချင်စိတ်မှာ ပြင်းပြလာ၍ ကားပေါ်တက်ရန် လှမ်းပြင်ခိုက် ညစောင့်ကြီး၏နောက်ဆက်တွဲ ပြောလိုက်သောစကားသည် သူ့အား အမြန်ဆုံးနေရာမှ ကားကို မောင်းထွက်သွားစေခဲ့ရပါလေ၏။

“အဘ သတင်းကြားမိတယ် ဦးထိန်လင်းရဲ့သားငယ်နှစ်ယောက်စလုံးက သမီးမြတ်ကို လက်ထပ်နိုင်အောင်ကြိုးစားနေကြတယ်လို့၊ မှန်မမှန်တော့လည်း အဘလည်းမသိပါဘူးလေ”

ကားမောင်းလာရင်းမှ ညစောင့်ကြီး၏စကားအား သူကြားယောင်လာခဲ့ခြင်းပါ…။

သူသည် ခင်မင်းမြတ်အိမ်သို့ ကားအား ဦးတည်မောင်းနှင်လာပြီးမှ စိတ်ကူးတစ်ခုရလိုက်သည်။ ငါ စာရေးကြီးကိုသွားခေါ်ပြီး မြတ်ရဲ့အခြေအနေကို သွားစောင့်ကြည့်ရင်ပိုပြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com



မယ်…

စိတ်ကူးဖြင့် သူသည် စာရေးကြီးနေသောအိမ်သို့ ကားကို မောင်းခဲ့လိုက်သည်။ တကယ်တော့ စာရေးကြီးနေသော အိမ်သို့ တစ်ခါမှမရောက်ဘူးပါ…။

ယခုညမှပင် စာရေးကြီးပေးထားသော လိပ်စာအတိုင်း ရှာဖွေ၍ သူ ရောက်ရှိလာခဲ့၏။

စာရေးကြီးအိမ်သို့အရောက်၌ စောကိုကိုသည် အံ့သြသွားမိရသည်။ မှန်သည်။ အဘယ်ကြောင့်ဆိုသော်…

စာရေးကြီးနေသောအိမ်သည် လှပသောခြံဝင်းကလေးနှင့် လှပသောတစ်ထပ်ခွဲတိုက်ကလေး ဖြစ်နေရသည်မဟုတ်ပါလား။

စာရေးကြီး၏အမျိုးသမီးသည် ဘာလုပ်သည်ကိုဖြင့် သူ မသိပါ။ စာရေးကြီး ကိုချစ်ကြွယ်သည် လွန်စွာမှစီးစစ်၊ ခေ့ခပ်သေချာပြီး ချွေတာတတ်သည်ကိုဖြင့် သူ သိ၏။

ချွေချွေတာတာဖြင့် စုဆောင်းတတ်လို့သာပဲ ယခုကဲ့သို့ အခြေအနေဖြင့် နေထိုင်ရသည်ဟု သူ တွေးရင်းအားကျမိရပါသေး၏။

တီး…တီး…

ခြံရှေ့၌ပင်ရပ်ကာ သူသည် ကားဟွန်းတီးလိုက်သည်။ သူ့ကားဟွန်းသံကြား၍ဖြစ်မည်။ စာရေးကြီးသည် အိမ်ထဲမှကပြာ





ကယာဟာန်နဲ့ ပြေးထွက်လာ၏။

"ဟာ…ဆရာ၊ ဘယ်ကလာတာလဲ…"

"စာရေးကြီးရေ မေးမနေပါနဲ့၊ အခု ကျွန်တော်နဲ့လိုက်ခဲ့ပါဦး…"

"ကိစ္စရှိလား ဆရာ…"

"ဒါပေါ့…"

"အိမ်ထဲခဏဝင်ပါဦးလား ဆရာ…"

"အချိန်မရှိလို့ပါ မြန်မြန်လာပါ…"

"ဒါဆိုလည်း ကျွန်တော် ဒီအတိုင်းပဲလိုက်ခဲ့တော့မယ်"

"ရတယ်…"

စာရေးကြီး ကားပေါ်တက်သည်နှင့် သူသည် ကားကို မောင်းထွက်ခဲ့လိုက်လေသည်။

"ဆရာ အခုဘယ်သွားမလဲ…"

"ခင်မင်းမြတ်ရဲ့အိမ်ကို၊ ကျွန်တော် အခြေအနေသွားကြည့်ချင်လို့…"

"ဪ…ဆရာ အခုမှရုံးကပြန်လာတာလား…"

"အိမ်တောင်မရောက်သေးပါဘူးဗျာ၊ စိတ်ကူးဖြစ်လို့ပြီး ခင်မင်းမြတ်အိမ် သွားချင်တာနဲ့ ခင်ဗျားကိုလာခေါ်တာ…"

သူတို့စကားဆိုဆဲပင် ခင်မင်းမြတ်နေသော ရပ်ကွက်သို့



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာခဲ့သည်။ သူသည် ယခင်ကရပ်နေကျမှောင်ရိပ်တွင် ကားကိုရပ်ခဲ့ပြီး ခင်မင်းမြတ် နေသောခြံထဲသို့ စာရေးကြီးနှင့်အတူ လှမ်းဝင်ခဲ့သည်။

ခြံထဲသို့အရောက် သူနှင့်စာရေးကြီးသည် မီးလင်းနေသော ဧည့်ခန်းပြတင်းတစ်ခုသို့ ချည်းကပ်လာခဲ့သည်။

ကိုယ်ကို အသာကွယ်ကာ မှန်ပြတင်းအတွင်းသို့ သူ ချောင်းကြည့်လိုက်သည်။

ခင်မင်းမြတ်သည် ပျော့ပျောင်းသောညအိပ်ဝတ်အင်္ကျီ လေးဖြင့် ဧည့်ခန်းထဲတွင် ဟိုဟိုဒီဒီလျှောက်၍နေသည်။

သူမ၏အသွင်ဒွိဟမှု အတွေးတစ်ခုခုဝင်နေဟန်နှယ် သူ မြင်တွေ့ရ၏။ ကြည့်နေဆဲပင် သူမသည် အခန်းထောင့်တစ်နေရာ မှာရှိသော စန္ဒယားကြီးဆီသို့ သွားရောက်လိုက်သည်။

သည့်နောက် သူမသည် စန္ဒယားတီးမည့်ခုံတွင် ဝင် ရောက်ထိုင်လိုက်ပြီး ဦးစွာစန္ဒယားခလုတ်ကလေးများအား စိတ် မပါတပါဖြင့် တို့ထိကစားနေ၏။

မှန်ပါ၏။ ခင်မင်းမြတ်သည် ဆန္ဒယားခလုတ်ဖြူဖြူလေး များအား တို့ထိကစားနေရာမှ တေးသွားလေးတစ်ခုကို တီးခတ် လိုက်သည်။

ခင်မင်းမြတ်၏ လှပသောလက်ချောင်းကလေးများသည်





စန္ဒယားခလုတ်များထက် ပြေးလွှားဆော့ကစားနေသော်လည်း သူမ ၏မျက်နှာလှလှလေးကား မှော့မှော့လေးရှိကာ သူမ၏မျက်ဝန်း အကြည့်လေးများသည် အဝေးဆုံးအဝေးဆုံးသို့ ရောက်ရှိနေဟန် ရှိ၏။

သေသပ်လှပသော ဧည့်ခန်းလေးတစ်ခု၊ ထိုဧည့်ခန်းလေး တွင် လူနှစ်ယောက်ရှိ၏။ ထိုလူနှစ်ယောက်ထဲမှ တစ်ယောက်သည် ခင်မင်းမြတ်၏ဖခင် ဦးမြတ်မင်း ဖြစ်သည်။

သူမ၏ဖခင်သည် မျက်နှာချင်းဆိုင်ရှိ ဧည့်သည်နှင့်စကား ပြောနေရာမှ ဧည့်သည်သည် ရုတ်တရက်အင်္ကျီကြားမှဖွတ်ယူ လာသော သေနတ်ကိုထုတ်ကာ မြတ်၏ဖခင်နဖူးတည့်တည့်ဆီသို့ ပစ်ထည့်လိုက်၏။

ဒုတ်ကနဲမြည်သည့် သေနတ်သံခပ်အုပ်အုပ်လေးမှ တစ်ပါး အခြားဘာသံမှမကြားရ…။

ပတ်ဝန်းကျင်တစ်ခုလုံးသည် အပြစ်ကင်းသကဲ့သို့ ဆိတ် ငြိမ်၍နေသည်။ ဧည့်သည်သည် အေးဆေးစွာထပြန်သွားသည်။

ထိုဧည့်သည်သည် ချောမောခန့်ထည်သော ရုပ်သွင်ရှိ၏။

ထိုဧည့်သည်၏ရုပ်သွင်အား ယနေ့ထက်တိုင် မြတ် မမေ့ပါ။

ထိုဧည့်သည်၏မျက်နှာသည် မြတ်အတွက် ဘယ်တော့မှ ပျောက်ပျက်မသွားနိုင်သော မျက်နှာပါ…။



www.burmeseclassic.com

www.burmeseclassic.com



စိတ်၏လှုပ်ရှားမှုကြောင့် ဖြစ်မည်။ စန္ဒယားခလုတ်လေးများအပေါ်မှ ခင်မင်းမြတ်၏ သွယ်လျှားလှပသော လက်ချောင်းကလေးများသည် ပို၍သွက်လက်စွာ ပြေးလွှားလှုပ်ရှားနေဖြစ်တော့၏။

ကရင်း‥ရင်း‥ရင်း…

စိတ်များလှုပ်ရှားစွာဖြင့် မြတ် စန္ဒယားတီးနေဆဲ တယ်လီဖုန်းလေးမြည်လာသံကြောင့် မြတ်သည် စန္ဒယားတီးရပ်ကာ တစ်ချက်မျှ မျက်နှာလေးသည် တည်သွားရ၏။

သည့်နောက် ခင်မင်းမြတ်သည် ဖုန်းလေးထံလှမ်းခဲ့ပြီး ဖုန်းလေးအား ညင်သာစွာကောက်ကိုင်ကာ နားထောင်လိုက်သည်။

စောကိုကိုသည် ခင်မင်းမြတ်အား နားလည်သလိုရှိရင်း အသက်ပင်မရှူရဲအောင် ခင်မင်းမြတ်၏အေးစက်စက် လှုပ်ရှားမှုများအား စောင့်ကြည့်ဆဲမှ မြတ် ပြောမည့်စကားများအားလည်း နားစွင့်ထားမိ၏။

"ဟဲလို‥သြော် ကိုသန်းဝင်းလား၊ ဟုတ်ကဲ့ ကျွန်မ တစ်ယောက်တည်း၊ ဟုတ်ကဲ့ ကျွန်မ အားပါတယ်…"

"………"

"ကျွန်မကို တွေ့ချင်တယ်ဟုတ်လား၊ ကောင်းပြီလေ ကျွန်မလည်း ကိုသန်းဝင်းကို ပြောစရာရှိနေလို့လာခဲ့ပါမယ်…"





"………"

"ဘယ်နေရာ၊ သြော်‥ရသာစားတော်ဆက်ကိုလား၊ ကောင်းပြီ ကျွန်မ အခုပဲလာခဲ့မယ်…"

စကားအဆုံး၌ ခင်မင်းမြတ်သည် တယ်လီဖုန်းလေးအား အေးဆေးစွာပင် ပြန်ချထားလိုက်သည်။ စောကိုကိုသည် သူမ ပြောသောစကားများအား ကြားလိုက်ရပြီမို့ စာရေးကြီးထံကြည့်လိုက်သည်။

စာရေးကြီးသည်လည်း သူ့အကြည့်အား သဘောပေါက်သည်တွင် သူ့အား ခေါင်းတစ်ချက်ညိတ်ပြသည်။

သည့်နောက် သူနှင့်စာရေးကြီးသည် ရသာစားသောက်ဆိုင်သို့ ထွက်ခဲ့လိုက်ပါတော့၏။

× × × × ×

စောကိုကိုသည် ရသာစားသောက်ဆိုင်၏ လူအဝင်အထွက်အား မြင်သာသည့်နေရာတစ်ခုတွင် နေရာယူထားပြီး ခင်မင်းမြတ် အလာအား စောင့်ကြည့်နေလိုက်သည်။

တစ်ချီတစ်ချိ၌ သူ့အကြည့်တွေသည် ဦးထိန်လင်း၏သား သန်းဝင်းဆီသို့ ရောက်ရှိနေ၏။



www.burmeseclassic.com

www.burmeseclassic.com



သန်းဝင်းသည် ရသာစားသောက်ဆိုင်သို့ ကြိုတင်ရောက်ရှိကာ ခင်မင်းမြတ်နှင့်တွေ့ဖို့ ဖုန်းဆက်ချိန်းလိုက်သည် မဟုတ်ပါလား…။

သန်းဝင်းအသွင်အား ကြည့်ရသည်မှာ ခင်မင်းမြတ်နှင့် အလွန်တွေ့ချင်နေရပြီး စိတ်လှုပ်ရှားနေသည့်အသွင်ပါ။

သန်းဝင်းတွင် အိမ်ထောင်နှင့်ကလေးနှစ်ယောက်ရှိထားသည်ကို သူ သိထားသည်။

သို့သော်လည်း သန်းဝင်းသည် ခင်မင်းမြတ်အား အလွန်မှနှစ်သက်၍ လက်လွှတ်မခံသည့်အသွင်ကိုလည်း သူ တွေ့ရ၏။

ခင်မင်းမြတ်ကို ညီအစ်ကိုနှစ်ယောက်ပဲ လုနေကြလို့ ပြဿနာဖြစ်သလား…

သူသည် သန်းဝင်းထံကြည့်ပြီး ဖြစ်နိုင်မည်ထင်သည့် အတွေးတစ်ခုအား တွေးဖြစ်ရသည်။

တွေးဆဲပင် ခင်မင်းမြတ်သည် စားသောက်ဆိုင်ထဲသို့ ဝင်လာပြီဖြစ်သည်။ သန်းဝင်းသည် ကပြာကယာ ခင်မင်းမြတ်အား သွားရောက်ကြိုဆိုလက်ဆွဲခေါ်ကာ သီးသန့်စားသောက်ခန်းတစ်ခုထဲသို့ ဝင်ရောက်သွားလိုက်သည်ကိုလည်း သူ တွေ့လိုက်ရ၏။

သူသည် အထဲတွင် သန်းဝင်းနှင့်ခင်မင်းမြတ်တို့ ဘာတွေ





ပြော၍၊ ဘာတွေလုပ်နေမည်ကို သိချင်နေသော်လည်း ရုတ်တရက် ထိုအခန်းနားသို့ ချဉ်းကပ်မသွားသေးဘဲ အခြေအနေအား စောင့်ကြည့်နေလိုက်သည်။

သည့်နောက်မှ သူသည် သန်းဝင်းနှင့်ခင်မင်းမြတ်တို့ ဝင်သွားသည့် သီးသန့်ခန်းနီးနားသို့ မသိမသာချဉ်းကပ်သွားဖြစ်၏။ စားသောက်ဆိုင်၏ သီးသန့်ခန်းထဲတွင်ကား…

"ခင်ရယ် ကိုအောင်ကိစ္စဖြစ်ကတည်းက မတွေ့ရလို့ ကိုယ့်ဖြင့်လွမ်းလိုက်ရတာ၊ ကိုယ်လေ ခင်နဲ့အရမ်းကိုတွေ့ချင်နေတာပါ…"

"ကိုသန်းဝင်းရယ် ရှင့်မှာလည်းသားတွေမယားတွေနဲ့ ကျွန်မကို အနှောင့်အယှက်မပေးပါနဲ့တော့လား…"

"ဒီလိုမပြောပါနဲ့ ခင်၊ သူ့ကိုကွာပြီး ကိုယ် ခင့်ကိုလက်ထပ်ယူမယ်၊ ကိုယ် သစ္စာရှိပါတယ်…"

"ကျွန်မကမိန်းမသား၊ မိန်းမသားချင်း စာနာစိတ်ရှိပါတယ်၊ ရှင် ဒီလိုလုပ်ရင် ကျွန်မဘယ်နည်းနဲ့မှ စိတ်ကောင်းမှာမဟုတ်ဘူး…"

"ကဲပါလေ၊ ရှင် အခု ကျွန်မကိုတွေ့ချင်တဲ့ကိစ္စပြောပါ…"

"ကိုယ် ပြောပါပကောလား၊ ကိုယ် မင်းကို အရမ်းလွမ်း



www.burmeseclassic.com

www.burmeseclassic.com



တယ်လို့၊ ပြီးတော့ ခင်နဲ့ကိုအောင်က ဘယ်အခြေအနေမှာရှိပြီလဲ၊ ကိုအောင်သေတာ ခင့်ရဲ့အခန်းထဲမှာလို့ လူတွေကပြောကြတယ်…”

“ဟုတ်တယ်လေ၊ တကယ်တော့ အဲဒီညက ရှင့်ညီက ကျွန်မကိုသိမ်းပိုက်ဖို့ စိတ်ကူးရှိနှင့်တယ်ထင်ပါတယ်၊ ကျွန်မ အခန်းထဲကို သူ ဇွတ်ဝင်လာတယ်…

ကျွန်မက သူ့ကိုမလိုက်လျောနိုင်လို့ ဘယ်လိုလုပ်ရမလဲ စဉ်းစားပြီး သင့်သလိုစကားပြောအချိန်ဆွဲနေတုန်း မျက်နှာဖုံးတွေနှင့်လူနှစ်ယောက် ရောက်လာပြီး ရှင့်ညီကိုသတ်သွားတာပဲ…

တကယ်တော့ ကျွန်မ ထင်တယ်၊ ရှင့်ညီကို ရင်ဝမှာ စိုက်ဝင်သွားတဲ့ဓားနှစ်လက်ဟာ တစ်လက်ဟာ ကျွန်မအတွက်ပဲ ဖြစ်မယ်လို့…”

“ဘာကြောင့် ဒီလိုပြောရတာလဲ အချစ်ရယ်…”

“ကျွန်မ ထင်တာပြောတာပါ…”

“ခင်…”

“ရှင်…”

“ကိုယ်တို့ တစ်နေရာကိုထွက်ပြေးကြရအောင်လား နော်…”

“မဖြစ်ဘူး၊ ကျွန်မမှာ ရှင့်ညီအမှုအတွက် နေနေရသေး





တယ်၊ ဘယ်မှသွားလို့မရဘူး…”

“ခင် ကိုယ့်ကိုမချစ်ဘူးလား…”

“ရှင်ကမချစ်သင့်တဲ့သူပါ၊ ရှင့်မှာသားမယားတွေရှိတယ်လေ…”

“ကိုယ် ရှင်းအောင်လုပ်ပါ့မယ်…”

“မလုပ်ပါနဲ့၊ ကျွန်မနဲ့သာ ရှင် ကင်းအောင်နေပါ…”

“မနေဘူး၊ ကိုယ် ခင့်ကိုချစ်တယ်၊ ခင် ကိုယ့်ဆီလာမတွေ့ရင် ဘာဖြစ်ဖြစ် ကိုယ် ခင့်ဆီကိုလာရမယ်…

ခင် စဉ်းစားပါ၊ ကိုယ်တို့တခြားထွက်သွားရအောင်နော်၊ ကိုယ့်ကိုယုံပါ၊ စိတ်ချပါ ခင်ရယ်၊ ကိုယ် မင်းကိုအတွေ့နောက်ကျရလို့ သိပ်စိတ်ဆင်းရဲနေရတယ်…”

သန်းဝင်းဆိုရင်း ခင်မင်းမြတ်ကိုယ်လေးအား အင်္ကျီဖမ်းကာ ရင်ခွင်ထဲဆွဲသွင်း၍ မျက်နှာချင်းပူးကပ်လိုက်ဆဲ…

စောကိုကိုသည် အခန်းထဲသို့ ဘုမသိဘမသိလုပ်ကာ ဝင်လိုက်သည်တွင် မျက်လုံးစပ်စပ်နှင့်ပင် သူ မြင်တွေ့ရသည်ကို အောင့်ထားရင်း…

“ဟင်…ခင်ဗျားက ကိုသန်းဝင်းမဟုတ်လား…”

သူ့ကိုမြင်သည်နှင့် ကိုသန်းဝင်းသည် အံ့သြထိတ်လန့်သွားရပြီး ခင်မင်းမြတ်ကမူ မည်သို့မျှဖြစ်ပေါ်ခြင်းမရှိပါဘဲနှင့်



www.burmeseclassic.com

www.burmeseclassic.com



အခန်းထဲမှ ရုတ်ကနဲထွက်သွားလိုက်ပါတော့၏။

"ခင်ဗျားကအသစ်ရောက်လာတဲ့ အမှုလိုက်ရဲအရာရှိ စောကိုကိုမဟုတ်လား..."

"ဩော်..ခင်ဗျားမဆိုးဘူး၊ ကျွန်တော့်ကိုသိနေတာပဲ.."

"ဒီမှာ စောကိုကို ခင်ဗျားကို ကျွန်တော် မေးမယ်၊ အခု ဘာသဘောနဲ့ ဒီအခန်းထဲကို ခင်ဗျားဝင်လာတာလဲ..."

"ဗျာ..ဒါစားသောက်ဆိုင် အခန်းလွတ်တယ်ထင်ပြီး ကျွန်တော် ဝင်လာတာ၊ ခုလိုခင်ဗျားတို့ကိုတွေ့တော့ ကျွန်တော် အံ့ဩမိတာအမှန်ပါ..."

"ဒီမှာ စောကိုကို ခင်ဗျားသက်သက် ကျွန်တော့်ကို အပုတ်ချဖို့ လိုက်စုံစမ်းနေတာမဟုတ်လား..."

စောကိုကို၏ အင်္ကျီရင်ဘတ်ဆီဆွဲကိုင်လာရင်း ကိုသန်းဝင်း ဆိုသည်တွင် သူသည် မျက်မှောင်သာသာတွန့်သွားရပြီး သူ့အင်္ကျီအားဆုပ်ကိုင်ထားသည့် သန်းဝင်းလက်ဆီ တစ်ချက်ငုံ့ကြည့်ဖြစ်သည်။

စောကိုကိုသည် သူ့အား ယခုကဲ့သို့ အင်္ကျီရင်ဘတ်ကို ဆုပ်ကိုင်ဆွဲပြီး စကားပြောသည်ကို အလွန်မုန်းပါသည်။

"ကိုသန်းဝင်း ခင်ဗျားဘယ်လိုမလုံမလဲဖြစ်နေလဲ၊ ခင်ဗျား လက်ကိုလွှတ်လိုက်ပါ..."





ဒေါသကိုတစ်ချက်မျှအောင့်ပြီး သူ ဆိုလိုက်သည်။

"မင်း စကားမလွှဲနဲ့၊ မင်း ပြောစမ်းပါ၊ မင်း ငါ့ကိုစုံစမ်းတာ ငါ့မိသားစုကိုသွားပြောပြီး ငါ့ဆီကငွေညစ်ချင်နေလို့ မဟုတ်လား..."

ခွပ်...

သန်းဝင်းစကားအဆုံး၌ သူသည် သန်းဝင်းအား နှုတ်နှင့်စကားမဆို၊ လက်ဖြင့်သာဆိုလိုက်တော့၏။

သူ့လက်သီးချက်ကြောင့် သန်းဝင်းသည် အခန်းထဲမှအရှိန်ဖြင့်လွင့်ကာ အပြင်ရှိသူများစကားပြော စားသောက်နေသည့်စားပွဲပေါ်သို့ ပစ်ကျသွားသည်။

စောကိုကိုသည် မိမိအင်္ကျီကို စန့်ပြန့်အောင်လုပ်လိုက်ပြီး သန်းဝင်းအား အေးဆေးစွာကြည့်ရင်း...

"မင်း မှတ်ထားဖို့က မင်းမှာ ငွေရှိတယ်ဆိုတိုင်း အပေါ်စီးကနေ ဆက်ဆံလို့မရဘူး၊ အေး..သူများကိုပဲရမယ် ငါ့ကိုမရဘူး၊ မင်းရဲ့မိသားစုအကြောင်းကို ငါ စိတ်မဝင်စားဘူး၊ မင်း ငါ့ကို ဘာမှပိတ်ပင်စရာမလိုဘူး...

ငါဟာ ရဲအရာရှိ၊ အမှုလိုက်တဲ့ရဲအရာရှိတစ်ယောက်၊ ငါ လုပ်တာငါ့အလုပ်ငါလုပ်တာ၊ ငါ့ရဲ့သံသယထဲမှာ မင်းလဲမင်း မြတ်ဟာ နံပါတ်တစ်ပဲ...



www.burmeseclassic.com

www.burmeseclassic.com



မင်း ချမ်းသာတာလူတိုင်းသိချင်သိမယ်၊ ဒါပေမဲ့ ငွေက ဥပဒေကိုတော့ မလွှမ်းမိုးနိုင်ဘူးဆိုတာ မင်း သိထားပါ၊ ငါ ဘယ်လိုလူလည်းဆိုတာ မင်းလည်း ထပ်စုံစမ်းလိုက်၊ မကျေနပ်ရင် ကြိုက်တဲ့လမ်းကရွေးလိုက်၊ အဟွန်း…”

သူသည် ဒေါသထွက်နေသော်လည်း သန်းဝင်းထံ အေးစက်စက်ကြည့်ကာ တစ်လုံးချင်းဆိုပြီး စားသောက်ဆိုင်ထဲမှ ထွက်သွားလိုက်ပါတော့၏။

ထိုညက သူသည် စိတ်ထဲကြိတ်ကြိတ်ဒေါသတွေဖြစ်ကာ ကားကိုမောင်းထွက်ခဲ့သည်။ စာရေးကြီးကိုလည်း သူ စကားမဆိုဖြစ်ပါ…။

စာရေးကြီးသည် သူ့အရိပ်အကဲကိုကြည့်ပြီး သူ့ထံမှပြောမည့်စကားအား စောင့်မျှော်နေဟန်ရှိပါ၏။

သို့သော်လည်း သူသည် စာရေးကြီးအား စကားတစ်ခွန်းမျှမဆို၊ စာရေးကြီးကိုသာ ပြန်ပို့ခဲ့ပြီး အိမ်ပြန်လမ်းတစ်လျှောက်နှင့်အိပ်ရာဝင်သည့်အချိန်အထိ ခေါင်းထဲ၌အတွေးများသည် ပြည့်ကျပ်ရှုပ်ထွေးနေဖြစ်ရပါသတည်း…။ ။

∅ ∅ ∅





၁

- တစ်ဆယ့်နှစ် -

စောကိုကိုသည် သည်နေ့အဖို့ ဈေးသို့ရောက်ခဲ့သည်။ တစ်ပတ်တစ်ခါ ဈေးဝယ်နေကြမို့ တစ်ပတ်စာ သူ စားသောက်တတ်သည့် အစားအစာများအား ဝယ်ဖြစ်သည်။

သူသည် တစ်ခါတစ်ရံအိမ်တွင်ချက်စားသည့် အချိန်မရှိ၍ ကြာရှည်ခံသည့်အသားဗူးငါးဗူးမျှကိုသာ ပို၍ဝယ်ဖြစ်၏။

တစ်ပတ်စာ သူ့စိတ်ကြိုက်ဈေးဝယ်ပြီး ပစ္စည်းများအား ကားရပ်ထားရာဆီသို့ တစ်ခေါက်သွားထည့်ရသည်။

လိုအပ်သည်တို့ဝယ်ပြီးဖြစ်သော်လည်း သူသည် ဈေးရောက်တုန်းမို့ ဝယ်စရာရှိလျှင်စဉ်းစားပြီး ထပ်ဝယ်ရန် ဈေးသို့



www.burmeseclassic.com

www.burmeseclassic.com



တစ်ပတ် ပတ်လျှောက်ကြည့်ရန်စိတ်ကူးဖြင့် ဈေးထဲသို့တစ်ခေါက် ထပ်ဝင်ခဲ့သည်။

စောစောက သားငါးတန်းနှင့်အခြောက်အခြမ်းတန်းဘက် သူ ကြည့်ခဲ့ပြီးပြီမို့ ယခု သစ်သီးနှင့်ပန်းများရောင်းသည့် ဈေးတန်းဘက်သို့ သူ လှမ်းခဲ့၏။

ပန်းနှင့်သစ်သီးများရောင်းသည့် နေရာအရောက်၌ သူသည် နှင်းဆီပန်းငါးပွင့်နှင့်သစ်သီးသုံးမျိုးကို အနည်းငယ်ဝယ်လိုက်သည်။

ပြီးတော့ သူ ငွေရှင်းပေးလိုက်သည်။ သူ ငွေရှင်းပေးနေဆဲ သူ့အနီးသို့ လူတစ်ယောက်ရောက်လာပြီး ပန်းသီးအနည်းငယ်ဝယ်ရန် ရွေးချယ်နေသည်ကို အမှတ်တမဲ့သတိထားမိခိုက်…

“ဟင်..ဦးထိန်လင်းပါလား…”

သူသည် ဦးထိန်လင်းအား မမျှော်လင့်ဘဲ တစ်ယောက်ထဲတွေ့လိုက်ရ၍ အတွေးတွင်အတန်အားရစွာဖြစ်ပေါ် သွားရသကဲ့သို့ရှိရင်း ဟိုဟိုဒီဒီသို့ သူ ကြည့်မိလိုက်သည်။

ဦးထိန်လင်းမှလွဲ၍ ဦးထိန်လင်း၏သားများနှင့်ပတ်သက်သည့်လူတစ်ဦးတစ်ယောက်ကိုမျှ သူ မတွေ့ရ၍စိတ်ထဲကျေနပ်သွားရ၏။

သူသည် ဦးထိန်လင်းအား ထိုသို့တစ်ယောက်တည်း တွေ့





ချင်လိုသည့်စိတ်ဆန္ဒများရှိနေရသည် မဟုတ်ပါလား…။

သူသည် ဈေးဝယ်ပြီး၍ ဦးထိန်လင်း ဈေးဝယ်ပြီးချိန်အား စောင့်နေလိုက်သည်။ ဦးထိန်လင်းသည် သူ့အနီးမှရှိနေသော စောကိုကိုအား သတိမမူမိဟန်ပါ…။

“ဪ..အဟင်း၊ ဦး..ဦးထိန်လင်းကိုး၊ ကျွန်တော်ဖြင့် လူများမှားမလားလို့..စောစောနှုတ်မဆက်ရဲဖြစ်နေတာ;..”

ပန်းသီးဝယ်ပြီး၍ ဦးထိန်လင်း နေရာမှထွက်သွားမည့်ဆဲဆဲမှ သူ စကားစဆင်ဆိုသည်။

ကျွန်တော့်စကားသံ ကြားသည်တွင် ဦးထိန်လင်းသည် အံ့အားဆေးစွာဖြင့်ကြည့်လာရင်း…

“ဪ..ရဲအရာရှိ စောကိုကို၊ ဦး မမြင်မိဘူးကွယ်၊ ဈေးလာဝယ်တာလား…”

“ဟုတ်ပါတယ် ဦး၊ ကျွန်တော်လည်း ဈေးလာဝယ်တာပါ၊ ဒါနဲ့စကားမစပ် ကျွန်တော်လည်း ဦးနဲ့တွေ့ချင်နေတာ၊ အခုလို တွေ့ရတော့ အဆင်ပြေသွားတယ်…”

“ဦးနဲ့တွေ့ချင်တာ ဘာကိစ္စများရှိလဲကွဲ့…”

“ဟုတ်ကဲ့၊ ကိစ္စကတော့ ဦးရဲ့သားကိစ္စပါပဲ၊ ပြောရမယ်ဆိုရင် ကိုသန်းဝင်းနဲ့ကိုအောင်အောင်တို့နှစ်ယောက်စလုံးက [illegible]မင်းပြတ်ဆိုတဲ့ အမျိုးသမီးလေးနဲ့ပတ်သက်နေတာချည်းပဲ…”



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်လား၊ ဘယ်သူတွေပြောကြလဲ…”

“ဘယ်သူမှမပြောပါဘူး ဦး၊ ကျွန်တော်ကိုယ်တိုင် နားနဲ့ မျက်စိနဲ့ ကြားမြင်တွေ့သိခဲ့တာပါ…”

ကျွန်တော်သည် စကားတွေဆိုရင်း ဦးထိန်လင်းမျက်နှာအား သုံးသပ်ကြည့်နေမိသည်။

ဦးထိန်လင်းသည် အတွေ့အကြုံရင့်ကျက်သည့် ဝါရင့်လူကြီးတစ်ဦးမို့ သူ အကဲခတ်ရဖြင့်ခက်ပါ၏။

သို့သော်လည်း သူ့စိတ်ကူးတွင် မြင်နေသည်က ဦးထိန်လင်းသည် သူ၏အသက်ကြီးရင့်သောစတိုင်လ်ဖြင့် စိတ်လှုပ်ရှားမှုများအား ဖုံးဖိထားသည်ဟု သူ မြင်၏။

စောကိုကိုနှင့်ဦးထိန်လင်းသည် စကားတွေဆိုရင်း ဈေးတစ်ဘက်ခြမ်းမှ တစ်ဘက်ခြမ်းသို့ ကူးခဲ့လိုက်သည်။

ဦးထိန်လင်းသည် စောကိုကိုအား စကားသိပ်မဆိုပါ။ သူကသာ အခွင့်အရေးရတုန်း စကားများတွန်းပို့ထားဖြစ်၏။

“ခင်မင်းမြတ်ဆိုတဲ့ အမျိုးသမီးလေးက ဦးလည်းအသိပဲလေ၊ အင်မတန်မှလှပချောမွေ့တဲ့ မိန်းမချောလေးမဟုတ်လား…

ခင်မင်းမြတ်ကို ဦးရဲ့သား အောင်အောင်ကလည်း နှစ်သက်တယ်၊ သူတို့နှစ်ယောက်မကင်းရာမကင်းကြောင်း ဖြစ်တာကလည်း ဝန်ခံထားပါတယ်…





ကျွန်တော် ထင်တယ်၊ ဦးရဲ့သားနှစ်ယောက်စလုံးနဲ့ခင်မင်းမြတ်ဆိုတဲ့အမျိုးသမီးဟာ တစ်ပြိုင်တည်းငြိနေကြလိမ့်မယ်လို့၊ ဘာကြောင့်လဲဆိုတော့ မနေ့ညက ခင်မင်းမြတ်ဆီကို ဦးရဲ့သားသန်းဝင်းက ဖုန်းဆက်ခေါ်ပြီး စားသောက်ဆိုင်တစ်ခုမှာ ချိန်းတွေ့ကြတယ်လေ…

အဲဒါ ကျွန်တော်နဲ့ပက်ပင်းတွေ့တယ်၊ ဒီတော့ ဦးရဲ့သားအောင်အောင်ရဲ့အမှုမှာ သန်းဝင်းနဲ့ခင်မင်းမြတ်တို့နှစ်ယောက်ဟာ သံသယမဖြစ်ထိုက်ဘူးလား…”

စောကိုကို ပြောသောစကားများအတွက် ဦးထိန်လင်းမည်သို့မျှစကားမဆိုပါ…။

သူတို့စကားဆိုဆဲ ဈေးတစ်ဘက်ခြမ်းသို့ ရောက်လာခဲ့သည်။

ဦးထိန်လင်းသည် သူ့ထံမကြည့်သော်လည်း သူ ပြောသောစကားများကိုဖြင့် ငြိမ်သက်စွာနားထောင်ရင်း စိတ်ထဲ၌အတွေးရှိနေသည့်ပုံပါ…။

သူသည် ဦးထိန်လင်းအသွင်အား ဘာလိုလိုဖြင့် သေချာကြည့်ရင်းကပင် စကားဆက်ဆိုလိုက်၏။

“ကျွန်တော့်စိတ်ထဲမှာတော့ သန်းဝင်းနှင့်ခင်မင်းမြတ်တို့နှစ်ယောက်ဟာ ကျွန်တော့်ရဲ့နံပါတ်တစ်သံသယဖြစ်ချင်စရာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



သူတို့ညီအစ်ကိုချင်း ခင်မင်းမြတ်ကို လုကြတာကော မဖြစ်နိုင်ဘူးလား…”

သူ့စကားများအတွက် ဦးထိန်လင်း တစ်ခွန်းမျှမဆိုပါ။ ဦးထိန်လင်းသည် တည်ငြိမ်စွာတွေဝေနေ၏။

“ဖေဖေ ဘယ်သူနဲ့စကားပြောနေတာလဲ၊ နေကောင်းရဲ့လား…”

သူသည် ဦးထိန်လင်း၏ ငြိမ်သက်ပုံအားကြည့်နေဆဲ နောက်ဘက်မှစကားသံကြောင့် သူ လှည့်ကြည့်လိုက်သည်တွင် ဦးထိန်လင်း၏သားကြီးဖြစ်သူ ကိုခင်မောင်ဝင်းကို တွေ့လိုက်ရလေ၏။

“သား ရောက်လာပြီလား၊ ဖေဖေ နေကောင်းပါတယ်”

“ဒါဆိုပြန်မယ် ဖေဖေ၊ ဖေဖေက ကျန်းမာရေးကောင်းတာမဟုတ်ဘဲနဲ့ လျှောက်သွားနေတယ်…”

ဦးထိန်လင်း၏သားကြီးသည် စောကိုကိုအား အရေးမလုပ်ပါ၊ သူတို့ဖခင်နှင့်စကားပြောနေသည့် သူ့ကိုပင် မနှစ်သက်ဟန် ပေါ်လွင်နေသောအကြည့်ဖြင့် ကြည့်လိုက်ကြပါသေး၏။

ဦးထိန်လင်းသည် သူ့အား စကားမဆို၊ နှုတ်မဆက်ဘဲ သားကြီးခေါ်ရာ လှည့်သွားလိုက်သည်။

“ဩော်…ဦး၊ ကျွန်တော် စကားပြောဖို့ တစ်ခွန်းကျန်ပါ





သေးတယ်၊ ကျွန်တော် ဦးနဲ့ထပ်ဆုံချင်ပါသေးတယ်…”

သူ လှမ်းပြောသောစကားအား သားအဖနှစ်ယောက် ရပ်နားထောင်သည်။ ပြီးမှ သူ့ထံ ဦးထိန်လင်း၏သားသည် မကျေနပ်ဟန်၊ မိုက်ကြည့်ကြည့်လာသည်။

စောကိုကိုသည်က တည်ကြည်အေးစက်သောအကြည့်တွေဖြင့်သာ တုန့်ပြန်လိုက်၏။

ဦးထိန်လင်း၏ သားသည် ဖခင်ကြီးအား တွဲခေါ်၍ ထွက်သွားကြပါပြီ…။

သူသည် ဦးထိန်လင်းနှင့်သားများအား ပို၍ စိတ်ဝင်စားမှု ဖြစ်ရသော အတွေးတို့ဖြင့် ကျန်ခဲ့လေ၏။ ။

Ø Ø Ø



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်သုံး -

သည်နေ့တွင် မာလာမိုးနှင့် စကားပြောစရာရှိ၍ ရုံးသို့ရောက်သည်တွင် မာလာမိုးရုံးခန်းထဲသို့ စောကိုကိုသည် တန်းဝင်ခဲ့ဖြစ်လေ၏။

"ဒေါ်မာလာမိုး…"

"သြော်..ဆရာ ကိစ္စရှိလား ထိုင်ပါ…"

"ရှိတယ်ဆိုပါတော့၊ စကားနည်းနည်းပြောချင်တယ်၊ အချိန်ပေးနိုင်မလား…"

"ရပါတယ် ဆရာ…"

မာလာမိုး စားပွဲရှေ့ကုလားထိုင်တစ်လုံးတွင် စောကိုကို ဝင်ထိုင်ရင်းဆိုသည်တွင် မာလာမိုးသည် သူ့စကားအတွက် ရင်ခုန်စိတ်လှုပ်ရှားစွာဖြင့် ဆိုသည်။





စောကိုကိုသည် မာလာမိုး၏ ထိုအသွင်ကြောင့် ရင်ထဲမောကာ သက်မမောအား ကြိတ်ချဖြစ်လိုက်ရ၏။

သူပြောချင်သည်က အလုပ်စကား၊ မာလာမိုးမျှော်လင့်သည်က တစ်မျိုးဖြစ်နေရသည် မဟုတ်ပါလား။ သို့သော်လည်း စောကိုကိုသည် မာလာမိုးအား မသိလိုက်ဘာသာပင် ထားပြီး စကားဆိုဖြစ်၏။

"ကျွန်တော်မေးချင်တာက ခင်မင်းမြတ်ဆိုတဲ့ အမျိုးသမီးအကြောင်းပါ…"

"သြော်..ဟုတ်ကဲ့ ပြောပါဆရာ…"

မာလာမိုးစကားသံက ခပ်လေးလေးကြီး ထွက်ပေါ်လာသည်။

"ဒေါ်မာလာမိုးတို့က ဒီမြို့သူတွေဆိုတော့ ခင်မင်းမြတ်ရဲ့ အကြောင်းတွေကို သိမလားလို့ပါ…"

သူစကားစဆိုဆဲ အခန်းထဲသို့ စာရေးကြီးကိုချစ်ကြွယ် တစ်ယောက် ဖိုင်တွဲတွေဖြင့် ဝင်ရောက်လာ၍…

မာလာမိုးသည် စိတ်ကူးရသလိုဖြင့် ကိုချစ်ကြွယ်နှင့် စောကိုကိုထံသို့ကြည့်ပြီး…

"ဆရာ..ခင်မင်းမြတ်ရဲ့သတင်းကို မိုးအနေနဲ့ အနည်းအကျဉ်းလောက်ပဲ သိပါတယ်၊ စာရေးကြီးလည်း ဒီမြို့ကပဲလေ



www.burmeseclassic.com

www.burmeseclassic.com



စာရေးကြီးက ပိုသိမလားမသိဘူး…”

“ဪ…ကဲ…ဒါဖြင့်လည်းထိုင်ပါဦး၊ ကျွန်တော် နည်းနည်း မေးချင်လို့ပါ…”

စောကိုကိုဆိုသည်တွင် လက်ထဲမှဖိုင်များ မာလာမိုးရှေ့ ချပေးလိုက်ပြီး စာရေးကြီးထိုင်သည်။

“ခင်မင်းမြတ်နဲ့ပတ်သက်တာတွေ ကျွန်တော့်ကို ပြောပြပါလား၊ ခင်ဗျားတို့နှစ်ယောက်စလုံး သိတာတွေပေါ့ဗျာ”

“ကျွန်တော်သိသလောက်တော့ ခင်မင်းမြတ်ဟာ ယောကျ်ားလေးတွေနဲ့ တော်တော်တွဲတယ်လို့ သိရတယ်…”

“ပြောရရင် ခင်မင်းမြတ်ဟာ ရည်းစားများတယ်ပေါ့ ဆရာ၊ နောက်ဆုံး သန်းဝင်းနဲ့အောင်အောင်တို့ ညီအစ်ကို နှစ်ယောက်နဲ့ကျမှပဲ ငြိမ်သွားတော့တယ်…”

“သန်းဝင်းနဲ့အောင်အောင်တို့က ရုပ်လည်းချော၊ ပိုက်ဆံလည်းချမ်းသာတယ် မဟုတ်လားဆရာ…”

“ကျွန်တော်ထင်တာ ခင်မင်းမြတ်က တစ်ကောင်ကြွက် ဆိုတော့ သူ့ဘဝအတွက် အားထားရမယ့်သူကို ရှာတယ်နဲ့ တူပါတယ်၊ ကျွန်တော်ပြောတာ မဖြစ်နိုင်ဘူးလား…”

“ဟုတ်တယ် ဆရာ၊ မိုးလည်း ခင်မင်းမြတ်ရဲ့သတင်းကို ဒီလိုပဲ ကြားမိပါတယ်၊ ခင်မင်းမြတ်ကိုတော့ အစက တစ်ခါမှ





မမြင်ဖူးပါဘူး၊ သူ့ကို ရုံးခေါ်စစ်တဲ့နေ့ကမှ မြင်ဖူးတယ်…”

“ခင်မင်းမြတ်ကို ကြည့်ရတာ ငြိမ်သက်တယ်၊ သိမ်မွေ့တယ်၊ အေးဆေးတယ်၊ သူ့ရဲ့နူးညံ့လှပမှုကတော့ မိန်းမချင်းတောင် ငေးမဆုံးအောင်ဆိုတာ ဟိုနေ့ကတည်းက မိုး သိလိုက်တယ်…”

“ခင်မင်းမြတ်ကို ခင်ဗျားတို့အရင်က မသိကြဘူးလား”

“မိုးကတော့ ခင်မင်းမြတ်ကို မသိတာအမှန်ပါ ဆရာ၊ ဘာကြောင့်လဲဆိုတော့ မိုးတို့က အသက်အရွယ်တွေ မတိမ်းမယိမ်း မဟုတ်လား…”

“စာရေးကြီးကကော…”

“ကျွန်တော်ကတော့ ကြားလည်း ကြားနေတာပဲ၊ မြင်တွေ့ဖူးတာကတော့ လွန်ခဲ့တဲ့ တစ်နှစ် နှစ်နှစ်လောက်ကတည်း ကပဲ…”

“ကြားနေတယ်ဆိုတာက ဘာအကြောင်းလဲ၊ သူ့မိသားစု အကြောင်းလား…”

“ဟုတ်ပါတယ် ဆရာ၊ သူ့အဖေက ဘဏ်မန်နေဂျာ၊ အသတ်ခံရတယ်၊ အမှုကပြီးသွားပြီ…”

“အမှုကပြီးတာမဟုတ်ပါဘူး၊ အမှုက ပိတ်လိုက်ရ တာပါ…”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါတယ် ဆရာ၊ လိုက်မရတဲ့အဆုံး အမှုကို ပိတ်လိုက်ရတာပါ..."

"အဲဒီတုန်းက စာရေးကြီး ခင်မင်းမြတ်ကို မမြင်ဖူးဘူးလား..."

"ကျွန်တော် မမြင်ဖူးဘူးဆရာ၊ အဲဒီတုန်းက ခင်မင်းမြတ်က ငယ်ဦးမှာပါ..."

"ခင်မင်းမြတ်ရှိတယ်ဆိုတာကတော့ လူတွေ သိကြမှာပေါ့..."

"ဟုတ်ကဲ့ သိကြမယ်ထင်ပါတယ်..."

"ခင်ဗျားကော သိလား..."

"ကျွန်တော်ကြားတော့ ကြားလိုက်တယ်၊ ဒါပေမယ့် အမှတ်တမဲ့ပဲ ထားမိတယ်၊ ခင်မင်းမြတ်ဟာ သူ့အဖေကြောင့် ဦးနှောက်ထိခိုက်သွားသလိုလို ကြားမိတယ်..."

"ဒါပေမယ့် ခင်မင်းမြတ်ကို ကျွန်တော် တစ်ခါမှ မတွေ့ဖူးဘူး၊ ခင်မင်းမြတ်ကလည်း ဒီမြို့မှာ မရှိဘူး၊ နောက်ပိုင်းမှ သူပြန်ရောက်လာတာ..."

"ဒေါ်မာလာမိုး..ဆရာကြီး ခေါ်ခိုင်းလိုက်ပါတယ်"

"ဟုတ်လား..."

စောကိုကိုသည် စာရေးကြီး စကားများအား နားထောင်





ကာ တွေဝေနေဆဲ ရုံးအလုပ်သမားလေးတစ်ယောက် မာလာမိုးအား လာခေါ်သံကြောင့် သူတို့အားလုံးနေရာမှ ထဖြစ်လိုက်ကြ၏။

ထို့နောက် မာလာမိုးအခန်းထဲမှ သူတို့အားလုံး ထွက်ခဲ့လိုက်ကြသည်။ မာလာမိုးသည် အရာရှိနှင့် သွားရောက်တွေ့သည်တွင် စောကိုကိုသည် သူ့ရုံးခန်းထဲသို့ ဝင်ခဲ့လိုက်လေ၏။

BURMESE CLASSIC .com

×××××

ဦးထိန်လင်း၏ နေအိမ်ကြီးတွင်ပါ။

ထမင်းစားခန်းကြီးကပင် တန်သင့်ရုံအိမ်တစ်ဆောင်စာခန့် ရှိနေရချေ၏။ ထမင်းစားခန်းကြီးသည် အဖြူရောင်ကြွေပြားများ ခင်းကပ်ထား၍ ဖြူစင်သန့်ရှင်းကာ တောက်ပနေရလေ၏။

အပြင်တွင် ပစ္စည်းပစ္စယများသည် အပိုအလိုမရှိ၊ လက်ဆေးဘေစင် ပစ္စည်းများတင်ရန် ပတ်လည်စင်နှင့် ပတ်လည်နံရံကပ်ဘီဒိုများဖြင့် သေသပ်ရှင်းလင်းနေရ၏။

အခန်းအလယ်တွင် မိသားစုစားသည့် ထမင်းစားပွဲရှည်ကြီးမှာ ခမ်းခမ်းနားနားနှင့် ထီးထီးမားမားကြီး ရှိနေရသည်။

မှန်သည်။ ထိုထမင်းစားခန်းသည် ဦးထိန်လင်းနှင့် သားများ ထမင်းစားသည့် ထမင်းစားခန်းရယ်ပါတည်း။



www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း နေ့လယ်စာထမင်းစားရန်အတွက် ထမင်းစားခန်းထဲတွင် ဦးထိန်လင်းနှင့် မိသားစုအစုံအလင်ရှိနေကြပြီဖြစ်သည်။

မသိလျှင် ဦးထိန်လင်းသည် အသက်ကြီး၍ မိသားစုကမထီလေးစားတော့ဟု အထင်ရှိကောင်းရှိကြမည်ဖြစ်သည်။ အမြင်အားဖြင့်လည်း ကြောင်အိုတော့ ကြွက်မလေးဆိုသကဲ့သို့ ဖြစ်နေသည်က အမှန်။

သို့သော် တကယ်တမ်းကမူ ဦးထိန်လင်းသည် မိမိအိမ်၌ မိမိ၏မိသားစုများအပေါ် အလွန်မှ တန်ခိုးသြဇာပြင်းထန်သူ တစ်ဦးပါတည်း။

သည်ကနေ့အဖို့ အကြောင်းတစ်ခုခုကြောင့် ထမင်းစားဝိုင်းတွင် မိသားစုစုံလင်စွာ ရှိကြရမည်ဟု ဦးထိန်လင်းအနေဖြင့် တစ်ချက်လွှတ်အမိန့်ပေးလိုက်ပါမူ…

မည်သို့ပင်အရေးကြီးနေပါစေ၊ ဦးထိန်လင်းအမိန့်အား မလွန်ဆန်ရဲ၊ မိသားစုအားလုံးသည် ထမင်းစားခန်းတွင် စုစည်းရောက်ရှိပြီးသား ဖြစ်ကြရလေ၏။

ဦးထိန်လင်းသည် ထမင်းစားစားပွဲရှည်ကြီး၏ ထိပ်တွင် နေရာယူရင်း မိသားစုအားလုံးဆီကြည့်လိုက်သည်။

ဦးထိန်လင်း၏အကြည့်သည် အေးစက်စက်ရှိ၏။ အထူး





သဖြင့် ဦးထိန်လင်း၏အကြည့်သည် သားလတ်သန်းဝင်းထံတွင် ပို၍ကျရောက်၏။

သို့သော် ဦးထိန်လင်းသည် မိမိ၏သားလတ်ဖြစ်သည့် သားချောအား ထိခိုက်စေမည့် စကားအား တိုက်ရိုက်မဆိုပါလေ။

“ကဲ -စားသောက်ကြ၊ စားရင်း အားလုံးကို ဖေဖေ ပြောစရာရှိတာ ပြောမယ်…”

ဦးထိန်လင်းဆိုသည်တွင် အားလုံးစားသောက်ကြသည်။ ဦးထိန်လင်းလည်း ထမင်းကို တဖြည်းဖြည်းချင်းစားရင်း စကားဆို၏။

“ငါ့သား အောင်အောင်ဆိုတဲ့ကလေးဟာ တော်တော်မိုက်တာ၊ ဒါပေမယ့် သူ့စိတ်ဆင်းရဲမှာစိုးလို့ ဖေဖေ မပြောပါဘူး”

“ဖေဖေထင်တာက ခင်မင်းမြတ်ဆိုတဲ့ မိန်းကလေးကို သူအပျော်ချစ်တာပဲလို့ ထင်ခဲ့တယ်…”

“ဒါပေမယ့် ဒီမိန်းကလေးကိုမှ သူတမ်းတမ်းစွဲဖြစ်နေတာ ဖေဖေတော်တော်မှ ရင်နာနာနဲ့ သိလိုက်ရတယ်”

“တကယ်တော့ ဒီမိန်းကလေးနဲ့ လုံးဝကို မပတ်သက်သင့်ဘူး၊ ဘာကြောင့်လဲဆိုတော့ ဒီမိန်းကလေးဟာ လုံးဝ မိန်းမကောင်းတစ်ယောက် မဟုတ်လို့ပဲ…”

“ပြီးတော့ အရှုးထောင်က ထွက်လာတဲ့ မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



စိတ်မနှံ့တဲ့မိန်းကလေး၊ နောက်ပြီး ယောက်ျားတကာနဲ့ကို ဖြစ်ဖူးတဲ့ မိန်းကလေး ဘာအပြစ်ကြီးစရာရှိလဲ…”

“သူ့ရဲ့ ရုပ်ရည်လှပတာကို မကြည့်နဲ့၊ အဲဒီရုပ်ရည်နဲ့ပဲ သူက လုပ်စားနေတာကွ…”

ပြောရင်း ဦးထိန်လင်းစကားသံမှာ ဒေါသသံများပါလာရကာ မာကြောပြတ်ဆတ်နေရသည်။

စကားများဆိုရင်းမှ ဦးထိန်လင်းသည် တစ်ချီတစ်ချီ သားလတ်သန်းဝင်းမျက်နှာဆီ ကြည့်သည်။

သန်းဝင်းသည် မျက်နှာပျက်နေရ၏။ စိတ်မကောင်းဖြစ်နေသည့် သူ့မျက်နှာချောချောအား ဖခင်နှင့်အစ်ကိုများရှေ့၌ အတန်ကြီးဖုံးဖိထားရဟန်ရှိသည်ကို ဦးထိန်လင်းနားလည်၏။

“အခု ဒီကောင်မလေးကြောင့် ငါတို့မိသားစု ဂုဏ်သိက္ခာ ဘယ်လောက်ကျဆင်း ထိခိုက်နေသလဲ…”

“ဒီအရှုံးမနဲ့မှ ပတ်ပတ်သက်သက်ကွာ၊ ဒီမိန်းကလေး ရှိနေသရွေ့ ငါတို့ရဲ့မိသားစုမှာ ထိခိုက်စရာဖြစ်လာမှာ ဖေဖေကြိုတင်မြင်နေပြီ…”

“ဖေဖေ ဒါဆို ကျွန်တော်တို့ ဘာလုပ်ရမလဲ…”

“ဟုတ်တယ် ဖေဖေ၊ ဖေဖေ ဒီကောင်မလေးကို မရှိစေချင်ဘူး မဟုတ်လား…”





ဖခင်စိတ်ဓါတ်ကိုသိ၍ သားကြီးကမေးသည်။

သန်းဝင်းသည် ဖခင်နှင့် အစ်ကိုမျက်နှာဆီ တစ်လှည့်စီ ကြည့်ရင်း စိတ်ထိခိုက်လှုပ်ရှားနေရချေ၏။

ဦးထိန်လင်းသည် သားလတ်ထံတစ်ချက်ကြည့်ပြီး သားကြီးဆီကြည့်ရင်း…

“မင်းတို့ကရော ငါစိတ်ချရပါ့မလား၊ ဟိုမိန်းကလေးရဲ့ အလှမှာ မင်းတို့တောင် မရစ်မူးဘူးလို့ ပြောနိုင်မလား…”

“ဖေဖေ စိတ်ချပါ၊ ဒီကောင်မလေးလောက်တော့ ကျွန်တော်တို့ ဘယ်လိုရှင်းရှင်း ရှင်းလို့ရပါတယ်…”

ဟင်းချိုသောက်ရင်း သီးမတတ်ရှိကာ သန်းဝင်းမျက်လုံးအစုံ ဝိုင်းစက်နေရတော့၏။

“အပြောမကောင်းနဲ့ မင်းတို့ဘယ်လိုရှင်းမလဲဆိုတာ ငါ့ကို ရှင်းပြပါဦး…”

“ဒီကောင်မလေးက အိမ်တွေမှာ စန္ဒယားလိုက်တီးသင်ပေးတယ်လေ ဖေဖေ”

“ဟုတ်တယ် ကျွန်တော်နဲ့တောင်မှ တစ်ခါတစ်လေ ညကိုးနာရီခွဲလောက်မှာ သူစန္ဒယားတီးသင်ရာက အပြန်နဲ့ ဆုံတတ်သေးတယ်…”

ဦးထိန်လင်းနားထောင်ရင်း ခေါင်းတညိတ်ညိတ်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေမလိုလားရင် ကိစ္စပြတ် ကျွန်တော်တို့ မနက်ဖြန်ညပဲ ရှင်းပစ်လိုက်ပါမယ် ဖေဖေ..."

"ကောင်းပြီ ရှင်းလိုက်၊ ပိပိရိရိတော့ ရှိပါစေ၊ ဒီကောင်မလေးရှိနေရင် တစ်နေ့ ဖေဖေတို့မိသားစုရဲ့ ဂုဏ်သိက္ခာကို အကြီးအကျယ်ထိခိုက်ပျက်စီးစေလိမ့်မယ်..."

ထိုစကားအား ဦးထိန်လင်းသည် သားလတ် သန်းဝင်းမျက်နှာကို ကြည့်ရင်းမှ တစ်ခွန်းချင်း အေးစက်စက်ဆိုခြင်းပါ။

သန်းဝင်းသည် ဖခင်ထံတစ်ချက်မျှကြည့်ရင်း မျက်လွှာချကာ ထမင်းကို ငုံ့စားနေဖြစ်၏။

သားကြီးဖြစ်သူ ခင်မောင်ဝင်းသည် ရုပ်ကြမ်းစိတ်ကြမ်းဖြင့် ဖခင်စိတ်ဓါတ်နှင့် တသွေမတိမ်း ရှိ၏။

ဦးထိန်လင်းကမူ ရုပ်မကြမ်းပါ၊ ချောမောခန့်ညားသော ရုပ်ရည်နှင့် အေးစက်စက်မာကြောကြော ပြတ်ပြတ်သားသားဖြင့် ရက်စက်တတ်သူဖြစ်၏။

တစ်မိပေါက်တစ်ယောက်ထွန်းဆိုသည့် စကားနှယ် ဦးထိန်လင်းတွင် သားကြီးကဖြင့် မည်သူနှင့်မျှမတူ ထူးခြား၏။

မှန်သည်။ သန်းဝင်းနှင့်အောင်အောင်တို့ အငယ်နှစ်ယောက်သည် ဖခင်ကဲ့သို့ ချောမောသည့် ရုပ်ရည်မျိုးပိုင်ဆိုင်ထားသော်လည်း ဖခင်စိတ်မျိုးခြင်းမရှိ...။





သူတို့သည် ချောမွေ့၍ သိမ်မွေ့နူးညံ့ပျော့ပြောင်းကြသည်။ အချောအလှများကိုလည်း ခုံမင်နှစ်သက်ကြသည်။ လိုလားကြသည်။

ထိုသားနှစ်ယောက်သည် မိသားစုနှင့် ဆန့်ကျင်ဘက်ဖြစ်နေသည်ကို ဦးထိန်လင်းအသိဆုံး။

ယခုပင် ထိုမိန်းကလေးနှင့်ပတ်သက်၍ မိမိ၏သားတစ်ယောက်ဆုံးရှုံးသွားပြီ။ နောက်ထပ်ထိုမိန်းကလေးနှင့် ပတ်သက်၍ မိမိသားတစ်ယောက်အား အဆုံးရှုံးမခံလိုတော့။

သည့်အတွက် သန်းဝင်းသည် မိမိအားမျက်လုံးနှင့်ကြည့်ကာ အသံတိတ်ပြောနေသည့် ဖခင်စကားများအား ကြားသိပြင်ရသကဲ့သို့ မဝံ့မရဲမျက်နှာပျက်နေရရှာပါတည်း။ ။

ØØØ



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်လေး -

ညရှစ်နာရီ.

ခင်မင်းမြတ်၏ ကားလေးသည် ကမ်းနားလမ်းဘက်မှ မှန်မှန်လေး မောင်းဝင်းလာခဲ့၏။

ဆိပ်ကမ်းလမ်းရှိ ခြံတစ်ခြံတွင် စန္ဒယားသင်ပေးပြီး ခင်မင်းမြတ်ပြန်လာခဲ့သည်။ လေကောင်းလေသန့်လေး ရှုရှိုက်ရ အတွက် ကမ်းနားလမ်းတစ်လျှောက်မှ ကားလေးအား မောင်းကာ ခင်မင်းမြတ် ပြန်လာခဲ့ခြင်းဖြစ်၏။

လမ်းတစ်လျှောက် ကားမောင်းလာခဲ့ရင်းမှ ခင်မင်းမြတ် သည် မျက်ဝန်း၌ လွန်လေပြီးသောအခါက ပုံရိပ်များအား မြင်ယောင်ကာ အတွေးမျှင်ကလေးများနှင့် ရှိလာခဲ့၏

ထိုစဉ်က မြတ်သည် အသက်ဆယ့်သုံးနှစ်သမီး။





ဧည့်ခန်းထဲတွင် ဖခင်နှင့် အေးဆေးစွာ စကားပြောဆိုနေ သည့် လူစိမ်းတစ်ယောက်။

ထိုလူစိမ်း၏သဏ္ဍာန်သည် ချောမောခန့်ညားသည်။ သန့်ပြန့်သည်။ အေးဆေးတည်ငြိမ်သည်။

ထိုလူစိမ်းသည် ဖခင်အား အေးဆေးစွာ စကားပြောနေ ရာမှပင် သူဝတ်ထားသည့်အပေါ်အင်္ကျီအောက်မှ သေနတ်ကို ထုတ်ကာ ဖခင်၏နဖူးတည့်တည့်ဆီ ချိန်ရွယ်၍ ပစ်ထည့်လိုက်၏။

ဖခင်၏နဖူး၌ သွေးပွင့်လေးအား မြင်ယောင်ရသည်။ ပြီးတော့ ထိုလူစိမ်း၏မျက်နှာ၊ ထိုလူစိမ်း၏မျက်နှာသည် မြတ်၏ ဦးနှောက်ထဲ ရင်ထဲ၌ သံမှိုဖြင့်စွဲထားပြီးသား။

ဦးနှောက်နှင့် ရင်ထဲ အသိမှ ထိုလူ၏ပုံရိပ်သည် ဖျက်မရသော နက္ခတ်တစ်တွေ အများကူးထားပြီးသားရယ် မဟုတ် ပါတကား။

ဟင်း...

မြတ်သည် ကားမောင်းဆဲ အတွေးအမြင် စိတ်ကူးများ ကြားမှ သက်မမောလေးအား ချလိုက်၏။

မြတ်၏မျက်နှာလှလှလေးသည် မပြုံးမရယ်နှင့်အေးစက် စက်ရယ်ရှိပါ၏။

မြတ်သည် ကားလေးအား ချိုးကွေ့ကာ မောင်းခဲ့



www.burmeseclassic.com

www.burmeseclassic.com



သည်။ ကားလေးအားမှန်မှန်မောင်းနှင်နေဆဲ နောက်ဘက်မှအပြင်းမောင်းလာသည့် ကားမီးရောင်အား တွေ့လိုက်ရသည်။

သို့သော်လည်း မြတ်သည် အမှတ်တမဲ့ဖြင့် ကားကိုသာဆက်မောင်းခဲ့၏။ နောက်ဘက်မှကားသည် မြတ် ကားလေးအားမီ၍လာသည်။

ထိုကားသည် မြတ်ကားနှင့်တစ်ချက်မျှ ဘေးချင်းယှဉ်လာ၏။ မြတ်သည်လည်း အမှတ်တမဲ့ပင်မကြည့်ဖြစ်ဘဲရှိ၏။

တစ်ချိန်မှာတော့ ထိုကားသည် မြတ်၏ကားလေးအားအနည်းငယ်ကျော်တက်ပြီးနောက် မြတ်၏ကားရှေ့တွင် ကန့်လန့်ထိုးခံကာ ရပ်လိုက်လေ၏…

အို…

ကျွီး…

မြတ်သည် အလန့်တကြားလေးဖြစ်ကာ ကားဘရိတ်ကိုဆောင့်နင်းရပ်လိုက်ရသည်နှင့်တစ်ပြိုင်တည်း…

ရှေ့ကားမှလူတစ်ယောက်လက်ထဲရှိသည့် အရာလေးတစ်ခုအား ဖျတ်ကနဲတွေ့မြင်မိလိုက်ရသည်တွင် မြတ်၏စိတ်ကူး၌လည်း မိမိကိုယ်မိမိ ကာကွယ်ဟူသောအသိဉာဏ်သည် တစ်ဆက်တည်းဖြစ်ပေါ်လာလေ၍ မြတ်သည် ကားထဲတစ်ကိုယ်လုံးဝပ်ချလိုက်၏။





ဒုတ်…ဒုတ်…

ချွင်း…ချွင်း…

ခပ်အုပ်အုပ်မြည်သံနှစ်ချက်နှင့်အတူ မြတ်၏ကားရှေ့မှန်များသည် မွမွကွဲကြေသွားရပါတော့၏။

သည့်နောက်မတော့ ရှေ့မှဆီးရပ်နေသော ကားသည်တစ်ချီတည်းနေရာမှ အပြင်း မောင်းထွက်သွားလိုက်ပါတော့သတည်း…။

မြတ်၏ကားလေးသည် လမ်းခုလတ်၌ပင် ငြိမ်သက်ဆဲရှိကျန်ခဲ့လေ၏။ ဘာလေမှ မြတ်သည် ကိုယ်လေးအားတုန့်ခိုက်နေသလို အေးဆေးစွာထူမတ်လိုက်၏။

ဆံနွယ်လေးများကြားမှ မှန်ကွဲစလေးများသည် လျောကျ၍သွားသည်။ နက်မှောင်သောဆံနွယ်များကြားမှ ဝင်းပနေသည့် မြတ်မျက်နှာလေးသည် ထိတ်လန့်ချောက်ချားဟန်ရှိနေသည်ကဖြင့်အမှန်ပါ…။

မြတ်သည် မိမိဘဝအတွက် မည်ကဲ့သို့ကာကွယ်မှုမျိုးလိုအပ်နေပြီဖြစ်ကြောင်း စဉ်းစားတွေးခေါ်မိသောအသွင်လေးတို့ဖြင့်လည်း တအောင့်မျှငြိမ်သက်စွာရှိနေရပါလေသတည်း။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



မြတ် ပြောတဲ့စကားတွေကိုတွေးကြည့်ရင် စိတ်ဝင်စားစရာကောင်းတယ်၊ သူဟာတစ်ယောက်ထဲ သူ့အတွက်ရပ်တည်ကာကွယ်ပေးမယ့်သူမရှိဘူးတဲ့…

တစ်ခုတည်းသော သူ့အတွက်ကာကွယ်ပေးတာကတော့ သူ့ရဲ့အသံဖမ်းစက်ကလေးပဲတဲ့…

ဟိုတစ်ချိန်က ခုလိုအသံဖမ်းစက်ကလေးကို သူ အသုံးချရမှန်းသိမယ်ဆိုရင် ဒီကနေ့ သူဟာ အားလုံးကိုရင်ဆိုင်ရှင်းပြနိုင်မယ်တဲ့…

ဟင်း…ဒီစကားတွေက မြတ် ကိုရည်ရွယ်ပြီးပြောတာလဲ၊ သူမဖခင် အသတ်ခံရတဲ့အကြောင်းကိုပဲ ရည်ရွယ်ပြီးပြောတာလား…

ပြီးတော့ စဉ်းစားစရာက ကိုအောင်အောင် အသတ်ခံရတဲ့ကိစ္စဟာ မြတ်နဲ့ပတ်သက်ပြီး၊ သူတို့ညီအစ်ကိုအချင်းချင်းပဲ ဖြစ်တဲ့ကိစ္စလား…

စောကိုကိုသည် လှန်ထွာမှုဖွဲ့မက်စရာကောင်းသည့် မြတ်၏ပုံရိပ်ကလေးကိုမြင်ယောင်ရင်း မြတ်အကြောင်းအား တွေးနေဖြစ်ရသည်။

ထူးဆန်းသည်က သူသည် ခင်မင်းမြတ်၏ဖခင်မှန်းမသိခင်ကတည်းကပင် ဦးမြတ်မင်း အသတ်ခံရမှုအား စိတ်ဝင်စားခဲ့





မိ၏။

ယခုမှ မန်နေဂျာ ဦးမြတ်မင်းသည် ခင်မင်းမြတ်၏ဖခင်မှန်းသိလိုက်ရပြီးနောက် သူသည် ထိုအမှုအားပို၍စိတ်ဝင်စားနေမိရပါတော့၏။

တီး…တီး…

သူသည် ဧည့်ခန်း၌သောက်လက်စကော်ဖီခွက်ပင် အေးသွားသည်အထိ ခင်မင်းမြတ်အကြောင်းများအား တွေးနေဆဲ အပြင်မှလူခေါ်ဘဲလ်သံကြောင့် စဉ်းစားဟန်ဖြင့် သူ မျက်မှောင်တစ်ချက်တွန့်သွားရ၏။

တစ်ဆက်တည်းလည်း သူသည် နေရာမှထကာ ချောင်းကြည့်ပေါက်မှကြည့်လိုက်သည်တွင် မျှော်လင့်မထားသော ခင်မင်းမြတ်ကို တွေ့လိုက်ရလေ၍ ကပျာကယာပင် သူသည် တံခါးကိုဖွင့်ပေးဖြစ်လိုက်ရပါလေ၏။

"မြတ်…"

အိမ်ထဲဝင်လာသည့် ခင်မင်းမြတ်အား တံခါးပြန်ပိတ်ရင်း အံ့သြစွာ သူ ကြည့်ဖြစ်ရင်းခေါ်သည်တွင် ခင်မင်းမြတ်သည် နှုတ်ခမ်းလေးစေ့ကာ ယဲ့ယဲ့လေး သူ့အားပြုံးပြပါသည်။

"ဧည့်ခန်းထဲသွားရအောင်…"

သူဆိုရင်း ခင်မင်းမြတ်နှင့်အတူ ဧည့်ခန်းဆီလှမ်းခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



“ထိုင်ပါ...”

သူဆိုသည်တွင် ခင်မင်းမြတ်ရောသူပါ မျက်နှာချင်းဆိုင် ဆက်တီတစ်ခုစီတွင် ဝင်ထိုင်ဖြစ်ကြသည်။

“ဩော်..မြတ် တစ်ခုခုသောက်မလား၊ ကျွန်တော် ကော်ဖီဖျော်ပေးမယ်....”

“မသောက်တော့ပါဘူးရှင်၊ ကျွန်မ သောက်ခဲ့ပါပြီ...”

သူ မေးသည်တွင် အေးဆေးစွာ ခင်မင်းမြတ် ဆိုသည်။ ထိုသည်က ခင်မင်းမြတ်၏ ပုံမှန်ခွဲမကာ်စေသည့်ထူးခြားသော စတိုင်လ်လေးလားပင်မဆိုင်နိုင်ပါ...။

ခင်မင်းမြတ်၏ မျက်နှာလေးမှအရိပ်များအား သေချာကြည့်နိုင်ကာမှ မြင်တွေ့ရသည်ကိုမှ သူ သတိထားမိပြီဖြစ်၏။

မှန်သည်။ အဘယ်ကြောင့်ဆိုသော် စောစောကတစ်ခုံတစ်ရာအတွက် ထိတ်လန့်ချောက်ချားဟန်နှယ် ခင်မင်းမြတ်၏မျက်နှာလေးသည် ဖြူရော်ရော်ရှိနေရပြီး ယခုမှ ခင်မင်းမြတ်၏မျက်နှာလေးသည် သွေးရောင်လွှမ်းလာသည်ကို သူ သတိထားတွေ့မိရသောကြောင့်ပါတည်း...။

“မြတ် အခုဘယ်ကလာတာလဲ၊ ဘယ်လိုစိတ်ကူးနဲ့ ကျွန်တော့်ဆီရောက်လာတာလဲ...”

“ကျွန်မ စန္ဒယားတီးသင်ရာက ပြန်လာတာပါ၊ ကျွန်မ





ပြန်လာတဲ့အချိန်က ရှစ်နာရီပါ...

အခု ဆရာ့ဆီရောက်လာတဲ့အချိန်က ဆယ်နာရီထိုးခါနီးပြီ၊ ကျွန်မလည်း မလာသင့်တော့မှန်းသိပါတယ်...

ဒါပေမဲ့ ကျွန်မမှာ အကြောင်းကိစ္စရှိလို့ ဆရာဆီ လာခဲ့တာပါ၊ အနှောင့်အယှက်တွေပေးမိတာ ခွင့်လွှတ်ပါ...”

“ဟာ..မဟုတ်တာပဲဗျာ၊ အပွန်း..ကျွန်တော် ဒီလိုမထင်ပါဘူးဗျာ၊ ဒါနဲ့ မြတ်ရဲ့ကိစ္စက...”

“ဟုတ်ကဲ့၊ ကျွန်မရဲ့ကိစ္စတွေကို ခုလိုပြောလို့မရဘူး၊ နည်းနည်းအချိန်ယူပြောမှရမယ်...”

သူသည် ခင်မင်းမြတ်၏တစ်ခွန်းချင်းပြောတတ်သော စကားတို့ကို ခပ်ပြုံးပြုံးဖြင့်နားထောင်ရင်း စကားဆိုပါသည်။

“အင်း..ပြောရမယ်ဆိုရင် ကျွန်တော်က အမှုလိုက်တဲ့ ရဲတစ်ယောက်ဆိုတော့ အားလပ်တဲ့အချိန်တိုင်း အမှုအကြောင်းတွေ စဉ်းစားနေရတယ်...

စောစောကတင်ပဲ မြတ်နဲ့ကိုအောင်အောင်အကြောင်းကို ကျွန်တော် စဉ်းစားနေမိပါသေးတယ်...”

“ကိုအောင်ကသေပြီပဲ၊ ကိုအောင်နဲ့ကျွန်မရဲ့ကိစ္စက ပြီးသွားပါပြီ...”

“ဒါဖြင့် ကိုသန်းဝင်းနဲ့ကကော..”



www.burmeseclassic.com

www.burmeseclassic.com



"သူကလည်း သူ့ညီလိုပါပဲ၊ လူတကာတွေဘယ်လိုပြော ပြော၊ ဘယ်လိုထင်ထင် ကျွန်မအနေနဲ့ သူတို့ကိုလိုအပ်တယ်…"

စောကိုကို မျက်ခုံးတစ်ဘက်တက်သွားရသည်။ ခင်မင်းမြတ်သည် အေးဆေးစွာစကားဆက်ဆို၏။

"ဖြစ်နိုင်ရင် သူတို့ညီအစ်ကိုသုံးယောက်စလုံး ကျွန်မကို နှစ်သက်ကြမယ်ဆိုရင် ကျွန်မလည်း အားလုံးကိုလက်ခံမယ်…"

"လက်ထပ်ဖို့ကို တစ်ဦးတစ်ယောက်မှမရွေးချယ်ဘူး လား၊ ဒါမှမဟုတ် ရွေးချယ်ဖို့စိစဉ်နေတာလား…"

"သူတို့ကိုလက်ထပ်ဖို့ ကျွန်မ တစ်ခါမှမစဉ်းစားခဲ့ဘူး"

သူသည် အာမေဋ္ဍိတ်သံမထွက်သွားစေရန်ထိန်းရင်း အပြုံးဖြင့် ပခုံးတစ်ချက်ကိုတွန့်လိုက်သည်။

"ကျွန်မကို လူတွေကပြောကြတယ်၊ ရည်းစားများတယ် တဲ့၊ လူတွေဝေဖန်ဟာမှန်တယ်ပဲထား၊ ကျွန်မက သူများတွေထက် သူတို့ညီအစ်ကို,ကိုပဲ ပိုပြီးနှစ်သက်ပါတယ်…"

အေးစက်စက်နှင့်လေးလေးနက်နက် ခင်မင်းမြတ် ဆိုသည်။ သူသည် ခင်မင်းမြတ်၏ပွင့်လင်းပြတ်သားသော စကားများအတွက် ရင်ဝယ်တစ်လှပ်လှပ်လှုပ်ရှားကာ ခပ်နှင့်နှင့်ရှိနေရသလိုပါ…။

သို့သော်လည်း သူသည် ဘာကြောင့်မှန်းမသိပါ။ ခင်မင်း





မြတ်အား လုံးဝအထင်သေးခြင်းမဖြစ်ပေါ်မိပါလေ…။

"ကျွန်တော့်အမြင်တော့ မြတ်ရဲ့တစ်ကိုယ်လုံးဟာ မွေးညင်းနုလေးတွေကအစ ဆွဲဆောင်မှုရှိပြီး စိတ်ဝင်စားမြတ်နိုးစရာကောင်းနေပါတယ်…."

ထိုစကားကိုဖြင့် သူသည် ခင်မင်းမြတ်အတွက် အမှန်ပင် ရင်ထဲရှိတာ ပြောလိုက်မိခြင်းဖြစ်၏။

သူ ပြောလိုက်သောစကားအတွက် ခင်မင်းမြတ်သည် တစ်ချက်မျှ သူ့ထံမျက်ဝန်းချင်းဆုံကာ ကြည့်လာ၏။ ခင်မင်းမြတ်၏ ထိုသို့သောအကြည့်သည်က ယခင်နှင့်မတူ၊ တမူထူးခြားနေသည်ဟု သူ ထင်သည်။

"ကျွန်မကိုချီးမွမ်းတာ ကျေးဇူးတင်ပါတယ်ရှင်…"

"ဒါ ကျွန်တော် အမှန်ကိုပြောတာပါ…"

"ဒါဖြင့် ဆရာ့ရင်ထဲရှိတဲ့စကားလား…"

ခင်မင်းမြတ်၏အမေးတွင် သူသည် အသဲစိုင်တစ်စိုင်လုံး လှုပ်ခါနေပါတော့၏။ သူ့အကြည့်များသည် ခင်မင်းမြတ်ထံ ကျရောက်နေပါသည်။ ထိုအကြည့်များသည် ရွှန်းလဲ့တောက်ပနေသည်ဟုလည်း သူ ယုံကြည်၏။

ခင်မင်းမြတ်သည်လည်း သူ့အားကြည့်နေသည်။ ခင်မင်းမြတ်၏အကြည့်သည် နက်ရှိုင်း၍ သူ့အသဲစိုင်းအား [illegible]နေသည့်



www.burmeseclassic.com

www.burmeseclassic.com



နှယ်ပါတည်း…။

“ကရင်း‥ရင်း…ရင်း…

သူနှင့်ခင်မင်းမြတ်သည် တစ်ယောက်ကိုတစ်ယောက် ကြည့်ကာ မျက်ဝန်းများမှတစ်ဆင့် မကြာမတင်၌အခြေအနေသည် ပြောင်းလဲအံ့ဆဲဆဲ၌ပင်…

အခန်းထောင့်မှတယ်လီဖုန်းလေး မြည်လာသံကြောင့် သူ ရောခင်မင်းမြတ်ပါ အသိဝင်လာသူများနှယ်ရှိသွားရပြီး သူသည် နေရာမှထရပ်လိုက်ရင်း…

“ခဏနော် မြတ်၊ ကျွန်တော် ဖုန်းသွားကိုင်လိုက်ဦးမယ်”

“ဟုတ်ကဲ့…”

သူသည် ဖုန်းလေးရှိရာလှမ်းခဲ့လိုက်ပြီး ဖုန်းလေးအား ကောက်ယူနားထောင်လိုက်သည်။

“ဆရာ‥ဆရာ့ဆီမှာ အခု ခင်မင်းမြတ် ရှိနေတယ် မဟုတ်လား၊ အခုပဲ ကျွန်တော်နဲ့ဒေါ်မာလာမိုးတို့ ခင်မင်းမြတ် ဆရာ့ဆီသွားတဲ့အကြောင်း ပြောနေကြတာ…”

“ဟုတ်တယ် ဆရာ၊ မိုးဆီကို စာရေးကြီးရောက်လာပြီး စကားမစပ်ပြောဖြစ်ခဲ့ကြတာပါ၊ ဒါကြောင့် ဆရာ့ဆီဖုန်းဆက် ကြည့်လိုက်တာ၊ မိုးက မယုံလို့လေ…”

“နေပါဦး၊ စာရေးကြီးက ဘယ်လိုလုပ်ပြီးသိတာလဲ…”





“ကျွန်တော်က အရေးကြီးတဲ့အမှုတွဲတွေ ဒေါ်မာလာမိုး ဆီလာပို့တဲ့အချိန်မှာ လမ်းမှာ ခင်မင်းမြတ်ရဲ့ကားကိုတွေ့လိုက် တယ်လေ…

ဆရာ့အိမ်ဘက်လမ်းကို မောင်းသွားတာတွေ့လို့ ဆရာ့ဆီ သွားတာပဲဆိုတာ အတတ်သိလိုက်တာပါ…”

“အဟော်‥အင်း၊ ခင်ဗျားတော်တယ်၊ ထားလိုက်ပါတော့ ကဲ‥မနက်ဖြန်မှရုံးမှာတွေ့ကြမယ်…”

စာရေးကြီး၏ ခင်ဩဩစကားသံကြီးကို မကြားလိုတော့၍ သူသည် စကားအဆုံး ဖုန်းလေးအားချပစ်လိုက်ပါတော့၏။

ဖုန်းဆက်ပြီး၍ သူသည် ဆက်တီများဆီလှည့်အကြည့်မှာ တော့ ခင်မင်းမြတ်သည် မရှိတော့ပါ…။

သူသည် အံ့ဩစွာဖြင့် ခင်မင်းမြတ်အား လိုက်ရှာမိပါ သေးသည်။ သို့သော်လည်း ကားဟွန်းသံလေးတစ်ချက်ဖြင့် သူ့အား နှုတ်ဆက်သွားသလိုရှိမှ ခင်မင်းမြတ် ပြန်သွားပြီဖြစ်ကြောင်း သူ သိလိုက်ရ၏။

အိမ်တံခါးကိုပိတ်ပြီး သူသည် ဧည့်ခန်းရှိ မြတ် ထိုင် သွားသောနေရာသို့ ပြန်လာခဲ့သည်။

မြတ် ထိုင်သွားသောနေရာလေးတွင် တမ်းတစွာသို့ ထိုင်လိုက်သည်တွင် စားပွဲပေါ်၌စာရွက်လေးတစ်ရွက်နှင့် မြတ်



www.burmeseclassic.com

www.burmeseclassic.com



ရေးသွားသောစာကြောင်းလေးများအား သူ ဖတ်မိလိုက်ရပါလေ၏။

ဆရာ ကျွန်မ ပြန်သွားပါပြီ၊ အချိန်မတော်နှောင့်ယှက်မိတာ ခွင့်လွှတ်ပါ၊ ဆရာ့ကို ကျွန်မ စကားပြောစရာရှိပါတယ်၊ ဖြစ်နိုင်မယ်ဆိုရင် မနက်ဖြန်ည(...)စားသောက်ဆိုင်မှာ ကျွန်မနဲ့ ညစာစားရင်းပြောချင်ပါတယ်၊ ဆရာ လာမလာတော့မသိဘူး၊ ကျွန်မတော့ သွားစောင့်နေမယ်၊ တစ်နာရီတိတိစောင့်လို့မှ ဆရာ မလာရင် ကျွန်မ မစောင့်တော့ပါဘူး...

ကျေးဇူးတင်စွာဖြင့်

ခင်မင်းမြတ်...

စောကိုကိုသည်စာဖတ်ပြီးနောက် ရင်ခုန်ခြင်းများစွာဖြင့် အတွေးသည်လည်း နက်ရှိုင်းနေဖြစ်ရပါသတည်း။ ။

Ø Ø Ø





- တစ်ဆယ့်ငါး -

စောကိုကိုသည် ရုံးသို့ရောက်သည်နှင့် မာလာမိုးနှင့်စာရေးကြီးထံ အရာရှိရုံးခန်းဆီလာခဲ့ကြဖို့ လက်ဟန်ပြရင်း သူက ဦးစွာ လှမ်းဝင်သွားလိုက်သည်။

အရာရှိရုံးခန်းထဲ၌လူစုံသည်နှင့် သူသည် စကားမဆိုဘဲ နေ့ညက ခင်မင်းမြတ် ရေးပေးသွားသည့်စာရွက်လေးအား အရာ ကြီးထံ လှမ်းပေးလိုက်သည်။

ဆရာ ဦးဉာဏ်မြင့်သည် စာကိုဖတ်ပြီး မာလာမိုး ဖတ်ရန် ပေးလိုက်သည်။ မာလာမိုး စာကိုဖတ်ပြီး အရာရှိထံပြန်ပေးလိုက် သည်။



www.burmeseclassic.com

www.burmeseclassic.com



သည် ရဲတွတ်သွားရလေ၏။

စာရေးကြီးသည် ခင်မင်မြတ် ရေးသောစာကိုမဖတ်ရသည့်တိုင် သူတို့ပြောသောစကားများတွင် အားလုံးသဘောပေါက်သိရှိနေပြီဖြစ်၏။

"ဆရာကြီးပြောတာ မှန်ပါတယ်…"

စောကိုကိုထံကြည့်ပြီး ထောက်ခံဆိုသည်။ မာလာမိုးသည် စိုးရိမ်မျက်နှာလေးဖြင့် စိတ်ပျက်ပျက်ရှိရင်း…

"ဆရာ စောကိုကိုနဲ့ချိန်းထားတဲ့ညမှာပဲ ကိုသန်းဝင်းနဲ့ပါ ချိန်းထားရင် ပြဿနာဖြစ်ဦးမလားမသိဘူး…"

"ကိစ္စမရှိပါဘူး၊ မြတ်ဟာ နားလည်ရခက်ပေမယ့် ကျွန်တော့်အမြင်မှာ အလွန်မှရိုးသားတယ်လို့ထင်မိတယ်…"

"ညီအစ်ကိုနှစ်ယောက် တစ်ပြိုင်တည်းတွဲပြီး အသတ်ခံရတဲ့ကိစ္စကို ဘယ်လိုပြောမလဲ၊ ပြီးတော့ သူနဲ့ပတ်သက်ပြီး သူ့ရဲ့အိပ်ခန်းထဲမှာလေ…"

"ဒါကတော့ ခင်မင်းမြတ်ဟာ တစ်ယောက်တည်းသမီးမို့ ပိုက်ဆံချမ်းသာတဲ့ ကိုအောင်အောင်ဟာ မြတ်ရဲ့အားနည်းချက်ကိုရဲတင်းစွာအသုံးချတာပါပြောလည်း မမှားဘူးထင်ပါတယ်…"

"ဒါဖြင့် အခုလက်ရှိ ကိုသန်းဝင်းနဲ့ဖြစ်နေတာကရော"

"ကိုသန်းဝင်းဘက်က မှန်တယ်၊ သူ ခင်မင်းမြတ်ကို





တကယ်နှစ်သက်တာ၊ ဒါပေမဲ့ ခင်မင်းမြတ်က လုံးဝစည်းမကျော်ဘူး…"

စောကိုကို စကားတွင် မာလာမိုး နှုတ်ဆိတ်သွားသည်။

"ကဲ ဒီကိစ္စတော်ပြီး၊ ဆရာပဲပြောတော့မယ်၊ ဆရာ စောကိုကို ညကျရင်သွားလိုက်ပါ၊ စာရေးကြီးက ပတ်ဝန်းကျင်ကိုကြည့်ပေးဖို့ ခပ်လှမ်းလှမ်းမှာနေဖို့လိုက်သွားပါ…

ဆရာ စောကိုကိုက အခြေအနေကို သူ့ဟာသူသုံးသပ်ပြီး လုပ်ဆောင်သွားမယ်၊ ပတ်ဝန်းကျင်ရှင်းလင်းရင် စာရေးကြီးအိမ်ပြန်နိုင်တယ်…"

"ဟုတ်ကဲ့ ဆရာ…"

ဆရာကြီး ဦးဉာဏ်ဝင်း စကားအဆုံး၌ စာရေးကြီးတက်ကြွစွာ ဆိုသည်၊ စောကိုကိုသည် ခင်မင်းမြတ်နှင့်တွေ့ဆုံရမည့်အရေး ရင်ခုန်၍နေပါသတည်း…။

× × × × ×

(…)စားတော်ဆက်၊ စောကိုကိုသည် နက်ပြာရောင်ကား စုံလေးဖြင့် လှပနုနယ်လွန်းသော ခင်မင်းမြတ်၏အလှအားကြည့်၍မဝနိုင်အောင်ရှိနေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခင်မင်းမြတ် ဝတ်ထားသည်နက်ပြာရောင်ဝတ်စုံလေးနှင့် မီးရောင်အောက်၌ ခင်မင်းမြတ်၏အသားလေးများသည် ရွှေရောင်တောက်နေသကဲ့သို့ရှိတော့၏။

ခင်မင်းမြတ်၏ အလှအပများသည် စောကိုကိုအား ပို၍ရင်ခုန်နေစေရလေ၏။

"ဆရာ စောကိုကို စားပါဦးရှင်..."

"ဒီစားပွဲကို ကျွန်တော်ပဲရှင်းပါရစေ..."

"ကျွန်မက စဖိတ်တာပါ..."

"ယခင်းကတည်းက ကျွန်တော်က ကျွေးချင်နေသူပါ"

"ဒါဖြင့်လည်း နောက်တစ်ခါကြုံရင်ကျွေးပါ..."

"အခုပဲကျွေးမယ်..."

"အဟင်း..ကောင်းပြီလေ..."

"ကဲ..မြတ်ရေကျွန်တော်ပါ ကောင်းကောင်းစားကြမယ်နော်၊ ပြီးတော့ မြတ် ပြောစရာရှိတာ ကျွန်တော့်ကိုပြောပြပါ"

"ဟုတ်ကဲ့..နည်းနည်းပြောမယ်၊ ပြောချင်တာကတော့ အများကြီး၊ ဒါပေမဲ့ အခုနည်းနည်းပဲပြောမယ်၊ ကိုအောင်အောင် အကြောင်းကနေစပြောမယ်..."

"အင်း..ကျွန်တော် နားထောင်နေပါတယ်..."

စောကိုကိုနှင့်ခင်မင်းမြတ်သည် သာယာအေးဆေးစွာ





ားသောက်ရင်း စကားများဆိုသည်။ ခင်မင်းမြတ်သည် သူမ ုံးစံအတိုင်း စကားကိုတစ်ခွန်းချင်းဆို၍ စောကိုကိုသည်က င်မင်းမြတ်၏အလှကိုခံစားရင်း သူမပြောသောစကားတွေကို လည်း စိတ်ဝင်စားစွာနားထောင်ဖြစ်နေ၏။

"ကိုအောင်အောင်ဟာ ရုပ်ရည်ရှိသလို၊ ပညာလည်းတော် တယ်၊ သူဟာ စာပေသမားတစ်ယောက်၊ သူ့ရဲ့စိတ်ဓာတ်က တကယ့်သူတော်ကောင်းစိတ်ဓာတ်ပါ...

ဒါပေမဲ့ သူ့ကိုကြီးကိုင်ထားတာ သူ့အဖေပဲ၊ သူ့အဖေဟာ သူ့ကိုမှမဟုတ်ဘူး၊ သားတွေအားလုံးကို ထိန်းချုပ်ထားနိုင်တဲ့အစွမ်း အာဏာရှိတယ်..."

"အဟွန်း..မြတ်က သူတို့မိသားစုအကြောင်းကို တော် တော်လေ့လာထားတယ်နဲ့တူတယ်..."

"ဟုတ်တယ်..."

ပြုံးပြုံးလေးဖြင့် ခင်မင်းမြတ် ဆိုသည်။ ခင်မင်းမြတ် သည် ဟက်ဟက်ပက်ပက်မရယ်တတ်သလိုပါ...။

"သူတို့ရဲ့အဖေ ဦးထိန်လင်းဟာ သူတို့ညီအစ်ကိုတွေ ာယ်မှာရှိတယ်၊ ဘာလုပ်တယ်ဆိုတာ အကုန်အနံ့ခံနိုင်တယ်၊ ရခံနိုင်တယ်၊ ကျွန်မပြောတဲ့စကားတွေ ဆရာ စောကို[illegible]နား လည်မလားတော့မသိဘူး..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ပြောပါ၊ ကျွန်တော် နားလည်သင့်သလောက် နားလည်ပါတယ်၊ နားမလည်တာရှိလည်း ပြန်စဉ်းစားရမှာပေါ့"

"ဦးထိန်လင်းဟာ ဒီမြို့မှာတော့ ပြိုင်စံရှားတဲ့နာမည်ကြီး ပုဂ္ဂိုလ်တစ်ဦးပါ၊ ငွေကြေးပြည့်စုံတာ သားတွေကို အုပ်ချုပ်နိုင်တာ တွေလေ..."

"အင်း..ကျွန်တော်လည်းသိပါတယ်၊ ဒီမြို့ကလူတွေ အားလုံးလိုလိုကလည်း သူတို့မိသားစုကို အားကျပြီးချီးမွမ်းနေကြ တာပဲလေ..."

"အဟင်း..အင်း..."

ခင်မင်းမြတ်သည် ဖြည်းဖြည်းလေးပြုံး၍ ခေါင်းလေး ညိတ်သည်။ စကားများဆိုရင်း ခင်မင်းမြတ်သည် ထမင်းစားပြီး သွားဟန်ရှိ၏။

စောကိုကိုသည်လည်း ခင်မင်းမြတ်ကို ကြည့်နေရ၍ဝနေ သည့်အလားရှိနေပါ၏။ ခင်မင်းမြတ်ကဲ့သို့သော ငြိမ်သက်အေးစက် လွန်းသည့် မိန်းမချောမျိုး သူ မမြင်တွေ့ဘူးခဲ့ပါ...။

သူသည် ခင်မင်းမြတ်မျက်နှာလေးဆီ ငေးကြည့်လွန်း၍ မြတ်သည် အနေခက်သလိုပင်ရှိနေတော့သည်။ စကားပင် ဟဟ မဆိုတော့ပါ...။

"မြတ် ဝပြီလား..."





"ဟုတ်ကဲ့..."

"မြတ် စကားပြောဦးမယ်ဆို၊ ပြောလေ..."

"ကျွန်မ ဆက်ပြောချင်စိတ်မရှိတော့ဘူး၊ ကျွန်မ အိမ် ပြန်ချင်ပြီ..."

"ကျွန်တော် လိုက်ပို့မယ်..."

"ကိစ္စမရှိပါဘူး..."

"ကျွန်တော် လိုက်ပို့ပါရစေ..."

သူသည် ခင်မင်းမြတ် ငြင်းနေသည့်ကြားကပင် ခင်မင်း မြတ်အား အတင်းလိုက်ပို့ရန် ပြောဆိုနေမိသည်။

နေရာမှ ခင်မင်းမြတ် ထွက်သွားသည်တွင် သူသည် ငွေရှင်းပြီးထွက်လိုက်ခဲ့၏။ ခင်မင်းမြတ် ကားလေးရှေ့မှမောင်း ထွက်သွားသည်တွင် သူ နောက်မှမောင်းလိုက်ခဲ့သည်။

တစ်အောင့်ခန့်ကြာသည်တွင် ခင်မင်းမြတ် နေထိုင်သော အိမ်သို့ ရောက်ခဲ့လေ၏။ ခင်မင်းမြတ်သည် ခြံထဲသို့ကားမောင်း ဝင်လိုက်သည်တွင် သူသည်လည်း လိုက်မောင်းဝင်ခဲ့သည်။

ခင်မင်းမြတ်သည် သူ့ထံလုံးဝလှည့်မကြည့်ပါဘဲနှင့် ကား ဂိုဒေါင်ထဲကားသွင်းပြီး သူမအိမ်တံခါးကိုဖွင့်ကာ ဝင်သွားသည်။

သူသည် ခင်မင်းမြတ် တံခါးပြန်မပိတ်ခင် ခင်မင်းမြတ် နောက်မှကပ်၍ လိုက်ဝင်သွားပြီးတံခါးကို သူ ကိုယ်တိုင်ပင်ပိတ်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။

ခင်မင်းမြတ်သည် သူ့အား အေးဆေးစွာ တစ်ချက်မော့ကြည့်သည်တွင် သူသည် ထိန်းချုပ်နိုင်စွမ်းမရှိတော့သလိုပါ။

"ကိုယ် မင်းကိုချစ်တယ်..."

စောကိုကိုသည် ခင်မင်းမြတ်အား ရူးမူးစွာထွေးဖက်နမ်းရှိုက်ရင်း ရင်မှပေါက်ပေါက်ကွဲကွဲ ဆိုမိပါတော့သည်။

ခင်မင်းမြတ်သည် ရင်ခွင်ထဲမှလေးနက်ရှုန်းစိုသော မျက်ဝန်းလေးတွေဖြင့် စောကိုကို့ကို မော့ကြည့်လာသည်။

"ကိုယ်တကယ်ပြောတာပါ မြတ်၊ ကိုယ့်ဘဝမှာ စစဦးဦးချစ်မိတဲ့သူဟာ မင်းပါ၊ ကိုယ်ဟာ ချစ်တယ်ဆိုတဲ့ဒီစကားတစ်ခွန်းကို ဘယ်တုန်းကမှ၊ ဘယ်သူ့ကိုမှလွယ်လွယ်နဲ့မပြောခဲ့ပါဘူး..

ချစ်တယ် မြတ်ရယ်၊ မင်းနဲ့ကျမှ မင်းနဲ့တွေ့မှ ကိုယ့်ချစ်စိတ်တွေနိုးထရတာပါ၊ ကိုယ်လည်း ကိုယ့်ကိုယ်ကို အံ့သြမိတယ်..."

"ဆရာ စောကိုကို..."

"မြတ်ရယ်..."

သူ့ကို ခင်မင်းမြတ် ခေါ်သည်တွင် သူသည် မချင့်မရဲ ထူးမိသည်။

"ကျွန်မရဲ့သတင်းက သင်းနေပြီးသားပါ၊ ကျွန်မဟာ





ရည်းစားများတယ်၊ ယောကျ်ားတွေကိုလှည့်စားတယ်လို့..."

"ဒါတွေ ကိုယ် လက်မခံဘူး၊ ကိုယ် သိတာ မင်းကိုမြင်တဲ့သူတိုင်း အားကျနစ်သက်တယ်၊ ယောကျာ်းတိုင်းမြတ်နိုးတယ်..."

"ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်မရဲ့အကြောင်းကို ဆရာ စောကိုကို မသိသေးပါဘူး..."

"သိသင့်သလောက်သိပါတယ်..."

"သိသင့်သလောက်ဆိုတာ မပြည့်စုံသေးတဲ့အဓိပ္ပာယ်ပါ..."

"မင်း ပြောလေ၊ မင်း ကိုယ့်ကိုချစ်တယ်၊ ယုံကြည်တယ်ဆိုရင်ပြောပါ..."

"တစ်ခုပြောမယ်..."

"ကိုယ် နားထောင်နေတယ်..."

"အခု ကျွန်မ ပြောတဲ့စကားဟာလည်း ပထမဦးဆုံးနဲ့နောက်ဆုံးပါ..."

"ပြောပါဦး အချစ်ရယ်..."

"ဆရာ စောကိုကို့ကို ကျွန်မ ချစ်တယ်၊ ယုံကြည်တယ်၊ အားကိုးတယ်..."

"ဟား..ဝမ်းသာလိုက်တာ မြတ်ရယ်၊ မင်းအတွက် ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်၊ မင်းကိုလည်း ကိုယ် ယုံတယ်...''

သူဆိုရင်း မြတ်ကိုယ်လေးအား ပွေ့ချီကာနှစ်ယောက်ထိုင်ဆိုဖာတွင် နှစ်ဦးသားထိုင်လိုက်သည်။

ချစ်သူအား ရင်ခွင်ဝယ်နွေးထွေးစွာထားရင်း အကြင်နာနှင့်အနမ်းပွင့်များကို ဝေဆာသောအချစ်ဥယျာဉ်ကြီးတွင် သူတို့ရှိနေကြ၏။

အချိန်တို့သည် မည်မျှရွေ့လျားသွားသည်မသိတော့ပါ။ ညည့်ခန်း၏မီးရောင်မှိန်မှိန်လေးအောက်၌ ချစ်သူနှစ်ဦးသည် ငြိမ်သက်စွာရှိနေကြ၏။

အင်း..အင်း..အင်း..အို..ဘုရား..ဘုရား ကယ်ပါ...

စောကိုကိုသည် ရုတ်တရက်ရင်ခွင်ထဲမှ ခင်မင်းမြတ်ကို ငုံ့ကြည့်ရင်း နားမလည်ဖြစ်သွားရ၏။ အဘယ်ကြောင့်ဆိုသော် သူ့ရင်ခွင်ထဲမှ ချစ်သူသည် တဆတ်ဆတ်တုန်နေသကဲ့သို့ရှိကာ ဝမ်းနည်းကြေကွဲထိတ်လန့် ချောက်ချားစွာဖြင့် နှုတ်မှကတုန်ကရင်လေး ရေရွတ်နေရှာသည်မဟုတ်ပါတကား...။

''မြတ်..မြတ် ကိုယ်ပါ၊ မြတ် ဘာဖြစ်လဲပြောပါဦး အချစ်ရယ်...''

မြတ်ကိုယ်လုံးလေးအား သာသာလှုပ်၍ သူ မေးဖြစ်သည်တွင် ခင်မင်းမြတ်သည် ခဏမျှတွေဝေနေပြီးကာမှ...





''ခွင့်လွှတ်ပါ၊ ကျွန်မ အိပ်ပျော်သွားတယ်ထင်ပါတယ်၊ ကျွန်မ အိပ်ပျော်ရင် ဒီလိုပဲတစ်ခါတစ်ခါ အိပ်မက်ဆိုးတွေမက်ပြီး ယောင်တတ်တယ်...''

သူသည် ခင်မင်းမြတ် စကားများအတွက် အတွေးမပေါက်သော်လည်း စဉ်းစားဟန်ဖြင့် တွေတွေဝေဝေဖြစ်သွား၏။

ခင်မင်းမြတ်၏စကားကို တော်ရုံတန်ရုံပြောသည့် စိတ်ဆန္ဒမျိုးမရှိတတ်၍ သူသည် မချင့်မရဲဖြင့်အားမရဖြစ်ရ၏။

သို့သော်လည်း သူသည် ခင်မင်းမြတ်ကို စိတ်အနှောင့်အယှက်မဖြစ်စေလို၍ ထပ်မမေးတော့ပါ...။

''မြတ် အချစ်အားရှိအောင် ကောင်းကောင်းလေးအိပ်လိုက်နော်...''

အိမ်ရှေ့အရောက်၌ စားပွဲထက်မှ ခင်မင်းမြတ်၏စလင်းဘက်ခ်လေးအားဖွင့်ကာ သူ စိတ်ဝင်စားစရာတစ်ခုခု ရလိုရငြား ကပျာကယာ ရှာဖွေကြည့်လိုက်သည်။

ခင်မင်းမြတ်၏ စလင်းဘက်ခ်ထဲမှ ပိုက်ဆံအိတ်ကလေးကို သူ ဖွင့်ကြည့်လိုက်သည်။ ပိုက်ဆံအိတ်ထဲမှ စာတ်ပုံတစ်ပုံကို သူ တွေ့လိုက်ရ၏။

ထိုဓာတ်ပုံသည် အမျိုးသားကြီးတစ်ယောက်ဓာတ်ပုံ၊ ထိုအမျိုးသားကြီးသည် ခင်မင်းမြတ်၏ဖခင်ပုံဖြစ်မည်ဟု ခန့်မှန်းကာ



www.burmeseclassic.com

www.burmeseclassic.com



သူသည် ထိုခာတ်ပုံအား ယူထားလိုက်၏။

သူသည် မြတ်၏လက်ကိုင်အိတ်ကလေးအား ခြေရာလက်ရာမပျက် ပြန်ထားလိုက်သည်တွင် ဆိုဖာတစ်ခုလက်တန်းပေါ်မှရှိနေသည့် ဟန်းဖုန်းလေးအား တွေ့လိုက်ရလေသော်...

ဟင်..ကြည့်စမ်း၊ ဒါ ငါ့ဖုန်းပဲ၊ မြတ်နဲ့မတွေ့ခင်က စာရေးကြီးဆီမှာ ထားခဲ့တဲ့ဖုန်း၊ ဒီလူက ဒီအိမ်ထဲတောင်ရောက်လာသေးတာကိုး...

သူသည် စာရေးကြီး၏လျှင်မြန်ပြီး ပါးနပ်ပုံကိုသိလိုက်ရ၍ ကိုယ့်အကြောင်းကိုယ် မလုံမလဲဖြစ်မိရင်း ရှက်သလို၊ ဒေါသထွက်သလိုဖြင့် စာရေးကြီးနှင့်တွေ့ရန် အချိန်အားစောင့်နေရပါလေသတည်း။ ။

ØØØ





- တစ်ဆယ့်ခြောက် -

စောကိုကိုသည် မိုးလင်းသည်နှင့် စာရေးကြီးအိမ်သို့ရောက်လာခဲ့သည်။ စာရေးကြီးဆီသို့ သူ ရောက်လာခဲ့သည့်အချိန်သည် ခြောက်နာရီခွဲသာရှိပါသေး၏။

စာရေးကြီးခြံရှေ့သို့ သူ့ကားလေးအရောက်၌ အိပ်ရာထက်မှ စောစောနိုးတတ်ဟန်ရှိသော စာရေးကြီးကတော်သည်။ အလှအပများချယ်မှုန်းပြီးသားနှင့် ခြံထဲတွင်ပန်းအိုးလေးများအား လျှောက်ကြည့်နေဟန်တူပါ၏။

သူ့ကားသံကြားသည်တွင် စာရေးကြီးကတော်သည် ခြံတံခါးကို လာရောက်ဖွင့်ပေးသည်။

"စာရေးကြီးကတော် စာရေးကြီးနိုးပြီလား..."



www.burmeseclassic.com

www.burmeseclassic.com



"နိုးပါပြီ ဆရာ၊ သူက အိပ်ရာစောစောထတတ်ပါတယ်၊ အခုဆို ကော်ဖီသောက်နေမယ်ထင်တယ်၊ လာပါ ဆရာ အိမ်ထဲဝင်ပါ..."

ကားပေါ်မှဆင်းရင်း သူ မေးသည်တွင် စာရေးကြီးကတော်သည် သူ့အမေးတွေကိုဖြေရင်း အိမ်ထဲသို့ဦးဆောင်ခေါ်ခဲ့၏။

သူသည် စာရေးကြီးကတော်နှင့်အတူ စာရေးကြီးအိမ်ထဲသို့ လှမ်းဝင်လိုက်သည်တွင် လွန်စွာမှအံ့သြသွားရပါလေ၏။

အဘယ်ကြောင့်ဆိုသော် စာရေးကြီး၏အိမ်သည် ခေတ်ပေါ်ပစ္စည်း၊ ခေတ်ပေါ်အိမ်သုံးပစ္စည်းများဖြင့် သေသပ်လှပခမ်းနားစွာ ဆောက်လုပ်ထားသည့် တစ်ထပ်ခွဲတိုက်လေးမို့ စာရေးကြီးနေနိုင်သည့်အဆင့်ကို သူ အံ့သြမိရခြင်းပါ...။

စာရေးကြီး၏လစာနှင့်ဆိုလျှင် ထိုသို့အိမ်မျိုးမဆိုနှင့် အိမ်ပိုင်နှင့်ပင်နေနိုင်မည့်အခွင့်အရေးမျိုး ရှိမည်မဟုတ်ပါလေ...။

စာရေးကြီး၏အမျိုးသမီးသည် အရောင်းအဝယ်လုပ်သည်ဟု သူ သိထားသော်လည်း ဘာလုပ်သည်ကို သူ အတိအကျမသိ၊

စာရေးကြီးတို့မောင်နှံတွင် ကလေးမရှိ၊ ဇနီးမောင်နှံလုပ်အားဖြင့် စီစစ်ချွေတာစုဆောင်းကာ ထိုသို့နေနိုင်ခြင်းဖြစ်မည်ဟုလည်း သူ တွေးမိသည်။





စာရေးကြီးသည် လွန်စွာမှငွေအသုံးအစွဲချွေတာ၍ အနေအထိုင်ကျစ်လျစ်သိပ်သည်းသူမှန်း သူ သိထားသည်မဟုတ်ပါလား။

သူသည် အိမ်ရှေ့မှမီးဖိုဆောင်ထမင်းစားခန်းအထိ စာရေးကြီးကတော်နှင့်အတူ အိမ်ထဲဝင်ခဲ့ရင်းမှ အိမ်၏လှပခမ်းနားပုံကို ကြည့်ရင်း တွေးဖြစ်ခဲ့ခြင်းပါ..။

"အစ်ကို ဒီမှာ ဆရာစောကိုကို ရောက်နေတယ်..."

"ဟာ..ဆရာ အစောကြီးရောက်လာတာကိုး၊ လာပါ ဆရာ၊ ကျွန်တော် ကော်ဖီဖျော်လိုက်မယ်..."

အေးဆေးစွာကော်ဖီသောက်နေသော စာရေးကြီးသည် သူ့ကိုတွေ့သည်တွင် တလေးတစားပျာပျာသလဲဆီးကြိုကာ ကော်ဖီထဖျော်၏။

"ထိုင်ပါ ဆရာ..."

"အစ်ကို ညီမ ဈေးသွားတော့မယ်နော်..."

"အေး..အေး..."

ဈေးသွားရန် စာရေးကြီးကတော် ထွက်သွားသည်။ သူသည် စာရေးကြီးတို့ဇနီးမောင်နှံနှင့်လှပသော ထမင်းစားခန်းနှင့်မီးဖိုဆောင်အား ကြည့်ဖြစ်၏။

စာရေးကြီး၏ဇနီးသည် စာရေးကြီးနှင့်အသက်အားဖြင့် အတန်ကွာလိမ့်မည်ဟု သူ တွေးထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အသက်ငယ်ငယ်ဇနီးလေးအား ယူထားသည့်စာရေးကြီးသည် ဇနီးလေးအား အလိုလိုက်အကြိုက်ဆောင်ပေးရမည်ကိုလည်း သူ တွက်မိ၏။

ထို့ကြောင့်လည်း စာရေးကြီးသည် ကိုယ်တိုင်ကော်ဖီဖျော်သောက်ရ၊ ကိုယ်တိုင်ပင်ထမင်းဟင်းထည့်ရ၊ အိမ်သန့်ရှင်းရေးလုပ်ရ ဇနီးကဘယ်နေရာမှာလာကြိုဆိုလျှင် ကြိုရစသည်ဖြင့် စာရေးကြီးလှုပ်ရှားပုံများအား သူ မှတ်မိနေခြင်းကြောင့်ပါ…။

စာရေးကြီး၏ ထမင်းစားခန်းနှင့်တွဲလျက်ရှိသော မီးဖိုဆောင်သည် လွန်စွာခေတ်မီနေသည်ကိုလည်း သူ သတိထားမိ၏။

"ဆရာ သောက်ပါဦး…"

သူသည် မသိမသာတွေးဆဲ စာရေးကြီးရောက်လာပြီး ဆိုလာသံကြောင့်…

"ကျေးဇူးပဲ၊ ခင်ဗျားတော့ တော်တော်လျင်တဲ့သူပဲ၊ မြတ်အိမ်ထဲကိုတောင် ခင်ဗျားရောက်လာသေးတယ်မဟုတ်လား…"

"ဟား..ဆရာ ကျွန်တော် မရောက်ပါဘူး…"

စာရေးကြီးသည် အဓမ္မငြင်းသည်။ သူသည် အဓိပ္ပာယ်မရှိသလိုပြုံးဖြစ်ကာ ကော်ဖီပူပူကို သောက်လိုက်သည်။

"တကယ်ပါ ဆရာ၊ ကျွန်တော် မရောက်ပါဘူး…"

မှင်သေသေဖြင့် စာရေးကြီးသည် စောကိုကို,ကို ထပ်၍





ညာသည်။ သူသည် စာရေးကြီးအား ဘာမှပြောမနေတော့ဘဲ သူ့အကျီအိတ်ထဲမှ ဟန်းဖုန်းလေးအားထုတ်ကာ စားပွဲပေါ်တင်ပြလိုက်လေမှ…

ဟဲ..ဟဲ..ဟဲ…

စာရေးကြီးသည် တစ်ချက်မျှကြောင်ကာ ပြီးမှတဟဲဟဲရယ်ပါ၏။ သူသည် စာရေးကြီးအသွင်အား အေးဆေးစွာပင်ကြည့်ရင်း…

"ခင်ဗျားငြင်းဦးလေ…"

"ဟဲ..ဟဲ..ကျွန်တော်က စေတနာနဲ့မေ့..အဲလေ တမင်ထားခဲ့တာပါ ဆရာ၊ ဆရာ ကျွန်တော့်ဆီ အချိန်မရွေးဆက်သွယ်နိုင်အောင်လို့ပါ…"

"ခင်ဗျားဘယ်လို အိမ်ထဲဝင်ခဲ့တာလဲ…"

"ပြတင်းပေါက်တစ်ခု ဟပဟလေးဖြစ်နေတာတွေ့တာနဲ့ အဲဒီကဝင်ခဲ့တာ၊ ခင်မင်းမြတ်ရဲ့အိမ်ထဲမှာ ဆရာရှိနေတာသေချာသိ ကျွန်တော် စိတ်အေးပြီးအိမ်ပြန်ခဲ့လိုက်တာပါ…"

ရှက်တတ်သောသူသည် စာရေးကြီးစကားအတွက် ကျက်နှာအထားရခက်သွားရ၏။

"ကျွန်တော် နားလည်ပါတယ် ဆရာ၊ ဒါက နှုတ်သားရေးရာပါ…"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ..ထားပါတော့ဗျာ၊ ကျွန်တော်တို့ စားသောက်ဆိုင်မှာရှိတုန်းက မသက်ာစရာဘယ်သူ့ကို ခင်ဗျားတွေ့ခဲ့သလဲ..."

"ဘာမှမမြင်မိပါဘူး ဆရာ၊ ဒါနဲ့ခင်မင်းမြတ်ကရော ဆရာ့ကိုပြောမယ်ဆိုတဲ့စကားတွေ ဘာပြောသေးလဲ..."

"အောင်အောင်ရဲ့အကြောင်းတွေပဲပြောတယ်၊ တခြား ဘာမှမပြောဘူး၊ ခင်မင်းမြတ်ဟာ စကားနည်းတယ်၊ အေးစက်တယ်၊ တော်တန်ရုံစကားမဆိုလို့ အားမရပါဘူး...

စကားပြောရင်လည်း သူ ပြောချင်ရာပဲပြောသွားတယ်၊ ဘာမှဖြတ်မေးလို့မရဘူး၊ သူ ပြောတဲ့စကားတွေပေါ်မှာပဲလိုက်ပြီး မေးရတယ်..."

"ဒါဖြင့် ညတုန်းက ခင်မင်းမြတ်ဆီက ဆရာ ဘာမှထွေထွေထူးထူးမသိလိုက်ရဘူးပေါ့..."

"ဟုတ်တယ်..."

ထိုစကားအား စောကိုကိုသည် သူ့အတွေးနှင့်သူ ရက်ရက်နှင့်ပင် ဆိုလိုက်ရခြင်းပါတည်း...။

× × × × ×

ခင်မင်းမြတ် နေသောအိမ်တွင်ပါ...။ အချိန်သည် နံနက်ရှစ်နာရီရှိပြီဖြစ်၏။

ကရင်း..ရင်း..ရင်း...





နံနက်စာကော်ဖီသောက်မည့်ဆဲဆဲ အိမ်ရှေ့မှဖုန်းမြည်သံလေးကြားလိုက်ရ၍ ခင်မင်းမြတ်သည် ကော်ဖီခွက်လေးပါယူပြီး အိမ်ရှေ့သို့ ထွက်ခဲ့လေသည်။

ကရင်း..ရင်း..ရင်း...

အမြန်ကိုင်ရန် ဖုန်းလေးသည် ခင်မင်းမြတ်အား ထပ်ခေါ်ပြန်သည်မို့ ခင်မင်းမြတ်သည် ကပျာကယာဖုန်းလေးအား ကောက်ယူနားထောင်လိုက်၏။

"ဟဲလို..."

"ဟဲလို..ခင် ကိုသန်းဝင်းပါ..."

"ဩော်..ကိုသန်းဝင်း၊ ဘာကိစ္စလဲ ပြော..."

"ခင် မနေ့ညက တစ်ညလုံးဘယ်သွားလဲ၊ ကိုယ် ဖုန်းဆက်တာမရဘူး..."

သန်းဝင်းအမေးအတွက် ခင်မင်းမြတ်သည် တစ်ချက်မျှအေးဆေးစွာပြုံးဖြစ်ရင်း ညက ကိုသန်းဝင်းထံမှ တယ်လီဖုန်းလာမည်စိုး၍ တယ်လီဖုန်းကြိုးလေးအား ခင်မင်းမြတ် ဖြုတ်ထားခဲ့သည်မဟုတ်ပါလား...။

"ဩော်..ဟုတ်တယ်၊ ကျွန်မ ဖုန်းကြိုးလေးဖြုတ်ထားတယ်လေ..."

"ဘာဖြစ်လို့လဲ၊ ကိုယ် ဘယ်လောက်စိတ်ပူနေမလဲဆို



www.burmeseclassic.com

www.burmeseclassic.com



တာ ခင် မသိဘူးလား...''

"အဟင်း...ကျွန်မ နေမကောင်းလို့ပါ၊ ဟိုနေ့ကလန့်ဖျားဖျားသွားတာ အခုမှနည်းနည်းကောင်းသွားတယ်..."

"ဘာကြောင့် လန့်ဖျားဖျားရတာလဲ..."

တစ်ဘက်မှ ကိုသန်းဝင်း စိတ်လှုပ်ရှားစွာဖြင့် မျက်မှောင်တွန့်ကာဆိုသည်တွင်...

"ကိုသန်းဝင်း..."

"ပြောပါ ခင်..."

"ခုချိန်ကစပြီး ကျွန်မနဲ့ရှင် လုံးဝမပတ်သက်ရင် အကောင်းဆုံးပါ..."

"ခင် ဘာပြောတယ်..."

"ကျွန်မ ပြောတာရှင်းရှင်းလေးပါ၊ ရှင်နဲ့ကျွန်မ မပတ်သက်ချင်တော့ဘူး၊ ဘာကြောင့်လဲဆိုတော့ တကယ်တမ်းအသက်အန္တရာယ်ကိုရန်ရှာချင်နေတာ ကျွန်မကိုပါ...

ကိုအောင်အောင် အသတ်ခံရတဲ့အမှုမှာလည်း တကယ်တမ်းသေစေချင်လို၊ သတ်စေချင်လိုတာက ကျွန်မကိုပါ...

ဒါပေမဲ့ ကျွန်မ မသေခဲ့ဘူး၊ ကျွန်မကို ဘယ်သူတွေက အသက်အန္တရာယ်တွေရှာချင်နေလဲဆိုတာ ကိုသန်းဝင်းစိတ်မှာလည်း သိကောင်းသိမယ်ထင်ပါတယ်...





တကယ်လို့ ကျွန်မ စကားပြောမှားရင် ခွင့်လွှတ်ပါ၊ လွန်ခဲ့တဲ့နှစ်ရက်သုံးရက်လောက်က ညတစ်ညမှာ ကျွန်မ စန္ဒယားတီးသင်ပြန်လာရာက လမ်းမှာလူနှစ်ယောက်က ကျွန်မကို လုပ်ကြံသွားတယ်...

ဒါပေမဲ့ ကျွန်မ မသေခဲ့ပြန်ဘူး၊ ရှင်နဲ့ပတ်သက်နေရင် ကျွန်မအတွက် အန္တရာယ်တွေပိုများလာနိုင်တယ်...

ဒါကြောင့် ကျွန်မနဲ့မပတ်သက်ပါနဲ့တော့၊ ရှင့်မိဘအသိုင်းအဝိုင်းက ကျွန်မရှင့်ကို ဖြားယောင်းနေတယ်လို့ထင်နေမှာ...

တကယ်တမ်းက ကျွန်မရှင့်အပေါ်ထားတဲ့စိတ်ထားကို ရှင်အသိဆုံးမဟုတ်လား၊ ရှင် ကျွန်မကို အဆက်အသွယ်ထပ်မလုပ်ပါနဲ့တော့..."

ခင်မင်းမြတ် စကားအဆုံး ဖုန်းချလိုက်တော့သည်။ တစ်ဘက်မှ သန်းဝင်းသည် ခင်မင်းမြတ် ပြောသောစကားများအတွက် စိတ်လှုပ်ရှားကာ စိတ်ထိခိုက်ခြင်းများစွာဖြင့် တွေဝေငေးငိုင်နေမိရပါလေ၏။ ။

Ø Ø Ø



www.burmeseclassic.com

www.burmeseclassic.com



## - တစ်ဆယ့်ခုနစ် -

တတ်နိုင်သူတွေမို့ သစ်ခွပန်းအမျိုးမျိုးအား ရှာဖွေစုဆောင်းကာ တယုတယ၊ တစ်ခမ်းတနားကြီး စိုက်ပျိုးထားနိုင်၏။

အမျိုးအစားအလျောက် ရာသီလိုက်၍ပွင့်လာသည့်သစ်ခွပန်းလေးများကိုကြည့်ရင်းဖြင့်လည်း ဥယျာဉ်မှူးသည် ကြည်နူးပီတိဖြစ်ရသည်ပါ...။

မှန်ပါ၏။ အထူးသဖြင့် ထိုပန်းကလေးများအား အလေးထားယုယတတ်သူမှာ ဦးထိန်လင်းပင်မဟုတ်ပါလား...။

အသက်ကြီးလျှင် သစ်ပင်စိုက်ပါဆိုသည့်နယ် ဦးထိန်လင်းသည်က ပန်းပင်များစိုက်၍ စိတ်ကြည်နူးချမ်းသာမှုကိုရှာဖွေ၏။





ဦးထိန်လင်း စိုက်ပျိုးမွမ်းမံပြင်ဆင်ထားသည့် သစ်ခွရုံကြီးကဖြင့် ခမ်းနားလွန်းပါဘိ...။

အိမ်ကြီးတစ်ဆောင်ထက် ကြီးမားသောသစ်ခွရုံကြီးထဲတွင် တစ်ခါတစ်ရံ ဦးထိန်လင်း အချိန်များကုန်ဆုံးသွားသည်။

သစ်ခွရုံကြီးထဲ ဦးထိန်လင်းရှိနေလျှင် သားကြီးသည်လည်း ဦးထိန်လင်းနှင့်အတူရှိနေတတ်သည်ပါ...။

ယခုလည်းပဲ ဦးထိန်လင်းသည် သစ်ခွရုံကြီးထဲတွင် သားကြီးနှင့်အတူရှိရင်း အစို့လေးများထွက်လာသည့် သစ်ခွပင်ကလေးများအား လျှောက်ကြည့်ရင်း...

ပိုးသတ်ဆေး၊ အားဆေးနှင့်အမှိုက်သရိုက်များအား လိုက်၍လုပ်ဆောင်ပေးနေ၏။

"မောင်ဝင်း..."

"ဗျာ..ဖေဖေ..."

"ဒီအပင်ကအိုးမှာကြပ်နေပြီ၊ ခွဲစိုက်ရအောင်၊ အိုးသစ်သွားယူပြီးတော့ အုန်းဆံနဲ့မီးသွေးခဲပါနည်းနည်းထည့်လာ..."

"ဟုတ်ကဲ့ ဖေဖေ..."

"ဪ..နေဦး..."

"ဘာလုပ်ပေးရဦးမလဲ ဖေဖေ..."

"ဒီပန်းတွေကို ဘုရားပန်းတင်ဖို့ အရင်ခူးသွားပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ဦး…”

“ဟုတ်ကဲ့ ဖေဖေ…”

“ပြီးတော့ ဟိုဘက်သစ်ခွစင်နားမှာ ရေပန်းခရားရှိတယ်၊ ဖေဖေ့ကိုသွားယူပေးခဲ့…”

“ဟုတ်ကဲ့ ဖေဖေ…”

သားကြီးဖြစ်သူ ခင်မောင်ဝင်းအား တစ်ဆက်တည်းခိုင်းလိုက်ပြီးနောက် ဦးထိန်လင်းသည် ပန်းပင်ခွဲစိုက်မည့်ပန်းအိုးလေးအား မည်သို့ခွဲစိုက်မည်ကို သေချာစွာကြည့်ရှုနေဆဲ…

ဘုရားပန်းတင်ရန် ပန်းတွေကိုင်၍အိမ်ဘက်သို့လှည့်ထွက်သွားနေသည့် ခင်မောင်ဝင်းသည် သစ်ခွရုံကြီးအားပတ်၍ သဇင်တိုင်များကြားမှအထွက်…

ဒုတ်…

အင့်..ခွပ်….

ခင်မောင်ဝင်းသည် ရုတ်တရက်မို့ ဘာဖြစ်လိုက်သည်ကိုပင် မသိလိုက်၊ မိမိလက်မောင်းတွင် စူးကနဲဖြစ်ကာ နာကျင်မှုအား ခံစားနေရလေ၏။

ဟင်…

ဝုန်းကနဲ ပြိုလဲသံ၊ ကွဲသံမျိုးကြားလိုက်ရသည့် ခင်မောင်ဝင်းသည် ဘာရယ်မဟုတ် အသံကြားမှလှမ်းအကြည့် မျက်နှာပိတ်





ထားသည့် လူနှစ်ယောက်၏အရိပ်အား ရိပ်ကနဲတွေ့လိုက်ရခိုက်..

“ဖေဖေ သတိထား…”

“ဝှီး..ဒုတ်…”

“အင့်…”

ဝှီး..ဒုတ်…

အဖြစ်အပျက်တွေက မြန်ဆန်ရှုပ်ယှက်ခတ်သွားရသည်။

အ…

အင့်…

“ဟင်..သား၊ မောင်ဝင်း…”

ဖခင်ထံလှမ်းသတိပေးရင်း ဓားတစ်လက်က ခင်မောင်ဝင်းထံ ပြေးဝင်လာ၍ ခင်မောင်ဝင်းကား မရှောင်သာတော့ပါ..။

ဦးထိန်လင်းသည်လည်း လက်မောင်း၌ရှပ်ထိကာ အချိန်မှီ နေရာတွင် ဝပ်ချလိုက်၏။

သားထက်ပင် လျှင်မြန်ဖျတ်လတ်သေးသည်ဟုပင် ဆိုရပေမည်။ ဦးထိန်လင်းသည် လက်မောင်းမှဒဏ်ရာကိုပင် ဂရုမစိုက်…။

သစ်ခွစင်တန်း၏အောက်ဆီသို့ ကိုယ်ကိုလိမ့်၍လျှင်မြန်စွာ ဝင်ရောက်ကာအကာအကွယ်ယူလိုက်သည်။

ဦးထိန်လင်းသည် သစ်ခွစင်အောက်ရှိ ပန်းအိုးပန်းခက်



www.burmeseclassic.com

www.burmeseclassic.com



ပန်းရွက်များကြားမှ ထူးဆန်းသောလူနှစ်ယောက်ကို အခြေအနေ ကြည့် အကဲခတ်လိုက်သည်။

မျက်နှာတွေပိတ်ထားသည်မို့ မည်သူမည်ဝါရယ် ဦးထိန် လင်း မသိ၊ လူဆိုးနှစ်ယောက်သည် မိမိစီစိန်ကိုပါ အပြတ်ချွေရန် ကြိုးစားနေသည်ကိုဖြင့် ဦးထိန်လင်း နားလည်နေ၏။

သစ်ခွရုံကြီးထဲ ဘယ်နေရာတွင်ဘာရှိသည်ကို ဦးထိန် လင်းသာအသိဆုံး၊ အန္တရာယ်နှစ်ကောင်သည် စမ်းတဝါးဝါးဖြင့် ဦးထိန်လင်းအား တစ်လှမ်းချင်းလှမ်းကာ ရှာဖွေနေဆဲ…

ဦးထိန်လင်းသည်လည်း သစ်ခွစင်အောက်မှ တဖြည်း ဖြည်းချင်းတွားသွားခဲ့ရင်း သစ်ခွပင်နှင့်သစ်ခွပန်းများအား ထောင့် ကန်ထားသည့်ထောင့်တိုင်များဆီသို့ ရောက်လာခဲ့၏။

ဦးထိန်လင်းသည် အန္တရာယ်ကောင်တွေဆီ တစ်ချက်အား ရစ္စာ လှမ်းကြည့်လိုက်သည်။ အန္တရာယ်ကောင်နှစ်ယောက် သစ်ခွ ရုံအလယ်သို့ရောက်သည်နှင့် ဦးထိန်လင်းသည် ထောင့်တိုင်ကြီး နှစ်တိုင်အား ဖြုတ်ချထွန်းဖယ်လိုက်သည်မှာတော့…

ဝုန်း…ဝုန်း…

အား…အား…

အထက်မှပန်းအိုးများနှင့် ထုပ်တန်းများပြိုကျသည့်ကြားမှ အန္တရာယ်ကောင်နှစ်ကောင်သည် ရုန်းမထွက်နိုင်ပါတော့…။





ဦးထိန်လင်းသည် မိမိ၏သစ်ခွရုံကြီးထဲမှ ပြိုကျကုန်သော ပန်းအိုးများနှင့်သစ်တန်းများဆီသို့ကြည့်ပြီးမှ မိမိကိုယ်မိမိ ပြန်ငုံ့ ကြည့်၏။

လက်မောင်းမှသွေးတို့သည် စီးကျနေသည်ကို တွေ့သည် တွင် မျက်လုံးထဲမိုက်ကနဲဖြစ်သွားရသကဲ့သို့ ခံစားရကာ ဦးထိန် လင်းသည် နေရာ၌လဲ့ကျသွား၏။

ဘစ်ဆက်တည်းလည်း ဦးထိန်လင်းနားထဲမှ အဝေးမှ ထွက်ပေါ်လာသည့် ဆေးရုံကားဥသြဆွဲသံ ရဲဝိုင်ယာလက်ကားသံ နှင့်လူသံများအား သဲ့သဲ့မျှကြားလိုက်ရသကဲ့သို့ ရှိပါသတည်း…။

× × × × ×

စောကိုကိုသည် ကိုယ်ရောစိတ်ပါ ပင်ပန်းမှုတွေရှိရသော် လည်း ချစ်သောချစ်သူ မြတ်ဆီသို့ မြတ်နှင့်အတူ ညစာစားရန် အတွက် ရောက်ရှိလာခဲ့၏။

သူရောက်သည်နှင့် မြတ်သည် သူ့အား လှပသောအပြုံး လေးတွေဖြင့် ဆီးကြိုသည်။

စောကိုကိုသည် မြတ်၏ရှားပါးလှပသော [illegible]အမော ပြေရ၏။ သည့်အတွက် သူသည် သူ ဝယ်[illegible]စားစရာများ



www.burmeseclassic.com

www.burmeseclassic.com



အား မီးဖိုဆောင်ဘက်သို့ယူလာပြီး ကိုယ်တိုင်ပင် ပန်းကန်တွေထဲသို့ ထည့်လိုက်သည်။

ခင်မင်းမြတ်ကလည်း ချစ်သူကို လိုက်၍ကူညီရှာသည်။

"အမောပြေသံပုရာရည်လေး ကျွန်မ ဖျော်တိုက်မယ်နော်..."

"သိပ်ကောင်းတာပေါ့..."

ဟင်းတွေထည့်ပြီး၍ ထမင်းအုပ်ဖြင့်အုပ်ထားပြီးသည်တွင် ချစ်သူထံကြည့်ကာ ခင်မင်းမြတ်ဆို၍စောကိုကိုသည် ကြည်ကြည်နူးနူးကြီး ဆိုဖြစ်ရ၏။

ခင်မင်းမြတ် သံပုရာရည်ဖျော်နေသည်တွင် သူသည် တစ်ချိန်လုံး သူမ၏နောက်ကျောတွင်ရှိကာ ငေးနေမိသည်။

"ကဲ..လာအိမ်ရှေ့မှာ အေးအေးဆေးဆေး သွားသောက်ရအောင်..."

"အင်း..အချစ်ကိုလည်း မောင် ပြောပြစရာတွေရှိတယ်..."

"ဘာတွေလဲဟင်..."

ချစ်သူနှစ်ဦး စကားတွေဆိုရင်း အိမ်ရှေ့သို့ထွက်ခဲ့ကြသည်။ ဧည့်ခန်းထဲနှစ်ဦးသား ပူးကပ်စွာထိုင်မိသည်တွင် ဘာတွေလဲဟူသောအမေးအား ခင်မင်းမြတ်သည် အကြည့်မှုက်ဝန်းလေး





ဖြင့်မေးလာလေ၍...

သူသည် သံပုရာချိုချဉ်လေးကိုသောက်ရင်း လက်တစ်ဘက်မှလည်း ချစ်သူအား သိုင်းဖက်ထားရင်းက...

"ဒီနေ့ ဦးထိန်လင်းကို ဆေးရုံတင်လိုက်ရတယ်..."

"ဩော်..."

"ဒဏ်ရာကလက်မောင်းမှာရသွားတာ၊ လူကြီးဆိုတော့ သွေးထွက်လွန်တဲ့ဒဏ်မခံနိုင်ဘူးလေ၊ ဒါကြောင့် ဆေးရုံပို့လိုက်ရတယ်..."

ခင်မင်းမြတ်သည် ဩော်ဟုသာတစ်ခွန်းမျှဆိုပြီး ရှေ့ဆက်၍ ဘာမှမမေးမစမ်းပါဘဲနှင့် သူသည်သာ ဆက်၍ပြောပြနေဖြစ်၏။

"စိတ်မကောင်းစရာကတော့ ဦးထိန်လင်းရဲ့အားကိုးရတဲ့သားအကြီးဆုံးလည်း ဒီနေ့ပဲဆုံးသွားပြီ၊ အင်း..ဦးထိန်လင်းမှာ သားလတ်တစ်ယောက်ပဲကျန်တော့တယ်...

တကယ်တော့ သူတို့လုပ်ကြံခံရတာ၊ ဦးထိန်လင်းက အသက်ကြီးပေမယ့်မဆိုးဘူး၊ သူ့အန္တရာယ်ကိုတော့ သူ ကောင်းကောင်းကာကွယ်နိုင်တယ်...

လူသတ်သမားနှစ်ယောက်ကို ဦးထိန်လင်းကတွေ့ပြီး ပြန်ပြီးလက်တုန့်ပြန်နိုင်တယ်၊ သူတို့မှာကလက်နက်နဲ့လေ ဦးထိန်



www.burmeseclassic.com

www.burmeseclassic.com



လင်းကလည်း နိုင်ရာနဲ့လုပ်ရတော့တာပေါ့…"

စောကိုကို ပြောသမျှစကားများအား ခင်မင်းမြတ်သည် ဘာမျှမဆို၊ ခေါင်းမညိတ်ခေါင်းမခါ မေးစမ်းခြင်းမပြုပါဘဲနဲ့ မရယ်မပြုံး အေးစက်စက်ကလေးပင် နားထောင်နေလေ၏။

စောကိုကိုသည် ခင်မင်းမြတ်ကို အကဲခတ်သလို၊ သတိထားကြည့်ရင်းကပင် စကားတွေဆက်ဆိုသည်။

"လူဆိုးနှစ်ယောက်လည်း သေသွားတယ်၊ တစ်ယောက်ယောက်ရှင်ရင်တော့ သဲလွန်စရနိုင်တယ်၊ ဒါပေမဲ့ လူဆိုးတွေကလည်း ကြေးစားတွေပါ၊ သူတို့ကို ဘယ်သူငှားလဲတော့မသိဘူး၊ ဘယ်သူက ကြေးစားတွေငှားပြီး ဦးထိန်လင်းတို့သားအဖတွေကို သတ်ချင်နေလဲမသိဘူး…"

"ဘယ်အချိန်ကဖြစ်တာလဲ…"

စောကိုကိုသည် ချစ်သူ့မျက်နှာလေးဆီ အကဲခတ်နေဆဲ ခင်မင်းမြတ် တစ်ခွန်းမေးလာသည်။

"နံနက်ဆယ်နာရီလောက်က…"

"သြော်…ကဲပါလေ၊ ကျွန်မတို့ ဒီအကြောင်းတွေမပြောဘဲနေကြရအောင်…"

"မြတ်က ဘာအကြောင်းပြောချင်လဲ၊ မောင့်ကိုပြောစရာရှိလား…"





"ရှိတယ်…"

"ကဲ…ပြော…"

"ကျွန်မ အလေးအနက်ပြောမှာနော်…"

"လေးနက်မှုကို မောင် အလိုလားဆုံးပါ…"

"ကျွန်မတို့ ဒီမြို့ကနေထွက်သွားကြရအောင်၊ ပြီးတော့ ကျွန်မတို့ လက်ထပ်မယ်…"

"မြတ် တကယ်ပြောတာလား…"

"ကျွန်မ အလေးအနက်ပြောတာလို့ ပြောပါပကော…"

"အင်း…ဟုတ်ပြီ၊ တစ်ခုတော့ရှိတယ်၊ လက်ထပ်တာက အခုလက်ထပ်လို့ရတယ်၊ ဒီကထွက်သွားဖို့ဆိုတာကတော့ ဖြစ်နိုင်သေးဘူး…

ဘာကြောင့်လဲဆိုတော့ အမှုမပြီးသေးဘူးလေ၊ အမှုပြီးတဲ့အခါ အလုပ်ထွက်ပြီး မြတ် နေလိုတဲ့နေရာမှာသွားနေမယ်…"

သူ့စကားတွင် ခင်မင်းမြတ်သည် ငြိမ်သောအသွင်လေးဖြင့် ငေး၍သွား၏။ စောကိုကိုသည် ခင်မင်းမြတ်အား သံသယဖြစ်သည်မှလွဲ၍ အတတ်အကဲခတ်၍မရပါလေ…။

"အလုပ်မထွက်ရပါဘူးလေ၊ ဒီမြို့နဲ့အဝေးဆုံးမှာနေရင်ပဲလောက်ပါပြီ…



www.burmeseclassic.com

www.burmeseclassic.com



တကယ်ဆို ကျွန်မ ဒီမြို့နဲ့အဝေးဆုံးမှာ ပြောင်းနေချင်တာ ကြာပြီ၊ ဒါပေမဲ့ အားကိုးမရှိလို့ဒီမြို့မှာပဲ ပြန်နေခဲ့တာ…”

“စိတ်ချပါ မြတ်၊ မောင်တစ်ယောက်လုံးရှိပြီပဲ၊ မောင့်ကို သာအားကိုးပါ၊ မောင့်ကိုယုံပါ၊ မောင် ဆောင်ရွက်ရမယ့်တာဝန် တွေပြီးရင် ဒီမြို့နဲ့အဝေးဆုံးကို မောင် ခေါ်သွားမယ်…”

ဟင်း…အင်း…

သူ့စကားတွင် ခင်မင်းမြတ်သည် သက်ပြင်းမောလေးဖြင့် အင်းချ၏။ သူမသည် တဖြည်းဖြည်းနှင့်သူ့ရင်ခွင်ထဲ တိုးဝင်လာ သည်။ သူမ၏ကိုယ်လေးသည် အနည်းငယ်တုန်ရင်နေသကဲ့သို့ သူ သတိထားမိ၏။

“မြတ် ဘာဖြစ်လဲဟင်…”

စောကိုကို မေးသည်တွင် သူမသည် ခေါင်းလေးခါ[illegible] သည်။ သူမ၏တုန်ရင်နေသောကိုယ်လေးအား တင်းကျပ်စွာထွေ[illegible] ဖက်ထားရင်းမှ…

စောကိုကိုသည် ခင်မင်းမြတ်နှင့်ပတ်သက်၍ ခရီးတစ်[illegible] ထွက်ရန် ဆုံးဖြတ်ချက်ချလိုက်လေ၏။

မှန်ပါ၏။ သူသည် ထိုညက ခင်မင်းမြတ်နှင့်အတူ ည[illegible] စားပြီးနောက် ညဆယ့်တစ်နာရီထိုးခါနီးမှ အိမ်သို့ပြန်ခဲ့သည်။





အိမ်သို့ရောက်သည့်တိုင် သူသည် အိပ်ရာမဝင်နိုင်သေး၊ သူ့အစီအစဉ်အတွက် သူသည် အရာရှိကြီးဆီသို့ ဖုန်းဆက်တင်ပြရ လေ၏။

သည့်နောက်မှာတော့ သူသည် စိတ်မောလူမော စိုးထင့် ကြောင့်ကျမှုတွေဖြင့် မနက်ဖြန်ခရီးသွားနိုင်ရန်အတွက် အိပ်ပျော် ရန် ကြိုးစားအိပ်လိုက်ရပါလေသတည်း…။ ။

Ø Ø Ø



www.burmeseclassic.com

www.burmeseclassic.com



## - တစ်ဆယ့်ရှစ် -

စောကိုကိုသည် သည်နေ့နံနက်ခုနစ်နာရီဖလိုက်ဖြင့် ရန်ကုန်သို့ ရောက်ခဲ့သည်။

ရန်ကုန်သို့ရောက်သည်နှင့် သူသည် လုပ်စရာရှိသည့် အလုပ်ကိုသာ အလျင်ဦးစွာလုပ်ဆောင်ဖြစ်သည်။

သူသည် ခင်မင်းမြတ်ဆီမှ သိထားသည့်လိပ်စာအတိုင်း ဆရာမကြီးထံသို့ ရောက်ခဲ့သည်။

ဧည့်သည်လာသည်ဟု အိမ်ဖော်အမျိုးသမီးဖြစ်ဟန်တူသည့် အမျိုးသမီးကြီးက ဆရာမကြီးအား သွားရောက်ပြောပြသည်တွင် ဆရာမကြီးသည် အိမ်ထဲထွက်လာခဲ့သည်။

"ဘယ်သူလဲကွယ်..."





ဧည့်ခန်းထဲမှထိုင်နေသည့် သူ့ကိုမြင်သည်တွင် ဆရာမကြီးသည် စူးစမ်းကြည့်ရင်းမေးလာ၏။

ဆရာမကြီးသည် အသက်ငါးဆယ်ခြောက်စွန်းစွန်းခန့်ရှိပြီဟု သူ ခန့်မှန်းမိသည်။ ဆရာမကြီးသည် တစ်ခေါင်းလုံးငွေရောင်ဆံပင်တွေနှင့် အသားဖြူ၍ သွယ်သောအသွင်ရှိ၏။

သူသည် နေရာမှထကာ ဆရာမကြီးကို ဆီးကြိုလိုက်ပြီး...

"ကျွန်တော့်နာမည် စောကိုကိုပါခင်ဗျား..."

"စောကိုကို..."

သူကိုယ်သူပင်မိတ်ဆက်လိုက်သည်တွင် ဆရာမကြီးသည် သူ့နာမည်အားရေရွတ်၍ ဆက်တီတစ်ခုတွင် ဝင်ထိုင်သည်။

ပြီးတော့ သူ့ထံ ဆရာမကြီးသည် စူးစမ်းကြည့်ပြီး သူ့အား မသိသည်မှာ သေချာသလိုရှိနေသည့်အတွက်အား သူ တွေ့ရ၍ စောကိုကိုသည် ဆရာမကြီးထံ လေးစားစွာပြုံးပြဖြစ်ရင်း...

"ဆရာမကြီး ကျွန်တော့်ကိုသိလိမ့်မယ်မထင်ပါဘူး..."

"အင်း..အေးကွဲ့၊ ဒါနဲ့လာရင်းကိစ္စကဘာလဲ..."

"ဟုတ်ကဲ့၊ ကျွန်တော် လာရင်းကိစ္စကတော့ ဆရာမကြီးဆီက အကြောင်းအရာလေးတစ်ခု သိချင်လို့ပါခင်ဗျား..."

"အင်း..ပြောပါဦး၊ ဘာများသိချင်လို့လဲ..."



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး မေးသည်တွင် စောကိုကိုသည် ဓာတ်ပုံလေး တစ်ပုံထုတ်လိုက်ပြီး ဆရာမကြီးထံ လှမ်းပေး၍ပြလိုက်သည်။

"ဆရာမကြီး သူ့ကိုသိလား..."

သူ့အမေးတွင် ဆရာမကြီးသည် ဓာတ်ပုံကြီးဆီကြည့်ကာ တောက်ပသောအပြုံးတွေဖြစ်ပေါ်လာရင်း...

"သိတာပေါ့၊ သူဟာ ဆရာမကြီးရဲ့ကလေးတစ်ယောက် ဆိုလည်းမမှားဘူး၊ ငယ်ငယ်ကတည်းက စာသင်ပေးခဲ့ရတာ၊ ကြီး လာတော့လည်း ကြည့်ရှုခဲ့ရသေးတယ်..."

"သူ့နာမည်က ဘယ်လိုခေါ်လဲ ဆရာမကြီး..."

"ခင်မင်းမြတ်လေ ငယ်စဉ်ကတည်းက သိပ်အေးဆေး ပြီး အင်မတန်မှလှပချစ်စရာကောင်းတဲ့ ကလေးမလေးပဲ...

အရွယ်ရောက်လာတော့လည်း တော်တော့ကိုလှပတင့် တယ်တဲ့ရုပ်ရည်ရှိတဲ့ မိန်းကလေးပဲ၊ သူ့ကိုနှစ်သက်တဲ့သူတွေ အတော်များများရှိတယ်...

သူကတော့ ရန်သူမရှိအောင်အားလုံးနဲ့ အလိုက်အထိုက် သိမ်သိမ်မွေ့မွေ့လေးနေရှာပါတယ်၊ သူ့ချစ်သူတစ်ယောက်ထဲမဟုတ် လား..."

"ဆရာမကြီး သူ့အဖေကိုရော သိလား..."

"သိတာပေါ့ကွယ်၊ ခြံချင်းကပ်နေခဲ့ကြတာပဲ..."





"ခင်မင်းမြတ်ရဲ့ဖခင်ဟာ ဒီဓာတ်ပုံပိုင်ရှင်ပဲလား ဆရာမ ကြီး..."

သူသည် အိတ်ထဲမှဓာတ်ပုံတစ်ပုံကို ထုတ်ပြလိုက်ပြန် သည်။ ထိုဓာတ်ပုံသည် ခင်မင်းမြတ် ပိုက်ဆံအိတ်လေးထဲမှ သူ ယူထားသည့်ဓာတ်ပုံပါ...။

"အေး..ဟုတ်တာပေါ့၊ သူ့အဖေကလည်း လူချောတစ် ယောက်၊ စိတ်ကောင်းလည်းရှိတယ်၊ အလွန်မှလည်းအေးဆေး တယ်၊ စည်းကမ်းလည်းရှိတယ်၊ ရိုးလည်းရိုးသားတယ်...

သူ့နာမည်က ဦးမြတ်မင်းတဲ့၊ သားအဖနှစ်ယောက်စလုံး ဟာ လူချစ်လူခင်ပေါတယ်၊ ဒါပေမဲ့ ဦးမြတ်မင်းဟာ အသတ်ခံ သွားရတယ်..."

"ဘာကြောင့်အသတ်ခံရတယ်ဆိုတာ ဆရာမကြီးသိ လား..."

"သူများတွေပြောသံကြားတာကတော့ ဘဏ်ကငွေတွေ အလွဲသုံးစားလုပ်ပြီး သူ့ကိုယ်သူသတ်သေသွားသတဲ့...

ဒါပေမဲ့ ဆရာမကြီးကတော့ အဲဒါကိုလက်မခံဘူး၊ ဦးမြတ်မင်းဟာ ဒီလိုလုပ်မယ့်လူစားမျိုးမဟုတ်ဘူး၊ သူ့ရဲ့ရိုးသား ဖြောင့်မတ်တဲ့အကျင့်စာရိတ္တကို လူတွေသိတာပဲ...

ဘဏ်ကငွေတွေ အလွဲသုံးစားလုပ်တယ်ဆိုတာ မဖြစ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



သလို၊ သူ့ကိုယ်သူသတ်သေတာလည်း မဖြစ်နိုင်ဘူး၊ ဦးမြတ်မင်းဟာ အသတ်ခံရတယ်ဆိုတာ ကျိန်ပြောရဲတယ်...

ဒါတွေဖြစ်ခဲ့တာကတော့ ကြာတော့ကြာပါပြီလေ၊ ဒါနဲ့ စကားမစပ် မောင်စောကိုကိုက ဘာလုပ်လဲ၊ ဘယ်ကလဲ..."

"ကျွန်တော်က အမှုလိုက်ရဲအရာရှိတစ်ယောက်ပါ၊ အခု ရွှေမာလာမြို့မျက်နှာဖုံး ဦးထိန်လင်းရဲ့သားတစ်ယောက် အသတ်ခံရတဲ့အမှုနဲ့ပတ်သက်နေလို့ ခင်မင်းမြတ်ရဲ့အကြောင်းကို ကျွန်တော် စုံစမ်းတာပါ..."

"ဟင်..ဟုတ်လား၊ ဒီကလေးမလည်း ကံမကောင်းရှာပါလား၊ သူ့ခများဆေးရုံနဲ့ကင်းရတာတောင် သိပ်မကြာသေးဘူး..."

"သမီးလေးမြတ်ကို ပြောတာလား..."

"ဟုတ်တယ်လေ၊ သူ့ကျန်းမာရေးကောင်းသွားတာ နှစ်နှစ်လောက်ပဲရှိဦးမှာ..."

"သူ ဘယ်ဆေးရုံကိုတက်ခဲ့တာလဲ၊ ဘာကြောင့်လဲ..."

"သူ့အဖေအသတ်ခံရတာသိတော့ ကလေးဟာ ရှော့ဖြစ်သွားတယ်ထင်ပါတယ်၊ ဒါကြောင့်စိတ်ရောဂါကုဆေးရုံမှာ ဆေးကုလိုက်ရတယ်၊ သူ ဆေးရုံတက်နေတဲ့ကာလတစ်လျှောက်လုံး ဆရာမကြီးပဲ တာဝန်ယူစောင့်ရှောက်ခဲ့တာ..."

"သြော်..."





"အခု ဘယ်လိုဖြစ်ပြန်ပြီလဲမသိဘူး၊ တကယ်တော့ သူတို့သားအဖနှစ်ယောက်ဟာ အင်မတန်အေးဆေးတာပါ၊ သမီးမြတ်ဟာ ငယ်ငယ်ကတည်းက စကားနည်းပြီးအေးဆေးတဲ့ကလေးပါ..."

သူ ခေါင်းညိတ်လိုက်သည်။

"ဒါနဲ့ ဆရာမကြီး၊ ဦးထိန်လင်းတို့မိသားစုကိုရော သိလား..."

"အဲဒါတော့ ကောင်းကောင်းမသိဘူးကွဲ့..."

"ရွှေမာလာမြို့ရဲ့မျက်နှာဖုံးပဲလေ..."

"မသိဘူးကွဲ့၊ ဟိုမှာ ဆရာမကြီးနေခဲ့တဲ့အချိန်တွေမှာ မသိခဲ့တာအမှန်ပါ...

သမီးမြတ်ဟာ သိပ်လှပတဲ့ကလေး၊ သိပ်ပြီးသနားစရာ ချစ်စရာကောင်းတဲ့ကလေး..."

ဆရာမကြီးသည် ဦးထိန်လင်းအကြောင်းအား သိပ်မဆို၊ စိတ်ဝင်စားဟန်လည်းမရှိ...

မြတ်၏ဓာတ်ပုံလေးဆီသာကြည့်ပြီး မြတ်အားသတိရ နေဟန်ဖြင့် ပြောဆိုနေသေး၏။

"ကျေးဇူးတင်ပါတယ် ဆရာမကြီး...."



www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ သမီးလေးမြတ် နေကောင်းရဲ့လား၊ အလုပ်အကိုင်တွေရောအဆင်ပြေရဲ့လား…"

"ဟုတ်ကဲ့၊ မြတ် နေကောင်းပါတယ်ခင်ဗျာ၊ သူ့ရဲ့အလုပ်လည်းမဆိုးပါဘူး…"

"အင်း‥သူ့ရဲ့အလုပ်ကရန်ကုန်မှာဆိုရင် ပိုပြီးသင့်တော်တယ်၊ ဒါပေမဲ့ ရွှေမာလာပဲပြန်သွားနေတယ်၊ ဆရာမကြီးနဲ့နေဖို့ခေါ်ထားလို့မရဘူး…

ဆရာမကြီးလည်း သူ့စိတ်ချမ်းသာဖို့အဓိကပဲဆိုပြီး ပြန်နေခိုင်းလိုက်တာပါ၊ ဒါနဲ့ မောင်စောကိုကိုက ဒီကိစ္စသက်သက်အတွက်ပဲလာခဲ့တာလား…"

"ဟုတ်ပါတယ်၊ မြတ်ရဲ့အကြောင်းသိချင်လို့ အရာရှိနဲ့တိုင်ပင်ပြီးလာခဲ့တာပါ…"

"ဘယ်တော့ပြန်မလဲ…"

"မနက်ဖြန်စောစောပဲ ပြန်တော့မှာပါခင်ဗျာ၊ လေယာဉ်လက်မှတ် အသွားအပြန်ယူခဲ့တယ်…"

"ဪ‥အေး‥အေး သိချင်တာရှိလည်းမေးပါ၊ သမီးလေးမြတ်ရဲ့အကြောင်းကို ဆရာမကြီး အားလုံးသိပါတယ်…"

"ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာမကြီး၊ လုံလောက်ပါပြီခင်ဗျာ၊ ကျွန်တော့်ကိုသွားခွင့်ပြုပါဦး…"





"ကောင်းပါပြီကွယ်၊ နောင်အကူအညီလိုရင်လည်း အချိန်မရွေးလာပါ…"

"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ…"

စောကိုကိုသည် ဆရာမကြီးကိုနှုတ်ဆက်ခဲ့ပြီးနောက် သူတည်းသည့်နေရာသို့ ပြန်ခဲ့လိုက်ပါလေတော့၏။ ။

Ø Ø Ø



www.burmeseclassic.com

www.burmeseclassic.com



- တစ်ဆယ့်ကိုး -

စောကိုကိုသည် မနေ့ကတည်းက ရန်ကုန်မှပြန်ရောက်သော်လည်း ရုံးမတက်ဖြစ်ပါ။ သူ ရန်ကုန်သွားသည်ကိုလည်း မည်သူမျှမသိလိုက်…။

သူသည် မနေ့ကတစ်နေ့လုံး အိမ်တွင်းအောင်းပြီး ဘဏ်မန်နေဂျာ ဦးမြတ်မင်း၏အမှုအား ပြန်လည်ဆန်းစစ်မိ၏။

အထက်အရာရှိ၏အကူအညီဖြင့် သူသည် တစ်နေ့လုံး တစ်ညလုံးပင် ဦးမြတ်မင်း၏အမှုတွဲအား အသေးစိပ်ပြန်လည်ဖတ်ကြည့်သည်။

ထိုအချိန်က သတင်းစာတွင်ဖော်ပြထားသည့် အကြောင်းများကိုလည်း သူ ဖတ်ကြည့်သည်။





အပြင်မှ ဦးမြတ်မင်းဓာတ်ပုံနှင့်သတင်းစာထဲမှ ဦးမြတ်မင်းပုံကား တာကယ့်ကိုလူချောတစ်ယောက်ပါလေ…

ဟုတ်တယ်၊ မဖြစ်နိုင်ဘူး၊ ဆရာမကြီးရဲ့ထင်မြင်ချက်ကိုလည်း ငါ ထောက်ခံတယ်…

သူသည် တစ်ချိန်လုံး ဆရာမကြီး၏စကားများအား ကြားယောင်ကာ တီးတိုးထောက်ခံနေဖြစ်၏။

စိတ်ထဲတွင်လည်း တစ်ချိန်လုံး ဦးမြတ်မင်းအသတ်ခံရသည်ကိုသာ ယုံကြည်မှုတွေဖြင့် သည်နေ့တော့ စောကိုကိုသည် ရုံးတက်ရန်ထွက်ခဲ့လိုက်လေ၏။

သူသည် ရုံးသို့ကားမောင်းထွက်ခဲ့ရင်း လမ်းတစ်လျှောက်၌ သူ့ခေါင်းထဲတွင် ဦးမြတ်မင်းအကြောင်း၊ ခင်မင်းမြတ်အကြောင်းနှင့်ဦးထိန်လင်းတို့ သားအဖတွေအကြောင်းသာ ကြီးစိုးနေခဲ့ပါလေ၏။

တွေးရင်းကပင် သူသည် ရုံးသို့ရောက်ခဲ့ပါပြီ၊ သူ ရုံးသို့ရောက်ချိန်နှင့်မာလာမိုး ရုံးသို့ရောက်ချိန်သွားဆုံ၍ သူတို့ စကားပြောဖြစ်ကြသည်။

"မင်္ဂလာပါ ဆရာ…"

"မင်္ဂလာပါခင်ဗျား…"

"ဆရာ မနေ့ကရုံးမလာဘူးနော်၊ ဖွင့်ယူလား…"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့၊ ကျွန်တော် နည်းနည်းအနားယူချင်လို့ ခွင့်တစ်ရက်ယူလိုက်တာပါ…"

"အင်း‥ဆရာလည်း ပင်ပန်းရှာပါပြီ၊ အမှုကတစ်ခုမပြီးသေးဘူး၊ နောက်အမှုကထပ်ပေါ်လာတယ်…"

"ကျွန်တော်လည်း အဲဒါစဉ်းစားနေတာ၊ မထူးဆန်းဘူးလား၊ အသတ်ခံရတဲ့လူတွေက ဦးထိန်လင်းရဲ့သားတွေချည်းပဲဖြစ်နေတယ်…"

"အင်း‥ဟုတ်တယ်နော် ဆရာ…"

"ကျွန်တော် ထင်တယ်၊ အတိအကျသာ ကျွန်တော် မပြောနိုင်သေးတာ၊ ဦးထိန်လင်းရဲ့မိသားစုမှာ အကြောင်းကြီးငယ်တစ်ခုခုရှိနေရမယ်လို့…

ဒီလိုအကြောင်းမရှိဘဲနဲ့တော့ အသက်အန္တရာယ်ပေးလောက်အောင် မဖြစ်နိုင်ပါဘူး…"

"ခင်မင်းမြတ်နဲ့ပတ်သက်နေမယ်လို့ကော ဆရာ မထင်မိဘူးလား…"

"အားလုံးကိုတော့ ကျွန်တော် တွေးခေါ်ကြည့်မိပါတယ်၊ ဒါပေမဲ့ မြတ်ထက် ကျွန်တော် စိတ်ဝင်စားတာက ဦးထိန်လင်းကိုပဲ၊ အခု ဦးထိန်လင်း ဆေးရုံးကဆင်းပြီမဟုတ်လား…"

"ဟုတ်ကဲ့၊ ဆင်းပါပြီ၊ သူ့အိမ်ပြန်ရောက်နေပြီ၊ ဒဏ်ရာ





ကအပေါ်ရုပ်ထိရုံပါ…"

"လူဆိုးတွေက သူ့အသက်ကိုပါလုပ်ကြံကြတာ…"

"ဖြစ်နိုင်ပါတယ် ဆရာ၊ လူဆိုးတွေကလည်း ကြေးစားတွေဖြစ်ပြီး သူတို့ကိုအရှင်မဖမ်းနိုင်တော့ ဆရာ့အနေနဲ့အခက်အခဲဖြစ်နေတာပေါ့…"

ကရင်း‥ရင်း‥ရင်း…

သူနှင့်မာလာမိုးတို့ စကားတွေဆိုဆဲ စောကိုကို၏ဟန်းဖုန်းမြည်လာ၍ သူ ဖွင့်နားထောင်လိုက်သည်။

"ဟုတ်ကဲ့‥အမိန့်ရှိပါ၊ ကျွန်တော် စောကိုကိုပါ…"

"………"

"ဗျာ…"

သူသည် တစ်ဘက်မှကြားလိုက်ရသောစကားကြောင့် အလွန်မှထိတ်လန့်သွားမိလိုက်လေ၏။

"အင်း‥ဟုတ်ကဲ့၊ ကျွန်တော် ခုပဲလာခဲ့ပါ့မယ် ဆရာ"

စကားအဆုံး၌ သူသည် ဖုန်းကိုပိတ်လိုက်သည်။ မာလာမိုးသည် သူ့ထံ မေးခွန်းထုတ်သောအကြည့်တွေနှင့် ကြည့်နေမိလေ၏…

"ကဲ‥ဒေါ်မာလာမိုးရေ စာရေးကြီးကိုခေါ်၊ ကျွန်တော်တို့ အခုသွားရမယ်…"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ကိုလဲ ဆရာ…"

"လူသတ်မှုဖြစ်တဲ့နေရာ…"

"ရှင်…ဘယ်သူလဲ…"

"ဦးထိန်လင်းရဲ့သားလတ် သန်းဝင်း…"

"အိုး…"

မာလာမိုး လန့်သွားသည်။

"ဦးထိန်လင်းရဲ့မျိုးဆက်တွေ ကုန်ပြီပေါ့…"

သူသည် စိတ်ရှုပ်ထွေးစွာဆိုရင်း ကားရပ်ထားရာဆီသို့ ဦးစွာလှမ်းထွက်ခဲ့လိုက်ပါတော့၏။

သူတို့အခင်းဖြစ်သည့်နေရာသို့ ရောက်သည်တွင် သူ့အထက်အရာရှိနှင့် လူများအတော်စုံစုံလင်လင်ကို တွေ့လိုက်ရသည်။

"ဆရာ သူကဘယ်မှာသေတာလဲ…"

"သန်းဝင်းက အသတ်ခံရတာ…"

အရာရှိက ကျွန်တော့်အားစေ့စေ့ကြည့်ကာ ဆိုသည်။

"ဘယ်မှာလဲ ဆရာ…"

"သူ့ကားထဲမှာပဲ…"

"သက်သေလေးဘာလေး သဲလွန်စတစ်ခုခုမရဘူးလား ဆရာ…"





"အလောင်းကိုအရင်ဆုံးသွားကြည့်လိုက်ပါ၊ နောက်မှ ပြောတာပေါ့…"

ဆရာကြီးဆိုသည်တွင် သူသည် ကားထဲမှ သန်းဝင်းအလောင်းဆီ သွားရောက်ကြည့်ဖြစ်သည်။

သူနှင့်အတူ မာလာမိုးနှင့်စာရေးကြီးတို့လည်း လာရောက်ကြည့်၏။

သူသည် သန်းဝင်းအလောင်းဆီ အံ့သြစွာကြည့်ရင်း မတွေးတတ်တော့အောင် ခေါင်းထဲရှုပ်ထွေးနေဖြစ်ရင်းမှ အရာရှိထံပြန်လှမ်းခဲ့ရင်း…

"ဆရာ သန်းဝင်းက ဒုတ်နဲ့ရိုက်သတ်ခံရတာပဲ…"

"ဟုတ်တယ်၊ ဒီမှာ ဒါ သန်းဝင်းနားကရတဲ့သဲလွန်စ တစ်ခုပဲ…"

အရာရှိဆိုရင်း အိတ်တစ်ခုထဲမှ အမျိုးသမီးသုံးပစ္စည်း ပဝါနီနီလေးတစ်ထည်အား သူ့ကို ထုတ်ပြသည်။

သူသည် မှတ်မိလိုက်သော ပဝါနီနီလေးကိုကြည့်ပြီး တုန်လှုပ်သွား၏။ မာလာမိုးနှင့်စာရေးကြီးတို့သည်က သူ့ထံကြည့်နေကြလေ၏။

"ဆရာ စောကိုကို ဦးထိန်လင်းရဲ့သားတွေကတော့ ကုန်ပြီ၊ အခုအသတ်ခံရတဲ့ သန်းဝင်းနဲ့ပတ်သက်တဲ့ အမျိုးသမီးက



www.burmeseclassic.com

www.burmeseclassic.com



အမုန် တကယ်ပဲရှိတယ်…

ဒီပုဝါဟာလည်း ခင်မင်းမြတ်ရဲ့ပုဝါမဟုတ်ဘူးလို့ ဘယ်သူပြောနိုင်မလဲ၊ ခင်မင်းမြတ်ကို ဦးစောကိုကို လျှော့တွက်ထားသလား…"

အရာရှိပြောသောစကားတွင် သူသည် အမုန်စိတ်လှုပ်ရှား၍နေရပါသည်။ အရာရှိကြီးသည် သူ့ပုခုံးဆီသည်သာဖွာ တစ်ချက်ပုတ်၍ တစ်ဘက်သို့ထွက်သွားပါပြီ…။

သူသည် မဖော်ပြတတ်သောရှုပ်ထွေးတင်းကျပ်မှုတွေဖြင့် မာလာမိုးထံ တစ်ချက်မလှုံမလဲကြည့်ဖြစ်ရင်း ကားရှိရာသို့လှမ်းထွက်ခဲ့လိုက်ပါတော့၏။

သူ ကားဆီအရောက်၌ စာရေးကြီးလည်း ရောက်လာသည်။ သူသည် သက်မမောကြီးတွေဖြင့် စာရေးကြီးအား စကားမဆိုနိုင်အောင် စိတ်ရှုပ်ထွေးစွာဖြင့် ကြည့်မိရ၏။

စာရေးကြီးသည် မှတ်ထားသည့်အချက်အလက်စာရွက်စာတမ်းများအား သူ့ကိုပေးခဲ့ပြီး ထွက်သွားလိုက်ပါပြီ…။

သူသည် ဘာလုပ်ရမည်ကို တစ်ချက်မျှစဉ်းစားပြီးနောက် ကားပေါ်တက်ကာ နေရာမှ ခေါင်းထွက်ခဲ့လိုက်ပါတော့သတည်း။

× × × × ×





စောကိုကို မောင်းသောကားလေးသည် ခင်မင်းမြတ် နေသာအိမ်လေးရှေ့သို့ ရောက်ခဲ့ပါပြီ…။

ကားပေါ်မှဆင်းပြီး အိမ်ရှေ့မှဘဲလ်ကိုနှိပ်လိုက်သည်တွင် ခင်မင်းမြတ်သည် အိမ်တံခါးလေးကို လာဖွင့်ပေး၏။

"ဟင်…မောင် ရုံးဆင်းချိန်လည်းမဟုတ်ဘူး၊ ဘာကိစ္စရှိလို့လဲဟင်…"

တံခါးဖွင့်လိုက်သည်နှင့် သူ့ကိုတွေ့သည်တွင် မြတ်သည် အံ့အားဆားစွာဆိုသည်။

စောကိုကိုသည် ခင်မင်းမြတ်အား စိတ်လှုပ်ရှားခြင်း၊ သံသယတွေနှင့်ကြည့်ကာ အိမ်ထဲဝင်ခဲ့ရင်း…

"မြတ် မင်း မောင့်ကိုမှန်ကန်တဲ့စကားတစ်ခုခုပြောစမ်း…"

"ဘာပြောတာလဲ၊ ကျွန်မ နားမလည်ဘူး၊ ကျွန်မက ဘာပြောရမှာလဲ…"

ခင်မင်းမြတ်သည် ထုံးစံအတိုင်း အေးစက်စက်ပင်ဆိုသည်။

"မြတ် မောင့်ကိုကူညီတဲ့အနေနဲ့ အမှန်စကားတစ်ခုခုပြောပါ…"

"ဘာပြောစေချင်တာလဲ…"



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့သန်းဝင်း ဒီနေ့မနက်က တွေ့ဖြစ်ခဲ့တယ်မဟုတ် လား…"

"သူနဲ့လမ်းခွဲလိုက်တာ ဆရာ စောကိုကိုနဲ့ပတ်သက်တဲ့ အချိန်ကစပြီးပဲ၊ သူနဲ့ကျွန်မ ဘယ်လိုအကြောင်းနဲ့မှ ပတ်သက်စရာ အကြောင်းမရှိတော့ဘူး…"

"မင်း မညာနဲ့…"

သူ အော်လိုက်မိလေသလားပင်၊ သူ့အသံသည် အနည်း ငယ်မြင့်သွား၏။

ခင်မင်းမြတ်သည် သူ့ထံသို့စူးစူးလေးဖြင့် ခြေစုံရပ်ကြ နေသည်။ သူမ၏အသွင်သည် အေးတိအေးခဲနိုင်လွန်း၏။

သူသည် ခင်မင်းမြတ်၏အိပ်ခန်းထဲသို့ လှမ်းဝင်သွားလို သည်။ သူမသည်လည်း သူ့နောက်မှလိုက်လာခဲ့၏။

စောကိုကိုသည် ခင်မင်းမြတ်၏အိပ်ခန်းတွင်းရောက်ခို မှန်တင်ခုံအံဆွဲတစ်ခုကို ဖွင့်လိုက်ပြီး၊ အထဲမှ လက်ကိုင်ပုဝါ ထည့်ထားသည့်ဘူးလေးကို တွေ့လိုက်ရ၏။

သူသည် သံသယဖြင့် ခင်မင်းမြတ်အား ရှုပ်ထွေးစွာကြ နေမိဆဲရှိသည်။ ခင်မင်းမြတ်သည်လည်း ပကတိအေးစက်စက် သူ့အား ကြည့်နေ၏။

"မင်း ဘာသတင်းကြားလဲ…"





"ဘာမှမကြားဘူး…"

"တကယ်ပဲလား…"

"ကျွန်မ ကျိန်ပြောစရာမလိုဘူး…"

"ဒီနေ့ သန်းဝင်း အသတ်ခံရတယ်၊ သန်းဝင်း သေပြီ၊ ဦးထိန်လင်းရဲ့သားတွေ တစ်ယောက်မှမရှိတော့ဘူး၊ ဒါ မင်းနဲ့လုံးဝ မပတ်သက်ဘူးလို့ပြောနိုင်မလား…"

"မပြောနိုင်ဘူးလို့ထင်ရင်လည်း ထင်နိုင်တယ်လေ၊ ဦးထိန်လင်းရဲ့သားတွေသေတာ ကျွန်မ ကျေနပ်တယ်၊ ဖြစ်နိုင်ရင် ဦးထိန်လင်းကိုပါ သေစေချင်တယ်၊ ဒါ ကျွန်မရဲ့ဆန္ဒအမှန်ပါ…"

"ဟင်..မြတ် မင်း ဘာပြောတယ်…"

"ကျွန်မ ဆန္ဒကို ကျွန်မ ဖော်ပြတာ၊ သူတို့ကို ကျွန်မ အားလုံးသေစေချင်တယ်…"

"ဘာကြောင့်လဲ…"

သူသည် ခင်မင်းမြတ် စကားအတွက် တုန်လှုပ်စွာ ခင်မင်းမြတ်ကိုကြည့်ရင်း မေးဖြစ်သည်။

သူ့အမေးအတွက် မြတ်သည်က တစ်ခွန်းခြင်းအေးစက် စက်ဆို၏။

"ဘာကြောင့်လဲဆိုတော့ ကျွန်မရဲ့ဖေဖေကို ဦးထိန်လင်း သတ်ခဲ့လို့ပဲ…"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်…ဘာ…"

စောကိုကိုသည် ကြားလိုက်ရသောစကားအတွက် တ ကိုယ်လုံးကျင်စက်နှင့်အတို့ခံလိုက်ရသူနှယ် တုန်တက်သွား လေသည်။

သူ မယုံနိုင်အောင် ခင်မင်းမြတ်ကို ကြည့်နေမိသည် သူ့အကြည့်များသည် မယုံနိုင်ခြင်း၊ အံ့သြခြင်း၊ မှင်သက်ခြင်းမျ ဖြင့် တုန်တုန်လှုပ်လှုပ်လည်း ရှိနေရပါလေ၏။

ခင်မင်းမြတ်သည် ခြေစုံလေးရပ်ဆဲမှ သူ့ထံအေးစက်စ နှင့်ငြိမ်ငြိမ်လေးကြည့်ရင်း တစ်ခွန်းချင်း၊ တစ်လုံးချင်းစကား ထပ်ဆို၏။

"အဲဒီအချိန်က ကျွန်မဟာ ဆယ့်သုံးနှစ်သမီးအရွယ် တစ်ဘက်ခြံကနေ ဆရာမကြီးအိမ်က ကျွန်မ စာသင်ပြီးပြန် တဲ့အချိန်…

အိမ်ရှေ့မှာ ကားတစ်စီးရပ်ထားတာတွေ့ရတယ်၊ ကားရောင်ကအမဲရောင်၊ ကားကအကောင်းစား၊ အိမ်ထဲမှာ သည်ရှိနေမယ်ဆိုတာ ကျွန်မ သိတယ်…

ကျွန်မ အိမ်ထဲဝင်ခဲ့တယ်၊ ဖိနပ်ချွတ်နေရာကနေ ကျွ အိမ်ထဲလှမ်းအဝင်မှာ စကားတွေပြောရင်း ဧည့်သည်ဟာ သေ ထုတ်ပြီး ဖေဖေ့ကိုနဖူးထည့်ထည့်ပစ်သတ်လိုက်တယ်…





ဖေဖေ့ကိုသတ်တဲ့လူသတ်သမားဟာ ဦးထိန်လင်းပါ၊ ဦးထိန်လင်းကိုယ်တိုင်ပါပဲ၊ ဒီမျက်နှာကို ကျွန်မ ဘယ်တော့မှ မမေ့နိုင်ခဲ့ပါဘူး…

ဖေဖေ့ရဲ့အမှုမှာ တစ်ဦးတည်းသောမျက်မြင်သက်သေက ကျွန်မပါပဲ၊ ဒါပေမဲ့ အဲဒီအချိန်က ကျွန်မ ငယ်သေးတယ်၊ ကျွန်မ ဘာမှမလုပ်နိုင်တဲ့အချိန်…

ဖေဖေ့ကိုသတ်တာ တွေ့လိုက်ရတဲ့အချိန်မှာ ကျွန်မ စိတ်တွေ ထိတ်လန့်ချောက်ချား၊ ကြောက်ရွံ့သွားတယ်…

ဖေဖေ့ကိုမသတ်ခင် ဦးထိန်လင်း ပြောတဲ့စကားတွေကို တစ်ခွန်းတစ်စ ကျွန်မ ကြားရတယ်…

ခင်ဖျားရဲ့ရိုးသားဖြောင့်မတ် မှုအတွက်လေးစားပါတယ်တဲ့၊ ဒါပေမဲ့ စိတ်မကောင်းပါဘူးတဲ့၊ အဲဒီနောက် မြတ်ရဲ့ဖေဖေကို သူ သတ်လိုက်တယ်…

ကျွန်မဟာ စိတ်ထိခိုက်မှုတွေကို နှစ်တွေအတန်ကြာ ဖြတ် သန်းခဲ့ရပါတယ်၊ ဦးထိန်လင်းကို ကျွန်မ ကလဲ့စားပြန်ချေနိုင်ဖို့ အတွက် ကျွန်မဟာ ဒီမြို့ကိုကျိုကျိုကျဲကျဲ မထင်မရှားလေးပြန်လာ ပြီး ဦးထိန်လင်းကို စုံစမ်းခဲ့တယ်…

သူ့သားတွေကို အလွတ်မပေးဘဲတွဲခဲ့တယ်၊ ကလဲ့စား ချေနိုင်ဖို့ အချိန်တွေအတော်ယူခဲ့တယ်၊ ဒါပေမဲ့ သူတို့ကို ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်မှ မသတ်ခဲ့ရဘူး…

ဖြစ်နိုင်ရင် ဦးထိန်လင်းကို ကျွန်မကိုယ်တိုင် သတ်ချင်တယ်၊ အဲဒီလိုသတ်နိုင်အောင် ခံစားချက်တွေကို ကျွန်မ ရင်ထဲမျိုသိပ်ထားခဲ့ရတာ…

ကျွန်မ ဆုံးဖြတ်ထားပြီးသားပါ၊ ဦးထိန်လင်းကိုသတ်ပြီးရင် ကျွန်မ တခြားကိုထွက်သွားဖို့၊ ဒါပေမဲ့ ယနေ့အထိ ကျွန်မ အကောင်အထည်မဖော်နိုင်သေးဘူး…

ဦးထိန်လင်းက ကျွန်မကို ဘယ်သူဘယ်ဝါမှန်းမသိဘူး၊ သူ သိထားတာက သူ့သားတွေနဲ့ဖြစ်တဲ့မိန်းမတစ်ယောက်မျှသာပဲ၊ အဓိက သူ့ကိုကလဲ့စားချေချင်တဲ့ မိန်းကလေးဆိုတာ သူ မသိသေးဘူး…

သူ့သားတွေနဲ့ပတ်သက်ပြီး ဦးထိန်လင်းဟာ ကျွန်မကို သေစေလိုတဲ့ဆန္ဒနဲ့လုပ်ကြံမှုတွေရှိတယ်…

ဒါပေမဲ့ ကျွန်မ ဂရုမစိုက်ပါဘူး၊ တစ်နေ့ သူ့ကိုကလဲ့ချေနိုင်ရမယ်ဆိုတဲ့ စိတ်တစ်ခုပဲ ကျွန်မမှာရှိတယ်…"

ခင်မင်းမြတ်သည် စကားဆိုနေရာမှ တုံးတိတိဖြတ်လိုက်၏။ သူသည် ခင်မင်းမြတ် ရှေ့တွင်သွားရောက်ရပ်ကာ မြတ်တစ်ကိုယ်လုံးအား အံ့သြစွာကြည့်ရင်း…

"မြတ် ဒါတွေအမှန်ပဲလား…"





"ကျွန်မ ကျိန်ပြောတတ်တဲ့အကျင့်မရှိဘူး၊ ယုံချင်ယုံ၊ မယုံချင်နေပါ…"

"မြတ်…"

စောကိုကိုသည် မြတ်၏လက်ကလေးတွေဆီ ဆုပ်ကိုင်ကာ မချင့်မရဲခေါ်မိသည်။ မြတ်သည် မတုန်မလှုပ်ပင် သူ့ကို ကြည့်လိုက်သည်။

သူသည်လည်း ရင်နာစွာရှိရပါ၏။ သူသည် ဘာလုပ်ရမည်ကို စဉ်းစားဖြစ်ရင်း…

"မြတ် မောင် ပြောမယ်၊ မောင် ပြောတဲ့အတိုင်းလုပ်မလား…"

"ပြောပါ…"

"ဦးထိန်လင်းကို ဥပဒေအပြင်ဘက်ကနေ လက်စားမချေဘဲ ဥပဒေဘောင်ထဲကနေ လက်စားချေပါ…

မင်းသားခေါင်းဆောင်းထားတဲ့ ဦးထိန်လင်းရဲ့မျက်နှာဖုံးကို မောင်တို့ဆွဲချွတ်ရမယ်၊ တစ်နေရာမှာ ဦးထိန်လင်းနဲ့မြတ်တို့တွေ့ဖို့ မောင် စီစဉ်ပေးမယ်…

ဦးထိန်လင်းဟာ တပည့်တပမ်းပေါတယ်၊ မြတ်နဲ့အတူ မောင်ရှိမှာပါ၊ မြတ်ရဲ့အသံဖမ်းစက်ကလေးလည်း ယူသွားပေါ့"

"ဒီပစ္စည်းက ကျွန်မ အမြဲဆောင်နေကျပစ္စည်းပါ…"



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းပြီ၊ ဒါဆို မြတ် ဦးထိန်လင်းနဲ့တွေ့ဖို့ သဘောတူလား..."

"ဆရာ စောကိုကိုရှိမယ်ဆိုရင် ကျွန်မ ဦးထိန်လင်းနဲ့တွေ့ပြီး မျက်နှာချင်းဆိုင် စကားတွေပြောရဲပါတယ်..."

"ကောင်းပြီ၊ ဒီကိစ္စကို မောင်နဲ့အရာရှိနှစ်ယောက်ထဲ တိုင်ပင်ပြီး စီစဉ်လိုက်မယ်၊ မြတ် သဘောတူတယ်နော်..."

သူ့အစကားအတွက် မြတ် ခေါင်းညိတ်ပြသည်။ သူသည် မြတ်အား ထွေးဖက်ထားလိုက်လေ၏။

ခင်မင်းမြတ်၏နူးညံ့သော အသားအရေးများသည် သူ့အား ချစ်အိပ်မက်လှလှလေးများ ဖြစ်စေရပါသတည်း...။

ØØØ





- နှစ်ဆယ် -

"ဆရာ..."

စောကိုကိုသည် သည်နေ့အထက်ရာရှိနှင့်ဆွေးနွေးညှိနှိုင်းစရာရှိ၍ ရုံးသို့စောစောရောက်လာသည်။

ရုံးရောက်သည်နှင့် သူ့ရုံးခန်းဆီသို့ပင်မသွား၊ ဆရာကြီးရုံးခန်းဆီသို့ တန်း၍သွားမည်ပြုဆဲ...

မာလာမိုးသည် သူမရုံးခန်းမှသူ့အား လှမ်းခေါ်လိုက်သံကြောင့် သူ ရပ်ကြည့်ဖြစ်လိုက်၏။

မာလာမိုး၏မျက်နှာ အမူအယာသည် သူ့အားတစ်စုံတစ်ရာ ပြောရန်အတွက် စောင့်နေဟန်ရှိ၏။

"ကိစ္စရှိလား..."



www.burmeseclassic.com

www.burmeseclassic.com



သူ မေးရင်း မာလာမိုးထံ လှမ်းခဲ့သည်။

"ဟုတ်ကဲ့ ဆရာ၊ ပြောစရာရှိတယ်၊ မိုးတို့ ရုံးခန်းထဲ ဝင်ပြောရအောင်..."

မာလာမိုးဆိုရင်း ရုံးခန်းထဲသို့ဝင်ခဲ့သည်တွင် သူလည်း ဝင်လိုက်ခဲ့သည်။

"ထိုင်ပါ ဆရာ..."

မာလာမိုးသည် သူ့အတွက် ထိုင်ခုံတစ်ခုတွန်းနေရာပေးပြီး သူတို့မျက်နှာချင်းဆိုင် ထိုင်ဖြစ်လိုက်သည်။

"ပြောပါဦး ကိစ္စက..."

စောကိုကိုသည် အေးဆေးစွာပင် မာလာမိုးအား မေးဖြစ်သည်။ သူသည် ဆေးလိပ်နှင့်အရက်လည်း သောက်တတ်သူ မဟုတ်ပါ...။

ဘီယာပင်တစ်ခါတရံမျှသာ သူ သောက်တတ်သည်။ သူသည် ဘီယာသောက်ရုံမျှနှင့်လည်း မူးတတ်သည်မဟုတ်၊ အတတ်နိုင်ဆုံး ဘီယာကိုလည်းရှောင်သူဖြစ်၏။

ပြီးတော့ သူသည် သူများတွေကို ဆေးလိပ်သောက်ပြီး ဟန်ပါပါစတိုင်လ်ထုတ်ကာ စကားပြောတတ်သူလည်း မဟုတ်ပါ။

သူသည် စကားပြောလျှင် ငြိမ်သက်စွာကိုယ်နှင့်စိတ်ကို ထားလျက် တစ်ဖက်လူအား တစ်ချက်မျှဦးစွာ စေ့စေ့ကြည့်ပြီး





စကားကိုတည့်တည့်ကြည့်ကြည့် ဆိုတတ်သူဖြစ်၏။

မာလာမိုးသည် သူ့အသွင်အား သဘောကျနှစ်သက်ဟန် အနည်းငယ်ပြုံးဟန်အသွင်ဖြင့် ကြည့်ရင်း...

"မိုး သတင်းကြားတယ် ဆရာ..."

"ပြောပါဦး..."

"ဆရာ့အနေနဲ့ ခင်မင်းမြတ်ကို စိတ်ဝင်စားနေပုံရတယ်တဲ့ ဟို မိုး ဒီလိုပြောလို့ တစ်မျိုးမထင်ပါနဲ့ ဆရာ...

မိုးက သတိပေးတာပါ၊ ဘာကြောင့်လဲဆိုတော့ ခင်မင်းမြတ်ဟာ မိုးတို့အားလုံးရဲ့သံသယစက်ကွင်းထဲက လူတစ်ယောက် မဟုတ်လား...

ပြီးတော့ အမှုမှာသူနဲ့တိုက်ရိုက်ပတ်သက်နေတယ်လေ၊ ဆရာနဲ့ခင်မင်းမြတ် တကယ်ပဲငြိနေကြမယ်ဆိုရင် အမှုကိုင်တဲ့နေရာမှာ ဆရာ လုပ်ရခက်နေမှာစိုးရပါတယ်...

ပြီးတော့ ခင်မင်းမြတ်ကလည်း အမျိုးသားတွေကို ဆွဲဆောင်နိုင်တဲ့စွမ်းအားရှိတယ်မဟုတ်လား၊ တကယ်လို့ ဆရာနဲ့ခင်မင်းမြတ်တို့ တကယ်ပဲငြိနေမယ်ဆိုရင် ကျွန်မတို့ ကိုင်တွယ်နေတဲ့ အမှုကိစ္စတွေမှာ..."

"အဟွန်း..ဒါလား ဒေါ်မာလာမိုးပြောတာ၊ ကျွန်တော် သဘောပေါက်ပါတယ်၊ ကျေးဇူးတင်ပါတယ်၊ ခင်ဗျားနဲ့စကားမစပ်



www.burmeseclassic.com

www.burmeseclassic.com



ဒီအကြောင်းကို ဘယ်သူပြောပြတာလဲ…”

“တမင်ပြောပြတာတော့မဟုတ်ပါဘူး ဆရာ၊ လွတ်ကနဲ ထွက်သွားရာက မိုးက မေးဖြစ်လိုက်တာပါ…”

“သဘောပေါက်ပါတယ်ဗျာ၊ ကိစ္စမရှိပါဘူး၊ ကဲ‥ကျွန်တော့်ကိုခွင့်ပြုပါဦး၊ ကျွန်တော် ဆရာနဲ့သွားတွေ့ဖို့ကိစ္စရှိသေးလို့ပါ…”

“ဟုတ်ကဲ့…”

စောကိုကိုသည် မာလာမိုး ပြောသောစကားအတွက် စိတ်ထဲမည်သို့မျှမဖြစ်၊ ဆရာကြီး ရုံးခန်းသို့သာလှမ်းထွက်ခဲ့၏။

သူနှင့်ခင်မင်းမြတ်ကိစ္စအား စာရေးကြီးမှလွဲ၍ သိမည့်သူမရှိ၊ ယခု မာလာမိုး သိရခြင်းမှာ စာရေးကြီးထံမှဖြစ်ကြောင်း မာလာမိုး ပါးစပ်ဟလိုက်ကတည်းက သူ သိပြီးသားပါ…။

သူနှင့်မြတ် ကိစ္စသည်အမှန်မို့ သူ့အနေနဲ့ စာရေးကြီးအား အပြစ်မမြင်သည်ကအမှန်ပါ…။

သူသည် နှလုံးသားနှင့်တာဝန်အား သိမြင်ခွဲခြားတတ်သူ ဖြစ်သည်။ မိမိကိုယ်ကိုလည်း မိမိယုံကြည်သူဖြစ်၏။

“သြော်‥ဆရာ စောကိုကို လာထိုင်…”

အရာရှိရုံးခန်းထဲသို့ သူ ဝင်လိုက်သည်နှင့် အရာရှိကြီးသည် သူ့အား ချစ်ခင်ရင်းနှီးစွာခေါ်သည်။





“ဆရာ စောကိုကို ဆွေးနွေးစရာရှိမယ်ထင်တယ်…”

နေရာ၌ သူ ထိုင်မိသည်တွင် ဆရာကြီး မေးလာ၍ သူသည် အလေးအနက် ခေါင်းတစ်ချက်ညိတ်ပြလိုက်ပြီး…

“ဟုတ်ကဲ့ ဆရာ၊ ဆရာနဲ့ကျွန်တော် ဆွေးနွေးစရာပြောစရာတွေရှိပါတယ်…”

“ပြောပါ‥ပြောပါ၊ လွတ်လွတ်လပ်လပ်ပြောပါ ဆရာ စောကိုကို…”

“ဟုတ်ကဲ့၊ ကျွန်တော့်အနေနဲ့ မြတ်အပေါ်မှာ သံသယထားတဲ့ကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော် ပြောချင်ပါတယ်…

ကျွန်တော်တို့ မြတ်ကို သံသယရှိတာ မှားတော့လည်း မမှားပါဘူး၊ ဒါပေမဲ့ အတိအကျတော့လည်း ကျွန်တော်တို့မဖော်ထုတ်နိုင်သေးပါဘူး…

တစ်ခုရှိတာကတော့ မြတ်အနေနဲ့ ဦးထိန်လင်းတို့မိသားစုတွေနဲ့ တမင်ရောနှောပတ်သက်နေတာကတော့ အမှန်ပါပဲ ဆရာ”

“ဟုတ်လား၊ ဘယ်လိုပတ်သက်ခဲ့လဲ…”

ဆရာကြီး ဦးဉာဏ်မြင့်အမေးတွင် စောကိုကိုသည် ခေါင်းတစ်ချက်ညိတ်ကာ စကားစကိုတစ်ချက်ဆိုင်းပြီးမှ စကားကိုပြန်ဆက်ဆိုလိုက်၏။

သူ တစ်ခွန်းချင်းပြောပြသွားသော စောကိုကို၏စကား



www.burmeseclassic.com

www.burmeseclassic.com



များအား ဆရာကြီးသည် စိတ်ဝင်စားအံ့သြမှင်သက်စွာပင် နားထောင်နေဖြစ်လေသည်။

"အင်း..အဲဒါပဲ ဆရာ၊ ဒါ ကာယကံရှင် မြတ်ကိုယ်၌က ကျွန်တော့်ကို မနေ့ကမှဖွင့်ပြောလိုက်တာပါ...

သန်းဝင်းအလောင်းက ရတဲ့ပုဝါဟာ မြတ်ရဲ့ပုဝါဆိုတာ မြတ်က ဝန်ခံပါတယ်၊ ဒါပေမဲ့ ဒီပုဝါဟာ သန်းဝင်းအိမ်မှာရှိနေတာကြာပါပြီတဲ့...

သန်းဝင်း အသတ်ခံရတဲ့နေ့က သန်းဝင်းနဲ့မြတ်ဟာ အတူရှိမနေပါဘူးတဲ့၊ ကျွန်တော် မြတ်ဆီ ချက်ချင်းသွားပြီးလေ့လာကြည့်တော့လည်း တကယ်ပဲ မြတ်ဟာ အပြင်လုံးဝမထွက်ရသေးတဲ့ပုံကို ကျွန်တော် အကဲခတ်မိပါတယ် ဆရာ..

ကျွန်တော် ထင်တယ် ဆရာ၊ မြတ်နဲ့ဦးထိန်လင်းတို့ရဲ့ မိသားစုကြားမှာ တစ်စုံတစ်ယောက်သောလူရှိကောင်း ရှိလိမ့်မယ်လို့၊ ဒါမှမဟုတ်လည်း ဦးထိန်လင်းက တပည့်တပမ်းတွေများတော့ ဦးထိန်လင်းကိုယ်တိုင်ပဲ တစ်ဘက်လှည့်နဲ့ မြတ်ကိုလုပ်ကြံတာ သူ့သားတွေကပဲ ခံသွားရတာလားမှမသိဘဲ..."

"အင်း..ဆရာ စောကိုကို ပြောတဲ့စကားတွေက စဉ်းစားစရာပဲ၊ ဒီတော့ ဆရာ စောကိုကိုအနေနဲ့ ဘယ်လိုစိတ်ကူးရှိသားလဲ..."





"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော် ဒီကိစ္စတွေသိပြီးကတည်းက တစ်ချိန်လုံးစဉ်းစားနေပါတယ်၊ ကျွန်တော် အကြံတစ်ခုရတယ်..."

"ဘယ်လိုအကြံလဲ..."

"ကျွန်တော် စမ်းသပ်တယ်ဆိုလည်း မမှားဘူးပေါ့လေ"

"ပြောပါဦး..."

"မြတ်နဲ့ဦးထိန်လင်းကို ကျွန်တော် ထိပ်တိုက်ပေးတွေ့ချင်တယ်၊ သူတို့နဲ့လည်း ကျွန်တော် အတူရှိမယ်...

မြတ်ကိုတော့ ကျွန်တော် ဒီကိစ္စပြောပြထားတယ်၊ မြတ်ကလက်ခံတယ်၊ မြတ်အနေနဲ့လည်း ဦးထိန်လင်းကို ထိပ်တိုက်တွေ့ချင်ပုံရတယ်...

သူတို့ကိုတွေ့စေပြီး သူတို့ပြောတဲ့စကားတွေကို ကျွန်တော် နားထောင်ချင်တယ်၊ ဒါမှ သူတို့စကားတွေထဲမှာ အကြောင်းအရာတွေပေါ်လာစရာရှိတယ်လို့ ကျွန်တော် ထင်တယ်...

ဒါကြောင့် ကျွန်တော် ဒီစမ်းသပ်ချက်ကို လုပ်ကြည့်တာပါ ဆရာ..."

"လုပ်လေ..လုပ်ပါ၊ မမှားပါဘူး၊ သူတို့ချင်းထိပ်တိုက်တွေ့လို့ ရမ်းရမ်းကားကားမဖြစ်နိုင်ပါဘူး...

ဘာကြောင့်လဲဆိုတော့ ဦးထိန်လင်းကလည်း ပြုံ့မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



ဖုံး၊ မြတ်ကတော့ လူသိနည်းတဲ့သာမန် မိန်းကလေးတစ်ယောက်..

ပြီးတော့ ဆရာ စောကိုကိုလည်း သူတို့နဲ့ရှိနေမယ်ဆိုတော့ ဦးထိန်လင်းရဲ့တပည့်တွေလည်း ဘာမှမလှုပ်ရှားနိုင်ပါဘူးလေ''

''ဟုတ်တယ် ဆရာ၊ မြို့ပေါ်မှာတော့ ဦးထိန်လင်းက လည်း သူ့ရဲ့ဂုဏ်သိက္ခာကို ဘယ်ထိခိုက်ခံမလဲ၊ နောက်ကွယ်သာ သူ လုပ်ချင်လုပ်မှာ...''

''အင်း..ဒါပေါ့၊ ဒါနဲ့ဘယ်မှာဆုံဖို့ ဆရာ စောကိုကို စိတ်ကူးထားလဲ...''

''ဦးထိန်လင်းရဲ့အိမ်မှာပဲ ကျွန်တော်ဆုံဖို့ စိတ်ကူးတယ်၊ ဦးထိန်လင်းခြံနဲ့အိမ်ကကြီးလည်းကြီး၊ ကျယ်လည်းကျယ်တယ်...

ပြီးတော့ ဦးထိန်လင်းနေတဲ့နေရာက သီးသန့်အဆောက် အဦးတစ်ခုဖြစ်နေတော့ စကားပြောရပိုပြီးလွတ်လပ်တာပေါ့ဗျာ''

''ကောင်းပြီ၊ စီစဉ်လိုက်ပါ၊ လိုအပ်တာ ဆရာတို့ လုပ် ပေးမယ်...''

''တခြားဘာမှအင်းအားမလိုဘူး ဆရာ၊ ကျွန်တော်တို့ သွားတွေ့မယ့်နေ့ရက်အချိန်တွေကို ဆရာ သိထားရင်တော်ပါပြီ၊ ကျွန်တော်က ဦးထိန်လင်းအိမ်ကို ကျွန်တော်တို့ခုလိုလာတာ ဌာနက သိတယ်ဆိုတဲ့အကြောင်း စကားသွင်းထားရမယ်...''

''အင်း..ဟုတ်တာပေါ့...''





''အဲဒီနေ့ကျရင် စာရေးကြီးကိုပဲ ကျွန်တော် ခေါ်သွားပြီး မသိမသာအပြင်ကပဲ စာရေးကြီးကိုထားရစ်ပြီး အခြေအနေကို စောင့်ကြည့်ခိုင်းထားမယ်...''

''ကောင်းပြီလေ၊ ဆရာ စောကိုကို အစီအစဉ်အတိုင်း လုပ်ပါ၊ အရေးကြီးရင်ကြီးသလိုလည်း ဖုန်းဆက်ပါ၊ ဆရာတို့ အသင့်ရှိမယ်...''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါဖြင့် ကျွန်တော် သွားပါဦးမယ်၊ ခွင့်ပြုပါဦး ဆရာ...''

''ကောင်းပြီ ဆရာ စောကိုကို...''

''သြော်..ဆရာ၊ ကျွန်တော် ဦးထိန်လင်းနဲ့သွားတွေ့မယ့် အချိန်ကိုတော့ နောက်မှပဲဖုန်းဆက်လိုက်မယ်...''

''ကောင်းပြီ...''

''ခွင့်ပြုပါဦး ဆရာ...''

စောကိုကိုသည် အဩက်အရာရှိကြီးအား နှုတ်ဆက်ခဲ့ပြီး ရုံးခန်းထဲမှ ထွက်ခဲ့လိုက်ပါလေတော့၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



တီး..တီး...

စောကိုကိုသည် ညစာစားပြီးကတည်းက စောကိုကိုသည် ဧည့်ခန်းတွင် တစ်ကိုယ်တည်းထိုင်ကာ အစီအစဉ်တွေကို ဆွဲနေမိဖြစ်သည်။

သူ့စိတ်ထဲတွင် သူ့အစီအစဉ်များအတွက် ပြောပြရန် ချစ်သောမြတ်ဆီသို့ သွားမည်ဟု စိတ်ကူးဆဲပင်...

လူခေါ်ဘဲလ်လေးမြည်လာ၍ စောကိုကိုသည် ပိတ်ထားသည့်အိမ်ရှေ့တံခါးပေါက်ဆီ လှမ်းကြည့်ဖြစ်ရင်း...

"ဘယ်သူလဲ..."

"ဆရာ စောကိုကို၊ ကျွန်မပါရှင်..."

အပြင်ဘက်မှ မြတ်၏အေးဆေး၍ညက်ညောသော အသံလေးကိုကြားလိုက်ရသည်တွင် စောကိုကိုသည် အံ့သြရင်း ရင်ထဲလှုပ်ရှားကာ ကပျာကယာပင် တံခါးကိုသွားရောက်ဖွင့်ပေးဖြစ်လိုက်လေ၏။

အိမ်တံခါးကိုဖွင့်လိုက်သည်နှင့် လွန်စွာမှလှပနုနယ်သော မြတ်အား သူ တွေ့လိုက်ရလေ၏။

"အိမ်ထဲဝင်လေ မြတ်..."

သူ ဆိုတော့ မြတ်သည် အိမ်ထဲသို့လှမ်းဝင်လာခဲ့သည်။

စောကိုကိုသည် အိမ်တံခါးကိုပြန်ပိတ်ပြီးနောက် ဧည့်ခန်း





ဆီသို့ လှမ်းနေသည့် ခင်မင်းမြတ်ကိုယ်လေးအား နောက်ဘက်မှ ဆွဲဖက်ထားလိုက်သည်မတော့....

"အို..အမေ့..."

မြတ်သည် ရုတ်တရက်မို့ လန့်တုန်သွားရင်း သူ့ရင်ခွင်ထဲသို့ လုံးလုံးလျားလျားလေး ရောက်ရှိနေရပါတော့၏။

စောကိုကိုသည် အလုပ်ကိစ္စများအား မည်မျှအထိစဉ်းစားနေစေကာမူ ချစ်သူ မြတ်နှင့်တွေ့လျှင် သူ့စိတ်များသည် မနေနိုင်တော့ပါ...။

အချစ်နှင့်အကျွမ်းတဝင် မရင်းနှီးဖူးခဲ့သော သူလိုလူတစ်ယောက်အတွက် ယခုကဲ့သို့ မြတ်အား ချစ်ရသည်တွင် အရူးအမူးဖြစ်ရသည်ကအမှန်ပါ...။

မြတ်၏အလှသည်လည်း ယောကျ်ားများအား နှစ်သက်မြတ်နိုးရူးမူးစွဲလမ်းစေသည်က အမှန်ပင်မဟုတ်ပါတကား...။

နှစ်ဦးသားသည် ဆက်တီခုံတစ်ခုတွင် ပူးကပ်စွာထိုင်ဖြစ်လိုက်သည်။

အတန်ကြာမှ စောကိုကိုသည် ချစ်သောမြတ်အား သနားသွားရ၍ ချစ်မှန်တိုင်းအရှိန်ကို လျှော့ချလိုက်ရပြီး...

မြတ်၏ရဲတွတ်နေသော မျက်နှာနုနုလေးဆီ ကြည့်ကာ သူ ပြုံးနေမိရလေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အပျွန်း··အချစ်ရယ် ဆောရီး…"

"ဒီဆောရီးကတော့ တော်တော်လန့်စရာကောင်းတာပါပဲ နော်…"

အပျွန်း··အပျွန်း…

ဆိုရင်း ရှက်အန်းအန်းနီမြန်းမြန်းလေးရှိနေသည့် မြတ်မျက်နှာလေးဆီကြည့်ပြီး သူ သဘောကျစွာရယ်ပစ်လိုက်ရလေ၏။

"ကဲ··ကျွန်မ ပြောစရာရှိတယ်…"

"ပြော…"

"မောင့်ဆီလာတာ ကိစ္စနှစ်ခုရှိတယ်…"

"အင်း··ပြောပါ…"

"ကိစ္စတစ်ခုက မေးချင်တာ…"

"ဘာလဲ…"

"ဦးထိန်လင်းနဲ့ကျွန်မ ဘယ်တော့သွားတွေ့ရမလဲ…"

"မနက်ဖြန် ကိုးနာရီခွဲဆယ်နာရီလောက်တွေ့တာပေါ့၊ ဦးထိန်လင်းကိုတော့ ကြိုပြီးမချိန်းရသေးဘူး…"

"မလိုပါဘူး၊ သူ့ဆီသွားရင် သူ ညှိခံရမယ်လေ၊ မောင်တကယ်ပဲ မြတ်ရဲ့အနားမှာရှိမှာနော်…"

"စိတ်ချပါ…"

"ကျွန်မကတော့ ကိုယ့်ကိုယ်ကိုကာကွယ်ဖို့အတွက် ဖေဖေ





လိုင်စင်နဲ့ကိုင်တဲ့သေနတ်ယူသွားဖို့ ဆုံးဖြတ်ထားတယ်…"

"ယူပါ၊ ဒါပေမဲ့ သုံးစရာမလိုပါဘူး၊ မောင်ရှိနေတော့ အခြေအနေက အေးဆေးပါတယ်…"

"မသုံးပါဘူး၊ လိုရမယ်ရအကာအကွယ်တစ်ခုအဖြစ် ယူတာပါ…"

"ယူပါဗျာ…"

"မောင်…"

"ဗျာ…"

"မနက်ဖြန့်ကျရင် မောင် ပြောသလိုပဲ ဦးထိန်လင်းကို ဥပဒေဘောင်အတွင်းက ကျွန်မ ကလဲ့စားချေနိုင်ရမယ်နော်…"

"သေချာတာပေါ့…"

"ဒါနဲ့ ဦးထိန်လင်းရဲ့သားတွေကို ဘယ်သူသတ်တာလဲ"

"စုံစမ်းတုန်းပါပဲ…"

"မောင်…"

"ဗျာ…"

"ဦးထိန်လင်းတို့ သားအဖအားလုံးကို ကျွန်မ လက်နဲ့ ကိုယ်တိုင်လက်စားချေချင်တာပါ…

ဒီလိုပဲ ကိုသန်းဝင်းနဲ့ကိုအောင်အောင်တို့ကလွဲရင် ဦးထိန်လင်းရဲ့ကျူန်တဲ့ မိသားစုဝင်တွေအားလုံးကလည်း ကျွန်မကိုလာက



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာရှိစေချင်ပုံမရဘူးလေ...

ဘာကြောင့်လဲဆိုတော့ ကျွန်မ လုပ်ကြံခံရဘူးတယ်လေ၊ မှတ်မိမလားမသိဘူး၊ ပထမဆုံး မောင့်ဆီ ကျွန်မ ရောက်တဲ့ညက ပဲ..."

စောကိုကိုသည် စိတ်ထဲအလေးအနက်တစ်ခုလို တွေးနေမိပြီးမှ...

"ဦးထိန်လင်းက မြတ်ကို ဦးမြတ်မင်းရဲ့သမီးမှန်း သိနေလား..."

"မပြောတတ်ဘူး၊ သိချင်လည်းသိမယ်၊ မသိချင်လည်း မသိဘူး၊ သူ့သားတွေနဲ့ပတ်သက်လို့ ကျွန်မအပေါ် လုံးဝမလိုလားတာတော့အမှန်ပဲ..."

"အင်းလေ..သူနဲ့ထိပ်တိုက်တွေ့တဲ့နေ့ကျရင် မြတ်အားလုံးကိုဖွင့်ပြောပါ၊ ဦးထိန်လင်းရဲ့အခြေအနေကို မောင် ကြည့်နေမယ်..."

"အသေအချာပေါ့၊ ကျွန်မကလည်း ပြောကိုပြောမှာပါ"

"ကဲ..အချစ်ရဲ့နောက်ကိစ္စတစ်ခုက ဘာလဲ၊ မောင့်ဆီလာတာ ကိစ္စနှစ်ခုနဲ့ဆို၊ တစ်ခုကျန်သေးတယ်၊ ဘာလဲပြော..."

အဟင်း...

"မောင့်ကိုလွမ်းလို့..."





"ကြည့်စမ်း..."

အား...

ခင်မင်းမြတ် လန့်၍အော်သည်။

"မောင် နားထောင်ဦး၊ ကျွန်မ ပြောမယ်..."

"အင်းပြော..."

သူ ဆိုသည်။ အချစ်ဒီလှိုင်းတွေက မြင့်တက်ရန်အရှိန်တွေယူနေလေ၏။

"အမှုတွေကဘယ်တော့ပြီးမလဲ မောင်၊ ကျွန်မ ဒီကအမြန်ဆုံးထွက်သွားချင်ပြီ..."

"မကြာတော့ပါဘူး၊ မြတ်နဲ့ဦးထိန်လင်းတို့ တွေ့ပြီးတဲ့နောက် ပြီးသွားနိုင်ပါတယ်..."

"ဒါဖြင့် ကျွန်မ သွားဖို့စီစဉ်ထားတော့မယ်နော်..."

"ဘာလုပ်ဖို့..."

"မောင်နဲ့ကျွန်မတို့နှစ်ယောက် အနားယူအပန်းဖြေဖို့လေ..."

"ဘယ်သွားမှာလဲ..."

"ချောင်းသာ..."

"သိပ်ကောင်းတယ်၊ မောင်လည်း ဒီအမှုပြီးရင် ခွင့်ယူ



www.burmeseclassic.com

www.burmeseclassic.com



ဖို့ဆုံးဖြတ်ထားတယ်...''

အဟင်း..ဟင်း..ဟင်း...

ခင်မင်းမြတ်သည် ကြည်ကြည်နူးနူးလေး ရယ်မောကာနေ၏။

ချစ်သူနှစ်ဦးကား ဘဝကိုတည်ထောင်ရန်အတွက် ဆုံးဖြတ်ချက်များခိုင်မာနေရပြီ မဟုတ်ပါတကား...။ ။

ø ø ø





၃၄

- နှစ်ဆယ့်တစ် -

စောကိုကိုသည် အထက်အရာရှိထံ ဖုန်းဆက်ပြီး စာရေးကြီးထံ ဖုန်းဆက်လိုက်လေ၏။

''ကိုချစ်ကြွယ် ခင်ဗျားလမ်းထိပ်မှာ ထွက်စောင့်နေပါ၊ ကျွန်တော် အခုပဲထွက်ခဲ့မယ်၊ တွေ့မှပြောမယ်၊ ဒါပဲ...''

စကားအဆုံး သူ ဖုန်းကိုချလိုက်သည်။ သည့်နောက် သူသည် သေနတ်တစ်လက်နှင့် အသံဖမ်းစက်လေးတစ်လုံးကိုယူပြီး အိမ်မှထွက်ခဲ့လိုက်လေ၏။

သည်နေ့အဖို့ ဦးထိန်လင်းနှင့်တွေ့ဆုံရန်အတွက် ညကတည်းကပင် မြတ်နှင့်အစီအစဉ်တွေ လုပ်ပြီးသားဖြစ်သည်။

ခင်မင်းမြတ် လာရမည့်အချိန်ရောက်လျှင် ဦးထိန်လင်း



www.burmeseclassic.com

www.burmeseclassic.com



အိမ်သို့ မြတ် ရောက်လာလိမ့်မည်…။

စောကိုကိုသည်က စာရေးကြီး၏အကူအညီယူရန်အတွက် စာရေးကြီးအား ပြောဆိုပြရန်အိမ်မှထွက်ခဲ့လိုက်လေ၏။

တအောင့်ခန့်ကြာသည်တွင် သူ မောင်းလာသောကားလေးသည် စာရေးကြီးနေထိုင်သော လမ်းထိပ်သို့ရောက်ပြီဖြစ်သည်။

စာရေးကြီးသည် စောကိုကိုအား လမ်းထိပ်တွင်အသင့်စောင့်နေသည်။

"ကဲ‥ကိုချစ်ကြွယ် ကားပေါ်တက်…"

စာရေးကြီးရှေ့ ကားရပ်ပြီး သူ ဆိုသည်တွင် စာရေးကြီးသည် ကားထဲဝင်ထိုင်လိုက်သည်။

"ဆရာ ရုံးမသွားဘူးလား၊ ဘာကိစ္စရှိလဲ…"

ကားထဲဝင်ထိုင်လာရင်း စာရေးကြီးမေးလာသည်တွင် စောကိုကိုသည် ရုတ်တရက်မဖြေသေးဘဲ နာရီဆီတစ်ချက်ကြည့်လိုက်ပြီးမှ…

"ကိစ္စရှိတယ်၊ အစီအစဉ်တွေ ခင်ဗျားကို ပြောပြမယ်"

သူဆိုရင်း ကားကိုမောင်းထွက်ခဲ့လိုက်သည်။

သည့်နောက် လူရှင်းသောလမ်းဘေးတစ်နေရာအရောက်၌ စောကိုကိုသည် ကားကိုရပ်လိုက်သည်။





ပြီးတော့နာရီဆီ တစ်ချက်ပြန်ကြည့်ပြီး စာရေးကြီးအား စကားဆိုရန် မျက်နှာမူလိုက်သည်။

စာရေးကြီးသည် စိတ်ဝင်စားဟန်၊ စိတ်လှုပ်ရှားဟန်လိုဖြင့် သူ့အား ကြည့်လေ၏။

"ကိုချစ်ကြွယ်…"

"ပြောပါ ဆရာ…"

"ဆရာကြီး ဦးဉာဏ်မြင့်ဆီ ကျွန်တော် ဖုန်းဆက်ထားပြီးပြီ၊ ဆရာလည်း အခုကိစ္စသိတယ်…"

"ဘာလဲ ဆရာ…"

"နားထောင် ကျွန်တော် ပြောမယ်၊ အခု ခင်ဗျားနဲ့ကျွန်တော် ဦးထိန်လင်းဆီကို သွားမယ်…"

"ဟုတ်ကဲ့…"

"ခင်ဗျားကအထဲဝင်မလိုက်ရဘူး၊ အပြင်ကနေပြီး အခြေအနေကိုစောင့်ကြည့်ရမယ်…

အပြင်မှာနေရမယ်ဆိုတာကလည်း ဒီလိုရှိတယ်၊ ကျွန်တော်တို့ ပြောတဲ့စကားတွေ ကြားနိုင်တဲ့နေရာလောက်မှာ ခင်ဗျား နေရမယ်…"

"ဟုတ်ကဲ့…"

"ရော့‥ဒီမှာအသံဖမ်းဆက်ကလေးယူထား၊ ဒီကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်တော် ကြိုတင်ဝယ်ထားတာ…

ခင်ဗျား ပြတင်းပေါက်တစ်ခုခုရဲ့နေရာမှာနေပြီး ကျွန်တော်တို့ ပြောတဲ့စကားတွေကိုရအောင် သွင်းထားပါ…"

"ဟုတ်ကဲ့ ဆရာ…"

"ဦးထိန်လင်းနဲ့ကျွန်တော်တို့ စကားပြောလို့ ဆယ့်ငါးမိနစ်လောက်ကြာရင် မြတ် ရောက်လာလိမ့်မယ်…"

"ဗျာ··ခင်မင်းမြတ်က ဘာကိစ္စနဲ့…"

"ခင်ဗျားမမေးပါနဲ့၊ ပြောပြနေရင် အချိန်ကြာနေမယ်၊ ဟိုရောက်တော့ အသံဖမ်းရင်း ခင်ဗျားနားထောင်ပေါ့…

တကယ်တော့ ကျွန်တော်က ဦးထိန်လင်းနဲ့မြတ်ကို တမင်ပေးဆုံလိုက်တာပဲ…"

"ဖြစ်ပါ့မလား ဆရာ၊ မဖြစ်နိုင်ဘူးထင်တယ်…"

"မဖြစ်စဘူးဆိုတာ ခင်ဗျားဘာကိုပြောတာလဲ…"

"ဟို··မဟုတ်ဘူးလေ၊ ကျွန်တော် ပြောတာက ဦးထိန်လင်းက သူ့သားတွေနဲ့ပတ်သက်ပြီး…"

"ကိစ္စမရှိပါဘူး၊ မြတ်ကို ဦးထိန်လင်း ဘာမှလုပ်လို့မရဘူး၊ ကျွန်တော်လည်းရှိနေတာပဲ…

မြတ်နဲ့ဦးထိန်လင်းနဲ့တွေ့မှ မှုခင်းတွေရဲ့ဖြစ်ရပ်မှန်တွေပေါ်လာမယ်ဆိုတာ ကျွန်တော်သိလို့ ခုလိုစီစဉ်လိုက်တာပဲ…





ဆရာလည်းသိတယ်၊ ဆရာကြီးနဲ့ဆွေးနွေးပြီးမှ ဒီကိစ္စတွေ ကျွန်တော် လုပ်တာ၊ ကဲ··အချိန်မရှိတော့ဘူး၊ သွားမယ်…"

စကားအဆုံး စောကိုကိုသည် နေရာမှကားကိုမောင်းထွက်ခဲ့လိုက်သည်။

"ဦးထိန်လင်းနဲ့ဘယ်မှာတွေ့မှာလဲ ဆရာ…"

"သူ့အိမ်မှာပဲ၊ သူ့အိမ်ကပဲကောင်းတယ်၊ လူလည်းရှင်းတယ်လေ…"

သူဆိုသည်တွင် စာရေးကြီးသည် နှုတ်ဆိတ်သွား၏။ စာရေးကြီးသည် လက်ထဲမှအသံဖမ်းစက်ကလေးအား ငုံ့ကြည့်ရင်း…

ယခုလုပ်ရပ်၏အခြေအနေအား ဖြစ်နိုင်မဖြစ်နိုင်တွေးတို့ဖြင့် စိတ်များလှုပ်ရှားနေဟန်ရှိနေရသကဲ့သို့ အသွင်သည်ဖြစ်တည်နေလေ၏။

သူသည် ခပ်တွေတွေကြီးနှယ်ရှိနေသည့် စာရေးကြီးထံတစ်ချက်ကြည့်ပြီး ကားကို ဦးထိန်လင်းအိမ်သို့ အရောက်မောင်းနှင်ခဲ့လေ၏။

× × × × ×



www.burmeseclassic.com

www.burmeseclassic.com



"အင်း..ဦးအတွက်ကတော့ တကယ့်ကိုဝမ်းနည်းစရာတွေပါပဲ..."

"လာပြီးလုပ်ကြံတဲ့ ကြေးစားတွေက စဉ်းစားစရာပဲ၊ ဦးရဲ့သားက ဦးကိုကာကွယ်သွားတာ..."

"ဟုတ်ပါတယ်၊ ဦးရဲ့သားကြီးကတော့ ဦးအတွက် တကယ်အားကိုးရပါတယ်...

အင်း..ပြောရင် တကယ်စိတ်မကောင်းစရာပါကွယ်၊ တကယ်တော့ ဦး အချစ်ဆုံးသားက အောင်အောင်ပဲ...

အခု သန်းဝင်း သေရတာလည်း ဟိုကောင်မလေးနဲ့ပတ်သက်နေတယ်...

ဟိုကောင်မလေးရဲ့ပဝါတစ်ထည် သန်းဝင်း အလောင်းနားမှာ ရတယ်လို့သိရတယ်..."

"ဒါကတော့ ဦးရယ်၊ အတပ်ပြောလို့မရပါဘူး၊ ကြားမှာ လုပ်ကြံသူတစ်ဦးတစ်ယောက်ရှိမယ်လို့ ကျွန်တော် ထင်မိတယ်"

စောကိုကို စကားများအတွက် ဦးထိန်လင်းသည် တစ်ချက်မျှတုံ့ဆိုင်းကာ သူ့ကိုကြည့်ရင်း တွေးဆနေပုံရလေ၏။

ဦးထိန်လင်းသည် စောကိုကို ရောက်သည်ဆိုကတည်းက သူ၏သီးသန့်ခန်းတွင် စောကိုကိုအား ကောင်းမွန်စွာဧည့်ခံကြိုဆို စကားတွေပြောသည်မှာ ဆက်တိုက်ပါပင်...။





သူ၏ထိခိုက် နစ်နာဆုံးရှုံးကြေကွဲမှုတွေပြောရင်း [illegible] ကောင်းဟန်မျက်နှာသည် စော်စောက စောကိုကို ပြောလိုက်သည့် စကားနှင့်ပတ်သက်၍ အပြောင်းလဲကြီးပြောင်းလဲသွားသည်ကို သူ ကောင်းစွာ သတိထားမိလိုက်လေ၏။

ဒေါက်..ဒေါက်..ဒေါက်...

ဦးထိန်လင်းတစ်ယောက် တိတ်သိတ်နေဆဲ [illegible] သည်လည်း ဦးထိန်လင်း၏ ရှည်လျားစွာတွေးတောနေ [illegible] မျက်နှာသွင်ပြင်ဆီ လှေ့လာသုံးသပ်နေဆဲ...

အပြင်မှ အခန်းတံခါးခေါက်သံကို [illegible] ဦးထိန်လင်းပါ ကြားလိုက်ရသည်တွင် စောကိုကိုသည် [illegible] ရှိရင်း ခင်မင်းမြတ် ရောက်လာပြီဖြစ်ကြောင်း သိရလိုက်၏။

တံခါးခေါက်သံနှင့် မရှေးမနှောင်းပင် ဦးထိန်လင်း [illegible] အစောင့်တစ်ယောက်နှင့်အတူ မြတ်သည် အခန်းထဲသို့ဝင်ရောက်လာ၏။

ဦးထိန်လင်းသည် မသိသယောင်၊ ဖမ့်ဖော်မိသယောင်ပြုး မြတ်ထံ လှမ်းကြည့်ရင်း...

"အခုဝင်လာတာ ဘယ်သူလဲ၊ ဘယ်ကလဲ..."

"ဦးရဲ့ဧည့်သည်ပါပဲ၊ ဦးကို သူ ကောင်းကောင်းသိပါတယ်..."



www.burmeseclassic.com

www.burmeseclassic.com



ဦးထိန်လင်းအမေးအား စောကိုကို ကြားဝင်ဆိုလိုက်သည်။

ဦးထိန်လင်း၏ သီးသန့်ဧည့်ခန်းတွင်း၌ စကားများဆိုနေကြသည်ကို…

အပြင်ဘက်ရှိ ပန်းပင်များနှင့်ကွယ်နေသည့် မှန်ပြတင်းတစ်ခုအနီးတွင်ကား…

စာရေးကြီး ကိုချစ်ကြွယ်သည့် အသံဖမ်းစက်ကလေးအားဖွင့်ကာ ပြတင်းအနီးကပ်ထားရင်း၊ အထဲမှ စကားများအား အလေးအနက်နားထောင်နေပါလေ၏။

"ထိုင်ပါ ကလေးမ…"

ဦးထိန်လင်း၏ မနှစ်မြို့ဟန် လေးတေးတေးစကားတွင် မြတ်သည် အေးစက်သောအကြည့်စူးစူးလေးဖြင့် ဦးထိန်လင်းနှင့် မျက်နှာချင်းဆိုင်ခုံတွင် ဝင်ရောက်ထိုင်လိုက်၏။

သူသည် မြတ်နှင့်ဦးထိန်လင်း မျက်နှာတွေဆီ မသိမသာ အကဲခတ်ကြည့်နေမိသည်။

အထူးသဖြင့် သူသည် ဦးထိန်လင်းထံ ပို၍လေ့လာနေမိ၏။

မြတ်ကို တွေ့လိုက်ရခိုက်၊ ရုတ်ချည်းပင် ဦးထိန်လင်း၏ မျက်နှာသွင်ပြင်သည် ကောင်းကင်၌မိုးသားများနှင့် မည်းမှောင်





နေသကဲ့သို့ ရှိနေရသည်မဟုတ်ပါလား…။

"ကလေးမက ဘယ်သူလဲပြောပါဦး…"

"တကယ်မသိဘူးဆိုရင် ကျွန်မ ပြောပါ့မယ်၊ ကျွန်မက ခင်မင်းမြတ်ပါ…

ကိုအောင်အောင် သေတဲ့ညက ကျွန်မဆီမှာ ကိုအောင် ရှိနေတဲ့အကြောင်းကို ဦးတစ်ယောက်ပဲသိတယ်မဟုတ်လား…

ဦးကိုယ်တိုင် ကျွန်မဆီကို ဦးရဲ့သားရောက်လာကြောင်း ဖုန်းဆက်ပြောပြထားတယ်လေ…"

မြတ် ပြောသောစကား၌ စောကိုကိုသည် အံ့သြသွားရသည်။ ထိုအကြောင်းများအား ယခုမှပင် သူလည်း သိရခြင်းကြောင့်ပါ…။

ခင်မင်းမြတ်သည် ပြုံးဟန်ပပနယ် ဦးထိန်လင်းထံ စေ့စေ့စူးစူးလေးကြည့်ရင်းမှ တစ်ခွန်းချင်းစကားများအား ဆက်ဆို၏။

"အဲဒီအချိန်က ကျွန်မနဲ့ကိုအောင်တို့ ကျွန်မအိမ်မှာနှစ်ယောက်တည်းအတူရှိနေတာကို ဦးတစ်ယောက်ထဲပဲသိပါတယ်၊ ဦးကလွဲပြီး ဒီအကြောင်းကို ဘယ်သူမှမသိဘူး…"

စောကိုကိုသည် ဦးထိန်လင်း၏မျက်နှာဆီ၌သာ အကြ[illegible] များရောက်နေရပါတော့သည်။

ဦးထိန်လင်း၏ မျက်နှာခပ်အိုအိုသည် တစ်[illegible]က်တစ်စ



www.burmeseclassic.com

www.burmeseclassic.com



ပျက်ကာ အိုမင်းရင့်ရော်နေသည်။

သို့သော်လည်း ဦးထိန်လင်းသည် သူ၏ထိတ်လန့်ခြင်း၊ ချောက်ချားခြင်း၊ လှုပ်ရှားခြင်းများအား လူကြီးစတိုင်လ်ဖြင့် ဟန်ပါပါဖုံးဖိရင်း...

"ဒီကလေးမက ဘယ်သူလဲ၊ သူဟာရူးနေလား..."

"ကျွန်မနာမည် ခင်မင်းမြတ်၊ မြတ်လို့လည်းခေါ်ကြတယ်..."

သူ ကြားထဲမှဝင်မဆိုခင် ခင်မင်းမြတ်သည် သူမအမည်အား အေးဆေးစွာပြုံးဟဟအသွင်ဖြင့် ထပ်၍ဆိုသည်။

ဦးထိန်လင်းသည် စဉ်းစားသလိုရှိနေဆဲ၊ စောကိုကိုသည် ဦးထိန်လင်းထံ စေ့စေ့ကြည့်ရင်း...

"ဦးကတော့ မေ့နေကောင်းမေ့နေလိမ့်မယ်၊ မြတ်ကတော့ ဦးကိုတွေ့ထားဘူးတယ်၊ သူ့အိမ်ကို ဦးသွားတဲ့နေ့က၊ သူ မြင်ဘူးထားတာ..."

"သူ မြင်ဘူးတယ်..."

ဦးထိန်လင်း ပြန်အမေးတွင် သူသည် ခေါင်းညိတ်ပြလိုက်သည်။

"အင်း..ဦးကတော့ အသက်လည်းကြီးပြီ၊ ကြာလည်းကြာတော့ ဘာမှမမှတ်မိတော့ပါဘူး..."





"အဟင်း..ဦးမေ့မယ်လို့ ကျွန်မ မထင်ပါဘူး၊ ဦး ပြောသလိုကြာတော့ကြာပြီ...

ဒါပေမဲ့ ကျွန်မစိတ်ထဲမှာ မနေ့ကလိုပဲရှိပါသေးတယ်၊ နေရာအတိအကျက ကျွန်မရဲ့အိမ်ထဲမှာလေ၊ အသတ်ခံသွားရတဲ့သူက ကျွန်မအဖေပါ..."

"မင်းရဲ့အဖေ..."

"ဟုတ်ပါတယ်..."

"မင်းအဖေကဘယ်သူလဲ..."

"ဦးမြတ်မင်းပါ၊ ဘဏ်အရာရှိတစ်ယောက်ပါ..."

"ဩော်..ဦးမြတ်မင်းဟာ ရိုးသားအေးဆေးတဲ့သူ၊ သိပ်ကောင်းတဲ့သူပါ၊ ဦးမြတ်မင်းဟာ ဦးရဲ့မိတ်ဆွေပါပဲ၊ ရင်းနှီးပါတယ်၊ သူ သေသွားပြီလား..."

"အဟင်း..ဟုတ်တယ်၊ သူ သေသွားပြီလားတဲ့၊ အဟင်း ဦးက တကယ်တော်တာပဲ...

ကျွန်မဖေဖေက အသတ်ခံရတာလေ၊ ဦးပဲသတ်တာ၊ ဦးကိုယ်တိုင်ပဲသတ်လိုက်တာ..."

ခင်မင်းမြတ် စကားတွင် ဦးထိန်လင်းသည် ချောက်ချားဟန်အား ပိပိရိရိဖုံးကာ ပြုံးနေပုံမှာသိသာလွန်းနေရလေ၏။

စောကိုကိုသည် ဦးထိန်လင်းအား နားလည်စွာကြည့်နေပြီး



www.burmeseclassic.com

www.burmeseclassic.com



ကာမှ…

"ဦး..အဲဒီအချိန်က မြတ်ဟာ သူမအဖေအသတ်ခံရတာ ကိုမြင်ရတဲ့ တစ်ဦးတည်းသောသက်သေပါ…

သူမအဖေကို ဦးကိုယ်တိုင်သတ်လိုက်တာ သူမကိုယ်တိုင် မြင်တွေ့ခဲ့တယ်…

ဒါကြောင့် မြတ်ဟာ ဦးကိုဘယ်တော့မှမမေ့ဘူး၊ ဦး မျက်နှာနဲ့ဦးရဲ့အကြောင်းတွေဟာ မြတ်အတွက် အမြဲလေ့လာစိတ် ဝင်စားနေရတာချည်းဖြစ်ခဲ့တယ်…

အဲဒီအတွက်ကြောင့် ဦးရဲ့သားတွေနဲ့မြတ်ဟာ ပတ်သက် ဆက်နွယ်ခဲ့တာပါပဲ…

လူတစ်ယောက်ကို ကောင်းကောင်းမှတ်မိသိရှိတဲ့အရွယ် ကပဲ ဦးကို မြတ်ဟာ မြင်တွေ့ခဲ့ရလို့…

မြတ်ဟာ ဦးရဲ့မျက်နှာကို အသည်းမှာစွဲနေတော့တယ်၊ သူမအတွက် ဦးရဲ့မျက်နှာဟာ အသိတရားထဲစွဲနစ်နေခဲ့ရတယ်…

သူမဘဝမှာ ဒီအကြောင်းအရာနဲ့ ဒီမြင်ကွင်းတွေဟာ ဘယ်တော့မှမေ့ပျောက်လို့မရခဲ့ဘူး…

ဦးကတော့ သူမကို အဲဒီအချိန်က လုံးဝမသိခဲ့ဘူးဆိုတာ သေချာပါတယ်…"

ဟား…





စောကိုကို စကားများအတွက် ဦးထိန်လင်းသည် စကား ပြောမည့်ဟန်နှယ်ဖြင့် စကားပြောစရာ ရုတ်တရက်ရှာမတွေ့သလို ပုံမျိုးဖြစ်နေရလေ၏။

မှန်သည်။

ညည့်ခန်း၏အပြင်ဘက်တွင်မလည်း…

စာရေးကြီး ကိုချစ်ကြွယ်သည် ကြားလိုက်ရသောအထဲ စကားများကြောင့် လွန်စွာမှအံ့သြတွန့်ဆုတ်ကာ စိတ်များလှုပ်ရှား နေဖြစ်ရပါသတည်း…။

စာရေးကြီးသည် အထဲမှစကားများဆီ နားစွင့်ထားရင်း စိတ်အတွေးသည် ကမောက်ကမဖြင့် ပြေးလွှားနေဖြစ်လေ၏။

"သူ့အဖေအသတ်ခံရတဲ့ ကိစ္စနဲ့ပတ်သက်ပြီး မြတ်က ကျွန်တော်တို့ရဲ့ရှေ့မှာ အားလုံးဖော်ထုတ်ပြောဆိုထားပြီးပါပြီ…"

ဒေါက်..ဒေါက်..ဒေါက်…

စောကိုကိုသည် ဦးထိန်လင်းထံကြည့်ကာ စကားများ ဆိုနေဆဲ အခန်းတံခါးခေါက်သံအား ကြားလိုက်ရလေ၏။

"ဆရာ စောကိုကို ဆရာ့ဖုန်းလာနေတယ်…"

ဦးထိန်လင်းသည် သူ့အား စကားတစ်စုံတရာပြောမည်ပြု ဆဲ အခန်းထဲသို့ လူတစ်ယောက်ဝင်လာပြီး သူ့အားဖုန်းလာကြောင်း သတင်းလာပြော၍ စကားစပြတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



စောကိုကိုသည် ဦးထိန်လင်းစကားကိုသာ မျှော်လင့်နားဖွင့်ထားဖြစ်သည်။

"ဆရာ..ဖုန်း..."

"ခဏလေး ကျွန်တော် လာပါမယ်..."

သူ ဆိုလိုက်၍ အကြောင်းလာကြားသူသည် ပြန်ထွက်သွားလိုက်သည်။

"အင်း..ဒီကိစ္စတွေနဲ့ပတ်သက်ပြီး ပြောပါမယ်၊ တကယ်တော့ ဒီကိစ္စတွေလုပ်တယ်ဆိုတာ အတွင်းလူပါမှရတာမဟုတ်လား...

ဒါပေမဲ့ ဦးမြတ်မင်းကတော့ ဒီကိစ္စမှာမပါဝင်ခဲ့ဘူး၊ ဒါကြောင့်လည်း သူ သေရတာပါပဲ...

တကယ်တော့ ဒီကိစ္စတွေနဲ့ပတ်သက်ပြီး အဓိကစီစဉ်သူကတော့..."

"ဆရာ စောကိုကို ဖုန်းကအရေးကြီးလို့တဲ့..."

ဦးထိန်လင်း၏ တပည့်တစ်ယောက်ဝင်လာပြီး ပြောသောကြောင့်...

စောကိုကိုသည် ဖုန်းစောင့်ထားခိုင်းသည်မှာ ကြာပြီမို့ အားနာသွားရပြီး နေရာမှထလိုက်ရင်း...

"ခဏလေး ဦး ကျွန်တော် ဖုန်းသွားပြောလိုက်ဦးမယ်၊





ကျွန်တော် လာမှဆက်ပြောတာပေါ့..."

"မြတ်ခဏနော်..."

စောကိုကိုသည် မြတ်နှင့်ဦးထိန်လင်းအား ခွင့်တောင်းလိုက်ပြီး ဖုန်းပြောရန်အပြင်ခန်းဘက်သို့ ထွက်ခဲ့လိုက်လေ၏။

ဦးထိန်လင်း၏ သီးသန့်ဧည့်ခန်းထဲတွင် ဖုန်းမထား၊ထား၍ အပြင်ခန်းဘက်သို့ သူ ထွက်ခဲ့လိုက်ရသည်။

သူသည် ဘေးတွင်ချထားသည့်ဖုန်းအား သတိမထားဘဲ အလောတကြီးပင် ကောက်ကိုင်ကာနားထောင်လိုက်ပြီး...

"ဟဲလို..ဟဲလို..."

တီး..တီး..တီး..တီး...

သူ ဖုန်းနားထောင်လိုက်ချိန်တွင် တစ်ဘက်မှဖုန်းချသွားသည်မှာ ကြာပြီဖြစ်၍ အော်တိုသံပင်မဝင်တော့ဘဲ တတီတီဖြင့်သာမြည်နေတော့သည်ကို ကြားလိုက်ရ၏။

သူသည် ဖုန်းကိုကိုင်ကာ တစ်ချက်မျှတွေဝေကာ စဉ်းစားနေဆဲခိုက်ပင်...

ဒိုင်း..ဒိုင်း..ဒိုင်း...

ဟင်...

ဦးထိန်လင်း၏ သီးသန့်ခန်းတွင်းမှ သေနတ်သံစူးချက်တိတိအား ဆက်တိုက်ကြားလိုက်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူသည် ဘာတွေဖြစ်ကုန်ပြီမှန်း မသိသောစိတ်ဖြင့် ထိတ်လန့်ချောက်ချားကာ ဖုန်းကိုချပစ်ခဲ့ပြီး အခန်းတွင်းသို့အပြေးဝင်ရောက်ခဲ့လေ၏။

"ဟား..အိုး..ဘုရား..."

သူသည် ဧည့်ခန်းတွင်းပြန်အရောက်မတော့...

တွေ့လိုက်ရသောမြင်ကွင်းတွင် သူ လွန်စွာတုန်လှုပ်သွားရ၏။

မှန်သည်။

အဘယ်ကြောင့်ဆိုသော်...

ဧည့်ခန်းထဲတွင်ကား ဦးထိန်လင်းသည် သေနတ်ဒဏ်ရာဖြင့် ကုလားထိုင်တက်၌ပင် သေဆုံးနေရပြီး...

ဦးထိန်လင်း၏ တပည့်တစ်ယောက်သည် အခန်းဝ၌သေနတ်ဒဏ်ရာဖြင့် လဲကျသေဆုံးနေ၏။

မြတ်ကမူ ကုလားထိုင်ထက်မှလဲကျကာ ကြမ်းထက်ရှိသွေးအိုင်ထဲ၌ စောင်းစောင်းကွေးကွေးလေး အနေအထားနှင့်မိန်းမောစွာရှိနေသည်ကို သူ တွေ့လိုက်ရသောကြောင့်ပါတည်း...။

မြတ်၏ ညာဘက်လက်ထဲတွင်မတော့ ပစ္စတိုသေနတ်တစ်လက်ကို တွေ့ရသည်။

စားပွဲခင်းဖြူဖြူထက်၌ သွေးစွန်းနေသည့် မြတ်၏လက်





ချောင်းရာလေးအား စောကိုကို သတိထားတွေ့ရသည်။

"မြတ်..မြတ်..အိုဗျာ..."

သူသည် ကြမ်းထက်မှလဲကျနေသော မြတ်ဆီသို့ အပြေးရောက်ကာ ပွေ့ချီမ,ထားလိုက်သည်။

"မြတ်..မြတ်ရယ်၊ ဘယ်လိုဖြစ်ရတာလဲဗျာ..."

သူ၏ တနင့်တခဲကြေကွဲသံကြောင့် မြတ်သည် မိန်းမောနေရာမှ သတိလေးရလာသလိုရှိ၏။

မြတ်သည် မျက်လွှာလေးလှုပ်ခတ်ကာ ကျွန်တော့်အားအားစိုက်ကြည့်လာ၏။

"မောင်..."

ခင်မင်းမြတ် ခေါ်သည်။ မြတ်၏ခေါ်သံလေးသည် လှိုက်လှဲလွန်းကာ လေသံသဲ့သဲ့မျှသာရှိ၏။

စောကိုကိုသည် ယောကျ်ားတန်မဲ့ မျက်ရည်များပေါက်ပေါက်ကျနေမိရလေသည်။

"မြတ် အချစ်ရယ် မင်း သတ်လိုက်တာလား..."

"မောင် ကျွန်မ မသတ်ဘူး၊ ကျွန်မ သေနတ်ထဲမှာကျည်အပြည့်ရှိ...."

ခင်မင်းမြတ်၏စကားလေးများသည် အဆုံးမသတ်နိုင်တော့...။



www.burmeseclassic.com

www.burmeseclassic.com



"မြတ်..မြတ်..မြတ်...."

သူသည် ထိတ်လန့်ကြေကွဲလွန်းစွာဖြင့် မြတ်အား အော်ခေါ်နေမိသည်။

သို့သော် ချစ်သော ခင်မင်းမြတ်ကား မထူးနိုင်တော့ပါ။

"မြတ်..မြတ်ရယ်..မြတ်..."

စောကိုကိုသည် ချစ်သော ခင်မင်းမြတ်အား သတိလက်လွတ်၊ အူလှိုက်သည်းလှိုက် တတွတ်တွတ်ခေါ်နေမိရာမှ...

တစ်ဆက်တည်းပင် သတိရမိလိုက်ရာမှ ရဲစခန်းနှင့်ဆေးရုံကားဆီသို့ ဖုန်းခေါ်ဖြစ်လိုက်လေ၏။

"မြတ်..မြတ်ရယ် မင်းလေး မောင့်ကိုတော့ တစ်ယောက်ထဲ မထားခဲ့လိုက်ပါနဲ့ကွယ်..."

သွေးတွေနှင့်ခင်မင်းမြတ်ကိုယ်လေးအား သူ ထွေးဖက်ထားဆဲ၊ ရင်ဝယ်တရှိုက်မတ်မတ် စကားတွေကို သူ ညည်းညူဆိုဆဲ၊ သူ့အနီး၌ခြေတစ်စုံရပ်လာသည်ကို သူ သတိထားဖြစ်လိုက်၏။

သူ မော်ကြည့်လိုက်သည်တွင် စာရေးကြီး ကိုချစ်ကြွယ်ကို တွေ့လိုက်ရသည်။

စာရေးကြီး ကိုချစ်ကြွယ်သည်လည်း သူ့နည်းတူပင် အံ့သြခြင်း၊ ချောက်ချားခြင်းများစွာဖြင့် ရှိသည်ကို သူ တွေ့ရ၏။





ထိုအခိုက်ပင် ရဲကားများနှင့်ဆေးရုံကားများရောက်လာသည့်အသံကို သူ ကြားလိုက်ရလေ၏။

သည့်နောက် စောကိုကိုသည် ရင်ခွင်ထဲမှချစ်သော မြတ်ကိုယ်လေးအား ပွေ့ချီကာဆေးရုံကားဆီသို့ ခေါ်ဖြစ်ခဲ့လိုက်ပါလေသတည်း...။ ။

Ø Ø Ø



www.burmeseclassic.com

www.burmeseclassic.com



မသိမသာချလိုက်သည်ကို သူ သတိထားမိလိုက်သည်။ ထို့အတွက် သူ့ရင်တွေသည် လွန်စွာလှုပ်ရှားသွားလိုက်ရလေ၏။

"ပြောရမှာစိတ်မကောင်းဘူး၊ ပြောရရင် လှူနာအခြေအနေက တော်တော့်ကိုအားမရစရာပါပဲ၊ မနေ့ကတည်းက ခွဲစိတ်ပြီးကတည်းက ခုထိသတိမရသေးဘူးမဟုတ်လား..."

"ဟုတ်..ဟုတ်ပါတယ် ဆရာ..."

"အေးဗျာ..တကယ်လို့လူနာဟာ ဒီတစ်ရက်နှစ်ရက်ထဲမှာ သတိပြန်မရဘူးဆိုရင်တော့ ဝမ်းနည်းစရာပါပဲ၊ တကယ်လို့ ဒီတစ်ရက်နှစ်ရက်ထဲမှာပဲ လူနာဟာ သတိရလာမယ်ဆိုရင်တော့ ကိုယ့်ဘက်ပါပြီလို့သာ မှတ်လိုက်ပါတော့...

ပြောရမယ်ဆိုရင် အခြေအနေက အတတ်ပြောရဖို့ခက်ခဲလှတယ်ဗျာ၊ လူနာသတိပြန်ရလာမယ်ဆိုရင်တော့ ဝမ်းသာစရာပါ..."

ဆရာဝန်စကားကို နားထောင်ရင်း စောကိုကိုသည် မျက်ရည်တွေဝဲနေဖြစ်လေ၏။

စိတ်တွေထိခိုက်တုန်လှုပ်ရလွန်း၍ ဆရာဝန်ကိုပင် သူ စကားပြန်မဆိုဖြစ်...။

ဆရာဝန်သည်လည်း သူ့ခံစားမှုတွေကို သဘောပေါက်၍ လားမဆိုနိုင်ပါ။ တိတ်ဆိတ်စွာပင် လှမ်းထွက်သွားလိုက်လေ၏။





- နှစ်ဆယ့်သုံး -

"ဒေါက်တာ..လူနာ ခင်မင်းမြတ်ရဲ့အခြေအနေကို သိပါရစေခင်ဗျာ..."

"ခင်ဗျားကလူနာရှင်လား၊ ဘာတော်လဲ..."

"ကျွန်တော်တို့က လက်ထပ်ကြတော့မယ့်ဆဲဆဲပါ..."

"ဪ..ခင်ပွန်းလောင်းပေါ့..."

"ဟုတ်ပါတယ် ဒေါက်တာ၊ ဖြစ်နိုင်ရင် လူနာအခြေအနေလေး သိပါရစေခင်ဗျာ..."

ဟင်း...

သူ့အမေးများအတွက် ဒေါက်တာသည် သက်မမောအား



www.burmeseclassic.com

www.burmeseclassic.com



စောကိုကိုသည် ချစ်သူအနီးပြန်ထိုင်ကာ ချစ်သူလက်ကလေးကို သူ့မျက်နှာတွင်ကပ်ထားရင်း သူသည် ထိခိုက်ကြေကွဲစွာ ခံစားနေဖြစ်ရလေ၏။

ချစ်သူအနားတွင် သူ ရှိနေသည်မှာ မနေ့ကစပြီး ခုချိန်အထိဖြစ်သည်။ သူ့ရင်ထဲတွင် ချစ်သူမှလွဲ၍ တခြားဘာမျှမရှိတော့သလိုပါ ...။

မှန်သည်။ သူသည် အထက်အရာရှိနှင့်လည်း သွားရောက်တွေ့ဆုံခြင်းမရှိ၊ ဦးဇော်လင်းနှင့်ပတ်သက်သည့် အမှုတွေကဖြင့် ပြီးဆုံးပြီဟု သူ ထင်သည်။

သည့်အတွက် သူ့ချစ်သူ ခင်မင်းမြတ်နှင့်ဦးထိန်လင်းတို့အနီးမှ ပတ်သက်သောသက်သေခံပစ္စည်းများအား ကြည့်ရှုသိမ်းဆည်းရန်အတွက် သူသည် ရုံးသို့သွားရောက်ရဦးမည်ဖြစ်၏။

ရဲစခန်းနှင့်ဆေးရုံသည် စည်းရိုးတစ်ခုသာခြားထားသည်မို့ မဝေးပါ။ သို့သော်လည်း ကျွန်တော်သည် မသွားဖြစ်သေး၊ ချစ်သူ့အနီး၌ပင် နေနေဖြစ်၏။

သူမှလွဲ၍ အရေးကြီးသောလူနာခန်းထဲသို့ မည်သူမျှမဝင်စေရန် တာဝန်ရှိသော ဆရာဝန်များနှင့်စခန်းမှူးကြီးကပါ တားမြစ်ထားသည်။

စောကိုကိုသည် ချစ်သူ့အနားတွင် တစ်ချိန်လုံးရှိနေခဲ၊





အခန်းတွင်းသို့ သူနာပြုဆရာမလေးတစ်ယောက် ဝင်ရောက်လာပြီး...

"ဆရာ စောကိုကို..."

"ဗျာ..."

"အပြင်မှာ ရဲဌာနစာရေးကြီးဆိုတာ ဆရာနဲ့တွေ့ချင်လို့တဲ့ရောက်နေပါတယ်၊ သူ အခန်းထဲဝင်တော့မလို့ဘဲ၊ ကျွန်မက ဝင်ခွင့်မရှိဘူးလို့ပြောထားလို့ အပြင်မှာပဲစောင့်နေခဲ့တာ..."

"ဟုတ်ကဲ့၊ ကျွန်တော် ထွက်တွေ့လိုက်ပါ့မယ်၊ ဩော် ဆရာမ..."

"ဟုတ်ကဲ့၊ ပြောပါရှင်..."

"တကယ်လို့ ကျွန်တော် အပြင်ကိုခဏထွက်ခဲ့ရင် ဆရာမ လူနာအနီးမှာပဲ ဘယ်မှမသွားဘဲသေချာစောင့်ပေးနေပါနော်..."

"ဟုတ်ကဲ့ စိတ်ချပါ၊ အရေးကြီးတဲ့လူနာမို့ ကျွန်မတို့လည်း သေချာကြည့်နေရမှာပါ..."

"ဟုတ်ကဲ့၊ ဒါဖြင့် ခွင့်ပြုပါဦး ဆရာမ..."

"ဟုတ်ကဲ့..."

သူနာပြုဆရာမလေးကို မှာခဲ့ပြီး စောကိုကိုသည် စာရေးကြီးနှင့်တွေ့ရန် အခန်းထဲမှထွက်ခဲ့လိုက်လေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာ..."

"ဩော်..စာရေးကြီး၊ ဘာကိစ္စရှိလဲ..."

"ကျွန်တော့်ကိုပေးထားတဲ့ အသံဖမ်းစက်ကလေး ဆရာ မေ့နေပြီလား..."

"ဩော်..ဟုတ်တယ်၊ မေ့တော့မမေ့ပါဘူးဗျာ၊ ရုတ်တရက်ဆိုတော့ ဘာမှသတိမရနိုင်သေးလို့ပါ၊ လူနာကအရေးကြီးတယ်လေ..."

"ဒါနဲ့ ခင်မင်းမြတ် အခြေအနေကဘယ်လိုလဲ ဆရာ"

"မမေးပါနဲ့ဦးဗျာ၊ ကျွန်တော် တောင်းပန်ပါတယ်..."

မျက်ရည်ဝဲရင်း အသံလှိုင်းခတ်သွားသည့် ကျွန်တော့် အသွင်ကြောင့် စာရေးကြီးသည် နှုတ်ဆိတ်သွား၏။

"စိတ်မကောင်းပါဘူး ဆရာရယ်..."

"ဟင်း..ထားပါလေ၊ ကဲ..ကျွန်တော်တို့ ရုံးခဏလောက်ပြန်သွားလိုက်ကြရအောင်...

ကျွန်တော် အချိန်မရဘူး၊ ဖြစ်နိုင်ရင် မြတ် သေရင်တောင် ကျွန်တော့်ရင်ခွင်ထဲမှာပဲ သေသွားစေချင်ပါတယ်...

ဒါကြောင့် ကျွန်တော် ခုဆေးရုံကိုအမြန်ဆုံးပြန်လာရမယ်၊ မြတ်နားမှာပဲ ကျွန်တော် နေရမယ်..."

ဆိုရင်း စောကိုကိုသည် ရှေ့မှလှမ်းထွက်လာ၍ စာရေး





ကြီးသည်လည်း နောက်မှလိုက်ပါလာလေ၏။

တစ်အောင့်ခန့်ကြာသည်တွင် ရုံးသို့သူတို့ရောက်လာကြသည်။ ရုံးရောက်သည်နှင့် သူ့ရုံးခန်းထဲသို့ပင် တန်းဝင်လာခဲ့လိုက်သည်။

"ထိုင်ပါ စာရေးကြီး..."

"ဟုတ်ကဲ့၊ ကျွန်တော် ဆရာ့ကို ဒါလေးလာပေးတာပါ..."

ဆိုရင်း စာရေးကြီးသည် စားပွဲထက်၌ ပျက်စီးနေသည့် အသံဖမ်းစက်ကလေးကို တင်ပေးလိုက်သည်။

"ဟင်..အသံဖမ်းစက်က..."

"ဟုတ်တယ် ဆရာ၊ ကျည်မှန်သွားတယ်ထင်တယ်၊ ကျွန်တော်လည်း ကြောက်ကြောက်နဲ့ပုန်းနေလိုက်တာ အသံဖမ်းစက်ကို သတိမရလိုက်မိဘူး ဆရာ..."

"ဟင်း..အင်းလေ၊ ဘယ်တတ်နိုင်တော့မလဲဗျာ၊ ဒါပေမဲ့ ဦးထိန်လင်းလည်းမရှိတော့ဘူးဆိုတော့ အမှုကပြီးပါပြီလေ...

ကဲ..စာရေးကြီး ခင်ဗျားသွားပါတော့၊ ကျွန်တော် တစ်ယောက်ထဲပဲနေချင်တယ်၊ ကိစ္စလေးတွေရှိတာ ကျွန်တော် လုပ်ပြီး ဆရာနဲ့တွေ့ပြီးရင် ကျွန်တော် ဆေးရုံပြန်သွားရမယ်၊ မြတ်အနားမှာပဲ အချိန်ပြည့်နေရမယ်..."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ၊ ကျွန်တော့်ကိုခွင့်ပြုပါဦး…"

စာရေးကြီးဆိုရင်း သူ့အခန်းထဲမှလှမ်းထွက်သွားလိုက်တော့သည်။

မြတ်··အချစ်ရယ် မင်းတို့ဘယ်လိုဖြစ်ကြတာလဲ၊ မောင်ဖုန်းဆက်ဖို့ခဏလေး အပြင်ထွက်သွားတဲ့အချိန်လေးမှာပဲ ဒီလောက်ကြီးပြောင်းလဲသွားလိုက်ရသလား၊ ဘယ်သူကစပြီး ပစ်ကြတာလဲ၊ ဘယ်လိုတွေဖြစ်ကုန်တာလဲ…

မြတ်··မြတ် သတိရပါ၊ မင်းလေး မြန်မြန်သတိရပါ၊ မင်း ပြန်အသက်ရှင်ဖို့လိုအပ်တယ်၊ မောင့်ဘဝရည်မှန်းချက်တွေ ပျက်သုဉ်းအောင်တော့ မလုပ်လိုက်ပါနဲ့ အချစ်ရယ်၊ မင်းလေး သတိပြန်ရ,ရမယ်နော်…

သူ ရင်ထဲ၌မချင့်မရဲ၊ ကြေကြေကွဲကွဲကြီး ဆိုနေဖြစ်ခြင်းပါ…။

သည့်နောက် စောကိုကိုသည် ဆေးရုံသို့အမြန်ဆုံး ပြန်ရမည်မို့၊ လုပ်စရာရှိသည့် သက်သေခံပစ္စည်းများကိုကြည့်ရှုရန်အတွက် သက်သေခံပစ္စည်းများ သိမ်းဆည်းသောတာဝန်ကျသည့် အရာရှိထံ သွားရောက်ကာ တောင်းယူကြည့်လိုက်သည်။

သက်သေခံပစ္စည်းများထားသည့် အခန်းထဲ၌ပင် ခင်မင်းမြတ်နှင့်ပတ်သက်သည့် သက်သေခံပစ္စည်းများအား တစ်ခုချင်း





ထုတ်ကြည့်မိနိုက်မတော့…

"ဟာင်··ဒါ မြတ်ရဲ့အသံဖမ်းစက်ကလေးပဲ…"

မြတ်၏အနီရောင် အသံဖမ်းစက်ကလေးအား တွေ့သည်တွင် သူ့စိတ်ထဲအလင်းတန်းတစ်ခုသည် ထိုးဝင်လာသည်။

မှန်သည်။ စောကိုကိုသည် မိမိမကြားလိုက်ရသည့် မိမိနောက်ကွယ်မှ မြတ်နှင့်ဦးထိန်လင်းတို့ ပြောသောစကားများအားလုံးသည် မြတ်၏အသံဖမ်းစက်လေးထဲတွင် ရှိနေရမည်မဟုတ်ပါတကား…။

သူသည် ချက်ချင်းပင် အသံဖမ်းစက်လေးအား အစမှပြန်ရစ်ကြည့်လိုက်သည်။ ပြီးတော့ဖွင့်ပြီး သူ နားထောင်လိုက်၏။

အစတွင် ပြောနေသည်က သူရယ်၊ ခင်မင်းမြတ်ရယ်၊ ဦးထိန်လင်းတို့သုံးယောက် ပြောသည့်စကားများအား ကြည်လင်ပီပြင်စွာ ကြားနေရသည်။

ပြီးတော့ ဦးထိန်လင်း တပည့်တစ်ယောက် ဖုန်းလာ၍ သူ့အား လာရောက်ခေါ်သည့်စကားများ…

ထို၏နောက်တွင်မတော့…

"ဟာင်··ချစ်ကြွယ်··မင်း…"

"ဝမ်းနည်းပါတယ် ဦးထိန်လင်း၊ ခင်မင်းမြတ် မင်းအိတ်ထဲကသေနတ်ကို ထုတ်မနေပါနဲ့တော့··"



www.burmeseclassic.com

www.burmeseclassic.com



ဒိုင်း..ဒိုင်း..ဒိုင်း...

"ဟင်..ဟာ..ဒါ..."

စောကိုကိုသည် မယုံနိုင်၍ အသံဖမ်းစက်အား ပြန်ရစ်ကာ ပြန်နားထောင်ကြည့်သည်။

"ဟင်..ချစ်ကြွယ်..မင်း..."

"ဝမ်းနည်းပါတယ် ဦးထိန်လင်း၊ ခင်မင်းမြတ် မင်း အိတ်ထဲကသေနတ်ကို ထုတ်မနေပါနဲ့တော့..."

ဒိုင်း..ဒိုင်း..ဒိုင်း...

သူ နားကြားမလွဲပါ...။

သူ မယုံ၍မရတော့...။

မှန်သည်။

သူ့မျက်ဝန်းများထဲ၌ စာရေးကြီး ချစ်ကြွယ်၏အရိပ်များသည် တရိပ်ရိပ်ပြန်ပေါ်ကာ သံသယသည် ယခုမှဖြစ်ထွန်းရပါတော့၏။

"လက်စသတ်တော့ ဦးထိန်လင်းပြောတဲ့ အတွင်းလူဆိုတာ..."

"ဟုတ်ပါတယ်၊ ဆရာ စောကိုကို ကျွန်တော်ပါပဲ..."

စောကိုကို နှုတ်မှအံ့သြရေရွတ်သံမဆုံးခင်ပင် ကိုချစ်ကြွယ်အသံကို ကြားလိုက်ရ၍ သူ လှည့်ကြည့်လိုက်သည်မတော့..





စာရေးကြီး ကိုချစ်ကြွယ်သည် သူ့နံရိုးကြား၌စူးထက်သော အရာတစ်ခုနှင့်ထိုးထောက်ထားသည်ကို သူ ထိတွေ့ခံစားလိုက်ရပါတော့သတည်း...။

သူသည် စာရေးကြီးထံ တည်ငြိမ်စွာကြည့်ဖြစ်ရင်း...

"ခင်ဗျားဟာ ရဲဌာနမှာလုပ်တဲ့ စာရေးကြီးအဆင့်ရှိတဲ့ သူပါ၊ ဥပဒေနဲ့အနီးကပ်ဆုံးနေပါလျက် ခင်ဗျားဘာကြောင့်..."

"ဆရာ ပြောချင်တာ ကျွန်တော် နားလည်ပါတယ်၊ ကျွန်တော် မသတ်လို့မဖြစ်တော့ဘူး..."

"အဟွန်း..ခင်ဗျားပြောတာမှန်တာပေါ့ဗျာ၊ ကျွန်တော်က လည်း သေရမှာကြောက်တဲ့လူစားမဟုတ်ဘူး...

ဒါပေမဲ့ ခင်ဗျားဖြစ်မှုကျူးလွန်ဖြစ်သွားရတာတွေကို ပြောပြပါဦး၊ ကျွန်တော် သိသွားပါရစေ..."

စောကိုကိုသည် ခင်မင်းမြတ် အသံဖမ်းစက်လေးအား ခလုတ်ကိုမသိမသာ ဖွင့်ထားရင်းဆိုလိုက်သည်။

"ဆရာ မေးတော့လည်း ကျွန်တော် ပြောပြပါ့မယ်၊ ဖြစ်မှုဟာ တစ်ခုကျူးလွန်မိရင် နောက်ဆက်တွဲတွေပါ လိုက်လာတယ်ဆိုတာ အမှန်ပါပဲ...

တကယ်တော့ ဘဏ်ကိုဖောက်ထွင်းဖို့ကိစ္စကို ဦးထိန်လင်းကစပြီး ကျွန်တော့်ကိုလာဆွေးနွေးတာပါ၊ ဦးထိန်လင်းမှာ



www.burmeseclassic.com

www.burmeseclassic.com



တပည့်တပမ်းတွေပေါတာကိုလည်း ကျွန်တော်က သိထားတယ်…

ဘဏ်ဖောက်နေတဲ့အချိန်၊ ကျွန်တော်က ရဲဌာနဘက်က အခြေအနေကို စောင့်ကြည့်ပေးနေတဲ့ဘက်က တာဝန်ယူတယ်…

ဦးမြတ်မင်းကတော့ ဦးထိန်လင်း သွားပြီးစည်းရုံးတာကို လက်မခံလို့ အသတ်ခံလိုက်ရတာပေါ့…"

"ဦးမြတ်မင်း အသတ်ခံရတာ ဘဏ်ဖောက်ပြီးမှပါ…"

"အဲဒီအချိန်က ဦးမြတ်မင်းရဲ့သမီးလေး ခင်မင်းမြတ်ကို ဘယ်သူမှသတိမထားမိတာ အမှန်ပဲ…

ခင်မင်းမြတ်ကို ဦးဆုံးသတိထားမိတာ ကျွန်တော်ပဲ၊ ဒါကြောင့် ဦးထိန်လင်းကို ပြောပြထားတာ…

ဦးထိန်လင်းက ခင်မင်းမြတ်ကို လုပ်ကြံတယ်၊ ဒါပေမဲ့ မြတ်က ဘာမှမသိဘူးဆိုတဲ့စိတ်နဲ့ ကျွန်တော်ကပဲ တစ်ချက်ခုတ် နှစ်ချက်ပြတ် ဦးထိန်လင်း လွှတ်လိုက်တဲ့ကြေးစားတွေကို ငွေထပ်ပေးပြီး သူ့ရဲ့သားတွေကိုပါ ပြန်သတ်ခိုင်းလိုက်တာ…"

"ဒါဖြင့် သန်းဝင်း အသတ်ခံရတာလည်း ခင်ဗျားလက်ချက်ပေါ့၊ မြတ်ရဲ့ပုဝါကို ထားရစ်ပြီး သက်သေလုပ်တာပေါ့.."

"ဟုတ်တယ်၊ ကျွန်တော့်အတွက် ဦးထိန်လင်းကို ရှင်းလိုက်နိုင်ရင် ကိစ္စကပြီးပြတ်ပြီမဟုတ်လား…"

"ဒါကြောင့် ခင်ဗျားနေထိုင်တဲ့ အဆင့်အတန်းက စာရေး





တစ်ယောက်ထက်မက နေနိုင်တဲ့အဆင့်ဖြစ်နေတာကိုး…"

"ဘယ်သူမဆို ဒီလိုပဲနေချင်ကြတာပဲလေ၊ ဦးထိန်လင်းက ဘဏ်ဖောက်ပြီးနောက် အရမ်းချမ်းသာတဲ့မြို့မျက်နှာဖုံးကြီးပေါ့…

ကျွန်တော့်ကိုတော့ ရဲဌာနကပြစ်မှုကျူးလွန်သူအဖြစ် ဦးထိန်လင်းက ချုပ်ကိုင်ထားတယ်…

ဒါကို ကျွန်တော်က မခံနိုင်လို့ နောက်ကွယ်ကကြေးစားငှားပြီး ဦးထိန်လင်းကို အပြတ်ရှင်းပစ်တာ…

ဖြစ်ချင်လာတော့ ခင်မင်းမြတ်ဆိုတဲ့မိန်းကလေးက ဒီအမှုကိုသိနေတဲ့သူတစ်ယောက်အဖြစ် ထပ်ပေါ်လာတယ်…

ကျွန်တော် သိနေတယ်၊ ဦးထိန်လင်းဟာ ဘဏ်ဖောက်တဲ့အမှုနဲ့ပတ်သက်ပြီး ကျွန်တော့်နာမည်ကို ထုတ်ဖော်ပြောဆိုပြီး ကျွန်တော့်အပေါ် အားလုံးပုံချတော့မယ်ဆိုတာ…"

"ဒါကြောင့် ခင်ဗျားကအရင်လက်ဦးအောင် လုပ်လိုက်တာပေါ့…"

"ဟုတ်တယ်၊ ကျွန်တော် လုပ်တာမှန်တယ်မဟုတ်လား"

"ကျွန်တော့်ဖုန်းမလာဘဲနဲ့ တမင် ခင်ဗျားအကွက်ဆင်ပြီး ကျွန်တော် အခန်းထဲကထွက်အောင် ခင်ဗျားညွှန်ခေါ်ခိုင်းတာ မဟုတ်လား…"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်၊ ဦးထိန်လင်းရဲ့တပည့်တွေထဲမှာ ကျွန်တော့် တပည့်နှစ်ယောက်ကို ထားထားတာ၊ ဦးထိန်လင်း သေတဲ့အထိ သိမသွားဘူး..."

"အဟွန်း..ကိုချစ်ကြွယ်၊ ခင်ဗျားဦးနှောက် တကယ် ကောင်းတယ်၊ ခင်ဗျားသိပ်တော်ပါပေတယ်ဗျာ..."

"ကျွန်တော် ခုလိုနေထိုင်နိုင်ဖို့အတွက် ကျွန်တော့်ဘဝ တစ်ခုလုံးနဲ့ရင်းထားရတာပါ၊ ဆရာ စောကိုကို ကျွန်တော် စိတ် မကောင်း..."

စာရေးကြီး ချစ်ကြွယ် စကားမဆုံးခင်ပင် စောကိုကိုသည် ကိုယ်ကိုဖျတ်ကနဲရွှေ့ရှောင်လိုက်ရင်း စာရေးကြီး၏လက်နက်ကိုင် လက်အား တစ်ဆက်တည်းဆုပ်ကိုင် ဖျစ်ညစ်ထားလိုက်လေ၏။

တစ်ဆက်တည်းပင်လည်း သူ၏ညာလက်သီးတစ်လုံး သည် စာရေးကြီး၏မျက်နှာတည့်တည့်ဆီသို့ ဝင်ရောက်သွား၏။

ခွပ်...

အ...

ဝုန်း...

ထိုအသံများသည် တစ်ဆက်တည်းထွက်ပေါ်သွားရခြင်း ပါ...။

စာရေးကြီးသည်လည်း ခေသူမှမဟုတ်ဒပဘဲ၊ သူ့ကို





ပြန်၍ခုခံသည်။ စောကိုကိုအတွက်ကဖြင့် အသေးအမွှားပါလေ...။

ခွပ်..ခွပ်...

အင့်...

ဝုန်း..ဒုန်း...

ခွပ်...

အင့်..ဝုန်း...

သူ ခြေစောင်းကန်ချက်တွင် စာရေးကြီးသည် အဝေးသို့ လွင့်စင်ကာ ပြုတ်ကျသွားသည်။

စားပွဲကုလားထိုင်နှင့်ဘီရိုများ ပြိုလဲသံတွေသည်လည်း ဆက်တိုက်ထွက်ပေါ်လာ၏။

ဆူညံနေသောအသံများကြောင့် အပြင်မှလူများအားလုံး အပြေးရောက်လာကြသည်။

မျက်နှာတွင် သွေးများရဲ၍ စာရေးကြီးက အင်္ဂဝေအခင်း ထက် မှောက်နေပါပြီ...။

ဟင်...

"ဘယ်လိုဖြစ်တာလဲ..."

အရာရှိကြီးမှစ၍ လုပ်ဖော်ကိုင်ဖက်အားလုံးသည် အံ့ဩ သင့်ခြင်းများစွာဖြင့် သူနှင့်စာရေးကြီးထံကြည့်ဆဲ...

အထက်အရာရှိ ဦးဘဏ်မြင့်သည် သူ့ထံကြည့်ကာ မေး



www.burmeseclassic.com

www.burmeseclassic.com



လာလေ၍...

"ဆရာ ကျွန်တော် ဘာမှမပြောလိုတော့ဘူး၊ ဒါ မြတ်ရဲ့ အသံဖမ်းစက်ကလေးပဲ၊ ဆရာတို့ဖွင့်ပြီးနားထောင်လိုက်ပါ၊ အားလုံး သိပါလိမ့်မယ်...

ကဲ..ဆရာတို့ရေ စာရေးကြီးကို လက်ထိပ်ခတ်ဖမ်းလိုက် ပါ..."

စကားအဆုံး၌ စောကိုကိုသည် အထက်အရာရှိလက်ထဲ မြတ်၏အသံဖမ်းစက်လေးအား ထည့်ပေးခဲ့ပြီး...

စာရေးကြီး၏လက်ထဲမှ ကိုင်ထားသည့်ဓားမြောင်အား စားပွဲပေါ်တင်ကာ ထွက်ခဲ့လိုက်ပါလေတော့၏။

ကျွန်တော်သည် မယုံကြည်မမျှော်လင့်သော အဖြစ်များ အတွက် အံ့သြစိတ်ပင်မဖြစ်မိတော့ပါ။

ချစ်သော မြတ်ကိုသာ ကြေကွဲခြင်းများဖြင့် တမ်းတရင်း သူ့ခြေလှမ်းများသည် ဆေးရုံသို့တစ်လှမ်းချင်း..တစ်လှမ်းခြင်း...

ØØØ





- နှစ်ဆယ့်သုံး -

ချစ်သောချစ်သူလေး ခင်မင်းမြတ်ကား သတိမရသေး ပါ...။ သည်နေ့ဆိုလျှင် သုံးရက်မြောက်သောနေ့ပင်ဖြစ်လေပြီ။

မြတ်ရေ..အချစ်ဆုံးရယ်...

မင်း နိုးပါတော့၊ မင်း ထပါတော့၊ မင်း သတိရပါတော့ လားကွယ်...

မင်း မောင့်ကိုထားသွားလို့ မဖြစ်ဘူးနော်၊ မောင့်ကို တစ်ယောက်ထဲမထားခဲ့နဲ့၊ မောင် ရှူးရလိမ့်မယ်...

မောင်ဟာ အချစ်ကို တစ်ကြိမ်တည်းသောအခါမှ ချစ်ခဲ့ တာပါ၊ မောင့်ကိုရူးသွပ်အောင်တော့ မလုပ်လိုက်ပါနဲ့ အချစ်ရယ်..



www.burmeseclassic.com

www.burmeseclassic.com



အချစ် မင်း ကြိုးစားပါ၊ မင်း သတိရပါ၊ မင်း နားမှာ မောင်ရှိနေတယ်၊ မောင် အမြဲရှိနေတယ် အချစ်ရယ်...

ချစ်သူလက်ကလေးကို မလွှတ်တမ်းဆုပ်ကိုင်ရင်း စောကိုကိုသည် ရင်တွင်ကပ်လိုက်၊ ပါးတွင်ကပ်လိုက်နှင့် အရူးတစ်ယောက်လို ကြေကြေကွဲကွဲကြီး တစ်ကိုယ်တည်းစကားတွေဆိုနေဆဲ...

"ဆရာ စောကိုကို..."

ခေါ်သံကြောင့် ရုတ်တရက် သူ လှမ်းကြည့်လိုက်သည်။ သူ့မျက်နှာချောချောထက်၌ မျက်ရည်စီးကြောင်းတွေနှင့်ပါ။

သူ မရှက်နိုင်တော့သလို၊ ဆရာမလေးထံ ကြည့်လိုက်သည်။ ဆရာမလေး လက်ထဲတွင် အထုတ်တစ်ထုတ်ကိုင်ထားသည်ကို သူ တွေ့လိုက်ရလေ၏။

"ပြောပါ ဆရာမ..."

"ဒီအထုတ်ကို လူတစ်ယောက်က ဆရာ့ဆီလာပေးနေလို့ပါ..."

"ဘယ်သူလဲ..."

"ရှိတယ်၊ အပြင်မှာထားရစ်တယ်..."

ဆရာမလက်ထဲမှ အထုတ်ကို သူ လှမ်းယူလိုက်သည်။ ပြီးတော့ အပြင်ဘက် သူ ထွက်ခဲ့သည်တွင် လူငယ်တစ်ယောက်





ကို သူ တွေ့လိုက်ရလေ၏။

"ညီလေးက ဘယ်သူလဲ..."

"ကျွန်တော်က အစ်မ စန္ဒရားတီးသင်နေတဲ့သူပါ၊ ကျွန်တော့်နာမည် သူရပါ အစ်ကို..."

"ဒီအထုတ်က..."

"အစ်မက အစ်ကို့ကိုပေးခိုင်းတာပါ၊ အစ်မက ကျွန်တော့်ကိုမှာခဲ့တယ်၊ သူ အပြင်ခဏထွက်မယ်တဲ့...

သူ ပြန်လာရင်တော့ ဒီပစ္စည်းကို အစ်ကို့ကို ပေးစရာမလိုတော့ဘူးတဲ့...

တကယ်လို့ သူ့ရဲ့သတင်းတစ်ခုခုကြားခဲ့ရင် ဒီပစ္စည်းကို အစ်ကို့ဆီအရောက်ပို့ပေးပါတဲ့...

မနေ့ညက အစ်မရဲ့သတင်းကိုကြားလို့၊ ဒီကနေ့ အစ်ကို့ဆီ ဒီပစ္စည်းကို ကျွန်တော် လာပို့တာပါ..."

"သြော်..ကျေးဇူးတင်ပါတယ် ညီလေးရယ်..."

"ရပါတယ် အစ်ကို၊ ကျွန်တော့်ကို ခွင့်ပြုပါဦး..."

"ကောင်းပါပြီ..."

သူ့ကိုနှုတ်ဆက်ပြီး မောင်သူရ ပြန်သွားသည်။ မောင်သူရ နောက်ကျောဆီ သူ မျက်စိတစ်ဆုံးကြည့်နေပြီးမှ ခင်မင်းမြတ်ရှိရာ အရေးပေါ်အခန်းထဲသို့ သူ ပြန်ဝင်ခဲ့လေ၏။



www.burmeseclassic.com

www.burmeseclassic.com



သည့်နောက် မြတ်အနားတွင်ပင် သူ ပြန်ထိုင်ပြီး အထုတ်လေးကို ဖောက်လိုက်သည်။

အထဲတွင် စာအိတ်တစ်အိတ်ကိုတွေ့ရ၏။ တစ်ဖန်တည်း စာအိတ်လေးကိုဖောက်ပြီး အထဲမှစာရွက်ခေါက်လေးကို သူ ယူထုတ်လိုက်သည်။

ထို့နောက် သူသည် စာခေါက်ကလေးကို ဖြန့်ပြီး ချစ်သောချစ်သူလက်ကလေးကို ဆုပ်ကိုင်ထားရင်းမှ စာလေးကို ဖတ်ဖြစ်လေ၏။

*ကျွန်မ သိပ်ချစ်ရတဲ့ မောင်သို့...*

*ဒီစာကို မောင် ဖတ်နေရတဲ့အချိန်မှာ ကျွန်မဟာ လောကကြီးထဲမှာရှိကောင်းမှရှိတော့မှာပါ၊ ဦးထိန်လင်းနဲ့တွေ့ရမယ်ဆိုကတည်းက ကျွန်မကိုယ်ကျွန်မ သေလူအဖြစ်သတ်မှတ်ထားပါတော့တယ် မောင်၊ ဘာကြောင့်လဲဆိုတော့ ဦးထိန်လင်းဟာ အသက်ကြီးတဲ့အဘိုးကြီးဆိုပြီး လျှော့တွက်လို့မရတဲ့သူမို့ပါ...။*

*ဦးထိန်လင်းမှာ သားတွေမရှိတော့ပေမယ့် တပည့်တပန်းတွေပေါတယ်၊ ဦးထိန်လင်းဟာ ကျွန်မရဲ့အသက်ကို လုပ်ကြံနေကျလူဆိုတာ ကျွန်မကအသိဆုံးပါ၊ တကယ်တော့ ဦးထိန်လင်းနဲ့တွေ့ဆုံခြင်းဟာ ကျွန်မက အသက်နဲ့အရင်းအနှီးတစ်ခု လုပ်လိုက်ရတာပါ မောင်...*





*ကျွန်မ သေရင်သေပါစေ၊ ကျွန်မရဲ့အပြစ်မရှိတဲ့ဖခင်ကို ဦးထိန်လင်းကိုယ်တိုင် သတ်တဲ့အမှုကို အမှန်တရားအတိုင်း ပေါ်လွင်စေချင်တယ်လေ၊ ဒါကြောင့် ကျွန်မက ဘယ်တော့မှမေ့မရတဲ့ ဦးထိန်လင်းကို အမှုလိုက်ရဲ့အရာရှိတစ်ယောက်ဖြစ်တဲ့ မောင့်ရှေ့မှာအမှုကိုဖော်ထုတ်ပြောဆိုချင်တဲ့ ဆန္ဒနဲ့မောင့်အစီအစဉ်ကို လိုက်နာခဲ့တာပါ...။*

*အခုပေးလိုက်တဲ့စာအုပ်က ကျွန်မဖေဖေရဲ့စာရင်းနဲ့မှတ်တမ်းစာအုပ်ပါ၊ ဘဏ်မဖောက်ခင်က ဦးထိန်လင်းဟာ ဖေဖေနဲ့တစ်ခေါက်မှုးပေါင်းဖို့ စကားလာပြောတယ်၊ ဖေဖေ လက်မခံတော့ ဖေဖေ့ကိုအချိုသတ်ပြီး သူတို့ဟာသူတို့ ဘဏ်ကိုဖောက်လိုက်တယ်...*

*ဘဏ်ဖောက်ပြီးမှ အကြောင်းစုံသိနေတဲ့ ဖေဖေ့ကို ဦးထိန်လင်းက နှုတ်ပိတ်တဲ့အနေနဲ့သတ်လိုက်တာပါ၊ ဖေဖေ့အပေါ်လည်း အပြစ်တွေပုံချသွားတယ်လေ၊ ဖေဖေက ဘဏ်ကငွေတွေအလွဲသုံးစားလုပ်ပြီး သူ့ကိုယ်သူသတ်သေသွားတဲ့အကြောင်းဆိုပြီး သတင်းလွှင့်ခဲ့တယ်...။*

*ကျွန်မ ရင်နာခဲ့ရတယ်၊ ဒါပေမဲ့ ကျွန်မ ဘာမှမတတ်နိုင်ခဲ့ဘူး၊ ကျွန်မ ငယ်သေးတယ်၊ အဖြစ်မှန်အတွက်သိလျက်နဲ့ ကျွန်မဟာ ရေငုံနှုတ်ပိတ်နေခဲ့ရတယ်၊ ကျွန်မရဲ့စိတ်ထဲမှာ ဦးထိန်လင်း*



www.burmeseclassic.com

www.burmeseclassic.com



ကို သတ်ချင်တယ်၊ သေစေချင်တယ်၊ မောင်က ဥပဒေနဲ့ဆုံးမဖို့ နားချတယ်၊ ကျွန်မ လက်ခံခဲ့ပါတယ်...

ဒါပေမဲ့ ကျွန်မ ဖေဖေ့သေနတ်ကိုယူသွားဖို့ ဆုံးဖြတ်တယ် ဦးထိန်လင်းနဲ့တွေ့မယ်ဆိုကတည်းက ကျွန်မ သေရမယ်ဆိုတာကြို ပြီးသိနေသလိုပါပဲ မောင်၊ ဘာပဲဖြစ်ဖြစ် ရင်မှာကျေနပ်တယ်၊ ဒါကြောင့် ဖေဖေ့သေနတ်ကိုယူပြီး ကိုယ့်ကိုယ်ကိုအသင့်အနေ အထားမျိုးလုပ်ထားတာ...

တကယ်လို့ ကျွန်မ သေသွားရင် မောင်တစ်ယောက်ထဲပဲ ချောင်းသာကိုသွားလိုက်ပါတော့နော်၊ မောင်သွားဖို့ လက်မှတ်နှစ် စောင်စလုံး မောင့်ဆီပို့လိုက်ပါတယ်...

ဘဝတစ်လျှောက်လုံးမှာ မောင့်တစ်ယောက်တည်းကိုသာ ချစ်ခဲ့ရတဲ့...

ခင်မင်းမြတ်...

ဟင်...

BURMESE CLASSIC .com

မြတ် စာလေးကဆုံးသွားလေပြီ၊ စာဖတ်အပြီး၌ စောကိုကို သည် ကလေးတစ်ယောက်လို အော်ဟစ်ငိုကြွေးလိုက်ချင်သည့် စိတ်များ ဖြစ်ရတော့မည့်ဆဲဆဲရှိခိုက်...

စောကိုကိုသည် ချစ်သူလက်ကလေးအား ဆုပ်ကိုင်ထား သည့် မိမိလက်ဆီ ခံစားမှုတစ်ခု၏အသိနှင့် ကြည့်လိုက်သည်





မတော့...

ချစ်သူသည် မိမိလက်အား အသေအချာပင်ပြန်လည်ဆုပ် ကိုင်ထားသည်ကို သူ တွေ့လိုက်ရလေသည်မဟုတ်ပါတကား။

"ဟား..ဟင်..ဟင်၊ အိုး..မြတ်..မြတ် အိုး..အချစ် မင်း..မင်း..သတိ..သတိရပြီနော်..."

"ဆရာမ..ဆရာမ..."

"ဒေါက်တာ..ဒေါက်တာ..ဒေါက်တာ..."

သူ့အော်သံသည် ဆေးရုံကြီးတစ်ခုလုံးကိုပင် ဖုံးလွှမ်းသွား သလို၊ ဆရာဝန်၊ ဆရာမများသည် အပြေးရောက်ရှိလာကြလေ၏။

ဆရာဝန်၊ ဆရာများအားလုံး၏ မျက်နှာများ၌အပြုံးတွေနှင့် ကို သူ မြင်တွေ့နေရသည်။

သူ့မျက်နှာချောချောထက်တွင်မတော့ ပြောစရာစကား လုံးများ ရှိပါဦးမည်လား...။

မှန်သည်။

ဆရာဝန်၊ ဆရာမများသည် ချစ်သူအားလိုအပ်သည်တို့ကို လုပ်ဆောင်ပေးခဲ့ပြီးနောက်၌...

ဆရာမများသည် ကြည်နူးဝမ်းမြောက်သောအပြုံးများနှင့် ထွက်ခွာသွားကြပြီး...။

နောက်ဆုံးအနေနှင့် ဆရာဝန်သည် သူ့လက်ကိုမြဲမြံစွာ

www.burmeseclassic.com

www.burmeseclassic.com



ဆုပ်ကိုင်ကာ ဝမ်းသာအားရလွန်း၍ ခေါင်းတညိတ်ညိတ်ဖြင့် သူ့ကို နှုတ်ဆက်ရင်း အခန်းထဲမှထွက်သွားလိုက်ပါလေပြီတည်း ...။

"အချစ်··အချစ်ရေ၊ မင်းလေး သတိရပြီနော်၊ မောင် ပျော်လိုက်တာ၊ ပျော်လိုက်တာ အချစ်ရယ်···

လောကကြီးမှာ အချစ်ကလွဲရင် မောင် ဘာမှမလိုချင်ဘူး၊ အခု မောင့်အတွက် ပြည့်စုံပြီ၊ အချစ်ရေ မင်းရှိနေရင်ပြည့်စုံသွား ပါပြီ···

တကယ်ပါ မင်းရှိမှ မောင့်ဘဝပြည့်စုံမှာပါ အချစ်ဆုံး ရယ်···"

ချစ်သူကိုပွေ့ဖက်ထားရင်း ဝမ်းသာအားရအရူးအမူး ဗလုံး ဗထွေးဖြင့် သူ စကားတွေကိုဆိုသည်။

နှာခေါင်းပိုက်၊ ဆေးပိုက်၊ သွေးပိုက်တွေကိုရှောင်ရင်း ချစ်သူလက်နှင့်မျက်နှာလေးအနှံ့ သူ လိုက်နမ်းပစ်လိုက်သည်၊

ခင်မင်းမြတ်ကား သတိမရ၊ တရလေးပင်မို့ ရှုပ်ယှက် ခတ်နေသည့် သူ့အပြုအမူတွေကြောင့် ဘာတွေလဲဟူသော မသိ တသိအသိဖြင့် မျက်ဝန်းလေးတစ်ချက်မျှ ဖွင့်ကြည့်သည်။ ပြီးတော့ သဲ့သဲ့လေးလို တစ်ချက်ပြုံးရှာသည်။

သူ ပျော်လိုက်သည့်ဖြစ်ခြင်း၊ လောကကြီး၌အပျော်ဆုံး လူအားပြပါဆိုလျှင် သူ့ကိုသာ ပြရပါတော့မည်···။





မှန်သည်။

သူ၏အိပ်မက်လှလှများအား အကောင်အထည်ဖော်ဖို့ရန် အတွက် အလင်းတန်းကြီးသည့် တဖြည်းဖြည်းနှင့်အားကောင်း စွာ တောက်ပထွန်းလင်းနေရလေပြီ မဟုတ်ပါတကား။ ။

ပြီးပါပြီ···


သိင်္ဂါရ,ရသအပေါင်းနှင့်ပြည့်ဝကြပါစေ···

စောပြည့်ချမ်းသာ

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com